နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

## ကိုယ်ခန္ဓာတော် အတွက် အသက်ကို တွေ့ကြုံခံစားခြင်း၊ အသက်၌ ကြီးထွားခြင်းနှင့် အသက်၏အမှုတော်

**The Experience, Growth, and the Ministry of Life for the Body**

# The Holy Word For Morning Revival

June, 2013

## *International Training for Elders and Responsible Ones—Spring 2013*

# ကိုယ်စေ့ာတော် အတွက် အသက်ကို စွန့်ကြဲ့ခံစားခြင်း၊ အသက်၌ ကြီးထွားခြင်းနှင့် အသက်၏အမှုတော်


| *အပတ်စဉ်* | *ခေါင်းစဉ်* | *စာမျက်နှာ* |
|---|---|---|
| ၁ | *ဘုရားအသက်၏မိတ်သဟာယ၌ အသက်ရှင်ခြင်း* | |
| | Outline | ၅ |
| | Day 1 | ၁၄ |
| ၂ | ***ရှင်ပြန်ထမြောက်ခြင်း၌ ရှိရန်အတွက် ဓာတ်ဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံပြေရှင်းခြင်း*** | |
| | Outline | ၃၃ |
| | Day 1 | ၃၈ |
| ၃ | ***အသက်၌ ကြီးထွားရန် အရေးတကြီးလိုအပ်ခြင်းနှင့် စိတ်နှလုံးကို ဆက်ဆံပြေရှင်းခြင်းအားဖြင့် အသက်၌ကြီးထွားခြင်း*** | |
| | Outline | ၅၀ |
| | Day 1 | ၆၅ |
| ၄ | *ဝိညာဉ်နှင့်ဆက်ဆံပြေရှင်းခြင်းအားဖြင့် အသက်၌ ကြီးထွားခြင်း* | |
| | Outline | ၇၅ |
| | Day 1 | ၈၃ |

# ပါဝင်သောအကြောင်းအရာများ


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၅ | ခေါ်တော်မူခြင်းခံရသူ၏ ပြည့်စုံသော တွေ့ကြုံခံစားမှုမှ အရည်အချင်းမီ ဘုရားသခင်၏အစေခံကျွန်ဖြစ်လာခြင်း | |
| | Outline | ၁၁၄ |
| | Day 1 | ၁၂၁ |
| ၆ | အသက်၏ အမှုတော် | |
| | Outline | ၁၄၀ |
| | Day 1 | ၁၄၆ |
| ၇ | ဝိညာဉ်နှင့်ဆက်ဆံပြေရှင်းခြင်းအားဖြင့် အသက်၌ ကြီးထွားခြင်း | |
| | Outline | ၁၆၅ |
| | Day 1 | ၁၇၃ |
| ၈ | ကိုယ်ခန္ဓာတော်ကြီးထွားခြင်းအတွက်ကိုယ်ခန္ဓာတော်၌ ဆက်ကပ်ပူဇော်သောအသက်တာနှင့် ကိုယ်ခန္ဓာတော် အဖို့ အမှုဆောင်သောအသက်တာကို အသက်ရှင်ခြင်း | |
| | Outline | ၁၉၂ |
| | Day 1 | ၁၉၉ |

## ဘုရားအသက်၏မိတ်သဟာယ၌ အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ၁ယောဟန် ၂–၇၊၉

*Day 1*

**I. ကျွန်ုပ်တို့သည် ဒေါင်လိုက်နှင့် အလျားလိုက်ဟူ၍ ပုံပန်းသဏ္ဌာန် နှစ်ခုရှိသည့် ဘုရားအသက်၏ မိတ်သဟာယအထဲသို့ ဝင်ရောက်သွားရန်လိုအပ်သည်။**

က။ မိတ်သဟာယ ဆိုသည်မှာ ဘုရားအသက်ကို ရရှိပိုင်ဆိုင်ထားသည့် ယုံကြည်သူများ အားလုံးအတွင်း၌ ထာဝရအသက်စီးဆင်းခြင်းဖြစ်သည်။ ၎င်းကို ယေရုရှလင်မြို့သစ်ရှိ အသက်ရေစီးရာမြစ်၏ စီးဆင်းခြင်းအားဖြင့် သရုပ်ဖော်ပြထားသည် (ဗျာ၊ ၂၂း၁)။

ခ။ ၁ယောဟန် ၂–၃နှင့် ၆–၇ တို့တွင် ဘုရားအသက်၏ မိတ်သဟာယ၌ ဒေါင်လိုက်နှင့် အလျားလိုက်ဟူ၍ ပုံပန်းသဏ္ဌာန်နှစ်ခုရှိကြောင်း ဖွင့်ပြထားသည်။

၁။ ၁ယောဟန် ၂–၃ ၌ "(ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့လည်း မြင်ရကြပြီ။ ခမည်းတော်နှင့်အတူရှိဖူး၍၊ ငါတို့အား ထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အား သက်သေခံ၍ ကြားပြောကြ၏)။ ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည်လည်း ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားလည်း ကြားပြောကြ၏" ဟုပြောဆိုထားသည်။

(က) မိတ်သဟာယ၏ ဒေါင်လိုက်ပုံပန်းသဏ္ဌာန်မှာ သုံးပါးတစ်ပါးဘုရားနှင့် ကျွန်ုပ်တို့၏ မိတ်သဟာယကို ရည်ညွှန်းပြီး၊ အလျားလိုက်ပုံပန်းသဏ္ဌာန်မှာ ကျွန်ုပ်တို့ အချင်းချင်း၏ မိတ်သဟာယကို ရည်ညွှန်းသည်။

(ခ) တမန်တော်တို့၏ ကနဦးအတွေ့အကြုံမှာ ဒေါင်လိုက်ဖြစ်သော်လည်း၊ ထိုထာဝရအသက်ကို အခြားသူတို့အား ကြားပြောသောအခါတွင်မူ ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဌာန်ကို တွေ့ကြုံခံစားခဲ့ကြသည်။

၂။ အငယ်၊၆၌ "ငါတို့သည် ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ပြီဟု ဆိုလျက်ပင်၊ မှောင်မိုက်၌ ကျင်လည်လျှင်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းမပြု၊ မုသားကို သုံးသောသူဖြစ်ကြ၏"ဟု ပြောဆိုထားသည်။ ဤသည်မှာ မိတ်သဟာယ၏ ဒေါင်လိုက်ပုံပန်းသဏ္ဍာန်ဖြစ်သည်။

၃။ အငယ်၊၇၌ "ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည်အလင်း၌ကျင်လည်လျှင်၊ အချင်းချင်း မိတ်သဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍" ဟုပြောဆိုထားသည်။ ဤသည်မှာ မိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဍာန်ဖြစ်သည်။

ဂ။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ ဒေါင်လိုက်နှင့် အလျားလိုက်ပုံပန်းသဏ္ဍာန်နှစ်ခုအကြားရှိ ဆက်နွယ်မှုကို မြင်ရန်လိုအပ်သည်။

၁။ သင်သည် သခင်ဘုရားနှင့်အတူ စစ်မှန်သောမိတ်သဟာယမရှိပါက၊ သင်၏ယုံကြည်သူချင်းများနှင့်အတူ မိတ်သဟာယရှိရန် ခက်ခဲမည်ဖြစ်သည်။ ထို့အတူပင် သင်သည် သင်၏ယုံကြည်သူချင်းများနှင့် စစ်မှန်သောမိတ်သဟာယမရှိပါက၊ သခင်ဘုရားနှင့်အတူ မိတ်သဟာယရှိရန် ခက်ခဲမည်ဖြစ်သည်။ ဤသည်မှာ ဘုရားဆိုင်ရာမိတ်သဟာယသည် တစ်ခုတည်းသောမိတ်သဟာယဖြစ်သောကြောင့်ဖြစ်သည်(တ၊ ၂း၄၂)။

***Day 2***

၂။ ကျွန်ုပ်တို့သည် လက်တွေ့ကျသောနည်းလမ်းဖြင့် ဤမိတ်သဟာယ၌ မရှိသောအခါ၊ ကျွန်ုပ်တို့သည် ထိုဝိညာဉ်တော်၊ သုံးပါးတစ်ပါးဘုရားနှင့်ဘုရားအသက်၏ အပြင်ဘက်တွင် ရှိကြသည် (cf. ၂ကော၊၁၃း၁၄။ ၁ကော၊၁း၉။ ဖိ၊ ၂း၁)။

၃။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်သူချင်းများနှင့် မိတ်သဟာယရှိရန် အတတ်နိုင်ဆုံး ကြိုးစားရမည်ဖြစ်သည်။ ဤဘုရားဆိုင်ရာမိတ်သဟာယသည် ကျွန်ုပ်တို့အား ပြုပြင်တည့်မတ်ပေးရုံသာမက၊ ပုံသွင်းပေးနေပြီး၊ အသစ်ပြန်လည်ဖွဲ့စည်းပေးနေသည်။ ဤမိတ်သဟာယသည် ဘုရားဆိုင်ရာပါဝင်ဖွဲ့စည်းမှုကို ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဖြစ်ခြင်းအထဲသို့ ယူဆောင်ပေးပြီး၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်း၌ ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။

*Day 3*

၄။ မိတ်သဟာယ ဟူသည်မှာ အများနှင့်ဆိုင်သောအကြံအစည် အတွက် မိမိ၏စိတ်ဝင်စားခြင်းများကို ဖယ်ထားပြီး၊ အခြားသူ များနှင့်အတူတကွ ပေါင်းစည်းဆက်နွယ်ခြင်းကို ရည်ညွှန်းသည်။ ထို့ကြောင့် ဘုရားဆိုင်ရာမိတ်သဟာယ၌ အသက်ရှင်ရန် ဆို သည်မှာ ဘုရားသခင်၏ အကြံအစည်တော်ကို သယ်ဆောင် ရန်အတွက် ကျွန်ုပ်တို့၏ သီးခြားစိတ်ဝင်စားမှုများကို ဖယ် ထားပြီး၊ တမန်တော်များနှင့်လည်းကောင်း၊ သုံးပါးတစ်ပါး ဘုရားနှင့်လည်းကောင်း ပေါင်းစည်းဆက်နွယ်ခြင်းရှိရန်ဖြစ် သည်။ (တ၊ ၂း၄၂။ ၁ယော၊ ၁း၃။ ၁ကော၊ ၁း၉။ ၃း၆၊ ၁၂)။

ဃ။ ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ အသက်ရှင်ခြင်း၏ စစ်မှန်ခြင်းဖြစ်သည်။

၁။ သခင်ဘုရား ပြန်မကြွလာသေးသည့်အကြောင်းရင်းမှာ (ဗျာ၊ ၂၂း ၂၀) ယုံကြည်သူများသည် တစ်သီးပုဂ္ဂလဖြစ်နေကြပြီး၊ အမှီအခိုကင်းလျက်၊ ခေါင်းမာလျက်၊ ကွဲပြားနေကြသော ကြောင့် ဖြစ်သည်။

၂။ ဘုရားဆိုင်ရာမိတ်သဟာယ၌ ကန့်သတ်ခံရခြင်း အားဖြင့်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရကာ၊ အမှုတော်၏ အလုပ်မှာလည်း ရှေ့ဆက် သွားနိုင်မည်ဖြစ်သည်။ အရာအားလုံးကို ရှင်သန်အောင် လုပ် ဆောင်သောအရာမှာ မိတ်သဟာယဖြစ်သည် (ဧ၊ ၄း၁၁–၁၂။ cf. ယေဇ၊ ၄၇း၉)။

င။ အတွင်းအသက်၏ စီးဆင်းခြင်းဖြစ်သော အသက်၏ မိတ်သဟာယ မှာ ဝမ်းမြောက်ခြင်းနှင့် အသက်အလင်း၏ အတွင်းပိုင်းထွန်းလင်း ခြင်း၊ အတွင်းပိုင်းအုပ်စိုးခြင်းကို ထွက်ပေါ်စေသည် (၁ယော၊ ၁း ၄–၅။ ယော၊ ၁း၄။ ဂ၊ ၁၂။ cf. ၂ကော၊ ၅း၁၃)။

*Day 4*

**II. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ ပုံပန်းသဏ္ဌာန်နှစ်ခုအထဲ သို့ ဝိညာဉ်နှစ်ခုအားဖြင့် ဝင်ရောက်သွားရန်လိုအပ်သည်။**

က။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ ဒေါင်လိုက်ပုံပန်း သဏ္ဌာန်အထဲသို့ ဘုရားဆိုင်ရာဝိညာဉ်တော်၊ သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် ဝင်ရောက်သွားရန်လိုအပ်သည် (၁၃း၁၄။ ၂တိ၊ ၄း ၂၂)။

၁။ ဝိညာဉ်တော်ကိုယ်တိုင်သည် မိတ်သဟာယဖြစ်သည်။ အကြောင်းမှာ မိတ်သဟာယသည် ဝိညာဉ်တော်၏ စီးဆင်းခြင်း၊ စီးကြောင်းဖြစ်သောကြောင့်ဖြစ်သည်။ ယင်းမှာ လျှပ်စစ်စီးကြောင်းသည် လျှပ်စစ်ဓါတ်အားပင်ဖြစ်ကြောင်း ပြောဆိုခြင်းနှင့်အတူတူပင်ဖြစ်သည်။ လျှပ်စစ်စီးကြောင်းသည် ရွေ့လျားမှု၌ ရှိသည့် လျှပ်စစ်ဓါတ်အားဖြစ်သည်။

၂။ ထို့အတူပင် ၂ကော၊၁၃း၁၄၌ ဖော်ပြထားသည့် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယသည် ရွေ့လျားမှု၌ရှိသည့် ဝိညာဉ်တော်ဖြစ်သည်။ ခရစ်တော်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရသော ခရစ်တော်ကိုယ်တိုင်ဖြစ်ပြီး၊ ဘုရားသခင်၏ မေတ္တာတော်သည် ကျွန်ုပ်တို့မြည်းစမ်းခံစားရသည့် ဘုရားသခင်ကိုယ်တိုင်ဖြစ်ကာ၊ ဝိညာဉ်တော်၏ မိတ်သဟာယသည် ကျွန်ုပ်တို့အတွင်း၌ စီးဆင်းရွေ့လျားနေသည့် ဝိညာဉ်တော်ကိုယ်တိုင်ပင်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဌာန်အထဲသို့ လူသားဝိညာဉ်အားဖြင့် ဝင်ရောက်သွားရန်လိုအပ်သည် (ဖိ၊၂း၁။ ဗျာ၊၁း၁၀)။

၁။ ကျွန်ုပ်တို့သည် အလျားလိုက် တစ်ဦးနှင့်တစ်ဦး စစ်မှန်သော မိတ်သဟာယရှိလိုသည်ဆိုပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန် လိုအပ်သည် (၁တိ၊၄း၇)။

၂။ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် လောကီသားတို့၏ ပုံစံအတိုင်းပြောဆိုခြင်း၊ သန့်ရှင်းသူများ၏ အကြောင်း သို့မဟုတ် အသင်းတော်များ၏ အကြောင်းကို မကောင်းပြောဆိုခြင်း သို့မဟုတ် အခြားသူများ၏ အမှားများနှင့် ကျရှုံးမှုများကို အတင်းအဖျင်းပြောခြင်း ဘယ်သောအခါမျှ ရှိတော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်သောအခါ၊ ကျွန်ုပ်တို့အချင်းချင်း စကားပြောဆိုခြင်း၏ သဘောသဘာဝမှာပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်သည် သန့်ရှင်းသောကြောင့် ဖြစ်သည် (၂ကော၊၆း၆)။

ဂ။ အလျားလိုက်မိတ်သဟာယသည် ဒေါင်လိုက်မိတ်သဟာယနှင့် ဖောက်၍ ရက်ထားခြင်းဖြစ်သည်။ ဤသို့ဖောက်၍ ရက်ထားသော မိတ်သဟာယသည် စစ်မှန်သောမိတ်သဟာယဖြစ်သည်။

၁။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် စစ်မှန်သောနည်းလမ်း၌ အချင်းချင်းမိတ်သဟာယရှိကြသောအခါ၊ သခင်ဘုရားကို ဆက်သွယ်ရန်နှင့် ဆုတောင်းရန် ထက်သန်ခြင်းရှိလာမည်ဖြစ်သည်။ ဤအရာက မိတ်သဟာယ၏ ဒေါင်လိုက်နှင့် အလျားလိုက်ပုံပန်းသဏ္ဌာန်နှစ်ခုသည် မည်မျှနီးကပ်စွာဆက်နွယ်နေကြောင်းကို ပြသသည်။

၂။ သန့်ရှင်းသူများနှင့် ကျွန်ုပ်တို့၏ အလျားလိုက်မိတ်သဟာယသည် သခင်ဘုရားနှင့်ဒေါင်လိုက်မိတ်သဟာယအထဲသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသည်။ တစ်ဖန် သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဒေါင်လိုက်မိတ်သဟာယသည် သန့်ရှင်းသူများနှင့် အလျားလိုက်မိတ်သဟာယအထဲသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသည်။

***Day 5***

ဃ။ ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်ယာန်အသက်တာ၌ အရာအားလုံးဖြစ်သည်။

၁။ လျှပ်စစ်စီးကြောင်းသည် လျှပ်စစ်ဓါတ်အားပင်ဖြစ်သကဲ့သို့၊ ဘုရားအသက်၏ စီးဆင်းခြင်းဖြစ်သော ဘုရားအသက်၏ မိတ်သဟာယသည် ဘုရားအသက်ပင်ဖြစ်သည်။

၂။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာသည် ဘုရားအသက်၏ မိတ်သဟာယအသက်တာပင်ဖြစ်သည်။

၃။ တမန်တော်များသည် ယုံကြည်သူများနှင့် မိတ်သဟာယရှိရန် အလိုရှိခဲ့ကြသည်–ယင်းမှာ အလျားလိုက်မိတ်သဟာယဖြစ်သည်။ ထို့အပြင် တမန်တော်များက သူတို့၏ မိတ်သဟာယမှာ သုံးပါးတစ်ပါးဘုရားနှင့်အတူဖြစ်ကြောင်းဖော်ပြခဲ့ကြသည်– ယင်းမှာ ဒေါင်လိုက်မိတ်သဟာယဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ဒေါင်လိုက်မိတ်သဟာယရှိကြရမည်ဖြစ်ပြီး၊ တစ်ချိန်တည်းမှာပင် အချင်းချင်း အလျားလိုက်မိတ်သဟာယလည်း ရှိကြရမည်ဖြစ်သည်။

၅။ အဆုံးတွင် ဤဘုရားဆိုင်ရာမိတ်သဟာယ၌ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ဖောက်၍ရက်လုပ်ခြင်းခံရသည်။ ဤဖောက်

၍ ရက်လုပ်ခြင်းသည် လူနှင့် ဘုရား၏ ရောနှောပေါင်းစည်းခြင်း ဖြစ်သည်။

၆။ မိတ်သဟာယပျောက်ကွယ်သွားသောအခါ၊ ဘုရားသခင်သည်လည်း ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရမည်ဖြစ်သည်။ ဘုရားသခင်သည် မိတ်သဟာယအဖြစ် ကြွလာခြင်းဖြစ်သည်။

## III. ကျွန်ုပ်တို့၏မိတ်သဟာယသည် ကားတိုင်အားဖြင့် နက်ရှိုင်းခြင်းရှိလာသည်။

က။ စကြဝဠာတစ်ခုလုံးတွင် ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြားရှိ အတားအဆီး အားလုံးကို ဖယ်ရှားပေးသည့်အရာ တစ်ခုတည်းသာရှိသည်–၎င်းမှာ ကားတိုင်ဖြစ်သည်။

ခ။ *ဓမ္မသီချင်း* E # ၇၃၇ ၏ အပိုဒ် ၆ ၌ "မိတ်သဟာယ နက်ရှိုင်း/ သေစေသော ကားတိုင်ဖြင့်/မြှင့်တင်ခြင်း ခံရသည် / ဝိညာဉ်တော်သက်လေဖြင့်"ဟုပြောဆိုထားသည်။ ဝိညာဉ်တော်နှင့် ကားတိုင် မပါဘဲ၊ ကျွန်ုပ်တို့၌ စစ်မှန်သောမိတ်သဟာယရှိနိုင်မည်မဟုတ်ပါ။

ဂ။ ဓမ္မသီချင်း E# ၂၇၉၏ ပထမစာကြောင်း၌ "သွေးတော်နောက်တွင်၊ နံ့သာဆီလိုက်ပါ" ဟုပြောဆိုထားသည်။

၁။ အသွေးတော်သည် ကားတိုင်၏ ခိုင်ခံ့သောအမှတ်လက္ခဏာဖြစ်ပြီး၊ နံ့သာဆီသည် အရာအားလုံးပါဝင်သော၊ ပေါင်းစပ်ထားသောဝိညာဉ်တော်၏ ပုံစံဖြစ်သည်။

**Day 6**

၂။ ဤဒြပ်သဘာဝနှစ်ခုကို ဝတ်၊၁၄း၆–၁၀နှင့် ၁၄–၁၈တို့၌ ဖော်ပြထားသည်။ ဤနူတ်ကပတ်တော်ဝေစု၌ မသန့်ရှင်းသောအပြစ်သားကို ပုံဆောင်သည့် နူနာစွဲသူသည် ဦးစွာ အသွေးအားဖြင့် စင်ကြယ်ခံရကြောင်း ဖော်ပြထားသည်။ အသွေး၏ အခြေပေါ် တွင် နံ့သာဆီကို ယူဆောင်အသုံးပြုခြင်းဖြစ်သည်။

(က) အသွေးနှင့် နံ့သာဆီကို နူနာစွဲသူ၏ လက်ယာနားပျဉ်း၊ လက်ယာလက်မနှင့် လက်ယာခြေမတို့၌ ထည့်ခြင်းဖြစ်သည်။ နားသည် ဘုရားသခင်၏ စကားတော်ကို ကျွန်ုပ်တို့၏ နားထောင်ခြင်းကို ပုံဆောင်သည်။ လက်သည် ဘုရားသခင်၏ အရာများကို ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းကိုပုံဆောင်ပြီး၊ ခြေသည် ဘုရားသခင်၏ လမ်းတော်

တို့၌ ကျွန်ုပ်တို့၏ လျှောက်လှမ်းခြင်းကို ပုံဆောင်သည်။

(ခ) ဝိညာဉ်ဆိုင်ရာအရ ပြောဆိုရလျှင်၊ နူနာစွဲသူသည် မှားယွင်းသောနားထောင်ခြင်း၊ မှားယွင်းသောလုပ်ဆောင်ခြင်းနှင့် မှားယွင်းသောလျှောက်လှမ်းခြင်းတို့နှင့်ဖွဲ့စည်းထားသည်။ ကျွန်ုပ်တို့သည် နူနာစွဲသူများဖြစ်ကြသောကြောင့်၊ ဦးစွာ ခရစ်တော်၏ ရွေးနုတ်သောအသွေးတော်အားဖြင့် စင်ကြယ်ခံရမည်ဖြစ်သည်။ ထို့နောက် အသွေးတော်ပေါ် တွင် ကျွန်ုပ်တို့သည် ဘိသိက်ဆီကို လိုအပ်သည်။

(ဂ) အဆုံးစွန် အနေဖြင့် ကျွန်ုပ်တို့၏ စင်ကြယ်ခြင်းသည် ခရစ်တော်၏ စင်ကြယ်စေသောအသွေးတော်ပေါ် အခြေတည်သည့် ဝိညာဉ်တော်၏ ဘုရားဆိုင်ရာမိတ်သဟာယအားဖြင့် ဖြစ်သည်။

ဃ။ ဘုရားဆိုင်ရာမိတ်သဟာယသည် သုံးပါးတစ်ပါးဘုရားကို သုံးပိုင်းရှိလူများဖြစ်သောကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးပြီး၊ ကျွန်ုပ်တို့နှင့် ဘုရားသခင်ကို တစ်လုံးတစ်ဝတည်းဖြစ်စေသည်။ *မိတ်သဟာယ* အတွက် ဂရိစကားလုံးမှာ "ပူးတွဲပါဝင်ဆက်ဆံခြင်း"ဖြစ်ပြီး၊ ဤပူးတွဲပါဝင်ဆက်ဆံခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ထွက်ပေါ် စေသည်။

၁။ အမှန်စင်စစ် မိတ်သဟာယ ဟူသည်မှာ တစ်လုံးတစ်ဝဖြစ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်မိတ်သဟာယဖွဲ့သောအခါ၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သောအခါ၊ ယင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို တစ်လုံးတစ်ဝတည်းဖြစ်စေသည်။

၂။ စကြဝဠာတစ်ခုလုံး၌ ကြီးမားသောတစ်လုံးတစ်ဝဖြစ်ခြင်းရှိပြီး၊ ဤကြီးမားသောတစ်လုံးတစ်ဝဖြစ်ခြင်းမှာ ဘုရားဆိုင်ရာမိတ်သဟာယဖြစ်သည်။

၃။ သခင်ဘုရား၏ အလိုဆန္ဒမှာ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့အားလုံးကို တစ်လုံးတစ်ဝဖြစ်စေရန်ဖြစ်သည်။ ယောဟန်၊၁၇၌

သခင်ဘုရားက "ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း" ဆုတောင်းခဲ့သည်(အငယ်၊ ၂၂ခ)။ အသင်းတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာတစ်လုံးတစ်ဝဖြစ်ခြင်း၏ အစိတ်အပိုင်းဖြစ်သည် (အငယ်၊ ၂၁က)။

၄။ အဆုံးတွင် အသင်းတော်နှင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါးသည် မိတ်သဟာယ၌ တစ်လုံးတစ်ဝဖြစ်ကြသည် (၁၇း ၂၁၊ ၂၃)။

င။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၌ လုံးလုံးလျားလျားရှိနိုင်ရန်အတွက် ကားတိုင်ကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

၁။ ကျွန်ုပ်တို့အတွင်းတွင် အခြားသောညီအစ်ကိုဆီသို့ အခုအခံအတားအဆီးရှိနေသောကြောင့်၊ ကျွန်ုပ်တို့သည် သူနှင့် လုံးလုံးလျားလျားမိတ်သဟာယဖွဲ့နိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် မိမိတို့အတွင်းရှိ အခုအခံအတားအဆီးကြောင့် ဘုရားဆိုင်ရာမိတ်သဟာယ၌ သန့်ရှင်းသူအချို့အား ဆက်သွယ်ခြင်းကို ရှောင်ရှားကောင်းရှောင်ရှားကြမည်ဖြစ်သည်။

၂။ ကျွန်ုပ်တို့၏ မိတ်သဟာယသည် လုံးလုံးလျားလျားမဖြစ်ဘဲ၊ အတွင်း၌ အခုအခံအတားအဆီးများ ကျန်ရှိနေခြင်းမှာ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ ကားတိုင်မပါရှိသောကြောင့် ဖြစ်သည် (ဂလ၊ ၂း ၂၀က)။

၃။ ဓမ္မသီချင်း E# ၆၃၁ ၌ "သေခြင်းမရှိလျှင်၊ အသက်မရှိ"ဟု ပြောဆိုထားသည်။ ယင်းမှာ "ကားတိုင်မရှိလျှင်၊ ခရစ် တော်မရှိ"ဟုဆိုလိုသည်။ ထို့ပြင် "ခရစ်တော်မရှိလျှင်၊ ဝိညာဉ်တော်မရှိ၊ ဝိညာဉ်တော်မရှိလျှင်၊ မိတ်သဟာယလည်း မရှိ"ဟုဆိုလိုသည်။

၄။ မ၊၁၆း ၂၄၌ သခင်ဘုရားက "ငါ့နောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့လိုက်ရမည်"ဟုပြောဆိုထားသည်။ သခင်ဘုရားသည် *ကိုယ်လက်ဝါးကပ်တိုင်* ဟူသောစကားလုံးကို

အသုံးပြုထားခြင်းမှာ ကျွန်ုပ်တို့တစ်ယောက်စီကို ဖြတ်တောက်ရန် ကျွန်ုပ်တို့အယောက်စီတိုင်းအတွက် ကားတိုင်၏ တိကျသောဝေစုရှိကြောင်း ညွှန်ပြနေသည်။

၅။ အမှန်စင်စစ် ကားတိုင်ထမ်းရန် ဆိုသည်မှာ အတ္တကို ငြင်းပယ်ရန်၊ အတ္တကို သေစေရန်၊ ခရစ်တော်၏ ကားတိုင်ကို အတ္တဆီသို့ အချိန်တိုင်း ယူဆောင်အသုံးချရန်ဖြစ်သည်။

၆။ ကျွန်ုပ်တို့အဖို့ အလျားလိုက်မိတ်သဟာယရှိနိုင်ရန်အတွက် မိမိတို့ကိုယ်ကို ငြင်းပယ်ရန်လိုအပ်သည်။ ကိုယ်ကိုကိုယ်ငြင်းပယ်ရန် ဆိုသည်မှာ မိမိတို့ကိုယ်တိုင်နှင့်စပ်လျဉ်းပြီး အာရုံခံစားမှုကင်းမဲ့ရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ စိတ်အနှောင့်အယှက်ဖြစ်တော့မည်မဟုတ်ပေ။

၇။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယကိုနက်ရှိုင်းစွာတွေ့ကြုံခံစားနိုင်ရန်အတွက် ကားတိုင်ကို တွေ့ကြုံခံစားဖို့လိုသည် (cf. ၁ယော၊၁း၉)။

## နံနက်ခင်းကျွေးမွေးခြင်း

**၁ယော၊ ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်**
**၁း၃ လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည်လည်း ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အား လည်း ကြားပြောကြ၏။**
**၆–၇ ငါတို့သည် ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ပြီဟု ဆိုလျက်ပင်၊ မှောင်မိုက်၌ ကျင်လည်လျှင်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းမပြု၊ မုသား ကို သုံးသောသူဖြစ်ကြ၏။ ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင်၊ အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းရှိ ကြသည်ဖြစ်၍၊...**

ဓမ္မသစ်ကျမ်း၌ ဖွင့်ပြထားသည့် ဘုရားအသက်၏မိတ်သဟာယသည် ကောက် နုတ်ချက်တစ်ခုဖြစ်ပြီး၊ အဓိပ္ပါယ်ဖွင့်ဆိုရန်အလွန်ခက်ခဲ၊ နက်နဲသည်။ ၁ယော၊၁း၃၌ ရှိ သည့် *မိတ်သဟာယ* အတွက် အသုံးပြုထားသည့် ဂရိစကားလုံးမှာ *koinonia* ဖြစ်ပြီး၊ ပူးတွဲပါဝင်ဆက်ဆံခြင်း သို့မဟုတ် အညီအမျှပါဝင်ဆက်ဆံခြင်း ဟူ၍ အဓိပ္ပါယ်ရသည်။ ဤကျမ်းပိုဒ်အရ ဘုရားဆိုင်ရာမိတ်သဟာယမှာ ခမည်းတော်နှင့်သာမက၊ သားတော်နှင့် လည်းဖြစ်သည်။ ၂ကော၊၁၃း၁၄ ၌ ဤဘုရားဆိုင်ရာမိတ်သဟာယကို "သန့်ရှင်းသော ဝိညာဉ်တော်၏မိတ်သဟာယ"ဟုခေါ်ပြီး၊ တ၊၂း၄၂၌ "တမန်တော်များ၏မိတ်သဟာယ" ဟုခေါ်က၊ ဖိ၊၂း၁ ၌ "ဝိညာဉ်နှင့်မိတ်သဟာယဖွဲ့ခြင်း"ဟုဖော်ပြထားသည်။ နှုတ်ကပတ် တော်တွင် ဖော်ပြထားသည့် ဤဝေစုများအရ၊ ဘုရားဆိုင်ရာမိတ်သဟာယသည် ခမည်း တော်၊ သားတော်၊ ဝိညာဉ်တော်၊ တမန်တော်များနှင့် ယုံကြည်သူအားလုံးက ပိုင်ဆိုင်သော အရာဖြစ်ကြောင်း မြင်တွေ့ရသည်။ သူတို့အားလုံးသည် ဤမိတ်သဟာယ၌ ပါဝင်ကြသည်။ ဤ ဘုရားဆိုင်ရာမိတ်သဟာယ၌ ပုဂ္ဂိုလ်များစွာပါဝင်သည်။ ထို့ကြောင့် ၎င်းသည် အပြန် အလှန်ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သူတစ်ဦးတည်းဖြင့် ဤမိတ်သဟာယကို ရရှိရန်မဖြစ်နိုင်ပါ။ ဤမိတ်သဟာယသည် တစ်ခုတည်းဖြစ်သော်လည်း၊ ယင်း၌ ပုဂ္ဂိုလ် များစွာပါဝင်သည်။ (*The Triune God to be Life to the Tripartite Man,* p.143)

## ယနေ့ဖတ်စရာ

မိတ်သဟာယကို အကောင်းဆုံးသရုပ်ဖော်ပြချက်များထဲမှ တစ်ခုမှာ လျှပ်စစ် ဓါတ်အားဖြစ်သည်။ လျှပ်စစ်ဓါတ်အားသည် နားလည်ရန် ခက်ခဲသော်လည်း အလွန်

စစ်မှန်သည့်အရာဖြစ်သည်။ လျှပ်စစ်စီးကြောင်းသည် မီးသီးများနှင့် မီးချောင်းများသို့ စီးဆင်းလာသောအခါ၊ လျှပ်စစ်ဓါတ်အားသည် ထင်ရှားပေါ်လွင်လာသည်။ မီးသီးများနှင့် မီးချောင်းများကို လျှပ်စစ်စီးကြောင်းဖြင့် ဆက်သွယ်ထားသည်။ ရပ်ကွက် သို့မဟုတ် မြို့တစ်မြို့တွင် လူနေအိမ်များအားလုံးသည် အိမ်တိုင်းသို့ စီးဝင်နေသည့် လျှပ်စစ်စီးကြောင်းအားဖြင့် တစ်အိမ်နှင့်တစ်အိမ်ဆက်နွယ်နေသည်။ ဤလျှပ်စစ်စီးကြောင်းသည် မိတ်သဟာယ၏ဥပမာတစ်ခုဖြစ်သည်။ မိတ်သဟာယ ဆိုသည်မှာ ဘုရားအသက်ကို ရရှိပိုင်ဆိုင်ထားသည့် ယုံကြည်သူအားလုံး၏ အတွင်း၌ ထာဝရအသက်စီးဆင်းခြင်းဖြစ်သည်။ လျှပ်စစ်ဓါတ်အားစီးဆင်းခြင်းအားဖြင့် အိမ်များအားလုံးသည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရသည်။ ထို့အတူပင် ထာဝရအသက်၏စီးဆင်းခြင်း၊ မိတ်သဟာယအားဖြင့် ယုံကြည်သူအားလုံးသည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရကြသည်။

၁ယောဟ ၁း ၂–၃နှင့် ၆–၇ တို့တွင် ဘုရားအသက်၏မိတ်သဟာယ၌ ဒေါင်လိုက်နှင့် အလျားလိုက် ဟူ၍ ပုံပန်းသဏ္ဍာန်နှစ်ခုရှိကြောင်း ဖွင့်ပြထားသည်။ မိတ်သဟာယ၏ ဒေါင်လိုက်ပုံပန်းသဏ္ဍာန်မှာ သုံးပါးတစ်ပါးဘုရားနှင့်ကျွန်ုပ်တို့၏မိတ်သဟာယကို ရည်ညွှန်းပြီး၊ အလျားလိုက်ပုံပန်းသဏ္ဍာန်မှာ ကျွန်ုပ်တို့အချင်းချင်း၏မိတ်သဟာယကို ရည်ညွှန်းသည်။

၁ယောဟ ၁း ၂–၃ ၌ "(ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့လည်း မြင်ရကြပြီ။ ခမည်းတော်နှင့်အတူရှိဖူး၍၊ ငါတို့အား ထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အား သက်သေခံ၍ ကြားပြောကြ၏)။ ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည်လည်း ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားလည်းကြားပြောကြ၏"ဟုပြောဆိုထားသည်။ မိတ်သဟာယ၏ဒေါင်လိုက်ပုံပန်းသဏ္ဍာန်ကို ပထမဆုံးသောတမန်တော်များနှင့်အတူ အစကနဦး၌ အခိုင်အမာသက်သေထူခဲ့ပြီးဖြစ်သည်။ ထို့နောက် တမန်တော်များသည် ထိုထာဝရအသက်ကို အပြစ်သားတို့အား ကြားပြောခဲ့ကြသည်။ ယင်းမှာ အပြစ်သားတို့သည်လည်း တမန်တော်တို့နှင့်မိတ်သဟာယရှိလာနိုင်ရန် အတွက်ဖြစ်သည်။ တမန်တော်တို့သည် ထိုထာဝရအသက်ကို အပြစ်သားတို့အား မကြားပြောမီ၊ သူတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း ဒေါင်လိုက်မိတ်သဟာယရှိခဲ့ပြီးဖြစ်သည် (အငယ်၊၃)။ တမန်တော်တို့၏ကနဦးအတွေ့အကြုံမှာ ဒေါင်လိုက်ဖြစ်သော်လည်း၊ ထိုထာဝရအသက်ကို အခြားသူတို့အား ကြားပြော

သောအခါတွင်မှ ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဍာန်ကို တွေ့ကြုံခံစားခဲ့ကြသည်။

၁ယော၊၁း၆ နှင့် ၇တို့တွင်လည်း ဘုရားဆိုင်ရာမိတ်သဟာယ၏ ဒေါင်လိုက်နှင့် အလျားလိုက်ပုံပန်းသဏ္ဍာန်များကို ညွှန်ပြထားသည်။ အငယ်၊၆ ၌ "ငါတို့သည် ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ပြီဟု ဆိုလျက်ပင်၊ မှောင်မိုက်၌ ကျင်လည်လျှင်၊ သမ္မာတရားကို လက်တွေ့လုပ်ဆောင်ခြင်းမပြု၊ မုသားကို သုံးသောသူဖြစ်ကြ၏" ဟုပြောဆိုထားသည်။ ဤသည်မှာ မိတ်သဟာယ၏ ဒေါင်လိုက်ပုံပန်းသဏ္ဍာန်ဖြစ်သည်။ အငယ်၊၇ ၌ "ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်းမိတ်သဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍" ဟုပြောဆိုထားသည်။ ဤသည်မှာ မိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဍာန်ဖြစ်သည်။ ဘုရားဆိုင်ရာမိတ်သဟာယ၏ ပုံပန်းသဏ္ဍာန်နှစ်ခုလုံးသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာဆက်နွယ်နေသည်။ ထို့ကြောင့် မည်သည့်ပုံပန်းသဏ္ဍာန်က ဦးဆုံးဖြစ်ကြောင်းကို ပြောဆိုရန်ခက်ခဲသည်။ သင်သည် သခင်ဘုရားနှင့်အတူ စစ်မှန်သောမိတ်သဟာယ မရှိပါက၊ သင်၏ယုံကြည်သူချင်းများနှင့်အတူ မိတ်သဟာယရှိရန် ခက်ခဲမည်ဖြစ်သည်။ ထို့အတူပင် သင်သည် သင်၏ယုံကြည်သူချင်းများနှင့် စစ်မှန်သောမိတ်သဟာယမရှိပါက၊ သခင်ဘုရားနှင့်အတူ မိတ်သဟာယရှိရန် ခက်ခဲမည်ဖြစ်သည်။ (*The Triune God to be Life to the Tripartite Man*, pp.143-145)

*ပို၍ဖတ်ရန် – The Triune God to be Life to the Tripartite Man*, ch.17

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ၁း၉ ငါတို့သခင်ယေရှုခရစ်တည်းဟူသော သားတော်၏မိတ်သဟာယအထဲသို့ သင်တို့ကို ခေါ်သွင်းတော်မူသောဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူ၏။**

**ဧ၊၄း၂၅ ထို့ကြောင့် မုသားစကားကို ပယ်ရှား၍၊ အယောက်စီတိုင်းသည် မှန်သောစကားကို မိမိအိမ်နီးချင်းနှင့်ပြောကြလော့။ အကြောင်းမူကား၊ ငါတို့သည် အချင်းချင်းအင်္ဂါချင်း ဖြစ်ကြ၏။**

မိတ်သဟာယ၏ စစ်မှန်ခြင်း၌ ရှိသည့် ယုံကြည်သူအများအပြားကို ရှာတွေ့ရန် ခက်ခဲပါသည်။ အနေအထားဆိုင်ရာအရ ကျွန်ုပ်တို့အားလုံးသည် ဤမိတ်သဟာယ၌ ရှိကြသော်လည်း၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌မူ အလွန်နည်းပါးသောသူတို့သာ မိတ်သဟာယ၏ စစ်မှန်ခြင်း၌ရှိကြသည်။ ကျွန်ုပ်တို့၌ မိတ်သဟာယ ဟူသောအကြောင်းအရာမှာ အမည်နာမတစ်ခုအဖြစ်သာ ရှိနေပြီး၊ လက်တွေ့လုပ်ဆောင်မှု၌ မရှိသေးဘဲ ဖြစ်နေနိုင်ပါသည်။ ကျွန်ုပ်သည် ဤမိတ်သဟာယကို လက်တွေ့လုပ်ဆောင်ရန်ကြိုးစားခဲ့သော်လည်း၊ တစ်နေ့တာပတ်လုံး တစ်နာရီပြီး တစ်နာရီ တည်တံ့မြဲမြံအောင်လုပ်ဆောင်ရာ၌ လုံးလုံးအောင်မြင်မှုမရခဲ့ကြောင်း ဝန်ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လက်တွေ့ကျသောနည်းလမ်းဖြင့် ဤမိတ်သဟာယ၌ မရှိသောအခါ၊ ဝိညာဉ်တော်၊ သုံးပါးတစ်ပါးဘုရားနှင့် ဘုရားအသက်၏ အပြင်ဘက်တွင်ရှိကြသည်။ (*The Triune God to be Life to the Tripartite Man*, p.145)

## ယနေ့ဖတ်စရာ

ကယ်တင်ခြင်းမရမီက၊ ကျွန်ုပ်တို့သည် အပြစ်၌ ကျင်လည်နေသော၊ အပြစ်၌ သေနေသောအပြစ်သားများဖြစ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် အသက်၏ မိတ်သဟာယ၌ ပါဝင်ခဲ့ကြခြင်းမရှိပေ။ တစ်နေ့တွင် တစ်ဦးတစ်ယောက်သည် ကျွန်ုပ်တို့ထံသို့ ထိုထာဝရအသက်ကိုကြားပြောခဲ့သောကြောင့်(၁ယော၊၁း၂)၊ ကျွန်ုပ်တို့သည် သခင်ယေရှု၌ယုံကြည်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယအထဲသို့ ခေါ်ဆောင်ခြင်းခံခဲ့ရသည်။ ဘုရားဆိုင်ရာမိတ်သဟာယကို ကျွန်ုပ်တို့အစဦးပိုင်းတွေ့ကြုံခံစားရာ၌ အလွန်ထိမိသောအကြောင်းအရာနှစ်ခုရှိသည်။ ပထမအကြောင်းအရာမှာ ဧဝံဂေလိတရားဟောပြောသောသူတစ်စုံတစ်ဦး၏ အကူအညီမပါဘဲ၊ သူ့ဘာသာသူ သခင်ဘုရား၌ တိုက်ရိုက်ယုံကြည်လာသည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရှာတွေ့ရန် ခက်ခဲခြင်းဖြစ်သည်။ လူအားလုံး

နီးပါးသည် သတင်းစကားကို ဦးစွာ ကြားနာရပြီးနောက်မှ ယုံကြည်ခဲ့ကြခြင်းဖြစ်သည်။ ဒုတိယအကြောင်းအရာမှာ ဧဝံဂေလိတရားကို ကြားပြောသော သို့မဟုတ် ဟောပြောသော သူနှင့် ထိုသတင်းစကားကိုလက်ခံရရှိပြီး၊ ကယ်တင်ခံရသူအကြားတွင် အမြဲတမ်းလိုလို နက်ရှိုင်းသောဆက်နွယ်မှုရှိခြင်းဖြစ်သည်။

သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဒေါင်လိုက်မိတ်သဟာယသည် အခြားသူများနှင့် ကျွန်ုပ်တို့၏ အလျားလိုက်မိတ်သဟာယအားဖြင့် အကျိုးသက်ရောက်မှုရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပတ်လည်ရှိ အခြားသူများနှင့် မှန်ကန်သောမိတ်သဟာယမရှိပါက၊ သခင်ဘုရားနှင့်အတူ ကောင်းမွန်သော (ဒေါင်လိုက်)မိတ်သဟာယရှိရန် ခက်ခဲပေသည်။ ဤသည်မှာ ဘုရားဆိုင်ရာမိတ်သဟာယသည် တစ်ခုတည်းသောမိတ်သဟာယဖြစ်သော ကြောင့်ဖြစ်သည်။ နေ့တိုင်း ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယတွင် ဒေါင်လိုက် နှင့် အလျားလိုက် ပုံပန်းသဏ္ဍာန်နှစ်ခုလုံး၌ ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့တွင် အများစုက နေ့တိုင်း ကျွန်ုပ်တို့သည် ဤမိတ်သဟာယကို ဒေါင်လိုက်ပုံပန်းသဏ္ဍာန်ဖြင့် အစပြု၍၊ အလျားလိုက်ပုံပန်းသဏ္ဍာန်က နောက်မှ လိုက်လာကြောင်း ထင်မြင်ကြသည်။ သို့သော် လည်း အကြိမ်များစွာ၌ ၎င်းသည် ကျွန်ုပ်တို့၏ အတွေ့အကြုံမဟုတ်ပါ။ ကျွန်ုပ်တို့သည် ည နေခင်း၌ ကျွန်ုပ်တို့၏ ဇနီး၊ ခင်ပွန်း သို့မဟုတ် အခန်းဖော်နှင့် ငြင်းခုံစကားများခဲ့လျှင်၊ နံနက်ပိုင်း၌ သခင်ဘုရားနှင့် ဒေါင်လိုက်မိတ်သဟာယကို အစပြုရန် ခက်ခဲကြောင်း တွေ့ ရှိရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ ကျန်းမာသန်စွမ်းခြင်းရှိနိုင် ရန်အတွက် မိတ်သဟာယ၏ ဒေါင်လိုက်နှင့် အလျားလိုက်ပုံပန်းသဏ္ဍာန်နှစ်ခုလုံးကို တည် တံ့မြဲမြံစေရမည်ဖြစ်သည်။

ဧ၊၄း၂၅ ရှိ *အိမ်နီးချင်း* ဟူသောစကားလုံးမှာ ညီအစ်ကိုများနှင့် ညီအစ်မများ ကို ရည်ညွှန်းသည်။ ဘုရားဆိုင်ရာမိတ်သဟာယ၌ စောင့်ထိန်းခံရရန်အတွက် ကျွန်ုပ်တို့ သည် ကျွန်ုပ်တို့၏ ယုံကြည်သူချင်းများနှင့် မှန်ကန်မှုရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ တွေ့ ကြုံခံစားမှု၌ အခြားယုံကြည်သူများနှင့် ဦးစွာပထမအလျားလိုက်မိတ်သဟာယမရှိဘဲ၊ သခင်ဘုရားနှင့်ဒေါင်လိုက်မိတ်သဟာယမရှိနိုင်ကြောင်း မကြာခဏတွေ့ကြုံရသည်။

သင့်လျော်မှန်ကန်သောအသက်ရှင်ခြင်းနှင့် အောင်မြင်ခြင်းရှိသောသန့်ရှင်းသူ တစ်ဦးသည် တစ်နေ့တာပတ်လုံး ဒေါင်လိုက်နှင့် အလျားလိုက် မိတ်သဟာယ၌ အမြဲ တမ်းရှိသောသူဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်ပို၍မိတ်သဟာယရှိရန် သင်ယူရ မည်ဖြစ်သည်။ ထို့ပြင် သန့်ရှင်းသူတို့နှင့် ပို၍မိတ်သဟာယရှိရန်လည်း သင်ယူကြရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ပတ်လည်တွင်ရှိသောသူတို့အတွက် သခင်ဘုရားကို

ကျေးဇူးတင်ကြရမည်ဖြစ်ပြီး၊ သူတို့နှင့် မိတ်သဟာယရှိရန် အားထုတ်ကြရမည်ဖြစ်သည်။ ညီအစ်ကိုများနှင့် ညီအစ်မများသည် သူတို့၏ နေ့စဉ်အသက်ရှင်ခြင်းနှင့်ဆက်နွယ်နေသည့် လက်တွေ့ကျသောအရာများနှင့်စပ်လျဉ်း၍လည်း အချင်းချင်း လုံးလုံးအကုန်အစင် မိတ်သဟာယရှိရန်လိုအပ်သည်။

ကျွန်ုပ်တို့က ကျွန်ုပ်တို့ပတ်လည်ရှိလူတို့နှင့်အတူ ကျွန်ုပ်တို့ဖတ်ရှုခဲ့သည့် ဝေငှချက်များ သို့မဟုတ် အခြားဝိညာဉ်ဆိုင်ရာလှုပ်ရှားမှုအချို့ကိုသာ မိတ်သဟာယဖွဲ့သင့်သည်ဟု ခံစားရကောင်း ခံစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မိတ်သဟာယ၌ ဤအကြောင်းအရာပါဝင်ရမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ မိတ်သဟာယ၌ လက်တွေ့ကျသောအရာများစွာလည်း ပါဝင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အလယ်တွင် အကြီးမားဆုံးသောလိုအပ်မှုမှာ မိတ်သဟာယဖြစ်ကြောင်း ကျွန်ုပ်ရှာဖွေတွေ့ရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏ ပြဿနာမှာ ကျွန်ုပ်တို့၌ မိတ်သဟာယဖွဲ့သောအလေ့အထ မရှိခြင်းနှင့် များစွာသော ကျွန်ုပ်တို့သည် မိတ်သဟာယဖွဲ့ရန် မနှစ်သက်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ မိတ်သဟာယဖွဲ့သောအခါ၊ သခင်ဘုရားလည်း ပါဝင်တော်မူကြောင်း ကျွန်ုပ်တို့သိနားလည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိတ်သဟာယကို ရှောင်ရှားသောအခါ သို့မဟုတ် ကျွန်ုပ်တို့၏ ယုံကြည်သူချင်းများနှင့်မိတ်သဟာယကို ရပ်တန့်သောအခါ၊ သခင်ဘုရားသည်လည်း ကျွန်ုပ်တို့နှင့် အလှမ်းကွာဝေးလျက်ရှိပေမည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ယုံကြည်သူချင်းများနှင့် မိတ်သဟာယရှိရန် အတတ်နိုင်ဆုံး ကြိုးစားရမည်ဖြစ်သည်။ ဤဘုရားဆိုင်ရာမိတ်သဟာယသည် ကျွန်ုပ်တို့အား ပြုပြင်တည့်မတ်ပေးရုံသာမက၊ ပုံသွင်းပေးနေပြီး၊ အသစ်ပြန်လည်ဖွဲ့စည်းပေးနေသည်။ ဤမိတ်သဟာယသည် ဘုရားဆိုင်ရာပါဝင်ဖွဲ့စည်းမှုကို ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဖြစ်ခြင်းအထဲသို့ ယူဆောင်ပေးပြီး၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်း၌ ပြောင်းလဲမှုကို ဖြစ်ပေါ်စေသည်။ (*The Triune God to be Life to the Tripartite Man*, pp.145-147)

*ပို၍ဖတ်ရန်* – *The Mending Ministry of John*, ch.7

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ———————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**တ၊ ၂း၄၂ ထိုသူများသည် တမန်တော်တို့၏သွန်သင်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်းနှင့်ဆုတောင်းခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။**

**၁ယော၊ ၁း၄–၅ ငါတို့၏ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါလည်း၊ ဤအရာများကို ငါတို့သည် ရေးလိုက်ကြ၏။ ထို့အပြင် ကိုယ်တော်ထံ၌ ငါတို့သည် ကြားရ၍၊ သင်တို့အား ကြေညာသောသတင်းစကားဟူမူကား၊ ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ကိုယ်တော်၌ မှောင်မိုက်အလျှင်းမရှိ။**

(၁ယော၊၁း၃) ရှိ မိတ်သဟာယ ဟူသည်မှာ အများနှင့်ဆိုင်သောအကြံအစည်အတွက် မိမိ၏စိတ်ဝင်စားခြင်းများကို ဖယ်ထားပြီး၊ အခြားသူများနှင့်အတူတကွ ပေါင်းစည်းဆက်နွယ်ခြင်းကိုရည်ညွှန်းသည်။ ထို့ကြောင့် တမန်တော်များနှင့် မိတ်သဟာယဖွဲ့ရန်၊ တမန်တော်များ၏မိတ်သဟာယ၌ရှိရန်၊ တမန်တော်များ၏မိတ်သဟာယ၌ သုံးပါးတစ်ပါးဘုရားနှင့်အတူ မိတ်သဟာယဖွဲ့ရန်ဆိုသည်မှာ ဘုရားသခင်၏ အကြံအစည်တော်ကို သယ်ဆောင်ရန်အတွက် ကျွန်ုပ်တို့၏ သီးခြားစိတ်ဝင်စားမှုများကို ဖယ်ထားပြီး၊ တမန်တော်များနှင့်လည်းကောင်း၊ သုံးပါးတစ်ပါးဘုရားနှင့်လည်းကောင်း ပေါင်းစည်းဆက်နွယ်ခြင်းရှိရန်ဖြစ်သည်။ သုံးပါးတစ်ပါးဘုရားကို တမန်တော်များ၏ မွေ့လျော်ဝမ်းမြောက်ခြင်း၌ ကျွန်ုပ်တို့ပါဝင်ဆက်ဆံခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်၊ တမန်တော်များနှင့် ယုံကြည်သူများအားလုံးအဖို့ဖြစ်သော ကိုယ်တော်၏ အကြံအစည်အတွက် တမန်တော်များနှင့်လည်းကောင်း၊ သုံးပါးတစ်ပါးဘုရားနှင့်လည်းကောင်း ပေါင်းစည်းဆက်နွယ်ခြင်းဖြစ်သည်။ (၁ယော၊၁း၃၊ မှတ်စု ၃)

## *ယနေ့ဖတ်စရာ*

ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၌ အသက်ရှင်ခြင်း၏စစ်မှန်ခြင်းဖြစ်သည်။ သခင်ဘုရားသည် ရာစုနှစ်များတစ်လျှောက် နှောင့်ယှက်ဟန့်တားခံရခြင်းမှာ မိတ်သဟာယ ကင်းမဲ့နေသောကြောင့်ဖြစ်သည်။ ဗျာ၊ ၂၂း ၂၀ တွင် သခင်ယေရှုက "ငါသည် အလျှင်အမြန်လာမည်"ဟုပြောဆိုခဲ့သည်။ သို့သော် နှစ်ပေါင်းနှစ်ထောင်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း၊ သခင်ဘုရားသည် ယခုတိုင်ပြန်ကြွလာခြင်း

မရှိသေးပေ။ ဤသည်မှာ ယုံကြည်သူများသည် တစ်သီးပုဂ္ဂလဖြစ်နေကြပြီး၊ အမှီအခို ကင်းလျက်၊ ခေါင်းမာလျက်၊ ကွဲပြားနေကြသောကြောင့် ဖြစ်သည်။

ကျွန်ုပ်တို့ကို အုပ်စိုးထိန်းချုပ်သင့်သည့် တစ်ခုတည်းသောအရာမှာ ဘုရားဆိုင်ရာ မိတ်သဟာယဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမိတ်သဟာယ၌ ကန့်သတ်ခြင်းခံကြရမည် ဖြစ်သည်။ ဤမိတ်သဟာယ၌ ကန့်သတ်ခံရခြင်းအားဖြင့်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရကာ၊ အမှုတော်၏ အလုပ်မှာလည်း ရှေ့ဆက်သွားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိတ်သဟာယမှ ကင်းကွာသွားသောအခါ၊ အရာအားလုံးသည် အဆုံးသတ်သွားမည်ဖြစ်သည်။ အရာအားလုံးကို ရှင်သန်အောင်လုပ်ဆောင်သော အရာမှာ မိတ်သဟာယဖြစ်သည်။ ကျွန်ုပ်တို့သည် မိတ်သဟာယဖွဲ့ရန် သင်ယူပါက၊ အထူးသဖြင့် သခင်ဘုရား၏ အလုပ်၌ များစွာသောအကျိုးကျေးဇူးတို့ကို လက်ခံရရှိလိမ့်မည်ဖြစ်သည်။ (*The Triune God to be Life to the Tripartite Man*, pp.147-148)

အသက်၏မိတ်သဟာယမှာ ရိုးရိုးလေးပင် ဘုရားအသက်၏စီးဆင်းခြင်းဖြစ်သည်။ အသက်တည်းဟူသောခရစ်တော်ကို တွေ့ကြုံခံစားရန်အတွက် စစ်မှန်သောနည်းလမ်းမှာ ကျွန်ုပ်တို့အတွင်း၌ ဤစီးဆင်းခြင်းရှိရန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမိတ်သဟာယ၌ရှိမရှိ၊ ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းရှိမရှိနှင့် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းရှိမရှိ သိရန်နည်းလမ်းမှာ ကျွန်ုပ်တို့အတွင်း၌ စီးဆင်းခြင်းရှိမရှိကို စစ်ဆေးရန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၌ ထိုစီးဆင်းခြင်းမရှိပါက သို့မဟုတ် ထိုစီးဆင်းခြင်းသည် ယုတ်လျော့နေပါက၊ ကျွန်ုပ်တို့သည် သခင်ဘုရားထံ အော်ဟစ်၍၊ ကိုယ်တော့်ကို ဖွင့်ပေးကြရမည်ဖြစ်သည်။

သင်၌ အသက်၏စီးဆင်းခြင်းရှိသောအခါ၊ ဝမ်းမြောက်ခြင်းလည်းရှိမည်ဖြစ်သည်။ စည်းမျဉ်းအရဆိုလျှင် ခရစ်ယာန်များသည် ဝမ်းမြောက်ပျော်ရွှင်မှုနှင့်ပြည့်ဝနေသောပုဂ္ဂိုလ်များဖြစ်သည်။ သူတို့သည် အချိန်တိုင်းဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့် ပြည့်ဝသောပုဂ္ဂိုလ်များဖြစ်ကြရမည်။ အချို့အချိန်များတွင် ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် အလွန်ပြည့်ဝနေသဖြင့်၊ "ဟာလေလုယာ၊" "သခင်ဘုရားကို ချီးမွမ်းပါတယ်၊" "အာမင်"ဟူ၍ မကြွေးကြော်မချင်း ပွင့်ထွက်လုမတတ် ပြည့်လျှံနေသည်ဟု ခံစားရပါသည်။ ကျွန်ုပ်တို့အတွင်း၌ ဘုရားအသက်၏စီးကြောင်း၊ စီးဆင်းခြင်း၊ ဗလုံစီပွက်ထခြင်းတို့နှင့် အလွန်ပြည့်ဝနေသောကြောင့်၊ ကျွန်ုပ်တို့သည် တိတ်ဆိတ်ငြိမ်သက်ခြင်းအစား၊ ကြွေးကြော် ဝေငှကြရမည်ဖြစ်သည်။ သင်သည် အတွင်း၌ စီးဆင်းနေသောအရာကို ပို၍ ဖော်ပြလေလေ၊ သင့်အတွင်းတွင် အသက်၏မိတ်သဟာယ ပို၍စီးဆင်းလေလေဖြစ်ကြောင်းကို တွေ့ရှိရလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အတွင်းရှိ အသက်၏ စီးဆင်းခြင်းနှင့် ထွန်းလင်းခြင်းကို ဂရုစိုက်မည်ဆိုပါက၊ အခြားမည်သည့်အရာမျှ လိုအပ်တော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဆုတောင်းရန်၊ ကျမ်းစာဖတ်ရန်၊ အစည်းအဝေးများတက်ရန်၊ သန့်ရှင်းသူများနှင့်မိတ်သဟာယဖွဲ့ရန် ဆက်လက်လိုအပ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော်လည်း အမှန်စင်စစ် ဤစစ်မှန်သောခရစ်ယာန်အသက်တာလှုပ်ရှားမှုများ အားလုံးမှာ စီးဆင်းခြင်းနှင့် ထွန်းလင်းခြင်းမှ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဤလက်တွေ့လုပ်ဆောင်မှုများ အားလုံးသည် စီးဆင်းခြင်းနှင့် ထွန်းလင်းခြင်းကို ကျွန်ုပ်တို့ ပိုမိုတွေ့ကြုံခံစားနိုင်သည့် နည်းလမ်းတန်ဆာပလာဖြစ်သည်။ ခရစ်တော်အားဖြင့် အသက်ရှင်ခြင်း၊ ခရစ်တော်၌ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့၏ အသက်အဖြစ် ခရစ်တော်ကို ယူဆောင်ခြင်းလျှို့ဝှက်ချက်မှာ အတွင်းပိုင်းစီးဆင်းခြင်းနှင့် အတွင်းပိုင်းထွန်းလင်းခြင်းကို အမြဲတမ်းဂရုစိုက်ရန်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သိနားလည်ထားရမည့် အခြေခံကျသောအချက်ဖြစ်သည်။ သင်၌ အတွင်းပိုင်းစီးဆင်းခြင်းနှင့် အတွင်းပိုင်းထွန်းလင်းခြင်းမရှိပါက၊ ကိုယ်တော်နှင့်အတူ ဆက်ဆံဖြေရှင်းရန်နှင့် ကိုယ်တော့်အားဖြင့် ဆက်ဆံဖြေရှင်းခံရန် ကိုယ်တော့်ထံသို့ သွားရမည်ဖြစ်သည်။ အကြောင်းမှာ ယင်းသည် သင့်အတွင်း၌ တစ်စုံတစ်ရာမှားယွင်းနေကြောင်းကို ခိုင်မာစွာညွှန်ပြနေသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့အလယ်ရှိ သန့်ရှင်းသူများအားလုံးသည် တစ်နေ့ပြီးတစ်နေ့ ဤအကြောင်းအရာကို ဂရုစိုက်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် အမှန်တကယ် အသက်ရှင်သော၊ ထွန်းလင်းသော၊ စီးဆင်းသောခရစ်ယာန်များဖြစ်လာကြမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် အစည်းအဝေးသို့လာသောအခါတိုင်း၊ အယောက်တိုင်းသည် သူတို့ဖြစ်ခြင်းအတွင်းပိုင်း၌ စီးဆင်းနေသော၊ ထွန်းလင်းနေသော တစ်စုံတစ်ရာဖြင့် လာကြလိမ့်မည်ဖြစ်သည်။ အသက်၏ မိတ်သဟာယနှင့် အသက်၏ အလင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့ တစ်နေ့ပြီးတစ်နေ့၊ တစ်ချိန်ပြီးတစ်ချိန် တွေ့ကြုံခံစားသည့်အရာ ဖြစ်လာရမည်။ (*Experiencing Christ as the Inner Life*, pp.18-19, 22-23)

*ပို၍ဖတ်ရန် – Experiencing Christ as the Inner Life*, ch.2; *The Triune God to be Life to the Tripartite Man*, ch.16

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ၁၃း၁၄** **သခင်ယေရှုခရစ်၏ကျေးဇူးတော်သည်လည်းကောင်း၊ ဘုရားသခင်၏မေတ္တာတော်သည်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယတော်သည်လည်းကောင်း၊ သင်တို့အပေါင်းနှင့်အတူ ရှိစေသတည်း။**

**ဖိ၊ ၂း ၁–၂** **ထို့ကြောင့် ခရစ်တော်၌ ခွန်အားပေးခြင်း၊ မေတ္တာနှင့် နှစ်သိမ့်သက်သာစေခြင်း၊ ဝိညာဉ်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းနှင့် စာနာခြင်းတည်းဟူသောအရာတစ်စုံတစ်ခုရှိလျှင်၊. . . ငါ့ဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့။**

ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဌာန်မှာ လူသားဝိညာဉ်အားဖြင့် ဖြစ်သည်။ ဘုရားဆိုင်ရာမိတ်သဟာယ၏ ဒေါင်လိုက်ပုံပန်းသဏ္ဌာန်မှာ ဘုရားဆိုင်ရာဝိညာဉ်တော်၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ဖြစ်သည် (၂ကော၊၁၃း၁၄။ ၂တိ၊၄း ၂၂)။ ဝိညာဉ်တော်သည် မိတ်သဟာယ၌ ပါဝင်၊ လွှမ်းခြုံကာ၊ ရောနှောပေါင်းစည်းနေရုံမျှသာ မဟုတ်ဘဲ၊ ဝိညာဉ်တော်ကိုယ်တိုင်သည် မိတ်သဟာယဖြစ်သည်။ အကြောင်းမှာ မိတ်သဟာယသည် ဝိညာဉ်တော်၏စီးဆင်းခြင်း၊ စီးကြောင်းဖြစ်သောကြောင့်ဖြစ်သည်။ ယင်းမှာ လျှပ်စစ်စီးကြောင်းသည် လျှပ်စစ်ဓါတ်အားပင်ဖြစ်ကြောင်းပြောဆိုခြင်းနှင့်အတူတူပင်ဖြစ်သည်။ လျှပ်စစ်စီးကြောင်းသည် ရွေ့လျားမှု၌ ရှိသည့် လျှပ်စစ်ဓါတ်အားဖြစ်သည်။ လျှပ်စစ်ဓါတ်အားရပ်တန့်သွားသည်နှင့် လျှပ်စစ်စီးကြောင်းလည်း ရပ်တန့်သွားသည်။ ထို့အတူပင် ၂ကော၊၁၃း၁၄၌ ဖော်ပြထားသည့် သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယသည် ရွေ့လျားမှု၌ရှိသည့် ဝိညာဉ်တော်ဖြစ်သည်။ ခရစ်တော်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရသော ခရစ်တော်ကိုယ်တိုင်ဖြစ်ပြီး၊ ဘုရားသခင်၏ မေတ္တာတော်သည် ကျွန်ုပ်တို့မြည်းစမ်းခံစားရသည့် ဘုရားသခင်ကိုယ်တိုင်ဖြစ်ကာ၊ ဝိညာဉ်တော်၏မိတ်သဟာယသည် ကျွန်ုပ်တို့အတွင်း၌ စီးဆင်းရွေ့လျားနေသည့် ဝိညာဉ်တော်ကိုယ်တိုင်ပင်ဖြစ်သည်။ (*The Triune God to Be Life to the Tripartite Man*, pp. 149-150)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၏ အလျားလိုက်ပုံပန်းသဏ္ဌာန်အထဲသို့ လူသားဝိညာဉ်အားဖြင့် ဝင်ရောက်သွားရန်လိုအပ်သည် (ဖိ၊၂း၁။ ဗျာ၊၁း၁၀)။ ကျွန်ုပ်

တို့သည် အလျားလိုက် တစ်ဦးနှင့်တစ်ဦး စစ်မှန်သော မိတ်သဟာယရှိလိုသည်ဆိုပါက၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် လောကီသားတို့၏ ပုံစံအတိုင်းပြောဆိုခြင်း၊ သန့်ရှင်းသူများ၏ အကြောင်း သို့မဟုတ် အသင်းတော်များ၏ အကြောင်းကို မကောင်းပြောဆိုခြင်း သို့မဟုတ် အခြားသူများ၏ အမှားများနှင့် ကျရှုံးမှုများကို အတင်းအဖျင်းပြောခြင်း ဘယ်သောအခါမျှရှိတော့မည်မဟုတ်ပေ။ ထိုကဲ့သို့သော ဆွေးနွေးပြောဆိုခြင်းများမှာ အတင်းအဖျင်း စကားနှင့် သေခြင်းကို ပျံ့နှံ့စေသည်။ ဖိ၊ ၂း၁–၂၌ ပေါလုက "ထို့ကြောင့် ခရစ်တော်၌ ခွန်အားပေးခြင်း၊ မေတ္တာနှင့် နှစ်သိမ့်သက်သာစေခြင်း၊ ဝိညာဉ်နှင့်မိတ်သဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်းနှင့် စာနာခြင်း တည်းဟူသောအရာတစ်စုံတစ်ခုရှိလျှင်၊…ငါ၏ဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့"ဟုပြောဆိုခဲ့သည်။ ယင်းမှာ ပေါလုက "ညီအစ်ကိုတို့၊ သင်တို့သည် ငါနှင့်အတူ ဝိညာဉ်၌ မိတ်သဟာယဖွဲ့မည်ဆိုလျှင်၊ သင်တို့၏ မိတ်သဟာယသည် ငါ့အား ခွန်အားပေးခြင်းနှင့် နှစ်သိမ့်သက်သာစေခြင်းဖြစ်လိမ့်မည်။ ထိုအခါ သင်တို့သည် ငါ၏ ဝမ်းမြောက်ခြင်းကို စုံလင်စေလိမ့်မည်"ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်သောအခါ၊ ကျွန်ုပ်တို့ အချင်းချင်းစကားပြောဆိုခြင်း၏ သဘောသဘာဝမှာ ပြောင်းလဲသွားလိမ့်မည်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်သည် သန့်ရှင်းသောကြောင့်ဖြစ်သည် (cf. ၂ကော၊၆း၆)။ အသင်းတော်တစ်ခု၌ ပြဿနာများရှိပါက၊ ကျွန်ုပ်တို့သည် ထိုအခြေအနေအကြောင်းကို ဆွေးနွေးပြောဆိုရန်မျှသာ ဆန္ဒရှိကောင်းရှိမည်ဖြစ်သော်လည်း၊ အတွင်းပိုင်းတွင် ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့အား ဆုတောင်းရန် တိုက်တွန်းလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် အခြားသူများ၏ အမှားများနှင့် ရှုံးနိမ့်မှုများအကြောင်းကို အတင်းအဖျင်းပြောရန် ကျွန်ုပ်တို့အား ခွင့်ပြုမည်မဟုတ်ပါ။ အလျားလိုက်မိတ်သဟာယ၌ စစ်မှန်ခြင်းရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့်ဖြစ်သည်။

တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် သန့်ရှင်းသူတို့၏ အခြေအနေနှင့်စပ်လျဉ်းပြီး မိတ်သဟာယဖွဲ့ဟန်ဆောင်၍ ထိုသူတို့၏ အကြောင်းကို ပြောဆိုကောင်း ပြောဆိုကြမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ပြောဆိုခြင်းသည် အမှန်စင်စစ် အတင်းအဖျင်းပြောခြင်းဖြစ်သည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် မကြာခဏဆိုသလို ဆုတောင်းခြင်းမပြုနိုင်တော့ပေ။ အကြောင်းမှာ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းဝိညာဉ်သည် ကျွန်ုပ်တို့၏ အတင်းအဖျင်းပြောခြင်းအားဖြင့် ငြိမ်းသတ်ခြင်းခံရသောကြောင့်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် စစ်မှန်သောနည်းလမ်း၌ မိတ်သဟာယဖွဲ့

သောအခါ၊ သခင်ဘုရားကို ဆုတောင်းရန်နှင့် ဆက်သွယ်ရန် ထက်သန်ခြင်းရှိလာမည်ဖြစ်သည်။ ဤသည်မှာ မိတ်သဟာယ၏ ဒေါင်လိုက်နှင့် အလျားလိုက် ပုံပန်းသဏ္ဍာန်နှစ်ခုသည် မည်မျှနီးကပ်စွာဆက်နွှယ်နေကြောင်းကို ပြသသည်။ အလျားလိုက်မိတ်သဟာယသည် ကျွန်ုပ်တို့အား ဒေါင်လိုက်မိတ်သဟာယအထဲသို့ ကြိုဆိုနေရာချပေးသည်။ ညီအစ်ကိုနှစ်ယောက်သည် အလျားလိုက် စစ်မှန်လျော်ကန်သည့် မိတ်သဟာယရှိရန် သူတို့၏ ဝိညာဉ်ကို လေ့ကျင့်မည်ဆိုလျှင်၊ အဆုံးတွင် သူတို့သည် အလွန်မှန်ကန်ဖြောင့်မတ်ပြီး၊ စစ်မှန်သော ကြားခံတောင်းလျှောက်ခြင်းအထဲသို့ ကြိုဆိုနေရာချပေးခြင်းခံရလိမ့်မည်ဖြစ်သည်။ အလျားလိုက်မိတ်သဟာယသည် ဒေါင်လိုက်မိတ်သဟာယနှင့် ဖောက်၍ ရက်ထားခြင်းဖြစ်သည်။ ဤသို့ဖောက်၍ရက်ထားသောမိတ်သဟာယသည် စစ်မှန်သောမိတ်သဟာယဖြစ်သည်။

သင်၌ အလျားလိုက်မိတ်သဟာယမရှိဘဲ ဒေါင်လိုက်မိတ်သဟာယရှိနိုင်မည်မဟုတ်ပါ။ သင်သည် ဒေါင်လိုက်မိတ်သဟာယ၌ သခင်ဘုရားနှင့်အတူ ကောင်းမွန်စွာ အချိန်ယူခြင်းရှိပါက၊ အခြားသောသန့်ရှင်းသူများနှင့် မိတ်သဟာယဖွဲ့ရန် သူတို့ကို မြင်တွေ့လိုစိတ်ထက်သန်လာလိမ့်မည်ဖြစ်သည်။ သင်သည် ဆုတောင်းခြင်းအားဖြင့် သန့်ရှင်းသူများနှင့်အတူ မိတ်သဟာယရှိသည်နှင့်တစ်ပြိုင်နက်၊ သခင်ဘုရားနှင့်အတူ ဒေါင်လိုက်မိတ်သဟာယအထဲသို့ တစ်ဖန်ခေါ် ဆောင်ခြင်းခံရမည်ဖြစ်သည်။ သန့်ရှင်းသူများနှင့် ကျွန်ုပ်တို့၏ အလျားလိုက်မိတ်သဟာယသည် သခင်ဘုရားနှင့်ဒေါင်လိုက်မိတ်သဟာယအထဲသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသည်။ တစ်ဖန် သခင်ဘုရားနှင့် ကျွန်ုပ်တို့၏ ဒေါင်လိုက်မိတ်သဟာယသည် သန့်ရှင်းသူများနှင့် အလျားလိုက်မိတ်သဟာယအထဲသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသည်။ ထို့ကြောင့် ဤပုံပန်းသဏ္ဍာန်နှစ်ခုသည် အမြဲတမ်းဖောက်၍ ရက်ထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ အမြဲတမ်း တစ်ခုနှင့် တစ်ခု ကန့်လန့်ဖြတ်ယှက်နွှယ်နေခြင်းဖြစ်သည်။ (*The Triune God to Be Life to the Tripartite Man*, pp. 152-153)

*ပို၍ဖတ်ရန်* – *Crucial Truths in the Holy Scriptures*,vol. 2, ch.22

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၁ယော၊ (ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့လည်း မြင်ရကြပြီ။ ခမည်းတော်**
**၁း၂–၃ နှင့်အတူရှိဖူး၍၊ ငါတို့အား ထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အား သက်သေခံ၍ ကြားပြောကြ၏)။ ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည်လည်း ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားလည်း ကြားပြောကြ၏ ။**

**တ၊၂း၄၂ ထိုသူများသည် တမန်တော်တို့၏သွန်သင်ခြင်းနှင့် မိတ်သဟာယဖွဲ့ခြင်း၊...တို့ကို အမြဲဆောင်ရွက်၍နေကြ၏ ။**

လျှပ်စစ်စီးကြောင်းသည် လျှပ်စစ်ဓါတ်အားပင်ဖြစ်သကဲ့သို့၊ ဘုရားအသက်၏ မိတ်သဟာယ၊ ဘုရားအသက်၏စီးဆင်းခြင်းသည် ဘုရားအသက်ပင်ဖြစ်သည်။ ထိုနည်းတူပင် ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် ဘုရားအသက်၏မိတ်သဟာယအသက်တာဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ ခရစ်ယာန်အစည်းအဝေး၊ ခရစ်ယာန်အိမ်ထောင်အသက်တာနှင့် ခရစ်ယာန်အလုပ်သည် ဘုရားဆိုင်ရာမိတ်သဟာယပင်ဖြစ်ကြောင်း ဖွင့်ပြထားသည်။ ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်ယာန်အသက်တာ၌ အရာအားလုံးဖြစ်သည်။ တမန်တော်၊၂၌ ကယ်တင်ခြင်းရရှိသူတို့သည် တမန်တော်တို့၏မိတ်သဟာယအထဲသို့ခေါ် ဆောင်ခြင်းခံကြရပြီး၊ တမန်တော်တို့၏မိတ်သဟာယ၌ အမြဲရှိခဲ့ကြသည် (အငယ်၊ ၄၂)။ (*The Triune God to Be Life to the Tripartite Man,* p. 154)

## ယနေ့ဖတ်စရာ

တမန်တော်တို့သည် ယုံကြည်သူများနှင့် မိတ်သဟာယရှိရန်အလိုရှိခဲ့ကြသည်။ ဤသည်မှာ အလျားလိုက်မိတ်သဟာယဖြစ်သည်။ ထို့နောက် တမန်တော်တို့သည် သူတို့၏မိတ်သဟာယမှာ သုံးပါးတစ်ပါးဘုရားနှင့်အတူဖြစ်ကြောင်း ဖော်ပြခဲ့ကြသည်။ ဤသည်မှာ ဒေါင်လိုက်မိတ်သဟာယဖြစ်သည် (၁ယော၊၁း ၂–၃)။ ဒေါင်လိုက်မိတ်သဟာယသည် ကျွန်ုပ်တို့အား အလျားလိုက်မိတ်သဟာယအထဲသို့ ခေါ် ဆောင်ပေးသည်။ တစ်ဖန် အလျားလိုက်မိတ်သဟာယသည် ကျွန်ုပ်တို့အား ဒေါင်လိုက်မိတ်သဟာယအထဲသို့ ပို၍ကြီးမားသောပမာဏဖြင့် ခေါ် ဆောင်ပေးသည်။ ဤပိုမိုကြီးမားသောမိတ်သဟာယမှာ

အစည်းအဝေးများဖြစ်သည်။ အစည်းအဝေးများ၌ရှိသောလုပ်ရှားလုပ်ဆောင်မှုများ အားလုံးသည် ဘုရားဆိုင်ရာမိတ်သဟာယ၏ ထင်ရှားခြင်းဖြစ်ရပေမည်။ ပရောဖက်ပြု ခြင်းသည် ဤမိတ်သဟာယကို ထင်ရှားခြင်းဖြစ်သည်။ အစည်းအဝေးတစ်ခုလုံးသည် မိတ်သဟာယတစ်ခုဖြစ်ရမည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်ဒေါင်လိုက် မိတ်သဟာယ ရှိကြရမည်ဖြစ်ပြီး၊ တစ်ချိန်တည်းမှာပင် အချင်းချင်း အလျားလိုက် မိတ်သဟာယလည်း ရှိကြရမည်ဖြစ်သည်။

အဆုံးတွင် ဤဘုရားဆိုင်ရာမိတ်သဟာယ၌ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ ဖောက်၍ ရက်လုပ်ခြင်းခံရမည်ဖြစ်သည်။ ဤဖောက်၍ ရက်ခြင်းသည် လူနှင့် ဘုရားသခင် ၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ အစည်းအဝေးများအားလုံးသည် ဒေါင်လိုက်နှင့် အလျားလိုက်ပုံပန်းသဏ္ဌာန်နှစ်ခုလုံးနှင့် ဖောက်၍ ရက်ထားသောမိတ်သဟာယ ဖြစ်သင့် ပါသည်။ ကျွန်ုပ်တို့၏ အိမ်ထောင်အသက်တာသည်လည်း ဖောက်၍ရက်ထားသောမိတ် သဟာယဖြစ်ရမည်။ ခင်ပွန်းနှင့် ဇနီးသည် အချင်းချင်းသာမက၊ သခင်ဘုရားနှင့်လည်း ဖောက်၍ရက်ထားခြင်းခံကြရမည်။ စစ်မှန်သောခရစ်ယာန်အိမ်ထောင်သည် ဘုရားဆိုင် ရာမိတ်သဟာယဖြစ်သင့်ပေသည်။ ကျွန်ုပ်တို့၏ ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် အတူတကွ လုပ်ဆောင်ခြင်းတို့သည်လည်း ဘုရားဆိုင်ရာမိတ်သဟာယဖြစ်သင့်သည်။

ကျွန်ုပ်တို့သိနားလည်ထားရမည်မှာ မိတ်သဟာယပျောက်ကွယ်သွားသောအခါ၊ ဘုရားသခင်သည်လည်း ပျောက်ကွယ်သွားမည်ဖြစ်သည်။ ဘုရားသခင်သည် မိတ်သဟာ ယအဖြစ် ကြွလာခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့၏ အစည်းအဝေးများ၊ ကျွန်ုပ်တို့၏ အိမ် ထောင်အသက်တာ၊ လုပ်ဖော်ဆောင်ဖက်များအလယ်ရှိ ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ဒေသန္တရအသင်းတော်များအလယ်ရှိ မိတ်သဟာယတို့သည် ပုံမှန်မဖြစ်ခြင်းမှာ ကျွန်ုပ်တို့ ၌ ဤမိတ်သဟာယနည်းပါးနေသောကြောင့်ဖြစ်သည်။ ယနေ့ ဒေသန္တရအသင်းတော် များအလယ်တွင် လုံလောက်သောမိတ်သဟာယမရှိကြသောကြောင့်၊ အသင်းတော်များ သည် မိတ်သဟာယ၌ လုံးလုံးတစ်လုံးတစ်ဝတည်းမဖြစ်ကြပေ။

ဘုရားဆိုင်ရာမိတ်သဟာယသည် ခရစ်ယာန်အသက်တာ၌ အရာအားလုံးဖြစ် သည်။ တမန်တော်ပေါလုသည် ဤမိတ်သဟာယ၌ အသက်ရှင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယ၌ အသက်ရှင်သောအခါ၊ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ သည် အလွန်အသက်ရှင်ခြင်း၊ နိုးကြားတက်ကြွခြင်းနှင့် ထိရောက်သော အကျိုးသက် ရောက်မှုများနှင့် ပြည့်ဝနေမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်နှစ်ခုအားဖြင့် ပုံပန်း

သဏ္ဍာန်နှစ်ခုရှိသည့် ဘုရားဆိုင်ရာမိတ်သဟာယကို တွေ့ကြုံခံစားခြင်းအထဲသို့ လုံးလုံးဝင်ရောက်သွားရန်လိုအပ်သည်။

သို့သော်လည်း ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြားတွင် အမြဲတမ်း နှောင့်ယှက်ဟန့်တားမှုများနှင့် အတားအဆီးများရှိနေသည်။ ဒေါင်လိုက်နှင့် အလျားလိုက်ပုံပန်းသဏ္ဍာန်နှစ်ခုရှိသော ဘုရားဆိုင်ရာမိတ်သဟာယဆီသို့ များစွာသောအတားအဆီးများရှိနေသည်။ ဤအတားအဆီးများကို ဆက်ဆံဖြေရှင်းရန် မည်သည့်အရာကို လိုအပ်နေပါသနည်း။ စကြဝဠာတစ်ခုလုံး၌ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြားရှိ အတားအဆီးများ အားလုံးကို ဖယ်ရှားပေးနိုင်သည့် တစ်ခုတည်းသောအရာမှာ ကားတိုင်ဖြစ်သည်။

ကားတိုင်မပါရှိပါက၊ ကျွန်ုပ်တို့၏ မိတ်သဟာယသည် အပေါ်ယံမျှသာဖြစ်သည်။ သေခြင်း၏ ကားတိုင်သည် ကျွန်ုပ်တို့၏ မိတ်သဟာယကို နက်ရှိုင်းစေပြီး၊ ရှင်ပြန်ထမြောက်ခြင်းတည်းဟူသော ဝိညာဉ်တော်၏ အသက်လေသည် ကျွန်ုပ်တို့၏ မိတ်သဟာယကို မြှင့်တင်ပေးသည်။ မိတ်သဟာယသည် ကျွန်ုပ်တို့ကို ကားတိုင်အားဖြင့် ကျွန်ုပ်တို့၏ အပြစ်ပြည့်ဝသောအတ္တမှ လွတ်မြောက်စေသည်။ ကားတိုင်မပါရှိပါက၊ အတ္တမှ လွတ်မြောက်ခြင်း၊ ကင်းလွတ်ခြင်း သို့မဟုတ် လွတ်လပ်မှု ရှိမည်မဟုတ်ပါ။ ဝိညာဉ်တော်နှင့် ကားတိုင်မပါဘဲ၊ ကျွန်ုပ်တို့၌ စစ်မှန်သောမိတ်သဟာယမရှိနိုင်ပါ။

ဓမ္မသီချင်း E# ၂၇၉၏ ပထမစာကြောင်း၌ "သွေးတော်နောက်တွင်၊ နံ့သာဆီလိုက်ပါ" ဟုပြောဆိုထားသည်။ အသွေးတော်သည် ကားတိုင်၏ ခိုင်ခံ့သောအမှတ်လက္ခဏာဖြစ်ပြီး၊ နံ့သာဆီသည် အရာအားလုံးပါဝင်သော၊ ပေါင်းစပ်ထားသောဝိညာဉ်တော်၏ ပုံစံ ဖြစ်သည်။ ဤဒြပ်သဘာဝနှစ်ခုကို ဝတ်၊၁၄း၆–၁၀၊၁၄–၁၈ တို့တွင် ဖော်ပြထားသည်။ (*The Triune God to Be Life to the Tripartite Man*, pp. 154-155, 158-159)

*ပို၍ဖတ်ရန် – The Triune God to Be Life to the Tripartite Man*,ch.18

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဝတ်၊၁၄း၁၇ မိမိလက်၌ ကြွင်းသောဆီကို စင်ကြယ်စေရသောသူ၏လက်ယာနားပျဉ်း၌လည်းကောင်း၊ လက်ယာလက်မ၊ လက်ယာခြေမ၌လည်းကောင်း ရှိသော ဒုစရိုက်ဖြေရာ ယဇ်ကောင်အသွေးပေါ်မှာ ထည့်ရမည်။**

**မ၊၁၆း၂၄ ထိုအခါ ယေရှုက ငါ့နောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်း ပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။**

ဝတ်၊၁၄း၆–၁၀၊၁၄–၁၈တို့တွင် နူနာစွဲသောသူသည် ဦးစွာ အသွေးအားဖြင့် စင်ကြယ်ခံရကြောင်း ပြောဆိုထားသည်။ အသွေးသည် အခြေဖြစ်သည်။ ထို့နောက် အသွေး၏ အခြေပေါ် တွင် နံ့သာဆီကို ယူဆောင်အသုံးပြုခြင်းဖြစ်သည်။ အသွေးနှင့် နံ့သာဆီကို နူနာစွဲသူ၏ လက်ယာနားပျဉ်း၊ လက်ယာလက်မနှင့် လက်ယာခြေမတို့အထဲသို့ ထည့်ခြင်းဖြစ်သည်။ နားသည် ကျွန်ုပ်တို့၏ ကြားနာခြင်းကို ပုံဆောင်ပြီး၊ လက်သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းကို ပုံဆောင်ကာ၊ ခြေထောက်သည် ကျွန်ုပ်တို့၏ လျှောက်လှမ်းခြင်းကို ပုံဆောင်သည်။ ကျွန်ုပ်တို့၏ ကြားနာခြင်းသည် ကြီးမားသောပြဿနာဖြစ်သည်။ ကျွန်ုပ်တို့သည် အပျက်သဘောဆောင်သောအရာများစွာကို နားထောင်ကြသောကြောင့် ဒုက္ခပြဿနာနှင့် ကြုံတွေ့ကြရသည်။ ဤသည်မှာ အပြစ်နှင့်ပြည့်ဝသောကြောင့်၊ ကျွန်ုပ်တို့၏ နား၊ ကျွန်ုပ်တို့၏ ကြားနာခြင်းသည် အသွေးတော်ကို လိုအပ်သည်။ တစ်မျိုးတစ်ဖုံဆိုရလျှင် ကျွန်ုပ်တို့သည် များစွာသောအရာတို့ထံသို့ “နားမကြားသောသူ”ဖြစ်လျှင် ကောင်းမွန်ပေသည်။ ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းနှင့် လျှောက်လှမ်းခြင်းသည်လည်း အသွေးတော်၏ စင်ကြယ်ပေးခြင်းကို လိုအပ်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကြားနာခြင်း၊ လုပ်ဆောင်ခြင်းနှင့် လျှောက်လှမ်းခြင်းတို့တွင် မှားယွင်းနေသောကြောင့်၊ နူနာစွဲသူများဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် နူနာစွဲသူများဖြစ်သောကြောင့်၊ ဦးစွာ ခရစ်တော်၏ ရွေးနှုတ်သောအသွေးတော်အားဖြင့် စင်ကြယ်ခံရရန်လိုအပ်သည်။ ထို့နောက် အသွေးတော်ပေါ် တွင် ကျွန်ုပ်တို့သည် ဘိသိက်ဆီကို လိုအပ်သည်။ အသွေးတော်နှင့်အတူ ဘိသိက်ဆီသည် ကျွန်ုပ်တို့၏ စင်ကြယ်ခြင်းကို ပြီးမြောက်ပြည့်စုံစေသည်။ အဆုံးစွန်အနေဖြင့် ကျွန်ုပ်တို့၏ စင်ကြယ်ခြင်းသည် ခရစ်တော်၏ စင်ကြယ်စေသောအသွေးတော်ပေါ် အခြေတည်သည့် ဝိညာဉ်တော်၏ ဘုရားဆိုင်ရာမိတ်သဟာယအားဖြင့်ဖြစ်သည်။(*The Triune God to Be Life to the Tripartite Man*, p. 159)

## *ယနေ့ဖတ်စရာ*

ဘုရားဆိုင်ရာမိတ်သဟာယသည် သုံးပါးတစ်ပါးဘုရားကို သုံးပိုင်းရှိလူများဖြစ်သောကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးပြီး၊ ကျွန်ုပ်တို့နှင့် ဘုရားသခင်ကို တစ်လုံးတစ်ဝတည်းဖြစ်စေသည်။ အမှန်စင်စစ် ဤတစ်လုံးတစ်ဝဖြစ်ခြင်းမှာ မိတ်သဟာယပင်ဖြစ်သည်။ မိတ်သဟာယ အတွက် ဂရိစကားလုံးမှာ *koinonia* ဖြစ်၍၊ "ပူးတွဲပါဝင်ဆက်ဆံခြင်း" ဟု အဓိပ္ပါယ်ရကာ၊ ဤပူးတွဲပါဝင်ဆက်ဆံခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းကို ထွက်ပေါ်စေသည်။ ခင်ပွန်းသည် သူ၏ဇနီး၌ ပါဝင်ဆက်ဆံသောအခါ၊ သူ၏ဇနီးသည်လည်း သူ၌ပါဝင်ဆက်ဆံသောအခါ၊ သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ အမှန်စင်စစ် မိတ်သဟာယ ဟူသည်မှာ တစ်လုံးတစ်ဝဖြစ်ခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်မိတ်သဟာယဖွဲ့သောအခါ၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သောအခါ၊ ယင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို တစ်လုံးတစ်ဝတည်းဖြစ်စေသည်။ စကြဝဠာတစ်ခုလုံး၌ ကြီးမားသောတစ်လုံးတစ်ဝဖြစ်ခြင်းရှိပြီး၊ ဤကြီးမားသောတစ်လုံးတစ်ဝဖြစ်ခြင်းမှာ ဘုရားဆိုင်ရာမိတ်သဟာယဖြစ်သည်။ သုံးပိုင်းရှိသောလူများဖြစ်သည့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်ကြသည်။ ယောဟန်၊ ၁၇၌ သခင်ဘုရားက "ငါတို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည်လည်း တစ်လုံးတစ်ဝဖြစ်မည့်အကြောင်း" ဆုတောင်းခဲ့သည် (အငယ်၊ ၂၂ခ)။ သခင်ဘုရား၏ အလိုဆန္ဒမှာ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ကျွန်ုပ်တို့အားလုံးကို တစ်လုံးတစ်ဝဖြစ်စေရန် ဖြစ်သည်။ အသင်းတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာတစ်လုံးတစ်ဝဖြစ်ခြင်း၏ အစိတ်အပိုင်းဖြစ်သည်။ အဆုံးတွင် အသင်းတော်နှင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါးသည် မိတ်သဟာယ၌ တစ်လုံးတစ်ဝဖြစ်ကြသည် ။

သင်၏ အတွင်းတွင် အခြားသောညီအစ်ကိုဆီသို့ အခုအခံ အတားအဆီးရှိနေသောကြောင့်၊ သင်သည် သူနှင့် လုံးလုံးလျားလျားမိတ်သဟာယဖွဲ့နိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် မိမိတို့အတွင်းရှိ အခုအခံအတားအဆီးကြောင့် ဘုရားဆိုင်ရာမိတ်သဟာယ၌ သန့်ရှင်းသူအချို့အား ဆက်သွယ်ခြင်းကို ရှောင်ရှားကောင်းရှောင်ရှားကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မိတ်သဟာယသည် လုံးလုံးလျားလျားမဖြစ်ဘဲ၊ အတွင်း၌ အခုအခံအတားအဆီးများ ကျန်ရှိနေခြင်းမှာ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ ကားတိုင်မပါရှိသောကြောင့် ဖြစ်သည်။

ကားတိုင်သည် ခရစ်တော်ကို ကျွန်ုပ်တို့ထံသို့ ယူဆောင်လာသည်။ ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီဖြစ်၍၊ ကိုယ်တိုင်မရှင်တော့ဘဲ၊ ခရစ်

တော်သည် ကျွန်ုပ်၌ အသက်ရှင်နေပြီဖြစ်သည်။ ဤသည်မှာ ကားတိုင်ဖြစ်သည်။ ခရစ်တော်သည် စိတ်ရှည်သည်းခံခြင်းအဖြစ် ကျွန်ုပ်၌ အသက်ရှင်နေသည်။ ကိုယ်တော်သည် အခြားသူများက ကိုယ်ကျင့်တရားဟု စဉ်းစားမှတ်ယူသော လူသားကောင်းမြတ်ခြင်းများအဖြစ် ကျွန်ုပ်၌ အသက်ရှင်နေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို လိုအပ်သော်လည်း၊ ကားတိုင်ကို တွေ့ကြုံခံစားခြင်းမရှိပါက၊ ခရစ်တော်ကို တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ ဓမ္မသီချင်း E# ၆၃၁ ၌ "သေခြင်းမရှိလျှင်၊ အသက်မရှိ"ဟု ပြောဆိုထားသည်။ ယင်းမှာ "ကားတိုင်မရှိလျှင်၊ ခရစ်တော် မရှိ"ဟုဆိုလိုသည်။ ထို့ပြင် "ခရစ်တော် မရှိလျှင်၊ ဝိညာဉ်တော်မရှိ၊ ဝိညာဉ်တော်မရှိလျှင်၊ မိတ်သဟာယလည်း မရှိ"ဟုဆိုလိုသည်။ ဤအကြောင်းကြောင့် ကားတိုင်ကိုလိုအပ်ရခြင်းဖြစ်သည်. . .(မ၊၁၆း၂၄)၌ သခင်ဘုရားသည် *ကိုယ်လက်ဝါးကပ်တိုင်* ဟူသောစကားလုံးကို အသုံးပြုထားခြင်းမှာ ကျွန်ုပ်တို့တစ်ယောက်စီကို ဖြတ်တောက်ရန် ကျွန်ုပ်တို့အယောက်စီတိုင်းအတွက် ကားတိုင်၏တိကျသောဝေစုရှိကြောင်း ညွှန်ပြနေသည်။

ကားတိုင်သည် အဓိကအားဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ဆက်ဆံဖြေရှင်းရန်ဖြစ်သည်။ သခင်ဘုရားက ငါ့နောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်၍ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်းရမည်ဟုပြောဆိုခဲ့သည်။ အမှန်စင်စစ် ကားတိုင်ထမ်းရန်ဆိုသည်မှာ အတ္တကို ငြင်းပယ်ရန်၊ အတ္တကို သေစေရန်၊ ခရစ်တော်၏ ကားတိုင်ကို အတ္တဆီသို့ အချိန်တိုင်း ယူဆောင်အသုံးချရန်ဖြစ်သည်။ ကျွန်ုပ်တို့၌ အားကြီးသောအတ္တရှိနေပြီး၊ အရာအားလုံးနှင့် အယောက်တိုင်းအားဖြင့် စိတ်အနှောင့်အယှက်ဖြစ်နေပါက၊ စစ်မှန်သောမိတ်သဟာယရှိနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့အဖို့ အလျှားလိုက်မိတ်သဟာယရှိနိုင်ရန်အတွက် မိမိတို့ကိုယ်ကို ငြင်းပယ်ရန်လိုအပ်သည်။ ကိုယ်ကိုကိုယ်ငြင်းပယ်ရန် ဆိုသည်မှာ မိမိတို့ကိုယ်တိုင်နှင့်စပ်လျဉ်းပြီး အာရုံခံစားမှုကင်းမဲ့ရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ စိတ်အနှောင့်အယှက်ဖြစ်တော့မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမိတ်သဟာယကိုနက်ရှိုင်းစွာတွေ့ကြုံခံစားနိုင်ရန်အတွက် ကားတိုင်ကို တွေ့ကြုံခံစားဖို့လိုသည်။(*The Triune God to Be Life to the Tripartite Man,* pp. 159-161, 163)

*ပို၍ဖတ်ရန်* – *The Triune God to Be Life to the Tripartite Man,*ch.19

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

———————————————————————————

———————————————————————————

***Hymns*, # E-737**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ----------

## ရှင်ပြန်ထမြောက်ခြင်း၌ ရှိရန်အတွက် ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်း

ဖတ်ရန်ကျမ်း။ ။ ၁ကော၊၂း၁၄။ ဖိ၊၃း၃–၁၁။ ယော၊၁၂း၂၄–၂၆

*Day 1*

**I. အသက်ကို တွေ့ကြုံခံစားခြင်း၌ အရေးကြီးသောအရာမှာ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်းဖြစ်သည် (၁ကော၊၂း၁၄။ ဖိ၊၃း၃–၉)။**

က။ ဘုရားသခင်၏ အရာများ၌ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းသည် ပြည့်စုံလုံလောက် ထိရောက်စွာ မစွမ်းဆောင်နိုင်ခြင်းကို ကျွန်ုပ်တို့ သိထားဖို့ လိုအပ်သည် (၂ကော၊၃း၅–၆)။

၁။ ကျွန်ုပ်တို့သည် အခြားအရာများ၌ ပြည့်စုံလုံလောက်စွာ လုပ်ဆောင်ကောင်း လုပ်ဆောင်နိုင်မည်ဖြစ်သော်လည်း၊ ဘုရားသခင်၏ အရာများကို ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်း၌ ပြည့်စုံလုံလောက်ထိရောက်စွာ စွမ်းဆောင်နိုင်မည်မဟုတ်ပါ (ဧ၊၂း၁၊၅က။ ၄း၁၇–၁၈။ ၁ကော၊၂း၁၄။ ယော၊၁၇း၉။ ရော၊၆း၆။ ၇း၂၄။ ၈း၇–၈။ မ၊၁၆း၂၄)။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အရာများ၌ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို ယုံကြည်ကိုးစားခြင်း မပြုသင့်ပါ။ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို ငြင်းပယ်ရန်သင်ယူ၍၊ အရာရာ၌ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည် (ဖိ၊၃း၃။ ရော၊၈း၄)။

၃။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းအတွက် နေရာမရှိပါ။ ရှင်သန်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းများဖြစ်သည့် သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်များသည် မည်သည့်ဇာတိဖြစ်ခြင်းကိုမဆို အလိုအလျောက်ငြင်းပယ်ကြရမည် (၁ကော၊၁၂း၁၂–၁၃)။

၄။ အသင်းတော်တည်ဆောက်ခြင်း၌ ကျွန်ုပ်တို့ရှိ ဇာတိအရာတိုင်းကို ကျွန်ုပ်တို့အတူတကွပေါင်းစည်းခြင်းမပြုမီကပင် ချိုးဖွဲ့ရမည် ။ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို ချိုးဖွဲ့ခံမှသာလျှင် ကျွန်ုပ်တို့

တည်ဆောက်ခြင်းကို ခံနိုင်မည်ဖြစ်သည် (*Hymns*, # 837, stanzas 6 and 7)

***Day 2***

ခ။ *ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်း*ကို ဖေါ်ပြရာတွင်၊ *စေ့စပ်ထုံးဖွဲ့ခြင်း* စကားရပ်သည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တတ်နိုင်စွမ်းကို ပေါင်းစည်းဆိုလိုခြင်းဖြစ်သည် (၁သက်၊ ၅း ၂၃)။

၁။ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းသည် စိတ်ဥာဏ်ရှိသောလူ၏ ပေါ် လွှင်ထူးခြားသောလက္ခဏာဖြစ်ပြီး၊ လူဟောင်း၏ အသက်ရှင်ခြင်းကို ပေါ် လွှင်ထင်ရှားခြင်းဖြစ်သည် (၁ကော၊ ၂း ၁၄။ ရော၊ ၆း ၆)။

၂။ ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းသည် လူဟောင်း၏ ရှင်ထွက်ခြင်းကို ထင်ရှားခြင်းဖြစ်သည်။ လူဟောင်းသည် လူ့စွမ်းအား၊ လုပ်နိုင်စွမ်း၊ အသိပညာ၊ နားလည်တတ်သိလွယ်မှု၊ အကြံအစည်နှင့် ကျွမ်းကျင်မှုဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ယာကုပ်သည် ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းကို အကောင်းဆုံးကိုယ်စားပြုသော သွင်ပြင်လက္ခဏာရှိသူ ဖြစ်သည် (အငယ်၊ ၆။ က၊ ၂၇း ၂၀–၂၂)။

၃။ ဘုရားသခင်သည် ဇာတိစွမ်းဆောင်ရည်သာရှိသူကို အသုံးမပြုနိုင်ပါ။ ကျိုးပဲ့ခြင်းမရှိ၊ ဇာတိစွမ်းရည်ရှိခြင်းသည် ဘုရားကို အနှောင့်အယှက် ဖြစ်စေသည် (၃၂း ၂၂–၃၂)။

***Day 3***

ဂ။ ကျွန်ုပ်တို့သည် ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်း အား ဆက်ဆံဖြေရှင်းသည့် တွေ့ကြုံခံစားခြင်း၏ ဖြစ်စဉ်ကို သိနားလည်ဖို့ လိုအပ်သည်။

၁။ ကျွန်ုပ်တို့၏ လူဟောင်းသည် ခရစ်တော်နှင့်အတူ အသေခံခဲ့ပြီးဖြစ်ကြောင်း မြင်ဖို့လိုအပ်သည် (ရော၊ ၆း ၆)။

၂။ ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းသည် လူဟောင်း၏ အခိုင်အမာ ထင်ရှားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ဖို့လိုသည်။

၃။ ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးသက်ရောက်ခြင်းဖြင့် ခရစ်တော်၏ ကားတိုင်ကို ယူဆောင်ကာ၊ ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအပေါ် ခရစ်တော်၏ အသေခံခြင်းကို အလိုအလျောက် ကျွန်ုပ်တို့ လက်ခံရရှိနိုင်မည်ဖြစ်သည်။

(က) ကျွန်ုပ်တို့သည် ခရစ်တော်၏ အသေခံခြင်းကို လက်ခံရယူ

၍ လျှောက်လှမ်းသောအခါ၊ ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်ရည်အားလုံးသည် သေခြင်း၏ အမှတ်လက္ခဏာနှင့် တံဆိပ်ခတ်ခြင်းခံရ၍၊ တဖြည်းဖြည်း ပျောက်လွင့်သွားမည်ဖြစ်သည် (မ၊၁၆း၂၄)။

(ခ) ဤလက်ခံရယူခြင်းသည် ကျွန်ုပ်တို့၏ အသက်တာ၌ ကြီးမားသောဝိညာဉ်ဆိုင်ရာ ကပ်ဘေးဒုက္ခကျရောက်သော အချိန်ကာလဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ ပေနွေလဖြစ်လာလိမ့်မည်။ ပေနွေလသည် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်နှင့် အစွမ်းသတ္တိကို ဘုရားအားဖြင့် ထိတွေ့ခံရသောနေရာအရပ် ဖြစ်သည် (က၊၃၂း၂၂–၃၂)။

၄။ ကျွန်ုပ်တို့၏ ဇာတိအသက် ဖော်ထုတ်ခြင်းခံရသောနေရာတိုင်းတွင် ခရစ်တော်၏ အသေခံခြင်းကို လုပ်ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို အခွင့်ပေးခြင်းဖြင့်၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယဖွဲ့ခြင်း၌ ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းသည့် တွေ့ကြုံခံစားမှုကို ခံယူရမည် (၂ကော၊၁၃း၁၄။ ရော၊၈း၁၃)။

*Day 4*

## II. ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ပို၍ဆက်ဆံဖြေရှင်းလေလေ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ပို၍ ရှိလာလေလေ ဖြစ်ပေလိမ့်မည် (ဖိ၊၃း၃–၁၁)။

က။ ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအရာအားလုံးသည် ဇာတိအသက်မှ အရင်းခံခြင်းဖြစ်ပြီး၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်မှ ပေါက်ဖွားလာခြင်းမဟုတ်ပါ။ ဇာတိဖြစ်ခြင်း၏ ဆန့်ကျင်ဘက်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် (အငယ်၊၁၁)။

ခ။ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ကျွန်ုပ်တို့ဆက်ဆံဖြေရှင်းလိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ ရှိရင်းစွဲ စွမ်းဆောင်ရည်၊ အစွမ်းသတ္တိနှင့် အသိပညာသည် ကားတိုင်၏ အသေခံခြင်းကို ဖြတ်ကျော်နိုင်ပြီး၊ ရှင်ပြန်ထမြောက်ခြင်းရှိလာကာ၊ ဘုရားလက်ခံ၍ အသုံးပြုနိုင်ခြင်းရှိလာမည်ဖြစ်သည် (ယော၊၁၂း၂၄–၂၆)။

ဂ။ ကျွန်ုပ်တို့၏ ဇာတိအစွမ်းသည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ရောက်

ရှိသွားသည်ဖြစ်၍၊ သခင်ဘုရားအသုံးပြုလာနိုင်မည်ဖြစ်သည် (ဖိ၊ ၃း၃–၁၁)။

*Day 5*

၁။ ဇာတိစွမ်းဆောင်ခြင်းသည် အတ္တဖြစ်၍၊ ယင်း၏ အကြံအစည်နှင့် တန်ဆာပလာသည် အတ္တအတွက်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းစွမ်းအားသည် ချိုးဖျက်ခြင်းခံပြီးဖြစ်၍၊ ယင်းသည် အတ္တအတွက်မဟုတ်သည့်နည်းတူ အတ္တ၏ ဒြပ်သဘောသဘာဝလည်း မရှိတော့ပါ။

၂။ ဇာတိစွမ်းဆောင်ခြင်းသည် အသွေးအသားနှင့် အမျက်ဒေါသတို့၏ သဘောသဘာဝတို့ဖြင့် ရောနှောလျက်ရှိသည်။ ရှင်ပြန်ထမြောက်ခြင်းစွမ်းအားတွင် အသွေးအသားလုံးဝမပါရှိပါ။

၃။ ဇာတိစွမ်းဆောင်ခြင်းတွင် လက်ဖြင့်ကျွမ်းကျင်စွာဖန်တီးထုတ်လုပ်ခြင်းနှင့် လှုပ်ရှားလုပ်ဆောင်ခြင်းလှည့်ကွက်တို့ ပါရှိသည်။ ရှင်ပြန်ထမြောက်ခြင်းစွမ်းအားသည် လျှို့ဝှက်ကြံစည်မှု မရှိပါ။

၄။ ဇာတိစွမ်းဆောင်ခြင်းတွင် ငါစွမ်းဆောင်နိုင်သည်ဟူသည့် ခံစားမှုဖြင့် ဂုဏ်ယူခြင်းပါရှိသည်ဖြစ်၍ နောက်ဆုံးရလဒ်မှာ ဝါကြွားခြင်းနှင့် ကိုယ်ဘုန်းထင်ရှားခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းအစွမ်းတွင် ဂုဏ်ယူမာနထောင်လွှားခြင်းမရှိ၊ ၎င်းကိုယ်တိုင်၌လည်း ဝါကြွားခြင်းမရှိပါ။

၅။ ဇာတိစွမ်းဆောင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်ခြင်းအောက်တွင် မရှိသည့်အတွက်၊ တစ်စုံတစ်ရာကို လုပ်ဆောင်ခြင်း၌ အလွန်အမင်းရဲတင်းလှသည်။ ရှင်ပြန်ထမြောက်ခြင်းအစွမ်းသည် ဝိညာဉ်တော်အားဖြင့် ထိန်းချုပ်ခြင်းခံရသည့်အတွက်၊ လူတစ်ဦး၏ အလိုဆန္ဒရှိသည့်အတိုင်း မလုပ်ဆောင်ရဲပါ။

၆။ ဇာတိစွမ်းဆောင်ခြင်းသည် ကိုယ့်အလိုအတိုင်း လုံးလုံးလုပ်ဆောင်သည့်အတွက် ဘုရားသခင်၏ အလိုတော်အတွက် အလေးထားခြင်းမရှိပါ။ ရှင်ပြန်ထမြောက်ခြင်း၏ စွမ်းဆောင်ရည်သည် ဘုရားသခင်၏ အလိုတော်အတွက်ဖြစ်သည်။

၇။ ဇာတိစွမ်းဆောင်ခြင်းသည် ဘုရားအပေါ် မှီခိုခြင်းမဟုတ်ဘဲ၊ မိမိကိုယ်ကို လုံးလုံးမှီခိုခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်း

အစွမ်းသည် ဘုရားအပေါ် မှီခိုသည့်အတွက် မိမိအလိုအတိုင်း ပြုမူလုပ်ဆောင်ရန် မရဲဝံ့ပါ။

ဃ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအဆုံးသတ်ရန်၊ အဆုံးသို့ ပို့ဆောင်ရန် ကားတိုင်အားဖြင့် လုပ်ဆောင်နေသည်၊ ထိုကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို မကိုးစားဘဲ၊ ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားသခင်၌ ယုံကြည်ကိုးစားရမည်ဖြစ်သည် (၂ကော၊၁း၉)။

င။ "သေခြင်းမှ သာ၍မြတ်သော ထမြောက်ခြင်းအခွင့်ကို ငါရနိုင်ကောင်း၏" ဆိုသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးသည် တဖြည်းဖြည်း ဆက်လက်၍ ရှင်ပြန်ထမြောက်ခြင်းရှိကြောင်း ဖော်ပြခြင်းဖြစ်သည်။ ဤအရာသည် ခရစ်ယာန်အသက်တာ၏ နောက်ဆုံးပန်းတိုင်ဖြစ်ရမည် (ဖိ၊၃း၁၁)။

*Day 6*

စ။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို တွေ့ကြုံခံစားသောအခါ၊ "နာဿလိ"အမျိုးအထဲသို့ အံ့သြဖွယ် ပြောင်းရွှေ့ခြင်းခံရ၍၊ ဝိညာဉ်ဆိုင်ရာ"နဿလိများ"ဖြစ်လာပေမည်။ ခရစ်ယာန်အယောက်တိုင်း၏ ကိုယ်ရေးသမိုင်း၏ဝေစုသည် အံ့သြနက်နဲဖွယ်ဖြစ်သင့်သည်၊ ဤအံ့သြနက်နဲဖွယ်ဝေစု၌ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်အားဖြင့် အသက်ရှင်နိုင်ရန် နဿလိအမျိုးအထဲသို့ လွှဲပြောင်းခံရသူများဖြစ်ကြသည် (ဗရာ၊၂း၁၄။ ၁ဘုရင်၊၇း၁၄။ က၊၄၉း၂၁။ ဆာ၊၂၂–ခေါင်းစဉ်)။

ဆ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိစွမ်းဆောင်ရည်၊ လုပ်နိုင်စွမ်းအားနှင့် ကောင်းမြတ်ခြင်းများကို ကားတိုင်နှင့် အသေခံခြင်းသို့ ပို့ဆောင်လိုက်ပါက၊ ကျွန်ုပ်တို့ကို ရှင်ပြန်ထမြောက်စေလိမ့်မည်ဖြစ်သည် (ရော၊၈း၁၃။ ယော၊၁၂း၂၄)။

၁။ ထိုနောက် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏စွမ်းဆောင်ရည်၊ လုပ်နိုင်စွမ်းအားနှင့် ကောင်းမြတ်ခြင်းများသည် ဇာတိအသက်၌ ဖြစ်ခြင်းထက် အဆများစွာကြီးမားလာလိမ့်မည်ဖြစ်သည်။

၂။ ဤအရာများသည် ကျွန်ုပ်တို့ဖြစ်နေသေးသော်လည်း၊ အသေခံခြင်းနှင့် မြှုပ်နှံခြင်းကို ဖြတ်ကျော်ခြင်းဖြင့် ဤအရာများသည် ယခု ရှင်ပြန်ထမြောက်လာပြီးဖြစ်သည်။

(က)ဆိုလိုသည့်အဓိပ္ပါယ်မှာ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်၊ လုပ်နိုင်စွမ်းအားနှင့် ကောင်းမြတ်ခြင်းများသည် ရှင်ပြန်ထမြောက်ခြင်း၏ နယ်ပယ်အထဲသို့ ဝင်ရောက်သွားခြင်းဖြစ်သည် (ဖိ၊၃း၁၁)။

(ခ) ကျွန်ုပ်တို့သည် ဆက်လက်တည်ရှိနေသော်လည်း၊ ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်ရည်၊ လုပ်နိုင်စွမ်းအားနှင့် ကောင်းမြတ်ခြင်းများနှင့်အတူ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းနယ်ပယ်အထဲသို့ ရောက်ရှိသွားခြင်းဖြစ်သည် (ယော၊၁၂း၂၅–၂၆)။

ဇ။ ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းသည် ဝိညာဉ်တော်ဖြစ်ပြီး၊ ဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းသည် ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရားဖြစ်သည် (၁ကော၊၁၅း၄၅ခ။ မ၊၂၈း၁၉။ ၂ကော၊၁၃း၁၄)။

၁။ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်၊ လုပ်နိုင်စွမ်းအားနှင့် ကောင်းမြတ်ခြင်းများသည် ကျွန်ုပ်တို့၏ ဇာတိအသက်မှ အသေခံခြင်းနှင့် မြှုပ်နှံခံခြင်းဖြင့် သုံးပါးတစ်ပါးဘုရားအထဲသို့ ပြောင်းလဲခြင်းခံဖို့ လိုအပ်သည်။

၂။ မိမိတို့ကိုယ်၌ရှိနေခြင်းသည် ဇာတိဆိုင်ရာဖြစ်သည်၊ သို့သော် မိမိတို့ကိုယ်မှထွက်၍ ရှင်ပြန်ထမြောက်ခြင်းဖြစ်တော်မူသော သုံးပါးတစ်ပါးဘုရားအထဲသို့ ကူးပြောင်းခြင်းဖြင့် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်ကြရမည်ဖြစ်သည် (ယော၊၁၁း၂၅။ ၂ကော၊၁း၉)။

ဈ။ မြေကြီးအထဲသို့ ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်ရည်ကို "မျိုးစေ့"ကြဲလျှင် ဆုံးရှုံးသွားမည်မဟုတ်ပါ၊ မျိုးစေ့ကို ကျွန်ုပ်တို့ မျိုးကြဲလိုက်သည့်အတွက်၎င်းကို ကျွန်ုပ်တို့သည် ခေတ္တဆုံးရှုံးမည်ဖြစ်သော်လည်း နောက်ဆုံးတွင် ရှင်ပြန်ထမြောက်ခြင်း၌ ရိတ်သိမ်းရလိမ့်မည်ဖြစ်သည် (ယော၊၁၂း၂၄–၂၆)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ကော၊ ၂း၁၄ သို့သော် ဇာတိလူသည် ဘုရားသခင်၏ဝိညာဉ်တော်အရာတို့ကို မခံမယူ။ . . . *ထိုအရာတို့ကို* ဝိညာဉ်ရေးရာအားဖြင့်သာ ပိုင်းခြား၍နားလည်နိုင်သောကြောင့်၊ ဇာတိလူသည် နားမလည်နိုင်။**

**၂ကော၊ ၃း၅–၆ သို့ရာတွင် ငါတို့သည် မိမိတို့ကိုယ်ကို အမှီပြု၍၊ တစ်စုံတစ်ခုကိုရေတွက်ခြင်းငှါ တတ်နိုင်သည်မဟုတ်။ ကျွန်ုပ်တို့၏တတ်နိုင်ခြင်းမှာ ဘုရားသခင်ထံမှ ဖြစ်သည်နှင့်အညီ၊ ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်နိုင်သော အစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရား၏ အမှုဆောင်များကို မဆိုလို၊ ဝိညာဉ်တော်၏အမှုဆောင်များကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကို ပေး၏။**

အတ္တကို ဆက်ဆံဖြေရှင်းခြင်းနှင့် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်းသည် ဝိညာဉ်ဆိုင်ရာတွေ့ကြုံခံစားခြင်း၌ လွန်စွာအရေးကြီးသည်။ ၎င်းတို့သည် အသက်နှင့်စပ်လျဉ်းရုံသာမကဘဲ၊ အမှုဆောင်ခြင်းနှင့်လည်း သက်ဆိုင်သည်။ အတ္တကို ဆက်ဆံဖြေရှင်းခြင်းနှင့် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်းသည် ဘုရားသခင်ကို ကျွန်ုပ်တို့ အမှုဆောင်ခြင်းအတွက် ပြင်ဆင်မှုများ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရား၏စိတ်နှလုံးအလိုဆန္ဒအတိုင်း အမှုဆောင်ရန် အလိုဆန္ဒရှိပါက၊ အတ္တနှင့် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းရမည်ဖြစ်သည်။ (*The Experience of Life*, p. 253)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်၏ အရာများ၌ ကျွန်ုပ်တို့၏ဇာတိဆိုင်ရာဖြစ်ခြင်းသည် ထိရောက်စွာပြည့်စုံစွာမစွမ်းဆောင်နိုင်ကြောင်း ကျွန်ုပ်တို့မြင်ဖို့ လိုသည်။ ကျွန်ုပ်တို့သည် အခြားအရာများ၌ ပြည့်စုံအောင်စွမ်းဆောင်ကောင်း စွမ်းဆောင်နိုင်မည်ဖြစ်သည်၊ သို့သော် ဘုရားနှင့်ဆိုင်သည့်အရာများ၌ ကျွန်ုပ်တို့သည် မည်သို့မှ ထိရောက်ပြည့်စုံအောင်စွမ်း ဆောင်နိုင်မည်မဟုတ်ပါ။ ကျဆင်းသွားသောလူသား၏ဝိညာဉ်သည် သေသွားပြီဖြစ်၍ (ဧ၊ ၂း၁၊ ၅က)၊ ဘုရားနှင့်ဆိုင်သည့်အရာများ၌ အသုံးမဝင်တော့ပါ။

ယနေ့ ခရစ်ယာန်လောက၏ ဘာသာရေး၌ အမှုဆောင်ခြင်းအများစုသည် စိတ်၌ သို့မဟုတ် အသွေးအသား၌ တစ်ခုခုတွင် လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အမှုဆောင်ခြင်းအတွက် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းသည် ထိရောက်စွာမစွမ်းဆောင်နိုင်ကြောင်း မြင်ဖို့လိုအပ်သည်။ ကျွန်ုပ်တို့၏ အသွေးအသားသည် ဘုရားသခင်အား နာခံမှုမရှိနိုင်ကြောင်းနှင့် ဘုရားသခင်ကို ကျေနပ်မှုမပေးနိုင်ကြောင်း ကျွန်ုပ်တို့သည် သန့်ရှင်းသူများကို သိစေဖို့ လိုအပ်သည်။ ထိုအခါ သန့်ရှင်းသူများက "အသွေးအသား၌ ရှိနေခြင်းမှာ မည်သည့်အရာနည်း"ဟု မေးကောင်းမေးမည် ဖြစ်သည်။ "ကျွန်ုပ်တို့ ဝိညာဉ်၌ မရှိနေသရွေ့၊ အသွေးအသား၌ ရှိနေမည်"ဖြစ်ကြောင်း သူတို့ကို ကျွန်ုပ်တို့ ပြောပြရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဆိုင်သည့်အရာများ၌ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို ယုံကြည်ကိုးစား၍ မရနိုင်ကြောင်း သိနားလည်သင့်သည်။ ဖိ၊ ၃း၃၌ ပေါလုက "ငါတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် အစေခံ၍၊ အသွေးအသား၌ ကိုးစားခြင်းမရှိဘဲ၊ ခရစ်တော်ယေရှု၌ ဝါကြွားဝမ်းမြောက်သောသူဖြစ်၍၊ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏" ဟူ၍ ဆိုထားသည်။ ကျွန်ုပ်တို့၏ အသွေးအသားကို ယုံကြည်ကိုးစားမှုမရှိခြင်းသည် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်း၌ ယုံကြည်မှုမရှိခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိတို့၏ ဇာတိဖြစ်ခြင်းကို ငြင်းပယ်ပြီး၊ အရာရာ၌ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရန် သင်ယူဖို့လိုသည်။ ဘုရားသခင်၏ ကယ်တင်ခြင်းသည် အတွင်းလူ ကျွန်ုပ်တို့၏ ဝိညာဉ်ကို ပြုပြင်လုပ်ဆောင်ပေးသည် (ဧ၊ ၃း၁၆)။ ဤသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်သော ကျွန်ုပ်တို့၏ လူသစ်ဖြစ်ကြောင်း ဆိုလိုသည်။ အမှန်တွင် ကျွန်ုပ်တို့သည် အခြားလူကို အသက်ရှင်ခြင်းမဟုတ်ဘဲ၊ အတွင်းလူကိုသာ အသက်ရှင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်းနှင့် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် အမှုဆောင်ခြင်း၌ အရာရာကို လုပ်ဆောင်ရန် ဦးဆောင်ခြင်းရှိရမည်။ (*Basic Lessons on Service*, pp. 126-128)

ဓမ္မသစ်ကျမ်းသည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအဟောင်းအတွက် မည်သည့်နေရာမျှ မထားခဲ့ပါ။ သခင်ယေရှု၏ စကားတော်နှင့် တမန်တော်ပေါလု၏ ရေးသားခြင်းတွင် ဘုရားသခင်၏ စီမံကိန်း၌ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအဟောင်းအတွက် ဘာမျှမရှိကြောင်း ဖော်ပြထားသည်။ ဘုရားသခင်၏ စီမံကိန်းသည် ဖန်ဆင်းခြင်းအသစ်၏ အကြောင်းအရာသာ လုံးလုံးဖြစ်ကြောင်း ကျွန်ုပ်တို့သိဖို့လိုသည်။ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအဟောင်းကို စွန့်ပစ်ရမည်ဖြစ်သည်။

သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအဟောင်းအတွက် နေရာ မရှိသော်ငြားလည်း၊ ဖန်ဆင်းခြင်းအသစ်ကို ခံစားခြင်း၌ ကျွန်ုပ်တို့အတွက် အသင်းတော်တွင် နေရာရှိသည်။ အသင်းတော်၌ သန့်ရှင်းစင်ကြယ်၍ ပုံသဏ္ဌာန်ပြောင်းလဲကာ၊ ပုံသဏ္ဌာန်တူလာခြင်းဖြင့် ဘုန်းထင်ရှားလျက် အသစ်မွေးဖွားခြင်းခံရသည့် ကျွန်ုပ်တို့အတွက် နေရာရှိသော်လည်း၊ ကျွန်ုပ်တို့၏ ဇာတိလူအတွက် နေရာမရှိကြောင်း ကျွန်ုပ်တို့ မြင်ဖို့ လိုအပ်သည်။

ကျွန်ုပ်တို့သည် အပြည့်အဝပုံသဏ္ဌာန်ပြောင်းလဲခံရပြီဟု မည်သူမျှ မဆိုနိုင်ပါ။ ကျွန်ုပ်တို့တွင် ဇာတိတစ်စုံတစ်ရာရှိနေသေးသည်။ ကျွန်ုပ်တို့သည် ပုံသဏ္ဌာန်ပြောင်းလဲခြင်းဖြစ်စဉ်၌ ရှိနေသေး၍၊ ကျွန်ုပ်တို့ သတိမထားမိသော၊ မလိုလားသော ဇာတိတစ်စုံတစ်ရာရှိနေသေးသောကြောင့်၊ အသင်းတော်အသက်တာ၌ မည်သည့်ဇာတိအတွက်မျှ နေရာမရှိကြောင်း ကျွန်ုပ်တို့ မြင်ဖို့လိုသည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ အသက်ရှင်သောခရစ်တော်၏ ကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းများဖြစ်သော အသင်းတော်များသည် ဇာတိအရာများကို အလိုအလျောက်ငြင်းပယ်လိမ့်မည်ဖြစ်သည်။ (*Basic Principles concerning the Eldership*, pp. 120-121, 127)

အသင်းတော်တည်ဆောက်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ချိုးဖဲ့ခံခြင်းအကြောင်းကို ထိတွေ့ဖို့ လိုသည်။ အတူတကွတည်ဆောက်ရန် ကျွန်ုပ်တို့အလိုရှိပါက၊ ကျွန်ုပ်တို့အားလုံး ချိုးဖဲ့ခံဖို့လိုသည်။ ချိုးဖဲ့ခြင်းမရှိပါက၊ တည်ဆောက်ခြင်းရှိမည်မဟုတ်ပါ။ သင်နှင့်ကျွန်ုပ် နှစ်ဦးလုံး အနည်းငယ်ချိုးဖဲ့ခံမှသာလျှင်၊ သင်နှင့်ကျွန်ုပ် အတူတကွတည်ဆောက်နိုင်မည်ဖြစ်သည်။ အသင်းတော်တည်ဆောက်ခြင်း၌၊ အခြားသူများနှင့် ကျွန်ုပ်တို့ မပေါင်းစည်းမီ၊ ကျွန်ုပ်တို့ရှိ ဇာတိအရာအားလုံးကို ချိုးဖဲ့ရပေမည်။ ကျွန်ုပ်တို့ရှိဇာတိအရာဖြစ်သည့် ကျွန်ုပ်တို့၏ စွမ်းဆောင်နိုင်မှု၊ ကျွန်ုပ်တို့၏ သိမြင်မှု၊ ကျွန်ုပ်တို့၏ စိတ်အားထက်သန်မှုတိုင်းသည် တည်ဆောက်ခြင်းအတွက် အသုံးပြုရန် မသင့်တော်ပါ။ ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို ချိုးဖဲ့ခံပြီးနောက်မှသာ ကျွန်ုပ်တို့ တည်ဆောက်နိုင်မည် ဖြစ်သည်။ (*The Building Work of God*, pp. 62-63)

*ပို၍ဖတ်ရန်-* *Basic Lessons on Service*, lsns. 16, 20

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————————————

————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ရော၊ ထိုမှတစ်ပါး၊ ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်**
**၆း၆ တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှ အပြစ်၏အစေကို မခံစေခြင်းငှါ၊ အပြစ်၏ကိုယ်ကို ပယ်ဖျက်မည်အကြောင်းတည်း။**

**၁သက်၊ ထိုအခါ ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်**
**၅း၂၃ တို့ကို အကုန်အစင်သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ် ကြွလာတော်မူသောအခါ၊ သင်တို့၏ဝိညာဉ်၊ စိတ်နှင့် ခန္ဓာသည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ ပြည့်စုံစွာစောင့်မခြင်းခံရပါစေသော။**

ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းကို ကျွန်ုပ်တို့ဆက်ဆံဖြေရှင်းရာတွင် *စေ့စပ်ထုံးဖွဲ့ခြင်း (ဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံ)*ဆိုသည်မှာ "လူ၏ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ တတ်နိုင်စွမ်းအားလုံး"ကို ဆိုလိုသည်။ ကျမ်းစာ၌ ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းဆိုသည့် ဝေါဟာရမပါရှိပါ၊ ၎င်းကို ခရစ်ယာန်များအကြားတွင် ဖေါ်ပြခဲလှသည်။ သို့သော် ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်း၌ ထိုသို့သောအရာ ရှိပါသည်။ ၎င်းသည် စိတ်အသက်ရှင်သူနှင့် လူဟောင်းရှင်ထွက်ခြင်းကို ထင်ရှားစေသောသူ၏ ထူးကဲသောလက္ခဏာ ဖြစ်သည်။ သင်သည် ကားတိုင်ကိုတွေ့ကြုံခံစားခြင်းနောက်သို့လိုက်ပါက၊ ဤအရာကို ဆက်ဆံဖြေရှင်းရန် လျစ်လျူရှုနိုင်မည် မဟုတ်ပါ။ ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းသည် လူနှင့်အတူရှိသည့် စွမ်းဆောင်ရည်၊ လုပ်နိုင်စွမ်း၊ အသိပညာ၊ ပါးနပ်မှု၊ အစီအစဉ်နှင့် ကျွမ်းကျင်မှုများရှိသည့် လူဟောင်းကို ရှင်ထွက်ထင်ရှားစေခြင်းဖြစ်သည်။ (*The Experience of Life*, p. 243)

## ယနေ့ဖတ်စရာ

ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းကို ပြောဆိုသောအခါ၊ ကမ္ဘာဦးကျမ်း၌ ယာကုပ်သည် အကောင်းဆုံးကိုယ်စားပြုခြင်းဖြစ်သည်။ ယာကုပ်၏အကြောင်းမှာ သူ၏ကျွမ်းကျင်ပါးနပ်မှုကို ဖေါ်ပြခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သည် ယေဘုယျစဉ်းစားကြမည် ဖြစ်သည်။ သို့သော် အမှန်တွင် ယာကုပ်၏အသက်တာတစ်လျှောက်လုံး၌ အထူးခြားဆုံးသောလက္ခဏာမှာ ဇာတိကြိုးပမ်းအားထုတ်ခြင်းနှင့် လှို့ဝှက်ကြံစည်ခြင်းဖြစ်သည်။ လှို့ဝှက်အကြံအစည်ရှိသူများအားလုံးသည် အမှန်ပင် ကျွမ်းကျင်ပါးနပ်သူများဖြစ်သည်။ ယာကုပ်သည်လည်း ထိုသို့ဖြစ်သည်။ သို့သော် သူ၏ကျွမ်းကျင်ပါးနပ်မှုသည် အပေါ်ယံ

ထင်ရှားခြင်းသာဖြစ်သည်။ သူ၏ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းသည် သူ၏ဖုံးကွယ်နေသော စရိုက်လက္ခဏာဖြစ်သည်။ ယာကုပ်သည် ရင့်ကျက်ခြင်းမရှိခင်က၊ သူ၏ သမိုင်းကြောင်း အားလုံးသည် သူ၏ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဖော်ပြနေသည်။ သူသည် စွမ်းဆောင်နိုင်ခြင်း၊ လုပ်ရည်ကိုင်ရည်ရှိခြင်း၊ အကြံအစည်ပြည့်စုံခြင်းနှင့် အစွမ်းသတ္တိရှိကာ ကျွမ်းကျင်လိမ္မာခြင်းရှိသူဖြစ်သည်။ သူသည် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်း၌ ခွန်အားကောင်းလွန်းသူဖြစ်သည်မှာ အမှန်ပင်ဖြစ်သည်။

ပေနွေလအရပ်၌ ဘုရားသခင်သည် ယာကုပ်၏ပေါင်ဆစ်ကိုပြုတ်စေ၍ သူ၏ အသက်တာ၌ အကျပ်အတည်းနှင့် တွေ့ကြုံရသည်။ က၊၃၅ ၌ နောက်ဆုံး ဘုရားသခင်သည် သူ့အား ဗေသလသို့ သွားရန်မိန့်တော်မူ၍ သူ၏ အစ်ကိုထံမှပြေးသောအခါ သူ့အား ထင်ရှားသော ဘုရားသခင်အဖို့ ယဇ်ပလ္လင်ကို တည်ဆောက်လေသည်။ ထိုနောက်မှစ၍ ယာကုပ်သည် သူ၏ အစီအစဉ်အားလုံးကို ရပ်တန့်စေကာ သူ၏ဇာတိလူသည် ဘုရားမျက်မှောက်တွင် ကျဆင်းသွားခဲ့သည်။

ယာကုပ်၏ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းသည် လုံးလုံးချိုးဖွဲ့သွားသောအခါ၊ သူ၏ အသက်တာသည် ဘုရားသခင်၌ ရင့်ကျက်၍ ပြည့်စုံသောအဆင့်သို့ ရောက်ရှိခဲ့သည်။ သူသည် ယာကုပ်မဟုတ်တော့ဘဲ၊ အစ္စရေးဖြစ်လာသည်။ သူသည် အစားထိုးသောသူ(ယာကုပ်ဆိုသည့်အဓိပ္ပါယ်)မဟုတ်တော့ဘဲ၊ ဘုရား၏မင်းသား(အစ္စရေးဆိုသည့်အဓိပ္ပါယ်) ဖြစ်လာသည်။ ရလဒ်အနေဖြင့် သူသည် ဖါရောဘုရင်ကို ကောင်းကြီးပေးပြီး၊ မသေခင် သူ၏သားများအပေါ် ကြွယ်ဝသောကောင်းကြီးများစွာကို ပေးနိုင်ခဲ့သည်။

ဝိညာဉ်ဆိုင်ရာအမှုဆောင်ခြင်း၌ အကြီးမားဆုံးအလေ့အလာမှာ ဘုရားနှင့်အတူ လူ၏ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည်။ ဘုရားသည် အရာအားလုံးကို လုပ်ဆောင်နိုင်သော်လည်း၊ အရာအားလုံး၌ ကိုယ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် ဘုရားသည် လူကို လိုအပ်သည်။ တစ်စုံတစ်ရာကို လုပ်ဆောင်ရန် မသိသောသူများနှင့် တစ်စုံတစ်ရာကို လုပ်ဆောင်ရန် မစွမ်းဆောင်လိုခြင်းနှင့် ဆန္ဒမရှိသူများကို ဘုရားသည် အသုံးပြုနိုင်မည်မဟုတ်ပါ။ ညီအစ်ကိုနှင့် ညီအစ်မများက "ဘုရားသခင်သည် ဤအရာကို လုပ်နိုင်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်"ဟုဆိုသည့်စကားများကို ကျွန်ုပ်တို့မကြာခဏ ကြားကြမည်ဖြစ်သည်၊ သို့သော် သူတို့ကိုယ်တိုင်က ပူးပေါင်း၍ ကြိုးစားလုပ်ဆောင်လိုခြင်း မရှိကြပါ။ ဤသို့ယုံကြည်ခြင်းမျိုးသည် အချည်းနှီးပေတည်း။ ဘုရားသည် လုပ်ဆောင်နိုင်သည်မှာ သံသယမရှိပါ၊ သို့သော် လုပ်ဆောင်နိုင်သောလူကို လိုအပ်သည်။ ဤအရာကို ဘုရားက လုပ်ဆောင်နိုင်သော်လည်း၊ လူကမလုပ်ဆောင်နိုင်ပါက၊ ဘုရားသည် လုပ်

ဆောင်နိုင်မည်မဟုတ်ပါ။ ဘုရားသည် သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်လိုသူနှင့် လုပ်ဆောင်ရန် အလိုဆန္ဒရှိသူများကို ရှာမည်ဖြစ်သည်။ လူလုပ်ဆောင်နိုင်သမျှ ဘုရားလုပ်ဆောင်မည်ဖြစ်သည်။ ဘုရားသည် လူ၏ပူးပေါင်းလုပ်ဆောင်ခြင်းပမာဏအတိုင်း လုပ်ဆောင်နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် စွမ်းဆောင်နိုင်စွမ်းရှိခြင်းဖြင့်၊ နေရာတိုင်း၌ အသုံးဝင်သောလူဖြစ်ရန် သင်ယူရမည်။ ထိုအခါ ကျွန်ုပ်တို့သည် ကိုယ်တော်အသုံးပြုခြင်းအတွက် သင့်တော်သူများဖြစ်လာမည်။

သို့သော် ဇာတိနှင့်စွမ်းဆောင်သူမည်သူတစ်ဦးကိုမျှ ဘုရားအသုံးပြုနိုင်မည်မဟုတ်ပါ။ ကျိုးပဲ့ခြင်းမရှိသောဇာတိစွမ်းဆောင်ရည်သည် ဘုရားအဖို့ အဟန့်အတားဖြစ်စေသည်။ ဇာတိကို ချိုးဖဲ့ရမည်၊ ဇာတိသည် အသေခံခြင်းကို ဖြတ်ကျော်၍ ရှင်ပြန်ထမြောက်ခြင်းရှိမှသာ၊ ဘုရားအသုံးပြုနိုင်မည်ဖြစ်သည်။ ဇာတိစွမ်းဆောင်နိုင်မှုသည် သံရိုင်းနှင့်တူသည်၊ ၎င်းသည် မာပြီးကြွပ်နေသောကြောင့် အလွယ်တကူကျိုးပဲ့နိုင်၍ အသုံးပြုရန် မသင့်လျော်ပါ။ ရှင်ပြန်ထမြောက်သောစွမ်းဆောင်ရည်သည် ပြုပြင်ထားသောစတီးကဲ့သို့ဖြစ်၍ ခိုင်မာပြီး ပုံသွင်းနိုင်သည်၊ အလွယ်တကူ ကျိုးပဲ့ခြင်းမရှိ၍ အသုံးပြုရန် သင့်လျော်သည်။ ထို့ကြောင့် ဘုရားသည် မစွမ်းဆောင်နိုင်သူကို အသုံးမပြုနိုင်သလို၊ စွမ်းဆောင်နိုင်သူဖြစ်သော်လည်း ချိုးဖဲ့ခြင်းမရှိပါက ဘုရားအသုံးမပြုနိုင်ပါ။ ဘုရား၏လက်တော်၌ အသုံးဝင်သောသူများသည် စွမ်းရည်များကို ချိုးဖဲ့ခြင်းခံသည့် စွမ်းဆောင်နိုင်သူများဖြစ်သည်။ ခေတ်ကာလများတစ်လျှောက်လုံး ဘုရားသခင်အသုံးပြုသောသူများအားလုံးကို ကျွန်ုပ်တို့ဆန်းစစ်ကြည့်မည်ဆိုလျှင်၊ အားလုံးနီးပါးသည် စွမ်းဆောင်နိုင်သူများ၊ စိတ်တန်ခိုးကြီးသူများ၊ အမြော်အမြင်ရှိပြီး လိမ္မာပါးနပ်သူများဖြစ်သည့်အပြင်၊ ဘုရား၏ချိုးဖဲ့ခြင်းကို ခံသူများလည်းဖြစ်ကြသည်။ (*The Experience of Life*, pp. 244-245, 247)

ပို၍ဖတ်ရန်- *Basic Principles concerning the Eldership*, chs. 15-16

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ထိုအခါ ယေရှုက၊ ငါ့နောက်သို့ လိုက်လိုသောသူဖြစ်လျှင် ကိုယ့်ကိုယ်ကို**
**၁၆း၂၄ ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့လိုက်ရ မည်။**

**ရော၊ သင်တို့သည် အသွေးအသားအတိုင်း အသက်ရှင်လျှင် သေရကြမည်။**
**၈း၁၃ ဝိညာဉ်တော်အားဖြင့် ကိုယ်ခန္ဓာ၏အကျင့်တို့ကို သေစေလျှင် အသက် ရှင်ကြလိမ့်မည်။**

အသွေးအသား၊ အတ္တနှင့် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်း– သုံးခုလုံး – သည် လူဟောင်း၏ ထင်ရှားခြင်းများ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ကို ဆက်ဆံဖြေရှင်းခြင်း၌ အလေ့အလာသည် အတူတူပင်ဖြစ်သည်။ တစ်ဘက်တွင် ကျွန်ုပ်တို့၌ အပြင်ပိုင်းအကြောင်းရင်းမှန်ရှိရမည်၊ အခြားတစ်ဘက်တွင် အတွင်းပိုင်းတွေ့ကြုံခံစားခြင်း လိုအပ်သည်။ အပြင်ပိုင်းအကြောင်းအရာမှာ ခရစ်တော်သည် ကျွန်ုပ်တို့၏လူဟောင်းကို သေစေပြီးဖြစ်ရမည်၊ တစ်ချိန်တည်းတွင် အတွင်းပိုင်းတွေ့ကြုံခံစားခြင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခရစ်တော်၏အသေခံခြင်းကို လျှောက်လှမ်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းကို အသွေးအသား၌ လျှောက်လှမ်းလျှင်၊ အသွေးအသားကို ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။ ၎င်းကို ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်၌ အသုံးပြုလျှင်၊ အတ္တကိုဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။ ၎င်းကို ကျွန်ုပ်တို့၏ လုပ်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်၌ လေ့ကျင့်လျှင်၊ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်း ဖြစ်သည်။ (*The Experience of Life*, pp. 250-251)

## ယနေ့ဖတ်စရာ

ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်း၏တွေ့ကြုံခံစားမှု ဖြစ်စဉ်သည် အတ္တကိုဆက်ဆံဖြေရှင်းခြင်းနှင့် အတူတူပင်ဖြစ်သည်။ ပထမဆုံး ကျွန်ုပ်တို့မြင်ရသည်မှာ ကျွန်ုပ်တို့၏လူဟောင်းသည် ခရစ်တော်နှင့်အတူ အသေခံခြင်းဖြစ်သည်။ ဤဝိညာဉ်ဆိုင်ရာမြင်ခြင်းသည် ပထမအဆင့် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်း၌ ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှု ဖြစ်သည်။ ကျွန်ုပ်တို့၏လူဟောင်းသည် ခရစ်တော်နှင့်အတူ အသေခံပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ရမည်။ ထို့နောက် ကျွန်ုပ်တို့သည် ထိုသို့နောက်ထပ် ဆက်ဆံဖြေရှင်းခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သည်။

ထို့နောက် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းသည် လူဟောင်း၏ အလွန်ခိုင်မာသောထင်ရှား

ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိလာမည်ဖြစ်သည်။ ဤအရာသည် ဝိညာဉ်ဆိုင်ရာမြင်ခြင်းလည်း ဖြစ်သည်။ ၎င်းမှာ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းသည် မည်သည့်အရာကို ရည်ညွှန်းခြင်းနှင့် မည်သည့်အရာကို ထင်ရှားခြင်းကို မြင်ခြင်းလည်းပါဝင်သည်။

ကျွန်ုပ်တို့သည် ဤနှစ်ချက်ကို မြင်ပြီးနောက်တွင်၊ ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအပေါ် ခရစ်တော်၏ အသေခံခြင်းကို အလိုအလျောက် ရရှိမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဇာတိထင်ရှားခြင်းဆီသို့ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ခရစ်တော်၏ အသေခံခြင်းကို ကျွန်ုပ်တို့ယူဆောင်လိုက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤသို့ ကျွန်ုပ်တို့ယူဆောင်၍ လျှောက်လှမ်းလိုက်သည်နှင့်ချက်ချင်း၊ ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်နိုင်မှုအားလုံးသည် အသေခံခြင်း၏ အမှတ်တံဆိပ်နှိပ်ခြင်းခံရပြီး၊ တဖြည်းဖြည်းပျောက်လွင့်သွားမည်ဖြစ်သည်။ ဤလက်ခံခြင်းသည် ကျွန်ုပ်တို့၏ အသက်တာ၌ ကြီးမားသောဝိညာဉ်ဆိုင်ရာဘေးဒုက္ခအချိန်ဖြစ်သည်။ တွေ့ကြုံခံစားခြင်း၌ ၎င်းသည် ကျွန်ုပ်တို့၏ ပေနေ့လ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုတို့သည် ဘုရားသခင်အားဖြင့် ထိတွေ့ခံရ၍၊ ကျွန်ုပ်တို့၏ ပေါင်ပြုတ်ထွက်ကာ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာခွန်အားသည် ပျော့ကျသွားခြင်းဖြစ်သည်။ နောက်နောင်တွင် ကျွန်ုပ်တို့ ဆန္ဒရှိသည့်အတိုင်း ယခင်ကစွမ်းဆောင်နိုင်စွမ်းသတ္တိကို ကျွန်ုပ်တို့အသုံးမပြုနိုင်တော့ပါ။ ထို့ကြောင့် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်း၌ ကပ်ဘေးကာလကို ကျွန်ုပ်တို့ဖြတ်သန်းရပြီး၊ အတွင်းပိုင်းနည်းလမ်း၌ အတွေ့အကြုံကို ကျွန်ုပ်တို့ရရှိခြင်းဖြစ်သည်။

ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ဆက်ဆံဖြေရှင်းခြင်းကို တွေ့ကြုံခံစားရာ၌၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ၌ ပထမဆုံးရှိရမည်ဖြစ်သည်။ အတ္တကိုလည်းကောင်း၊ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကိုလည်းကောင်း ဆက်ဆံဖြေရှင်းရာ၌၊ ကျွန်ုပ်တို့သည် တွေ့ကြုံခံစားခြင်းကိုဆက်လက်၍ အလိုဆန္ဒရှိပါက၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ၌ ကျွန်ုပ်တို့အသက်ရှင်ရမည်ဖြစ်သည်။ ဤတွေ့ကြုံခံစားခြင်းကို လျှောက်လှမ်းရန်အတွက်၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကားတိုင်၏ အသေခံခြင်းကို လေ့ကျင့်ဖို့လိုသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ၌ ကျွန်ုပ်တို့အသက်မရှင်ပါက၊ သန့်ရှင်းသောဝိညာဉ်တော်အပေါ် မှီခိုအသက်မရှင်နိုင်သလို၊ ကားတိုင်၏ အသေခံခြင်းကိုလည်း ကျင့်သုံးနိုင်မည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ၌ အသက်ရှင်ပါက၊ ကျွန်ုပ်တို့တွေ့ရှိသမျှသော ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအပေါ် ခရစ်တော်၏ အသေခံခြင်းကို

လုပ်ဆောင်ရန် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့အခွင့်ပေးဖို့လိုသည်။ တစ်နည်းဆိုပါက၊ ကျွန်ုပ်တို့၏ ပါးနပ်ခြင်း၊ မာယာများနှင့် စွမ်းဆောင်နိုင်မှုများကို တွေ့ရှိသည့်အခါတိုင်း၊ ၎င်းတို့အပေါ် ကားတိုင်၏ အသေခံခြင်းကို ကျွန်ုပ်တို့ ချက်ခြင်းကျင့်သုံးရမည်ဖြစ်သည်။ ဤနည်းလမ်း၌ ကားတိုင်၏ အသေခံခြင်းတံဆိပ်သည် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်း၏ လက်တွေ့ထင်ရှားခြင်းအားလုံးကို ခတ်နှိပ်သွားမည်ဖြစ်သည်။ ၎င်းသည် အားလုံးကို တစ်ကြိမ်တည်းလက်ခံခြင်းမျှသာမဟုတ်ဘဲ၊ နေ့စဉ်ခတ်နှိပ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို အချိန်တိုင်းနှင့် နေ့တိုင်း ကားတိုင်နှင့်အတူ လျှောက်လှမ်းရမည်ဖြစ်သည်။ ကားတိုင်၏ အလုပ်ကို ကျွန်ုပ်တို့အစပြုလက်ခံသည့်အချိန်မှစ၍ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ၌ ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းထင်ရှားမှုတိုင်းကို ဘုရားထိတွေ့ရန် အခွင့်ပေးရမည်။ ကျွန်ုပ်တို့သည် များစွာစဉ်းစားပြီး၊ များစွာ စွမ်းဆောင်နိုင်ကောင်းသော်လည်း၊ ကားတိုင်ကိုလက်ခံ၍ ကားတိုင်ကို ယူဆောင်သူဖြစ်ရမည်။ ကားတိုင်သည် ကျွန်ုပ်တို့အား ချိုးဖဲ့ခြင်းအလုပ်ကို ဆက်လက်လုပ်ဆောင်မည်ဖြစ်သည်။ အချိန်အတိုင်းအတာတစ်ခုပြီးနောက်တွင် ကျွန်ုပ်တို့၏ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအရာအားလုံးသည် တဖြည်းဖြည်း အသေခံခြင်းဖြင့် ရှင်ပြန်ထမြောက်ခြင်းအဆင့်၌ ရှိလာလိမ့်မည်ဖြစ်သည်။ (*The Experience of Life*, pp. 251-252)

*ပို၍ဖတ်ရန်* - *The Experience of Life*, chs. 9-10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဖိ၊ ငါတို့သည် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် အစေခံ၍၊ အသွေး**
**၃း၃ အသားၥ၌ ကိုးစားခြင်းမရှိဘဲ၊ ခရစ်တော်ယေရှု၌ ဝါကြွားဝမ်းမြောက်**
**သောသူဖြစ်၍၊ မှန်သောအရေဖျားလှီးခြင်းကို ခံသောသူဖြစ်ကြ၏။**
**၈-၉ ထိုမျှမက၊ ငါ၏သခင်တည်းဟူသော ခရစ်တော်ယေရှုကို သိသောပညာ**
**သည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍၊ ခပ်သိမ်းသောအရာ**
**တို့ကိုလည်း ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။ ထိုသခင်ကြောင့်**
**ခပ်သိမ်းသောအရာတို့ကို အရှုံးခံရပြီ။ ခရစ်တော်ကို အမြတ်ရပါမည်**
**အကြောင်း၊ ခပ်သိမ်းသောအရာတို့ကို မစင်ကဲ့သို့ ငါထင်မှတ်၏။ ...**

မိမိတို့ကိုယ်မှထွက်ပြီး ဘုရားသခင်အထဲသို့၊ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကူးပြောင်းသွားခြင်းသည် ပုံဆောင်ချက်များနှင့် ၎င်းတို့၏ပြည့်စုံခြင်းများကို အဓိပ္ပါယ်ဖော်ပြရှင်းလင်းခြင်း၌ လွန်စွာအရေးကြီးသောအလေ့အလာဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအလေ့အလာကို လက်တွေ့အသုံးမပြုပါက၊ အသေခံခြင်း၏ အတားအဆီးမရှိသည့်အတွက် ဇာတိစွမ်းဆောင်ရည်၊ အစွမ်းသတ္တိနှင့် ကောင်းမြတ်ခြင်းများသည် ကျွန်ုပ်တို့တွင် "သားရဲကောင်အရိုင်းများ"ကဲ့သို့ ဖြစ်နေလိမ့်မည်။

ဤအရာမှာ အချို့သောစွမ်းဆောင်ရည်ရှိသူများသည် ပြန်လည်ရယူခြင်းအထဲသို့ရောက်လာပြီး ခဏသာနေသည့် အခြေအနေမျိုးဖြစ်သည်။ ပြန်လည်ရယူခြင်း၌ သူတို့၏ဇာတိစွမ်းဆောင်ရည်နှင့် လုပ်နိုင်စွမ်းကို အသုံးချရန် နေရာမရှိကြောင်း နောက်ဆုံးသူတို့ သိလာကြသည်။ နောက်ဆုံးတွင် သူတို့သည် ပြန်လည်ရယူခြင်းမှထွက်ခွါ၍ သူတို့အတွက် လုပ်ငန်းကို ဖွဲ့စည်းကြသည်။ သူတို့သည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ရောက်ရှိရန် အသေခံခြင်းနှင့် မြှုပ်နှံခံခြင်းကို လက်ခံရန် အလိုဆန္ဒမရှိကြပါ။ သူတို့သည် ကားတိုင်ကို မယူဆောင်လိုကြပါ။ (*Life-study of Nehemiah*, pp. 14-15)

## ယနေ့ဖတ်စရာ

လူ့အစွမ်းအစ၊ စွမ်းဆောင်ရည်၊ အသိပညာနှင့် လိမ္မာပါးနပ်မှုများအားလုံးသည် ဘုရား၏ရှင်ပြန်ထမြောက်ခြင်းအသက်မှ အရင်းခံခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ဇာတိအသက်မှ အရင်းခံခြင်းဖြစ်သောကြောင့်၊ ၎င်းအရာများကို ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်းဟူ၍ ကျွန်ုပ်တို့အဓိပ္ပါယ်ဖွင့်ဆိုထားပြီးဖြစ်သည်။ ၎င်းတို့သည် ဇာတိဆိုင်ရာမှ ရရှိ

ခြင်း ဖြစ်သည်။ ၎င်းတို့သည် ခရစ်တော်၌ ချိုးဖွဲ့ခံခြင်းဖြင့် ရှင်ပြန်ထမြောက်ခြင်းမှ ဖြစ်ပေါ် လာခြင်းမဟုတ်ပါ။ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အသက်သည် အမှန်ပင်ကွာခြားသည်။ ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းကို ကျွန်ုပ်တို့ဆက်ဆံဖြေရှင်းခြင်းဖြင့် ကျွန်ုပ်တို့၏ မွေးရာပါ အစွမ်းသတ္တိ၊ စွမ်းဆောင်ရည်၊ အသိပညာနှင့် လိမ္မာပါးနပ်မှုများသည် ကားတိုင်၏ သေခြင်းကို ဖြတ်ကျော်၍၊ ရှင်ပြန်ထမြောက်လာကာ၊ ဘုရားသခင် လက်ခံအသုံးပြုလာနိုင်မည်ဖြစ်သည်။ အချို့လူတို့က ဇာတိစေ့စပ်ထုံးဖွဲ့ခြင်းအား ဆက်ဆံဖြေရှင်းခြင်းကို ကြားသောအခါ၊ ဘုရားသည် ကျွန်ုပ်တို့၏ အစွမ်းသတ္တိနှင့် စွမ်းဆောင်နိုင်ခြင်းကို အလိုမရှိပါလားဟု ထင်မြင်ကြသည်။ ဤသို့သော သဘောထားသည် မှားပါသည်။ ဘုရားအသုံးပြုရန် အလို့ငှါ၊ ကျွန်ုပ်တို့၌ ကျွန်ုပ်တို့၏ အစွမ်းသတ္တိနှင့် စွမ်းဆောင်ရည် အမှန်မုချရှိရမည်။ ဤမြေကြီးပေါ် တွင် ဘုရား၏ အမှုတော်အလုပ်သည် လူ၏ ပူးပေါင်းလုပ်ဆောင်မှု လိုအပ်ကြောင်း ကျမ်းစာ၏ ဖွင့်ပြခြင်းမှ ကျွန်ုပ်တို့ရှင်းလင်းစွာမြင်ရသည်။ လူသည် အစွမ်းသတ္တိနှင့် စွမ်းဆောင်နိုင်စွမ်းမရှိဘဲ ဘုရားနှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်မည် မဟုတ်ပါ။ (*The Experience of Life*, p. 246)

ဇာတိဖြစ်ခြင်း၏ ဆန့်ကျင်ဘက်သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိခြင်းဖြစ်သည်။ ဘုရားသခင်သည် ဇာတိဖြစ်ခြင်းကို အလိုမရှိပါ။ ဘုရားသည် ရှင်ပြန်ထမြောက်ခြင်းကိုသာ အလိုရှိသည်။ ကျမ်းစာ၌ ဇာတိဖြစ်ခြင်းကို သားဦးအားဖြင့် ကိုယ်စားပြုထားသည်။ သားဦးသည် ပထမဆုံးသောလူဖြစ်သည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် သားဦးကို အလိုဆန္ဒမရှိပါ။ ပသခါနေ့၌ လာရောက်ဖျက်ဆီးမည့် ကောင်းကင်တမန်သည် သားဦးကို ဒဏ်ခတ်သည် (ထွက်၊၁၂း၂၉)။ ၎င်းသည် ကောင်းခြင်း သို့မဟုတ် ဆိုးခြင်း မေးခွန်း မဟုတ်ပါ။ သားဦးရှိနေသမျှ၊ ဇာတိရှိနေပြီး၊ ဒဏ်ခတ်ခြင်းကို ခံရမည်ဖြစ်သည်။ ပထမဆုံးကောင်းကင်နှင့် ပထမဆုံးမြေကြီးသည် ဖန်ဆင်းခြင်းအဟောင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်၊ ကောင်းကင်သစ်၊ မြေကြီးသစ်နှင့် အသစ်သောအရာအားလုံးသည် ဒုတိယဖြစ်သည် (cf. ဗျာ၊ ၂၁း၁)။ ဟေဗြဲကျမ်းစာစောင်သည် ပဋိညာဉ်ဟောင်းကို ပထမပဋိညာဉ်တရားနှင့် ဒုတိယပဋိညာဉ်တရားကို ပဋိညာဉ်တရားသစ်ဟု ခေါ် ဆိုသည် (၈း၁၇)။ ဟောင်းသောအရာတိုင်းသည် ဇာတိဖြစ်ခြင်းနှင့်ဆိုင်သည်။ သင်သည် ဝိညာဉ်၌ မရှိပါက၊ သင်၏ ကောင်းသောလုပ်ဆောင်ချက်များပင်လျှင် ဇာတိနှင့်သက်ဆိုင်နေသည်။ (*Messages in Preparation for the Spread of Gospel*, p. 43)

ဤမှန်သောအဓိပ္ပါယ်ဖွင့်ပြချက်အရ၊ ခရစ်တော်၏ ကားတိုင်သည် တစ်စုံတစ်ရာကို အဆုံးကိုသတ်ရန်မျှသာမဟုတ်ဘဲ၊ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ရောက်ရှိရန် အလို့

၄)၊ ဇာတိအရာများကို သေစေရမည်ဖြစ်သည်။ ခရစ်တော်၏ ကားတိုင်သည် ဇာတိအရာ အားလုံးကို သေစေခြင်းနှင့် မြှုပ်နှံခြင်းကို ဖြစ်စေသည်။ သို့သော် ကျမ်းစာအရ၊ မြှုပ်နှံခြင်းသည် ရှင်ပြန်ထမြောက်ခြင်းကို နောက်မှလိုက်လာစေသည်။ ထိုကြောင့် မြှုပ်နှံခြင်းသည် ရှင်ပြန်ထမြောက်ခြင်း၏ တံခါးခုံဖြစ်သည်။ ယော၊၁၂း၂၄အရ၊ ဂျုံစပါးစေ့သည် မြေသို့ကျသောအခါ၊ သေ၍ မြှုပ်နှံခြင်းခံရသည်။ သို့သော် ဤအရာသည် အဆုံးမဟုတ်ပါ။ မြှုပ်နှံခြင်းပြီးနောက်၊ တစ်စုံတစ်ရာသည် ရှင်ပြန်ထမြောက်ခြင်း၌ ထွက်ပေါ် လာမည်ဖြစ်သည်။

မောရှေသည် ကြံ့ခိုင်သောဇရိုက်လက္ခဏာရှိခြင်းနှင့် ဇာတိဆိုင်ရာစေ့စပ်ထုံးဖွဲ့ခြင်း၌ သူသည် နေဟမိထက်သာ၍ပင် တက်ကြွထက်သန်သူဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်သည်။ အသက်လေးဆယ်၌ မောရှေသည် ဖါရောဘုရင်၏လက်မှ အစ္စရေးတို့ကို ကယ်ထုတ်ရန် တက်ကြွထက်သန်စွာသူ့အလိုဆန္ဒအတိုင်းလုပ်ဆောင်ခဲ့သည်၊ သို့သော် ဘုရားသခင်သည် သူ့ကို ကန့်သတ်ရန်၊ ကျဆင်းစေခြင်းနှင့် စိတ်ပျက်စေခြင်းကို ဖြစ်စေရန်ကြွလာခဲ့သည်။ ထို့နောက် မောရှေသည် အနှစ်လေးဆယ်တောထဲ၌ မြှုပ်နှံခြင်းကို ခံခဲ့ရသည်။ နောက်ဆုံးတွင် ရှင်ပြန်ထမြောက်တော်မူသောဘုရားသခင်သည် မောရှေကို ရှင်ပြန်ထမြောက်စေရန် ကြွလာခဲ့သည်(ထွက်၊၃း၂–၆)။ (*Life-study of Nehemiah*, p.13)

*ပို၍ဖတ်ရန်-* *Life-study of Nehemiah*, msgs. 1-2; *Messages in Preparation for the Spread of Gospel*, ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** –––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဖိ၊ ထိုသခင်ကိုလည်းကောင်း၊ ကိုယ်တော်၏ထမြောက်ခြင်းတန်ခိုး**
**၃း၁၀–၁၁ တော်ကိုလည်းကောင်း၊ ကိုယ်တော်၏ဆင်းရဲဒုက္ခခံခြင်းကို မိတ်**
**သဟာယဖွဲ့ခြင်းကိုလည်းကောင်း၊ သိကျွမ်းခြင်းငှါ၊ ကိုယ်တော်၏**
**အသေခံတော်မူခြင်းသို့ သဏ္ဌာန်တူ၍၊ သေခြင်းမှ သာ၍မြတ်သော**
**ထမြောက်ခြင်းအခွင့်ကို ငါရနိုင်ကောင်း၏။**

ဇာတိစွမ်းဆောင်နိုင်စွမ်းနှင့် အစွမ်းသတ္တိကို ဆက်ဆံဖြေရှင်းပြီးနောက်တွင် ၎င်းသည် အချည်းနှီး ဖြစ်မသွားပါ။ ကားတိုင်အားဖြင့် ချိုးဖွဲ့ခံခြင်းနှင့် အသေခံခြင်းသည် နောက်ဆုံးအဆင့် မဟုတ်ပါ။ စစ်မှန်သောကားတိုင်၏ အသေခံခြင်းသည် အမြဲရှင်ပြန်ထမြောက်ခြင်းကို ဖြစ်ပေါ်စေသည်။ နာဇရက်လူယေရှုသည် ကားတိုင်ပေါ်တွင် အသေခံသည်၊ သို့သော် ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်းခံရသည်။ က၊၃၅ ပြီးနောက်တွင်၊ ယာကုပ်သည် လုံးလုံးဆက်ဆံဖြေရှင်းခြင်းခံရ၍ အဆုံးတိုင်ခဲ့သည်၊ သို့သော် ကြီးရင့်သောအစ္စရေးသည် မွေးဖွားလာခဲ့သည်။ ထို့ကြောင့် ကားတိုင်၏ဆက်ဆံဖြေရှင်းခြင်းသည် အမြဲတစေ ရှင်ပြန်ထမြောက်ခြင်းကို ပေါ်ထွက်လာစေသည်။ တစ်ဦးတစ်ယောက်၏စွမ်းဆောင်ရည်သည် ကားတိုင်အားဖြင့် ပို၍ဆက်ဆံဖြေရှင်းခြင်းခံရလေလေ၊ စွမ်းဆောင်နိုင်သောသူ ဖြစ်လာလေလေ ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ အသိပညာသည် ကားတိုင်အားဖြင့် ဖြေရှင်းခံရလေလေ၊ ပို၍အသိဉာဏ်ကြွယ်သူဖြစ်လာလေလေ ဖြစ်သည်။ ထို့အပြင် ဤစွမ်းဆောင်ရည်နှင့် အသိဉာဏ်သည် ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ (*The Experience of Life*, pp. 248-249)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းစွမ်းရည်မှ ဇာတိစွမ်းရည်ကို မည်သို့ခွဲခြားသိမြင်နိုင်မည်နည်း။ ကျွန်ုပ်တို့သည် မွေးရာပါစွမ်းရည်နှင့် ချိုးဖွဲ့ခြင်းခံရပြီးသော စွမ်းရည်ကို မည်သို့ပြောဆိုနိုင်မည်နည်း။ ၎င်းတို့ကို အချက်ခုနစ်ချက်နှင့် နှိုင်းယှဉ်ပြသနိုင်သည်။ ကျွန်ုပ်တို့သည် ပထမဦးဆုံး ဇာတိစွမ်းရည်ကို ကြည့်ကြမည်။

ပထမဆုံး ဇာတိစွမ်းရည်သည် အတ္တဖြစ်ပြီး၊ ၎င်း၏ အကြံအစည်များနှင့် ပရိယာယ်များအားလုံးသည် အတ္တအတွက်သာဖြစ်သည်။ ဒုတိယမှာ ဇာတိစွမ်းရည်အားလုံးသည် အသွေးအသားနှင့် စိတ်ဒေါသ၏ သဘောသဘာဝနှင့်သာ ရောနှောပေါင်းစည်းနေ

သည်။ ထို့ကြောင့် သဘောကျနှစ်သက်မှုမရှိသောအခါ၊ တုံ့ပြန်မှုတစ်စုံတစ်ရာ ဖြစ်ပေါ် လာသည်။ တတိယမှာ ဇာတိစွမ်းရည်အားလုံးတွင် ကျွမ်းကျင်စွာလုပ်နိုင်မှုနှင့် ကိုယ်တိုင် လုပ်ဆောင်နိုင်မှုတို့ ပါဝင်သည်။ စတုတ္ထမှာ ဇာတိစွမ်းရည်အားလုံးတွင် မာနထောင်လွှား ခြင်း ပါဝင်လာပြီး၊ ငါလုပ်ဆောင်နိုင်ခြင်းဖြစ်လာကာ၊ ဝါကြွားခြင်းနှင့် ကိုယ်ဘုန်းထင် ရှားခြင်း ဖြစ်လာသည်။ ပဉ္စမမှာ ဇာတိစွမ်းရည်အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော် ၏ ထိန်းချုပ်မှုအောက်တွင်မရှိဘဲ၊ တစ်ခုခုကို အလွန်အမင်းရဲတင်းစွာလုပ်ဆောင်လာ သည်။ ဆဋ္ဌမမှာ ဇာတိစွမ်းရည်အားလုံးသည် ဘုရားသခင်၏ အလိုတော်ကို အလေး မထားဘဲ၊ အတ္တအလိုအတိုင်းသာ လုံးလုံးလုပ်ဆောင်သည်။ သတ္တမမှာ ဇာတိစွမ်းရည် အားလုံးသည် ဘုရားသခင်အပေါ် မှီခိုခြင်းကင်းကာ၊ ဘုရားအပေါ် မှီခို၍လည်း လုပ် ဆောင်ခြင်းမရှိဘဲ၊ အတ္တအပေါ် သာလုံးလုံးမှီခိုခြင်းဖြစ်သည်။

ရှင်ပြန်ထမြောက်သောစွမ်းရည်သည် ၎င်းတို့နှင့် အမှန်ပင်ဆန့်ကျင်ဘက်ဖြစ် သည်။ ပထမမှာ ချိုးဖဲ့ခံ၍ ရှင်ပြန်ထမြောက်ခြင်းရှိသော စွမ်းရည်အားလုံးသည် အတ္တမရှိ၊ အတ္တ၏ ဒြပ်သဘောသဘာဝလည်းလုံးလုံး မပါရှိပါ။ ဒုတိယမှာ ရှင်ပြန်ထမြောက်သော စွမ်းဆောင်ရည်အားလုံးသည် အသေးအသားကို ရှောင်ရှားသည်။ တတိယမှာ ရှင်ပြန်ထ မြောက်သောစွမ်းဆောင်ရည်သည် အကြံအစည်မထားပါ။ စတုတ္တမှာ ရှင်ပြန်ထမြောက် သောစွမ်းဆောင်ရည်သည် မာနထောင်လွှားခြင်းမရှိ၊ ကိုယ်တိုင်၌ ဝါကြွားခြင်းမရှိပါ။ ပဉ္စမမှာ ရှင်ပြန်ထမြောက်သောစွမ်းဆောင်ရည်သည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းချုပ်ခြင်းအောက်တွင် ရှိပြီး၊ ကိုယ့်အလိုဆန္ဒအတိုင်း လုပ်ဆောင်မရဲပါ။ ဆဋ္ဌမမှာ ရှင်ပြန်ထမြောက်သောစွမ်းဆောင်ရည်သည် ဘုရားသခင်၏ အလိုတော်အတွက် ဖြစ် သည်။ သတ္တမမှာ ရှင်ပြန်ထမြောက်သောစွမ်းဆောင်ရည်သည် ဘုရားသခင်အပေါ် မှီခို မှုရှိပြီး၊ အမှန်တကယ်စွမ်းဆောင်နိုင်သည့် စွမ်းရည်ရှိသော်ငြားလည်း၊ အတ္တအလိုအ တိုင်း မလုပ်ဆောင်ရဲပါ။ (*The Experience of Life*, p. 249)

ကားတိုင်၏ လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ အတ္တကို အဆုံးသတ်စေသည့်အ တွက် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်ကို တွေ့ကြုံခံစားနိုင်ခြင်းဖြစ် သည်။ ကားတိုင်၏ တွေ့ကြုံခံစားမှုသည် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားကို မွေ့လျော် ဝမ်းမြောက်ခြင်းမှ ထွက်ပေါ် လာသည်။ ထိုတွေ့ကြုံခံစားခြင်းသည် အမှုတော်ကို ထုတ် လုပ်၍ ပေါင်းဖွဲ့စေသည် (၂ကော၊၁း၄–၆)။ ဤတွေ့ကြုံခံစားခြင်းကို ၄း၇–၁၂၌ နောက်ထပ် ဖေါ်ပြထားသည်။ ပေါလု၏ စကားက ကျွန်ုပ်တို့အား အဆုံးသတ်ခြင်းခံဖို့ လိုကြောင်း ဖေါ်ပြထားသည်။ ကျွန်ုပ်တို့သည် အဆုံးသတ်ခြင်းခံဖို့ လိုသည်။ ထိုနောက်

ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ယုံကြည်ကိုးစားခြင်းမရှိဘဲ၊ ဘုရားသခင်၌ ယုံကြည်ကိုးစားခြင်းကို သင်ယူရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို မကိုးစားဘဲ၊ ဘုရားသခင်၌ ယုံကြည်ကိုးစားဖို့လိုကြောင်း ပြောဆိုရန်မှာ လွယ်ကူသော်လည်း၊ ဤအကြောင်းအရာကို ကျော်ဖြတ်ဖို့ရန် တစ်စုံတစ်ရာအတိုင်းအတာကို တွေ့ကြုံခံစားဖို့ လိုသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ အဆုံးသတ်ရန်အတွက် ကားတိုင်အားဖြင့် လုပ်ဆောင်နေသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အဆုံးသတ်ရန်အပြင်၊ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာဖြစ်ခြင်း၊ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာအောင်မြင်ခြင်းကိုလည်း အဆုံးသတ်ရန် လုပ်ဆောင်နေသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာအောင်မြင်ခြင်း၌ ကျွန်ုပ်တို့များစွာကိုးစားနေခဲ့သော်၊ ၎င်းကိုလည်းအဆုံးသတ်ရမည်ဖြစ်သည်။ (*CWWL, 1967*, vol. 2, p. 139)

ရှင်ပြန်ထမြောက်ခြင်းသို့ ရောက်ရှိကြောင်းကို ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် တဖြည်းဖြည်းနှင့် ဆက်လက်၍ ရှင်ပြန်ထမြောက်ခြင်း၌ ရှိနေခြင်းဖြင့် ဖေါ်ပြနေသည်။ ဘုရားသခင်သည် ပထမဆုံး ကျွန်ုပ်တို့၏ သေနေသောဝိညာဉ်ကို ရှင်ပြန်ထမြောက်စေသည်(ဧ၊ ၂း၅–၆)။ ထိုနောက် ကျွန်ုပ်တို့၏ ဝိညာဉ်မှ ကိုယ်တော်သည်ဆက်လက်၍ ကျွန်ုပ်တို့၏ စိတ်(ရော၊၈း၆)၊ ကျွန်ုပ်တို့၏ သေတတ်သောကိုယ်ခန္ဓာ(ရော၊၈း၁၁)ကို ရှင်ပြန်ထမြောက်ရန် လုပ်ဆောင်ခြင်းဖြင့်၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံး– ဝိညာဉ်၊ စိတ်နှင့် ခန္ဓာတိုင်အောင် ကိုယ်တော်၏ အသက်အားဖြင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအဟောင်းကို အပြည့်အဝရှင်ပြန်ထမြောက်စေမည်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ ဆုလာဘ်ဖြစ်သောရှင်ပြန်ထမြောက်ခြင်းရောက်သည့်တိုင် ပြေးရမည့် ပြေးပွဲနှင့် ဖြတ်ကျော်ရမည့် အသက်ဖြစ်စဉ်ဖြစ်သည်။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ၏ ပန်းတိုင်နှင့် လမ်းဆုံးပန်းတိုင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤပန်းတိုင်သို့ အသေခံခြင်းအသက်တာကို အသက်ရှင်ခြင်းဖြင့်၊ ခရစ်တော်၏ အသေခံခြင်းသို့ ပုံသဏ္ဍာန်တူလာမှသာ ရောက်နိုင်မည်ဖြစ်သည်။ ခရစ်တော်၏ အသေခံခြင်း၌ ကျွန်ုပ်တို့သည် ဖန်ဆင်းခြင်းအဟောင်းမှ အသစ်သို့ ရှင်ပြန်ထမြောက်ခြင်း၌ ဆက်လက်သွားရမည်ဖြစ်သည်။ (Phil. 3;11, footnote 2)

*ပို၍ဖတ်ရန်-* *The Experience of Life*, ch. 11; *CWWL, 1967*, vol. 2, "An Autobiography of a Person in tHe Spirit", pp. 135-142

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ဝါအမှန်အကန်ဆိုသည်ကား၊ မြေ၌ကျသောစပါးစေ့သည် မ**
**၁၂း၂၄–၂၅ ပျက်လျှင် တစ်ခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော**
**အသီးကို သီးတတ်၏။ မိမိစိတ်–အသက်ကို ချစ်သောသူသည်**
**အသက်ဆုံးလိမ့်မည်။ ဤလောက၌ မိမိစိတ်–အသက်ကိုမုန်း**
**သောသူမူကား၊ ထာဝရအသက်ကို စောင့်ရှောက်လျက်နေ၏။**

ကျမ်းစာသည် လွန်စွာလေးနက်ပြီး၊ ၎င်း၌ဖော်ပြထားသောအကြောင်းအရာများစွာသည် နက်နဲလှသည်။ ဟိရံအတွက် နဿလိအမျိုးဖြစ်ဖို့ရန် မည်သည့်အကြောင်းမျှမရှိဟု ထင်မြင်ရသော်လည်း၊ ၁ဘုရင်၊၇း၁၃–၁၄၌ သူသည် ထိုအမျိုးဖြစ်ကြောင်း ရှင်းလင်းစွာပြောဆိုထားသည်။ ကျွန်ုပ်တို့သည် ဒန်အမျိုး၊ တုရုအမျိုးနှင့် နဿလိအမျိုး၏ ပုံဆောင်ချက်ကို ဆင်ခြင်မည်ဆိုလျှင်၊ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ကြမည်ဖြစ်သည်။ ဒန်သည် ဘုရားသခင်၏ပြိုင်ပွဲ၌ မြင်းကိုကိုက်သော မြွေ၏လူမျိုးဖြစ်ပြီး(က၊၄၉း၁၇)၊ ကုန်သွယ်မှုဖြင့်ပြည့်နေသော တုရုသည် စာတန်နှင့် ဆက်နွယ်သောအမျိုးဖြစ်သည် (ယေဇ၊၂၈း၁၂၊ ၁၆)။ စာတန်၏ အမျိုးမိန်းမမှ မွေးဖွားသောလူနှင့် စာတန်နှင့်သက်ဆိုင်သည့်လူသည် နောက်ဆုံးတွင် နဿလိအမျိုး၏ လူဖြစ်လာခြင်းမှာ မည်မျှအံ့သြဖွယ်ဖြစ်ပါတကား။ နဿလိသည် ဘုရားသခင်အသုံးပြုသော သပိတ်ပင်ဖြစ်သည် (က၊၄၉း၂၁)။ (*Life-study of Genesis*, p. 1106)

## *ယနေ့ဖတ်စရာ*

ကျမ်းစာအရ၊ သမင်ခြေသည် စိုးရိမ်ဖွယ်ကောင်းသောအခြေအနေ၌ သူသည် ဘုရားကို ကိုးစားသောလူကို ပုံဆောင်ခြင်းဖြစ်သည် (ဟဗ၊၃း၁၇–၁၉)။ သမင်ခြေသည် အသင်းတော်ကို ရရှိရန်အတွက် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်ရန် အသေခံဒုက္ခခံစားခြင်းကို ဖြတ်ကျော်ခဲ့သော ခရစ်တော်ကိုလည်း ပုံဆောင်သည် (ဟေဗြဲ၊ ၂း၁၁–၁၂)။ ထို့ကြောင့် သမင်သည် တောင်ထိပ်ပေါ်တွင်လျှောက်၍ ဘုရားသခင်၌ ယုံကြည်ကိုးစားသောသူနှင့် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ရှင်ပြန်ထမြောက်တော်မူသောခရစ်တော်ကို အသက်ရှင်သောသူအား ပုံဆောင်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားခြင်းခံရသော အသက်၌ နက်နဲအံ့သြဖွယ်ဒြပ်သဘောသဘာဝရှိသည်။ ကျွန်ုပ်တို့သည် ဒန်အမျိုးနွယ်မိခင်နှင့် တုရုအမျိုးနွယ်ဖခင်မှ

မွေးဖွားခံရသည်မှာ မှန်ပေသည်၊ သို့သော် ကျွန်ုပ်တို့သည် အခြားလူဖြစ်လာရန် အသစ်တစ်ဖန်မွေးဖွားခြင်းကို ခံရသူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ လူငယ်များပင်လျှင် သူတို့၌ တစ်စုံတစ်ရာနက်နဲခြင်းအရာများ ဖြစ်ပေါ် ကြောင်း သက်သေခံနိုင်ကြသည်။ ဤနည်းကို သင်ပို၍လျှောက်လေလေ၊ ပို၍နက်နဲရာများဖြစ်လာလေလေ ဖြစ်ပေမည်။ (*Life-study of Genesis*, pp. 1106-1107)

ကျွန်ုပ်တို့၏ ဇာတိစွမ်းအား၊ စွမ်းဆောင်နိုင်မှု၊ ကောင်းမြတ်ခြင်းများကို အသေမခံပါက၊ ၎င်းတို့သည် ကြီးမားသောပြဿနာနှင့် ကြီးမားသောအမှား၏ ဇစ်မြစ် ဖြစ်လာလိမ့်မည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ ဇာတိစွမ်းအား၊ စွမ်းဆောင်နိုင်မှု၊ ကောင်းမြတ်ခြင်းများကို ကားတိုင်တွင်အသေခံခြင်းကို အခွင့်ပေးပါက၊ ကျွန်ုပ်တို့ကို ရှင်ပြန်ထမြောက်စေလိမ့်မည်ဖြစ်သည်။ ထိုနောက် ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့၏ ဇာတိစွမ်းအား၊ စွမ်းဆောင်နိုင်မှု၊ ကောင်းမြတ်ခြင်းများသည် ဇာတိအသက်၌ရှိခြင်းထက် အဆများစွာသာ၍ကြီးမားလာလိမ့်မည်ဖြစ်သည်။ ဤအရာများသည် ကျွန်ုပ်တို့၌ရှိနေသေးသော်လည်း၊ အသေခံခြင်းနှင့် မြှုပ်နှံခြင်းကို ဖြတ်ကျော်နေခြင်းဖြင့် ယခု ၎င်းတို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိနေသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ကျွန်ုပ်တို့၏ ဇာတိစွမ်းအား၊ စွမ်းဆောင်နိုင်မှု၊ ကောင်းမြတ်ခြင်းများနှင့်အတူ ကျွန်ုပ်တို့ကိုယ်တိုင်သည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်သွားခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် ဆက်လက်တည်ရှိနေသည်၊ သို့သော် ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်ရည်နှင့်အတူ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ရောက်ရှိသွားခြင်းဖြစ်သည်။

ရှင်ပြန်ထမြောက်ခြင်း၏ စစ်မှန်ခြင်းသည် ဝိညာဉ်တော်ဖြစ်သည်၊ ထိုဝိညာဉ်တော်သည် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းသည် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ကျွန်ုပ်တို့၏ ဇာတိစွမ်းအား၊ စွမ်းဆောင်နိုင်မှု၊ ကောင်းမြတ်ခြင်းများသည် အသေခံခြင်းနှင့် မြှုပ်နှံခြင်းဖြင့် ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားအထဲသို့ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ကူးပြောင်းခြင်းခံဖို့ လိုအပ်သည်။ ကျွန်ုပ်တို့ကိုယ်တိုင်သည် ဇာတိဖြစ်ခြင်း၌ ရှိနေသည်၊ သို့သော် ကျွန်ုပ်တို့ကိုယ်ကို ရှင်ပြန်ထမြောက်ခြင်းဖြစ်တော်မူသော ဘုရားသခင်အထဲသို့ ကူးပြောင်းသွားသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ဝင်ရောက်သွားမည်ဖြစ်သည်။

ဘုရားသခင်သည် ပညာအရည်အချင်းမြင့်မားသောလူများကို လိုအပ်သည်။ ဥပမာ၊ "အဲဂုတ္တုတို့၏ အတတ်ပညာအားလုံးကို တတ်ကျွမ်းသော" မောရှေကဲ့သို့သော

လူမျိုး လိုအပ်သည် (တ၊၇း ၂၂)။ မောရှေသည် ပညာတတ်ပုဂ္ဂိုလ် မဖြစ်ပါက၊ ဘုရားသခင်သည် သူ့အား ပညတ်တရားကို ပေးရန်အသုံးပြုနိုင်မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိအသိပညာနှင့် ပညာရေးကို မကိုးစားသင့်ပါ။ ဤအရာများအပေါ် ကျွန်ုပ်တို့ယုံကြည်ကိုးစားခြင်းသည် အန္တရာယ်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝရှိဖို့လိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်တစ်လုံးတစ်ဝရှိနေပါက၊ ကျွန်ုပ်တို့၏ အသိပညာနှင့် ပညာရေးကို ကားတိုင်ပေါ်တွင် တင်ထားလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့ ဤသို့လုပ်ဆောင်လေလေ၊ ရှင်ပြန်ထမြောက်ခြင်း၌ ပိုရှိလေလေဖြစ်မည်။

မြေကြီးအထဲသို့ ကျွန်ုပ်တို့၏ ဇာတိစွမ်းဆောင်ရည်၏ "မျိုးစေ့" ကို ကြဲခြင်းသည် မည်သို့မျှဆုံးရှုံးသွားမည်မဟုတ်ပါ။ ကျွန်ုပ်တို့ မျိုးစေ့ကြဲသောအခါ၊ ၎င်းသည် ယာယီပျက်စီးမည်ဖြစ်သော်လည်း၊ နောက်ဆုံးတွင် ရှင်ပြန်ထမြောက်ခြင်း၌ ရိတ်သိမ်းရလိမ့်မည်ဖြစ်သည်။

နေဟမိကိုယ်တိုင်၏ ရှင်သန်တက်ကြွမှုသည် ဇာတိဆိုင်ရာဖြစ်သည်၊ သို့သော် ဘုရားသခင်၌ သူ၏ တက်ကြွမှုသည် ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်သည်။ နေဟမိသည် ဘုရားသခင်၊ သန့်ရှင်းသောမြေ၊ သန့်ရှင်းသောဗိမာန်တော်နှင့် သန့်ရှင်းသောမြို့ကို ချစ်သောသူ၊ ဘုရားသခင်နှင့်ဆက်သွယ်၍ ကိုယ်တော်နှင့်မိတ်သဟာယပြုသောသူနှင့် ဘုရားနှင့်တစ်လုံးတစ်ဝရှိသည့် နိုးကြားတက်ကြွသောလူပုဂ္ဂိုလ်ဖြစ်သည်။ ဤသို့ဖြင့် သူသည် ဘုရား၏ကိုယ်စား လုပ်ဆောင်သူဖြစ်လာသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်က ဖော်ပြသောအတွင်းသဘောအတိုင်း ပုံဆောင်ချက်၏ ပင်ကိုမူလရည်ရွယ်ချက်ကို နားလည်ဖို့ရန် ဤအကြောင်းအရာကို ရှင်လင်းဖို့ လိုအပ်သည်။ (*Life-study of Nehemiah*, pp. 14-15)

*ပို၍ဖတ်ရန်-* *Life-study of Genesis*, msgs. 85-86

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

———————————————————————

———————————————————————

———————————————————————

———————————————————————

———————————————————————

———————————————————————

***Hymns,* # E- 837**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

# အသက်၌ ကြီးထွားရန် အရေးတကြီးလိုအပ်ခြင်းနှင့် စိတ်နှလုံးကို ဆက်ဆံဖြေရှင်းခြင်းအားဖြင့် အသက်၌ကြီးထွားခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၊ ၄း၁၃၊ ၁၅–၁၆။ ၁ကော၊ ၃း၆။ မ၊ ၅း၈။ ယော၊ ၁၇း၉။ ဧ၊ ၃း၁၇။

*Day 1*

**I. သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော ကျွန်ုပ်တို့အကြား၌၊ အသက်၌ကြီးထွားရန် အရေးတကြီးလိုအပ်နေသည်။ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားမှု ချို့တဲ့နေပါက၊ ပြန်လည်ရယူခြင်းသည် ဆက်လက်၍ သွားနိုင်ရန်အတွက် နည်းလမ်းမရှိပါ။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ခရစ်ယာန်လောက၏ အခြေအနေသို့ တဖြည်းဖြည်းပြန်လည်ကျဆင်းသွား၍၊ ခရစ်ယာန်လောက၏ဝမ်းနည်းဖွယ်ကောင်းသောသမိုင်းကို ပြန်ကျော့လုပ်ဆောင်ခြင်းဖြစ်လာလိမ့်မည်ဖြစ်သည်(ဧ၊၄း၁၁–၁၆။ မ၊ ၁၃း၃၁–၃၃။ ၂တိ၊ ၃း၁–၄)။**

**II. အသက်နှင့်စပ်လျဉ်း၍ အလွန်အရေးပါသောအရာမှာ ကြီးထွားခြင်းဖြစ်သည်။ (ဧ၊ ၄း၁၃၊ ၁၅–၁၆)။**

*Day 2*

က။ အကယ်၍ကြီးထွားခြင်းမရှိပါက၊ အသက်မရှိခြင်း သို့မဟုတ် တစ်စုံတစ်ခုမှားယွင်းနေကြောင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားလာရန် လိုအပ်သည် (၁ကော၊ ၃း၆။ ၁၄း၂၀။ ၁၆း၁၃)။

ခ။ ဒေသန္တရအသင်းတော်၌ရှိသော သန့်ရှင်းသူများအကြားရှိပြဿနာများကို ဖြေရှင်းရန်အကောင်းဆုံးသောနည်းလမ်းမှာ သူတို့၏အာရုံစူးစိုက်မှုကို အသက်၌ကြီးထွားခြင်းသို့ လှည့်ပြန်စေရန်ဖြစ်သည် (ယော၊၆း၅၇။ ၁ပေ၊ ၂း၂–၃)။

ဂ။ အသက်၌ကြီးထွားခြင်းသည် အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ရာ၌ ပထမဆုံးသော အခြေခံဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသက်၌ကြီးထွားခြင်းကို အလေးထားရမည်ဖြစ်သည်။ (ဧ၊၄း၁၃၊ ၁၅–၁၆)။

**III. အသက်၏ကြီးထွားခြင်းဆိုသည်မှာ အဘယ်အရာဖြစ်သည်ကို ကျွန်ုပ်တို့ သိရှိရန်လိုအပ်သည်။**

က။ အသက်၌ကြီးထွားခြင်းသည် ကျွန်ုပ်တို့ ဘုရားသခင်၏ပြည့်ဝ ပြည့်စုံ

တော်မူခြင်းသို့ ရောက်ရှိသည့်တိုင်အောင်၊ ပြည့်စုံမည့်အကြောင်း၊ ကျွန်ုပ်တို့ထဲ၌ ဘုရားသခင်၏ ဒြပ်သဘောသဘာဝ တိုးပွားလာခြင်း ဖြစ်သည် (၃း၁၉)။

ခ။ အသက်၏ကြီးထွားခြင်းသည် ခရစ်တော်၏ပမာဏအရပ်သို့ ရောက်ရှိသည့်တိုင်အောင် တိုးပွားလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုပို၍ချစ်က၊ ခရစ်တော်နောက်သို့ လိုက်ခြင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့ထဲ၌ အသက်ရှင်ရန်နှင့် ကျွန်ုပ်တို့ကိုရယူရန်အခွင့်ပေးခြင်း ရှိလေလေ၊ ခရစ်တော်၏ပမာဏအရပ်သည် ကျွန်ုပ်တို့အထဲ၌တိုးပွားလာလိမ့်မည်ဖြစ်သည်။ ယင်းမှာ စစ်မှန်သောအသက်၏ ကြီးထွားခြင်းဖြစ်သည် (ဂလ၊ ၂း ၂၀။ ၄း၁၉။ ဧ၊၃း၁၇။ ၄း၁၃)။

ဂ။ အသက်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ အခြေပြုရာ တိုးပွားပျံ့နှံ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းနောက်သို့ လိုက်ခြင်းနှင့် ကျွန်ုပ်တို့အတွင်း၌ဘိသိက်ပေးခြင်းဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၏ သွန်းသင်ခြင်းကို နာခံသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကျယ်ပြန့်စွာဖြင့် ကိုယ်တော်၏ အခြေပြုနေရာကို တိုးချဲ့နိုင်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့အတွင်း ဘုရားအသက်သည် ကြီးမားကျယ်ပြန့်စွာ ကြီးထွားလာမည်ဖြစ်သည် (ရော၊ ၈း၁၁။ ဧ၊၅း၁၈။ ၁ယော၊ ၂း ၂၀၊ ၂၇)။

ဃ။ အသက်၏ကြီးထွားခြင်းသည် လူသားဒြပ်သဘာဝ ဆုတ်ယုတ်သွားခြင်းဖြစ်သည်။ ယင်းမှာ၊ လူ့သားဇာတိ၏ အနှစ်သာရသည် ဆုတ်ယုတ်သွား၍၊ ဘုရားသခင်၏ အနှစ်သာရ တိုးပွားလာခြင်းဖြစ်သည် (မ၊၁၆း ၂၅။ ယော၊၁၂း ၂၅)။

*Day 3*

င။ အသက်၏ကြီးထွားခြင်းသည် ဇာတိအသက်ကို ချိုးဖျက်လိုက်ခြင်းဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုများ၊ စွမ်းရည်နှင့် လုပ်ဆောင်နိုင်စွမ်းတို့ကို ချိုးဖျက်လိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားရန် အလိုဆန္ဒရှိပါက၊ ကျွန်ုပ်တို့၏ ဆုကျေးဇူးများသည် ဘုရားသခင်အားဖြင့် ချွတ်ခွာခြင်းခံရမည်ဖြစ်ပြီး၊ ဘုရားဝတ်၌မွေ့လျော်ခြင်းဖြစ်သော ကျွန်ုပ်တို့၏ အပြင်ပန်းဘာသာတရား

ကိုင်းရှိုင်းခြင်းသည် ဘုရားသခင်အားဖြင့် ချိုးဖျက်ခြင်းခံရမည်ဖြစ်သည် (၂ကော၊ ၄း၁၆–၁၇)။

စ။ အသက်၏ကြီးထွားခြင်းသည် စိတ်၏အစိတ်အပိုင်းအားလုံးကို သိမ်းပိုက်ရယူခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်သည် သိမ်းပိုက်ခြင်းခံရလေလေ၊ အသက်ကြီးထွားလာလေလေဖြစ်ပြီး၊ ကျွန်ုပ်တို့၏စိတ်သည် ဆုတ်ယုတ်လာလေလေ၊ အသက်တိုးပွားလာလေလေဖြစ်သည် (ယော၊၁၂း၂၄–၂၅)။

**IV. မှန်ကန်သောအသက်၌ ကြီးထွားခြင်းသည် သခင်ဘုရားနှင့် တစ်ဦးချင်းတိုက်ရိုက်ဆက်သွယ်ခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည် (၂ကော၊၃း၁၈)။**

က။ အသက်၏ကြီးထွားခြင်းသည် ကိုယ်တော်၏ရှင်သန်သော အလင်းထွန်းလင်းပေးခြင်းနှင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းအတွင်းပိုင်းရှိ အရာများကို တိုက်ရိုက်ညွှန်ပြပေးခြင်းအားဖြင့်ဖြစ်သည် (၁ယော၊ ၁း၅)။

၁။ ထိုနောက် ကိုယ်တော်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကိုယ်တော့်ကို ချစ်ပါသည်။ သခင်ဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်၏ အလင်းထွန်းလင်းခြင်းအတိုင်း ကိုယ်တော့်ကို ယူဆောင်ပါသည်။ ကျွန်ုပ်သည် ကိုယ်တော်၏လက်ရှိ၊ မျက်မှောက်ထွန်းလင်းပေးခြင်းအတိုင်း ကိုယ်တော့်ကို ယူဆောင်ပါသည်"ဟု တုန့်ပြန်လိမ့်မည်ဖြစ်သည်။

၂။ ဤကဲ့သို့သော ဆုတောင်းခြင်းသည် အသက်၌ကြီးထွားခြင်းကိုဖြစ်စေ၍၊ ကျွန်ုပ်တို့သည် အသက်ကြီးထွားခြင်း၌ ကြီးစွာသောခြေလှမ်းကို လှမ်းလိမ့်မည်ဖြစ်သည် (၁ကော၊၃း၆။ ၉၊ ၄း၁၅)။

ခ။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားထံတော်သို့ သွားကာ၊ အသက်၌ကြီးထွားခြင်းနှင့် စပ်လျဉ်း၍ တိတိကျကျနှင့် ရည်ရွယ်ချက်ရှိရှိဖြင့် ကိုယ်တော်နှင့် တိုက်ရိုက်ဆက်သွယ်ခြင်းရှိရန် လိုအပ်သည်။ ဤကဲ့သို့ လုပ်ဆောင်မည်ဆိုပါက၊ ကျွန်ုပ်တို့ထဲ၌ရှိသော တစ်စုံတစ်ခုသည် အသေသတ်ခြင်းနှင့် ဖယ်ရှားခြင်းခံရပြီး၊ အသက်၏ကြီးထွားခြင်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည် (ဆာ၊၃၆း၉)။

*Day 4*

## V. စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်၌ကြီးထွားလာသည် (မ၊ ၅း၈။ ယာ၊ ၄း၈။ ဧ၊ ၃း၁၇)။

က။ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ခရစ်တော်ကို လက်ခံရရှိပြီးနောက်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဖြူစင်ခြင်းရှိရန်လိုအပ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ခရစ်တော်ကြီးထွားရာနေရာနှင့် ပျံ့နှံ့ရာနယ်မြေဖြစ်သောကြောင့်ဖြစ်သည် (၁ကော၊ ၆း၁၇။ မ၊ ၅း၃၊ ၈)။

၁။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကြီးထွားရန်နှင့်ပျံ့နှံ့ရန် အလို့ငှါ၊ ကျွန်ုပ်တို့၏ ဝိညာဉ်၌ စိုက်ပျိုးခြင်းခံခဲ့သည်။ အသက်၏ ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ခရစ်တော်၏ ပျံ့နှံ့ခြင်းဖြစ်သည် (ဧ၊ ၃း၁၇)။

၂။ ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကိုယ်တော်၏ အိမ်တော်ဆောက်လုပ်ရန်နှင့် ကျွန်ုပ်တို့၏ အတွင်းပိုင်းဖြစ်ခြင်းအားလုံးကိုပိုင်ဆိုင်ရန် အလိုဆန္ဒရှိသည် (အငယ်၊ ၁၇)။

၃။ ယုံကြည်သူအများ၏ ကြီးထွားမှုကို ကန့်သတ်သော ပြဿနာမှာ သူတို့၏ စိတ်နှလုံး၌ ဖြစ်သည် (မ၊ ၆း ၂၁။ ၁၂း၃၄–၃၅။ ၁၃း ၁၅။ ၁၅း၈။ ၂၂း၃၇)။

*Day 5*

၄။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ပြဿနာတစ်ခုခုရှိခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် မှားယွင်းနေသည်ဆိုပါက၊ သခင်ဘုရားသည် ကျွန်ုပ်တို့ထဲ၌ ပျံ့နှံ့ရန်အတွက်နည်းလမ်းရှိမည်မဟုတ်ပါ (၁၅း၈)။

က။ မဿဲ၊ ၁၃း၃–၈နှင့် ၁၈–၂၃ ရှိ မျိုးစေ့ကြဲသောသူ ပုံဥပမာ၌ သခင်ဘုရားသည် ပထမ စိတ်နှလုံးအမျိုးအစားသုံးမျိုး၌ မျိုးစေ့မကြီးထွားနိုင်ကြောင်းကို ရှင်းလင်းဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၌မျိုးစေ့ကြီးထွားရန်နှင့် ပျံ့နှံ့နိုင်ရန်အတွက် အခန်းမရှိသောကြောင့်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ရိုးသားမှန်ကန်ခြင်းရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ သခင်ဘုရားကို ကန့်သတ်ထားသောအခန်းရှိနေကြောင်းကို ဝန်ခံလိမ့်မည်ဖြစ်သည်။

ဂ။ အသက်၏မျိုးစေ့တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကြီးထွားလာရန်မှာ ကျွန်ုပ်တို့သည် ဖြူစင်၍၊ ဗလာဖြစ်သော စိတ်နှလုံး၊ ခရစ်တော်အား စိတ်နှလုံး၏ အစိတ်အပိုင်းအားလုံးကို ပေးထားသောစိတ်နှလုံးရှိရန်လိုအပ်သည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲ၌ ပြန့်နှံ့နိုင်မည်ဖြစ်သည်။ ကိုယ်တော်၏ ပျံ့နှံ့ခြင်းသည် အသက်၌ ကြီးထွားခြင်းဖြစ်သည်။

ခ။ "စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို စင်ကြယ်စေကြလော့" (ယာ၊၄း၈)။

၁။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို စင်ကြယ်စေရန်မှာ ကျွန်ုပ်တို့၏ စိတ်နှလုံးကို တစ်သံတစ်တသမတ်တည်းဖြစ်စေခြင်း၊ ပန်းတိုင်တစ်ခုတည်းရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ပန်းတိုင်တစ်ခုထက် ပို၍ရှိပါက၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဖြူစင်ခြင်းမရှိဘဲ၊ စိတ်နှစ်ခွရှိသောသူဖြစ်သည် (မ၊၅း၈)။

၂။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် တစ်ခုတည်းနှင့် ဖြူစင်ခြင်းရှိရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် အတုမရှိသောပန်းတိုင်– ဘုရားကိုယ်တော်တိုင်သာရှိရန်လိုအပ်သည် (အငယ်၊၈။ မာ၊၁၂း၃၀)။

Day 6

၃။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို စင်ကြယ်စေရန် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို လိုအပ်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို စဉ်ဆက်မပြတ် ဆက်ဆံဖြေရှင်းနိုင်ရန်အတွက် ကျွန်ုပ်တို့သည် သခင်ဘုရား၏ ကျေးဇူးတော်ကို လက်ခံရရှိရန် လိုအပ်သည် (ဟေဗြဲ၊ ၁၃း၉။ ၁ကော၊၁၅း၁၀)။

၄။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စိတ်နှလုံး၏ အခြေအနေကို သိမြင်၍၊ ဆက်ဆံဖြေရှင်းရန် လိုအပ်သည်။ သို့မှသာ သခင်ဘုရားသည် ကျွန်ုပ်တို့အထဲ၌ ပြန့်နှံ့နိုင်ရန်အတွက် နည်းလမ်းရှိနိုင်မည်ဖြစ်သည် (မ၊၆း၂၁။ ၁၅း၈)။

ဂ။ ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းခြင်းသည် သခင်ဘုရား၏ ထွန်းလင်းပေးခြင်းအတိုင်းဖြစ်၍၊ ကိုယ်တော်၏ ထွန်းလင်းပေးခြင်းသည် တဖြည်းဖြည်းနှင့် ဖြစ်ပွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဆက်ဆံ

ဖြေရှင်းသည့်အရာများကို အလင်းသို့ယူဆောင်သည်နှင့်အမျှ ကိုယ်တော်၏ထွန်းလင်းခြင်းသည်အဆင့်ဆင့်အရှိန်အဟုန်မြင့်တင်နေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးသည် အချိန်တိုင်း၌ အကုန်အစင် စစ်ကြောပေးခြင်းနှင့် စင်ကြယ်ပေးခြင်းခံရသည် (၂ကော၊၄း၆။ ၁ယော၊၁း၅။ ဗျာ၊၄း၅)။

ဃ။ "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း" (ယေ၊၁၇း၉)။

၁။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် စဉ်းလဲသောသဘောရှိသောကြောင့် စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းရန် ခက်ခဲလှသည်။

၂။ ကျွန်ုပ်တို့စိတ်နှလုံး စဉ်းလဲသောသဘော၏ အပိုင်းသည် မိမိကိုယ်ကိုချစ်ခြင်း၊ မိမိကိုယ်ကို သနားခြင်းတို့၌ ကြီးမားထင်ရှားလာသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုချစ်၍၊ မိမိကိုယ်ကို အလွန်ပင် သနားတတ်သောကြောင့် ကျွန်ုပ်တို့အထဲ၌ ပြန့်နှံ့ရန် သခင်ဘုရားအတွက် ခက်ခဲလှသည် (၂တိ၊၃း၂)။

၃။ သခင်ဘုရားသည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ အချိန်ကြာမြင့်စွာရှိနေခဲ့ပြီးဖြစ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့၏စိတ်နှလုံးသည် ရှုတ်ယှက်ခတ်ခြင်း၊ ရောထွေးခြင်း၊ ရှုပ်ထွေးခြင်းနှင့် စဉ်းလဲခြင်းရှိသောကြောင့် ကျွန်ုပ်တို့၏ဝိညာဉ်မှ စိတ်နှလုံးသို့ ပျံ့နှံ့ရန်အတွက် ကိုယ်တော်၌ အခွင့်မရှိနိုင်ပါ (၄း၂၂။ ယေ၊၁၇း၉။ ဧ၊၃း၁၇)။

င။ စစ်မှန်သော အသက်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ကြီးထွားခြင်းမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့အထဲ၌ ခရစ်တော်၏ကြီးထွားခြင်းဖြစ်သည် (ကော၊၂း၁၉)။

၁။ ထိုကဲ့သို့သောကြီးထွားခြင်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးပေါ်တွင် မူတည်သောကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက်ဆံဖြေရှင်းရန် လိုအပ်သည်။ သို့မှသာ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကြီးထွားရန် နည်းလမ်းရှိနိုင်မည်ဖြစ်သည် (ယာ၊၄း၈။ မ၊၅း၈။ ဧ၊၃း၁၇)။

၂။ အသက်ပေးသောဝိညာဉ်တော်ဖြစ်သော သခင်ဘုရားသည်

ကျွန်ုပ်တို့၏ ဝိညာဉ်ထဲ၌ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲ၌ သူကိုယ်တော်တိုင်ကို ပြန့်နှံ့ရန်အတွက် အခွင့်အရေးကို ကျွန်ုပ်တို့၏ ဝိညာဉ်၌စောင့်ဆိုင်းနေသည် (ယော၊၃း၆။ ၁ကော၊၆း၁၇။ ဧ၊၃း၁၇။ ၁သက်၊ ၃း၁၃)။

၃။ ဤပျံ့နှံ့နေခြင်းသည် ကျွန်ုပ်တို့၌ကိုယ်တော်၏ ကြီးထွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ကိုယ်တော်၏ ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ စစ်မှန်သော အသက်၌ကြီးထွားခြင်းဖြစ်သည် (ကော၊ ၂း၁၉။ ဧ၊ ၄း၁၅)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ၄း၁၃** **ငါတို့ရှိသမျှသည် . . . ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းပမာဏအရပ် တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ ရောက်ကြသည့်တိုင်အောင် ဖြစ်သတည်း။**

**၁၅–၁၆** **. . .ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း။ ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်း တိုင်း၏ကြွယ်ဝသောအားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီးကိုယ်ငန်းကိုယ် တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကိုမေတ္တာ၌ တည်ဆောက်ခြင်း ငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။**

ကိုယ်တော်၏ပြန်လည်ရယူခြင်းအတွက် ကျွန်ုပ်တို့အားလုံးသည် စိတ်နှလုံးရှိ သည့်အတွက် သခင်ဘုရားကို ကျေးဇူးတင်ပါသည်။ အနည်းဆုံး အချို့သောအတိုင်း အတာအထိ ဤမြေကြီးပေါ်တွင် ဘုရားသခင်၏လှုပ်ရှားခြင်းအတွက် ကျွန်ုပ်တို့အား လုံးသည် သခင်ဘုရားနှင့်အတူလုပ်ဆောင်နေကြသည်။ သို့သော်လည်း ကျွန်ုပ်၌ကြီး မားသော မေးခွန်းတစ်ခုရှိသည်။ သင်၌ အသက်၏ကြီးထွားမှု မည်မျှရရှိပြီးပြီနည်း။

ထို့ပြင်၊ ကျွန်ုပ်တို့အကြား၌ရှိ အများစုသည် ကျွန်ုပ်တို့လုပ်ဆောင်သင့်သော လုပ်ငန်းတာဝန်ကိုမလုပ်ဆောင်ကြပါ။ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားခြင်း လျော့နည်းနေခြင်းနှင့် မှန်ကန်စွာလုပ်ဆောင်ခြင်း လျော့နည်းနေသည်ဆိုပါက၊ သခင် ဘုရား၏ပြန်လည်ရယူခြင်းသည် မည်သို့ရှေ့ဆက်နိုင်မည်နည်း။ နောက်ဆုံးတွင် ကျွန်ုပ် တို့သည် ခရစ်ယာန်လောက၏ အခြေအနေအထဲသို့ပြန်ကျဆင်းသွားမည်ဖြစ်သည်။ ထို အခါ၊ ကျွန်ုပ်တို့သည် ဝမ်းနည်းဖွယ်ကောင်းသော ခရစ်ယာန်လောကသမိုင်းကို ပြန်လည် လုပ်ဆောင်သောသူဖြစ်လာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဤသည်မှာ အရေးကြီးသော အကြောင်းအရာဖြစ်သည်။ (*Perfecting Training*, p. 11).

## ယနေ့ဖတ်စရာ

အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်း၌ ပထမဦးဆုံး အလေး ထားရမည့်အရာမှာ အသက်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အခြားသူများက သူတို့၏ နေရာတွင် မည်သည့်အရာ မှားယွင်းနေကြောင်းကို ပြောပြစေရန် ကျွန်ုပ်တို့အားကမ်း

လှမ်းကြသည်။ သို့သော် ကျွန်ုပ်တို့သည် ထိုကဲ့သို့ ဘယ်သောအခါမှ မပြုလုပ်သင့်ပါ။ အကယ်၍ လူတစ်ဦးသည် သေသွားခဲ့သော်၊ သင်သည် ထိုအရာ၌မှားသည် ဤအရာ၌ မှားသည်ဟု သူ့အားပြောနေသည်မှာ၊ မည်သည့်အကျိုးရှိပါသနည်း။ သူသိရှိနိုင်ခဲ့သည် ဆိုသော်လည်း၊ သူသည် ပြောင်းလဲ၍ မရနိုင်တော့ပါ။

သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်အသက်တာ၏ အချို့သော နေရာများ၌စစ်မှန်သော ဒေသန္တရအသင်းတော်ရှိနိုင်သည်။ သို့သော် ထိုနေရာ၌ အသက်၏ လက်တွေ့ကျခြင်းမရှိလျှင်၊ ၎င်းသည် သေသွားလိမ့်မည်ဖြစ်သည်။ ၎င်းသည် သွင်ပြင်တိုင်း၌ မှန်ကောင်းမှန်နေပေလိမ့်မည် သို့သော် ၎င်းသည်သေနေခြင်းဖြစ်သည်။ ရေခဲတိုက်ရှိ သေနေသောကိုယ်ခန္ဓာသည် လူစင်စစ်ဖြစ်သည်။ သို့သော် ၎င်းသည် သေနေသော လူဖြစ်သည်။ ထို့ကြောင့် အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ရာ၌ ပထမ အရေးကြီးသောအရာမှာ အသက်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်၏အကြောင်း အရာ၌ အလွန်အကျွံဖြစ်၍မရနိုင်ပါ။ အခြားအရာများကို လွန်ကဲစွာ အလေးထားနိုင်ပါသည်။ သို့သော်အသက်၏ အကြောင်းအရာသည် ဘယ်သောအခါမှ၊ လွန်ကဲစွာ အလေးပေး၍ မရနိုင်ပါ။ အသက်နှင့်စပ်လျဉ်း၍၊ အလွန်အရေးပါသောအရာမှာ ကြီးထွားခြင်းဖြစ်သည်။ ကြီးထွားခြင်းမရှိပါက၊ အသက်မရှိခြင်း သို့မဟုတ် တစ်စုံတစ်ခုမှားယွင်းနေကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားခြင်းရှိရန် လိုအပ်သည်။

ဒေသန္တရအသင်းတော်ရှိ သန့်ရှင်းသူများအကြားတွင် ပြဿနာများရှိလျှင်၊ ထိုပြဿနာကို ဖြေရှင်းရန်အကောင်းဆုံးသောနည်းလမ်းမှာ သူတို့၏ အာရုံစူးစိုက်မှုကို ကျွေးမွေးခြင်းအကြောင်းအရာနှင့် အသက်၌ကြီးထွားခြင်းအကြောင်းအရာသို့ ပြောင်းလဲပေးရန်ဖြစ်သည်။ ဆေးဆရာဝန်များက အကောင်းဆုံးသော ဆေးဝါးမှာအစားအစာဖြစ်ကြောင်းသိရှိကြသည်။ လူတစ်ဦးသည် မှန်ကန်စွာနှင့် လုံလောက်စွာ စားသုံးခြင်းရှိပါက၊ အစားအစာမှရသော အာဟာရဓာတ်သည် အားနည်းခြင်းများနှင့် ရောဂါပေါင်းစုံကို ကာကွယ်ပေးလိမ့်မည်ဖြစ်သည်။ သန့်ရှင်းသူများသည် သခင်ယေရှုကို မှန်ကန်စွာ စားသုံးသည်ဆိုပါက၊ အချိန်အနည်းငယ်ကြာလာသောအခါ၊ သေခြင်းအားလုံးတို့သည် အသက်ဖြင့် ဝါးမျိုခြင်းခံရလိမ့်မည်ဖြစ်သည်။ ပြဿနာတစ်ခုကို သင်၏ အကွက်ဆင်ကြိုးစားခြင်းဖြင့် ဖြေရှင်းရန်ဘယ်သောအခါမှ မကြိုးစားပါနှင့်။ နိုင်ငံရေးလောက၌ ထိုကဲ့သို့ ကြိုးစားခြင်းမှာ ကောင်းသော်လည်း အသင်းတော်၌ မကောင်းပါ။ အသင်းတော်၌ တစ်ဦးတစ်ယောက်သည် နိုင်ငံရေးကစားလေလေ၊ ပို၍သေလေလေဖြစ်လိမ့်မည်ဖြစ်

သည်။ သူသည် ရှေ့ဦးစွာ သူကိုယ်သူသေစေပြီး၊ နောက်မှ အခြားသောသူများကို သေစေလိမ့်မည်ဖြစ်သည်။ ရိုးသားမှုရှိပါ။ ပွင့်ပွင့်လင်းလင်းရှိပါ။ မှန်ကန်မှုရှိပါ။ ထို့ပြင် နိုင်ငံရေးဘယ်တော့မှ မကစားပါနှင့်။ အလုပ်ဖြစ်စေသောအရာတစ်ခုမှာ အသက်၌ကြီးထွားခြင်းဖြစ်သည်။ လူတို့အား ကြီးထွားခြင်းရှိစေရန် ကူညီပေးခြင်းကို သင်ယူပါ။

ယနေ့ အသင်းတော်အသက်တာကို လက်တွေ့လုပ်ဆောင်ခြင်း၌ အကောင်းဆုံးသောအရာ၊ အရေးကြီးဆုံးသောအရာ၊ ပထမဆုံး ကျွန်ုပ်တို့ဂရုစိုက်မည့်အရာမှာ အသက်၏ အကြောင်းအရာဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိလာခဲ့သည်။ လွန်ခဲ့သောနှစ်ပေါင်းလေးရာ သို့မဟုတ် ငါးရာအတွင်း သွန်သင်ချက်များအားလုံးနီးပါးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း သခင်ဘုရားပြန်လည်ရယူခြင်း၏ သမိုင်းက ပြသနေသည်။ ထို့ပြင် ဆုကျေးဇူးများသည်လည်း အဆုံးစွန်နှင့် ထူးကဲသာလွန်သည့်တိုင် ပြန်လည်ရယူခဲ့ပြီးဖြစ်သည်။ သို့သော်ငြားလည်း အသက်၏ အကြောင်းအရာမှာမူ လုံလောက်စွာပြန်လည်ရယူခဲ့ခြင်းမရှိသေးပါ။ (*The Speciality, Generality, and Practicality of the Church Life,* pp. 47-49, 45)

ကျွန်ုပ်တို့သည် အသက်ကိုပို၍သိရှိနားလည်ရန် အလိုဆန္ဒရှိပါက၊ အသက်၏ကြီးထွားခြင်းသည် မည်သည့်အရာဖြစ်သည်ကိုလည်း သိရမည်ဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မများစွာတို့၏ သခင်ဘုရားထံ ပေးသော စိတ်နှလုံး၏ ချစ်ခြင်းသည် စိတ်အားထက်သန်မှု လိုအပ်နေသည်ဟုပြော၍မရသကဲ့သို့၊ သူတို့ပေးဆပ်သော အဖိုးအခသည်လည်း လုံလောက်ခြင်းမရှိပါဟု စဉ်းစား၍မရနိုင်ပေ။ သို့သော်လည်း သူတို့သည် စစ်မှန်သောအသက်၏ ကြီးထွားခြင်းသည် မည်သည့်အရာဖြစ်သည်ကို မသိရှိကြသေးသောကြောင့် မှားယွင်းသောအမြင်များနှင့် လေ့လာရှာဖွေကြသည်။ ဤအကြောင်းကြောင့် သူတို့ထဲ၌ စစ်မှန်သောအသက်၏ ကြီးထွားခြင်းသည် အမှန်ပင် အကန့်အသတ်ရှိနေသည်။ မည်မျှဝမ်းနည်းဖွယ်ဖြစ်ပါတကား။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသက်လမ်းကြောင်း၌ မှန်ကန်တိကျသောအသိနှင့် မှန်ကန်သောလေ့လာရှာဖွေခြင်းရှိရန်၊ အသက်၏ကြီးထွားခြင်းမှာ မည်သည့်အရာဖြစ်သည်ကို ကျွန်ုပ်တို့မြင်ရန်အတွက် အချိန်အနည်းငယ်ယူရမည်ဖြစ်သည်။ (*The Knowledge of Life,* p. 175)

*ပို၍ဖတ်ရန်-* *PerfectingTraining*,ch. 1;*TheSpeciality,Generality, and Practicality of the Church Life,* ch. 5.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊ ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည် သူ၏**
**၃း၁၇ အိမ်တော်ဆောက်လုပ်မည့်အကြောင်း၊ မေတ္တာ၌ အမြစ်စွဲခြင်းနှင့် အခြေပြုခြင်းရှိမည့်အကြောင်း၊**
**၁၉ ကိုယ့်ဉာဏ်နှင့်မသိနိုင်သော ခရစ်တော်၏မေတ္တာတော်ကို သိခြင်းငှါလည်းကောင်း၊ သင်တို့သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံတော်မူခြင်းသို့ ရောက်ရှိသည့်တိုင်အောင်၊ ပြည့်စုံမည်အကြောင်း၊ ငါသည်ဆုတောင်းလေ့ရှိ၏။**

ဘုရားသခင်၏ဒြပ်သဘောသဘာဝတိုးပွားခြင်းဆိုသည်မှာ ဘုရားကိုယ်တော်တိုင်၏ အရာများသည် ကျွန်ုပ်တို့နှင့်အတူ ပို၍ရောနှောပေါင်းစည်းခြင်းဖြင့် ကျွန်ုပ်တို့၏ဒြပ်သဘာဝဖြစ်လာနိုင်ရန် ကျွန်ုပ်တို့အားဖြင့် လက်ခံရရှိခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောအသက်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ရှိသော ဘုရားအသက်တိုးပွားလာခြင်းဖြစ်သည်။ အသက်သည် ဘုရားကိုယ်တော်တိုင်ဖြစ်သည်။ ကျွန်ုပ်တို့ထဲ၌ အသက်ကြီးထွားလာသောအခါ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၌တိုးပွားလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပြည့်ဝပြည့်စုံတော်မူခြင်းသို့ ရောက်ရှိသည့်တိုင်အောင်ပြည့်စုံမည်အကြောင်း အသက်သည် အတိုင်းအတာတစ်ခုထိ တိုးပွား၊ ကြီးထွားလာသည်။ ဤသည်မှာ ဧ၊၃း၁၉ ၏ နောက်ဆုံးသော နှုတ်ကပတ်စကားဖြစ်သည်။ ကော၊ ၃း၄ က ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဤအကြောင်းကြောင့် အသက်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ရှိသော ခရစ်တော်၏တိုးပွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုချစ်၍၊ နောက်တော်သို့လိုက်လေလေ၊ ခရစ်တော်၏ပမာဏအရပ်သည် ကျွန်ုပ်တို့အထဲ၌ တိုးပွားလာလေလေဖြစ်သည်။ ယင်းသည် စစ်မှန်သောအသက်၏ကြီးထွားခြင်းဖြစ်သည်။ (*Further Talks on the Knowledge of Life*, pp. 180-181)

## *ယနေ့ဖတ်စရာ*

အသက်၏ကြီးထွားခြင်းသည် (ကျွန်ုပ်တို့ထဲရှိ) ခရစ်တော်၏ပမာဏအရပ်တိုးပွားလာခြင်းဖြစ်သည်။ အသက်သည် ဘုရားကိုယ်တော်တိုင်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အသက်ဖြစ်သော ဘုရားသခင်မှာ ခရစ်တော်ဖြစ်သည်။ ထို့ကြောင့် ကျမ်းစာက ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်ကြောင်း ပြောဆိုထားသည်။ ကျွန်ုပ်တို့အသစ်တစ်ဖန်မွေးဖွား

ခြင်းခံသောအခါ၊ ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်ဖြစ်လာရန် ကျွန်ုပ်တို့အထဲ၌ တစ်ဖန်မွေးဖွားခံခြင်းဖြစ်သည်ဟု ပြောနိုင်သည်။ သို့သော် ကျွန်ုပ်တို့သည် ဦးစွာ ၎င်းကို လက်ခံစဉ်က ဤအသက်သည် အလွန်ငယ်ရွယ်၍၊ ရင့်ကျက်ခြင်းမရှိသေးပါ။ ၎င်းမှာ ကျွန်ုပ်တို့ထဲ၌ရှိသော ခရစ်တော်၏ ပမာဏအရပ်သည် အလွန်သေးငယ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်ကို ကျွန်ုပ်တို့ချစ်၍၊ ခရစ်တော်ကို ရှာဖွေခြင်းနှင့် ခရစ်တော်ကို ကျွန်ုပ်တို့ထဲ၌ အသက်ရှင်ရန် ကျွန်ုပ်တို့အားရယူနိုင်ရန် အခွင့်ပေးသောအခါ၊ ခရစ်တော်၏ ပမာဏအရပ်သည် ကျွန်ုပ်တို့အထဲ၌ တဖြည်းဖြည်းနှင့် တိုးပွားလာမည်ဖြစ်သည်။ ဤသည်မှာ အသက်၏ ကြီးထွားခြင်းဖြစ်သည်။

အသက်၏ ကြီးထွားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ အခြေပြုရာပျံ့နှံ့ခြင်းဖြစ်သည်။ အသက်သည် ဘုရားသခင်ဖြစ်သည်သာမက၊ ခရစ်တော်လည်းဖြစ်ကြောင်း ကျွန်ုပ်တို့ဖော်ပြခဲ့သကဲ့သို့၊ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း အသက်ဖြစ်သည်။ အသက်ကိုတွေ့ကြုံခံစားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ကို တွေ့ကြုံခံစားခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ထို့ကြောင့် အသက်၌ကြီးထွားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်အား ကျွန်ုပ်တို့အထဲ၌ ပို၍အခြေတည်နေရန် အခွင့်ပေးခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းကို အရေးတကြီးရှာဖွေခြင်းနှင့် ကျွန်ုပ်တို့အထဲ၌ ဘိသိက်ပေးခြင်းဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၏ သွန်သင်ခြင်းကို လုံ့လရှိစွာ နာခံသောအခါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် အခြေပြုရာကို ကြီးမားကျယ်ပြန့်စွာ တိုးပွားစေနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၌ရှိသောအသက်သည် ကြီးစွာသောအတိုင်းအတာထိ ကြီးထွားလာမည်ဖြစ်သည်။ ထို့ကြောင့် အသက်ကြီးထွားခြင်းဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ အခြေတည်ရာသည် ကျွန်ုပ်တို့အထဲ၌ ပျံ့နှံ့ခြင်းကိုဆိုလိုခြင်းဖြစ်သည်။

အသက်၏ ကြီးထွားခြင်းသည် လူသားဒြပ်သဘာဝ ဆုတ်ယုတ်သွားခြင်းဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော အချက်သုံးချက်က၊ အကယ်၍ ယုံကြည်သူတစ်ဦး၌ ဘုရားသခင်၏ ဒြပ်သဘာဝသည် တိုးပွားလာခြင်း၊ ခရစ်တော်၏ ပမာဏအရပ် တိုးပွားလာခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အခြေတည်ခြင်းသည် ပျံ့နှံ့ခြင်းရှိသောအခါ၊ သူ၏ အသက်သည် ကြီးထွားခြင်းရှိကြောင်းကို ဖော်ပြသည်။ ဤအချက်များအားလုံးတို့သည် ဘုရားသခင်ဘက်မှ ပြောခြင်းဖြစ်သည်။ ယခု ကျွန်ုပ်တို့ဘက်မှ ပြောကြမည်။ ရှေ့ဦးစွာ အသက်၏ ကြီးထွားခြင်းသည် လူသား၏ ဒြပ်သဘာဝ ဆုတ်ယုတ်သွားခြင်းဖြစ်သည်။ လူသား၏ ဒြပ်သဘာဝဆုတ်ယုတ်သွားခြင်းသည် လူထဲ၌ရှိသော အာဒံ၏ ဆုတ်

ယုတ်ခြင်း၊ ဖန်ဆင်းခြင်းအဟောင်း၏ ဆုတ်ယုတ်ခြင်း၊ လူ၏ အနှစ်သာရ ဆုတ်ယုတ်သွားခြင်းဖြစ်ပြီး၊ ဘုရားသခင်၏ အနှစ်သာရတိုးပွားလာခြင်းကို ဆိုလိုသည်။ အချို့သော ညီအစ်မများသည် အလွန်နူးညံ့သိမ်မွေ့နေပြီး၊ အချို့သောညီအစ်ကိုများသည် အလွန်စိတ်အားထက်သန်ကြသည်။ အပြင်ပိုင်းအမြင်၌ သူတို့သည် အသက်၌ ကြီးထွားနေသကဲ့သို့ ထင်ရသော်လည်း၊ သူတို့သည် လူသား၏ ဒြပ်သဘာဝ၊ လူသား၏ အနှစ်သာရဖြင့် ပြည့်ဝနေ၍၊ သူတို့သည် သင့်အား ဘုရားသခင်၏ ဒြပ်သဘာဝကို ထိတွေ့ရန် သို့မဟုတ် ဘုရားသခင်၏ အနှစ်သာရကို ခံစားရန် မဖြစ်ပေါ်စေနိုင်ပါ။ ထို့ကြောင့် ညီအစ်ကို သို့မဟုတ် ညီအစ်မတစ်ယောက်သည် အသက်၌ ကြီးထွားခြင်းရှိမရှိကို မြင်လိုသည်ဆိုပါက၊ သူတို့သည် အပြင်ပိုင်း၌ မည်သို့ပြုမူခြင်း၊ ဘာသာတရားကိုင်းရှိုင်း၍၊ စိတ်အားထက်သန်ခြင်း သို့မဟုတ် တတ်သိခြင်း၊ ဆုကျေးဇူးရှိခြင်း သို့မဟုတ် တန်ခိုးရှိခြင်းစသည်တို့အားဖြင့် အကဲဖြတ်၍မရပါ။ ဤအရာများအားလုံး၌ ဘုရားသခင်၏ ဒြပ်သဘာဝတိုးပွားခြင်းရှိမရှိ သို့မဟုတ် အခြားတစ်ဘက်တွင် လူသားဒြပ်သဘာဝ များစွာကျန်ရှိနေခြင်းရှိမရှိဟူသောအရာအားဖြင့် သိမြင်ရမည်ဖြစ်သည်။ လူသားဒြပ်သဘာဝဆုတ်ယုတ်သွားခြင်းသည် ဘုရားအသက်၏ ဒြပ်သဘာဝ တိုးပွားလာခြင်းဖြစ်သည်။ အကယ်၍ ယုံကြည်သူတစ်ဦးသည် အသက်၌ အမှန်တကယ်ကြီးထွားခြင်းရှိသည် ဆိုပါက၊ သူ၏ စကားပြောခြင်း၊ သူ၏ ပြုမူခြင်းများ၊ အသက်ရှင်ခြင်း သို့မဟုတ် လုပ်ဆောင်ခြင်း၊ ထိုအရာအားလုံးတို့သည် သူကိုယ်တိုင်အားဖြင့် မဟုတ်ဘဲ ဘုရားသခင်အားဖြင့်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အသိဉာဏ်အားဖြင့် မဟုတ်ဘဲ ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်ဖြစ်ကြောင်းကို ခံစားသိရှိနိုင်သည်။ ထို့ကြောင့် သူတို့သည် လူသားတို့၏ အနှစ်သာရကို သယ်ဆောင်ခြင်းမဟုတ်ဘဲ ဘုရားသခင်၏ အနှစ်သာရကို သယ်ဆောင်ခြင်းဖြစ်သည်။ လူသားဒြပ်သဘာဝသည် ဆုတ်ယုတ်သွား၍ ဘုရား၏ ဒြပ်သဘာဝတိုးပွားလာခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် အသက်၏ ကြီးထွားခြင်းသည် ဘုရားသခင်၏ ဒြပ်သဘာဝ တိုးပွားလာခြင်းမျှသာမဟုတ်ဘဲ၊ လူသားတို့၏ ဒြပ်သဘာဝဆုတ်ယုတ်သွားခြင်းလည်း ဖြစ်သည်။ *(The Knowedge of Life, pp. 180- 181)*

*ပို၍ဖတ်ရန်- (The Knowedge of Life, ch.12; Further Talks on the knowledge of Life, ch. 18.*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဆာ၊ အကြောင်းမူကား ကိုယ်တော်ထံမှာ အသက်စပ်းရေတွင်းရှိပါ၏။ အ**
**၃၆း၉ လင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကိုရကြပါ၏။**
**၂ကော၊ ထို့ကြောင့် ငါတို့သည် အားလျော့စိတ်ပျက်ခြင်းနှင့်ကင်းလွတ်ကြ၏။ ငါ**
**၄း၁၆ တို့၏ အပြင်လူသည် ဖောက်ပြန်ပျက်စီးခြင်းသို့ရောက်သော်လည်း၊ အ**
**၁၇ တွင်းလူမူကား၊ တစ်နေ့ထက်တစ်နေ့ အသစ်ပြုပြင်ခြင်းကို ခံရ၏။ အ**
**ကြောင်းမူကား၊ ယခုခဏခံရ၍ ပေါ့ပါးသောဆင်းရဲခြင်းဒုက္ခသည် အ**
**တိုင်းထက်အလွန်ထာဝရလေးလံသောဘုန်းအသရေကို ငါတို့အဖို့ ဖြစ်**
**စေတတ်၏။**

ယုံကြည်သူတစ်ဦး၏ ဇာတိအသက်ကို ချိုးဖျက်ခြင်းသည် သူ့အသက်၌ကြီးထွားခြင်း၏ သက်သေလည်းဖြစ်သည်။ ဇာတိအသက်ကိုချိုးဖျက်ခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အင်အား၊ တတ်စွမ်းနိုင်ခြင်း၊ အမြင်နှင့် နည်းလမ်းများအားလုံးသည် ကားတိုင်နှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆက်ဆံဖြေရှင်းခြင်းခံ၍၊ ထိုအရာအားလုံးတို့သည် ချိုးဖက်ခဲ့ပြီးဖြစ်ကြောင်းကို ဆိုလိုသည်။ ဇာတိအသက်ကို ချိုးဖျက်ခြင်းခံသော လူတစ်ဦးသည် သူ၏ ဇာတိအသက်အားဖြင့် အသက်ရှင်ခြင်း သို့မဟုတ် ဇာတိအသက်၏ အင်အားအပေါ်တွင် ယုံကြည်အားကိုးခြင်းမရှိတော့ရန်နှင့် ဘုရားအသက်၏ တန်ခိုးအင်အားပေါ်တွင်သာ အစဉ်မပြတ်မှီခို၍ ဘုရားသခင်၏ အသက်ဖြင့် အသက်ရှင်ရန် သင်ယူသောသူဖြစ်သည်။ ဤနည်းဖြင့် သူ့အထဲ၌ရှိသော အသက်သည် ကြီးထွားလာနိုင်မည်ဖြစ်သည်။ ဤအကြောင်းကြောင့် အသက်၏ကြီးထွားခြင်းသည် ဇာတိအသက်ကို ချိုးဖျက်ခြင်းဖြစ်သည်။*(The Knowledge of Life, p. 182)*

## ယနေ့ဖတ်စရာ

အသက်၌ကြီးထွားခြင်းသည် ကျွန်ုပ်တို့အထဲ၌ရှိသော ခရစ်တော်နှင့် ဘုရား၏ တိုးပွားခြင်းအပေါ်တွင် မူတည်သည်။ အခြားသောသွင်ပြင်များအားလုံးသည် ဆုတ်ယုတ်သွားရမည်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားရန် အလိုဆန္ဒရှိသည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ ဆုကျေးဇူးများသည် ဘုရားသခင်အားဖြင့် ချွတ်ခွာခြင်းခံရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အပြင်ပန်း ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် ဘာသာတရားကိုင်းရှိုင်းမှုသည် ဘုရားသခင်အားဖြင့် ချိုးဖျက်ခြင်းခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသိကြွယ်သောစိတ်၊ ကျွန်ုပ်တို့၏ ဆုကျေးဇူးများနှင့် ကျွန်ုပ်တို့၏ တန်ခိုးများသည် ဘုရားသခင်

အားဖြင့် အစိတ်စိတ်အမြွာမြွာချိုးဖျက်ခြင်းခံရမည်ဖြစ်သည်။ သို့မှသာ သန့်ရှင်းသော ဝိညာဉ်တော်သည် လွတ်ခြင်းအခွင့်ကို ရနိုင်မည်ဖြစ်သည်။ အသက်၏ကြီးထွားခြင်းသည် ဘုရားသခင်၊ ခရစ်တော်နှင့် ကျွန်ုပ်တို့ထဲ၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်၏ တိုးပွားခြင်းအပေါ် တွင်မူတည်သည်။ အခြားအရာအားလုံးတို့သည် ဆုတ်ယုတ်သွားရမည်ဖြစ်သည်။

ထို့အပြင် အသက်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းတိုင်းကို သိမ်းပိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်သည် သိမ်းပိုက်ခြင်းခံလေလေ၊ အသက်ကြီးထွားလာလေလေဖြစ်ပြီး၊ ကျွန်ုပ်တို့၏စိတ်အသက်ဆုတ်ယုတ်လေလေ၊ အသက်တိုးပွားလာလေလေဖြစ်သည်။ ဤသည်မှာ သေချာသောအချက်ဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသူတစ်ဦးနှင့်တွေ့သောအခါ၊ သူ၌မည်သည့်အရာ တိုးပွားလာသည်ကို တိုင်းတာနေရန်မလိုအပ်ပါ။ ထိုအစား ကျွန်ုပ်တို့သည် သူ၌မည်သည့်အရာ ဆုတ်ယုတ်သွားသနည်း၊ သူသည် မည်သည့်အရာကို သွန်းလောင်းခဲ့၍၊ ချိုးဖျက်ခံခဲ့သနည်းဟု စောင့်ကြည့်ရမည်ဖြစ်သည်။ အကယ်၍ သူကိုယ်တိုင်သည် ဆုတ်ယုတ်ခြင်းရှိပါက၊ ဘုရားသခင်၊ ခရစ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်သည် အမှန်တကယ်ပင် သူ့ထဲ၌အခြေပြုနေရာယူနိုင်ပြီး၊ သူ့ထဲ၌ တိုးပွားလာပြီဖြစ်သည်။ ဤအရာသာလျှင် စစ်မှန်သောအသက်၏ကြီးထွားခြင်းဖြစ်သည်။ *(Further Talks on the Knowledge of Life, p. 182)*

သွန်သင်ခြင်းများနှင့် ဩဝါဒများကိုသာ ရွေးထုတ်ခြင်းမှာ အကူအညီမဖြစ်စေပါ။ အကယ်၍ သင်သည် သွန်သင်ခြင်းများနှင့် ဩဝါဒများကိုသာ စုဆောင်းနေသည်ဆိုပါက၊ သင်သည် အခြေအနေတစ်ခုသို့ရောက်လာသောအခါ၊ သခင်ဘုရားနှင့် တိုက်ရိုက်ဖြစ်သော၊ ချက်ချင်းဖြစ်သော၊ ရှင်သန်သော ဆက်သွယ်ခြင်းမရှိဘဲ၊ အလိုအလျောက်ပင် ထိုအရာများကို အသုံးချရန်အတွက် ကြိုးစားပေမည်။ သင်သည် အလွန်ဝိညာဉ်ရေးရာဆန်သော သွန်သင်ခြင်းကို ရွေးထုတ်ခဲ့လျှင်လည်း၊ ထိုအရာသည် သင့်အား ဘာသာရေးပုဂ္ဂိုလ်သာ ဖြစ်စေလိမ့်မည်ဖြစ်၍၊ အသက်၌ကြီးထွားခြင်းရှိသော လူပုဂ္ဂိုလ်တစ်ဦးဖြစ်စေလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ အနေအထား သို့မဟုတ် အခြေအနေသည် မည်သို့ဖြစ်နေစေကာမူ၊ ကျွန်ုပ်တို့သည် သွန်သင်ခြင်းများ၊ ဩဝါဒများ သို့မဟုတ် သင်ခန်းစာကိုရွေးထုတ်၍ မိမိတို့၏အခြေအနေ၌ အသုံးချရန်မလုပ်ဆောင်သင့်ပါ။ ယင်းသည် ဘာသာရေးဆန်သောအရာဖြစ်၍၊ မှန်ကန်သောအသက်၌ကြီးထွားခြင်းမဟုတ်ပါ။ မှန်ကန်သောအသက်၌ကြီးထွားခြင်းသည် သခင်ဘုရားနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းမှ လာခြင်းဖြစ်သည်။ ၎င်းသည် ကိုယ်တော်၏ရှင်သန်သော အလင်းဖွင့်ပြခြင်းနှင့် ကျွန်ုပ်တို့၏ဖြစ်ခြင်း

အထဲ၌ရှိသောအရာများကို ကိုယ်တော်၏ တိုက်ရိုက်ဖော်ပြပေးခြင်းအားဖြင့် ဖြစ်လာခြင်းဖြစ်သည်။ ထို့နောက် သခင်ဘုရား၏ မျက်မှောက်တော်သို့ တိုးဝင်ခြင်းအားဖြင့် " သခင်ဘုရား ကိုယ်တော့်ကို ချစ်ပါသည်။ ကိုယ်တော်ကို ချစ်ပါသည်။ ကျွန်ုပ်၏ အနေအထား၌ မည်သည့်သွန်သင်ချက်ကိုမျှ ကျွန်ုပ်မကျင့်သုံးခဲ့ပါ။ သခင်ဘုရား၊ ကိုယ်တော့်ကိုသာ ယူဆောင်ပါမည်။ ကိုယ်တော်၏ အလင်းဖွင့်ပြခြင်းအတိုင်း ကိုယ်တော့်ကို ကျွန်ုပ်ယူဆောင်ပါမည်။ ကိုယ်တော်၏ လက်ရှိနှင့် မျက်မှောက်ထွန်းလင်းခြင်းအတိုင်း ကိုယ်တော့်ကို ယူဆောင်ပါသည်"ဟု ကျွန်ုပ်တို့သည် တုန့်ပြန်ရမည်။ ဤသို့သော ဆုတောင်းချက်သည် သင့်အားဘယ်တော့မှ ဘာသာရေးဖြစ်စေလိမ့်မည်မဟုတ်ဘဲ၊ သင့်အားချက်ချင်းပင် အသက်၌ကြီးထွားစေလိမ့်မည်ဖြစ်သည်။ အသက်၌ ကြီးထွားခြင်း၏ ကြီးစွာသော ခြေလှမ်းကို သင်လှမ်းခြင်းဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားထံသို့ သွားရန်လိုအပ်သည်။ ကောင်းကင်မှ အသက်ပေးသောဝိညာဉ်တော်၏ အလင်းဖွင့်ပြခြင်းအားဖြင့်သာလျှင်၊ ကျွန်ုပ်တို့အထဲ၌ ရှိသော ရောဂါများအားလုံးတို့ကို ဆက်ဆံဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ ဤအတွက် ကျွန်ုပ်တို့သည် ဤကဲ့သို့စုံလင်ပေးသော စည်းဝေးခြင်းကိုလိုအပ်သည်။ သို့မဟုတ်ပါက၊ တစ်ပတ်ပြီးတစ်ပတ် ကျွန်ုပ်တို့သည် ယေဘုယျကျသော ဝေငှချက်များကိုသာ ကြားနေရမည်ဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်သောအရာမှာ အထူးဖြစ်သော ဆေးစစ်တမ်း၊ အထူးဖြစ်သော ဆေးဝါးနှင့် အထူးဖြစ်သော အနာငြိမ်းခြင်းဖြစ်သည်။ သခင်ဘုရားတစ်ပါးတည်းသာ ဤသို့သောအနာငြိမ်းခြင်းကိုပေးနိုင်သည်၊ ကျွန်ုပ် မတတ်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည် ဤတစ်ခုတည်းသောအရာအတွက် ကိုယ်တော်ထံသို့ ရည်ရွယ်ချက်ရှိစွာ အထူးသဖြင့် ကိုယ်တော်နှင့်တိုက်ရိုက်ဆက်သွယ်ရန် သွားရမည်ဖြစ်သည်။ ထိုအခါ သင့်အထဲ၌ရှိသော တစ်စုံတစ်ခုသည် အသတ်ခံရကြောင်း၊ တစ်စုံတစ်ခုသည် ဆုတ်ယုတ်သွားကြောင်း၊ ကုန်ဆုံးသွားကြောင်းကို သင်ခံစားသိမြင်လာမည်ဖြစ်သည်။ ယင်းသည် အနာငြိမ်းပေးခြင်းဖြစ်သည်။ ထိုအခါ ကြီးထွားခြင်းရှိလာပြီး၊ လုပ်ဆောင်ခြင်းရှိလာမည်ဖြစ်သည်။ (*Perfecting Training*, pp. 14-15, 21)

*ပို၍ဖတ်ရန်- Reading:The Experience of Christ as Life for the Building Up of the Church*, chs. 1-2.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ သို့သော် သခင်ဘုရား၌ ပေါင်းစည်းဆက်နွှယ်သောသူသည် ထိုသခင်**
**၆း၁၇ နှင့် တစ်ဝိညာဉ်တည်းဖြစ်၏။**
**မ၊ စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊**
**၅း၈ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့။**

ခရစ်တော်ကို ကျွန်ုပ်တို့လက်ခံရရှိနိုင်ရန်၊ တွေ့ကြုံခံစားနိုင်ရန်၊ မွေ့လျော်ဝမ်းမြောက်နိုင်ရန်နှင့် ကိုယ်တော်၌ပါဝင်ဆက်ဆံနိုင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ဝိညာဉ်၌ဆင်းရဲရန်နှင့် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ရန်လိုအပ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ဝိညာဉ်သည် ကိုယ်တော့်ကိုလက်ခံရန်နှင့် ဆက်သွယ်ရန်အတွက် ဘုရားသခင် ဖန်ဆင်းထားသောအင်္ဂါဖြစ်သောကြောင့်ဖြစ်သည် (မ၊၅း၃။ ဧ၊၁၂း၁။ ယော၊၄း၂၄)။ သခင်ဘုရားကို လက်ခံပြီးနောက်၊ ကိုယ်တော်အား ကျွန်ုပ်တို့၌ကြီးထွားလာရန် အလိုရှိသည်ဆိုပါက၊ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဂရုစိုက်ရန်လိုအပ်သည်။ ဤအတွက်ကြောင့် မဿဲခရစ်ဝင်ကျမ်းသည် စိတ်နှလုံးနှင့်စပ်လျဉ်း၍ ပြောထားသော ကျမ်းပိုဒ်များနှင့် ပြည့်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဖြူစင်ခြင်းရှိရန် လိုအပ်ရခြင်းမှစ၍၊ စိတ်နှလုံးနှင့်သက်ဆိုင်သောပြဿနာများအားလုံးနှင့် သခင်ဘုရားကို ချစ်သောစိတ်နှလုံးနှင့် အဆုံးသတ်ထားသည် (၅း၈။ ၆း၂၁။ ၁၁း၂၉။ ၁၂း၃၄–၃၅။ ၁၃း၁၅၊ ၁၉။ ၁၅း၈။ ၁၇–၂၀။ ၁၈း၈။ ၂၂း၃၇)။ ကျွန်ုပ်တို့သည် စိတ်နှလုံး၏အခြေအနေကိုသိရှိ၍ မိမိ၏စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းရန် လိုအပ်သည်။ သို့မှသာ သခင်ဘုရားသည် ကျွန်ုပ်တို့အထဲ၌ တိုးပွားလာရန် နည်းလမ်းရရှိနိုင်မည်ဖြစ်သည်။ (*CWWL, 1970,* vol.1,p. 415)

## ယနေ့ဖတ်စရာ

မ၊၅း၃ ၌ ဝိညာဉ်၏ အကြောင်းအရာကို ပြောဆိုပြီးသည်နှင့် ချက်ချင်းပင် သခင်ဘုရားသည် "စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကို မြင်ရကြလတံ့"ဟူ၍ အငယ်၊၈ ၌ လူတို့၏စိတ်နှလုံးနှင့် စပ်လျဉ်း၍ မိန့်တော်မူထားသည်။ ဝိညာဉ်၌ဆင်းရဲခြင်းသည် ကျွန်ုပ်တို့အားအခြားသောနယ်ပယ်ထဲသို့၊ ကောင်းကင်နိုင်ငံတော်ထဲသို့ ကူးပြောင်းခြင်းကို ဖြစ်စေသည်။ သို့သော်စိတ်နှလုံးဖြူစင်ခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်ကိုမြင်ရန် တတ်စွမ်းစေသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် အသက်မျိုးစေ့အဖြစ် ခရစ်တော်ကို မျိုးစေ့ကြဲခဲ့သော မြေကွက်

ဖြစ်၍၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ခရစ်တော်ကြီးထွားရန်နှင့် ပျံ့နှံ့ရန်အတွက် နယ်မြေဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ခရစ်တော်ကို အခန်းနေရာပို၍ပေးရန် လိုအပ်ကြောင်းကို ဆိုလိုသည်။ သို့မှသာ ကိုယ်တော်သည် ယင်း၏ အစိတ်အပိုင်းအားလုံးကို တဖြည်းဖြည်းနှင့်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အသက်၌ကြီးထွားခြင်းသည် ကျွန်ုပ်တို့ထဲ၌ ခရစ်တော်၏ တိုးပွားခြင်းဖြစ်၍၊ အသက်၌ကြီးထွားရန်နည်းလမ်းမှာ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကြီးထွားလာနိုင်ရန်ကိုယ်တော်အား အခန်းနေရာပေးခြင်းဖြစ်သည်။ ယုံကြည်သူတစ်ဦးအနေဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်အထဲသို့ ခရစ်တော်ကို လက်ခံရရှိခဲ့ပြီးဆိုသည်မှာ သေချာပါသည်။ သို့သော် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အတိုင်းအတာဘယ်လောက်ထိ ကိုယ်တော်ပျံ့နှံ့ခဲ့ပြီးပါသနည်း။ ကျွန်ုပ်တို့၏ စဉ်းစားခြင်း၊ ခံစားခြင်းနှင့် ရွေးချယ်မှုတို့၌ ကိုယ်တော်အား အတိုင်းအတာဘယ်လောက်ထိအခြေတည်စေရန် ကျွန်ုပ်တို့ပေးခဲ့ပါသနည်းဟု သခင်ဘုရား၏ ရှေ့တော်၌ စဉ်းစားဆင်ခြင်ရန် လိုအပ်သည်။

မဿဲခရစ်ဝင်ကျမ်းတွင် ကြဲခဲ့သော အသက်၌ကြီးထွားခြင်း၏ မျိုးစေ့သည် ဩဝါဒစာစောင်များ၌ ကြီးထွားပြောင်းလဲလာခဲ့သည်။ ဧ၊၃း၁၆ ၌ ပေါလုက ခမည်းတော်သည် ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ အတွင်းလူအထဲသို့ တန်ခိုးတော်နှင့် ခွန်အားမြဲမြံခိုင်ခံ့စေခြင်းငှါ ဆုတောင်းခဲ့သည်။ အတွင်းလူသည် ၁ပေ၊၃း၄ ၌ ညွှန်းဆိုထားသော ကျွန်ုပ်တို့၏ ဝိညာဉ်တည်းဟူသော စိတ်နှလုံး၏ ဝှက်ထားသောလူနှင့် အတူတူပင်ဖြစ်သည်။ ဤဝိညာဉ်သည် ဘုရားသခင့်ရှေ့မှာ အဖိုးများစွာထိုက်သော၊ မဖောက်ပြန်မပျက်စီးတတ်သော အဆင်တန်ဆာဖြစ်သည်။ ကျွန်ုပ်တို့၏ ဖြစ်ခြင်း၌ရှိသောမည်သည့်အရာမျှ ဘုရားသခင့်ရှေ့၌ ကျွန်ုပ်တို့၏ ဝိညာဉ်လောက် အဖိုးထိုက်သောအရာမရှိပါ (ဇာ၊၁၂း၁)။ အသက်မျိုးစေ့တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကြဲခဲ့ပြီးဖြစ်၍၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ တိုးပွားလာခြင်း၊ ပျံ့နှံ့လာခြင်းဖြင့် ကျွန်ုပ်တို့၌ကြီးထွားလာရန်လိုအပ်သည်။

ယနေ့ကျွန်ုပ်တို့သည် သခင်ဘုရားကို မျိုးစေ့အဖြစ် လက်ခံရာတွင်လည်းကောင်း၊ ကျွန်ုပ်တို့၏ ဝိညာဉ်အထဲသို့ ခွန်အားနှင့်မြဲမြံစေခြင်း၌လည်းကောင်း ရပ်တန့်မနေသင့်ပေ။ ကျွန်ုပ်တို့သည် သခင်ဘုရားအား ကျွန်ုပ်တို့စိတ်နှလုံး၏ အခန်းတိုင်းနှင့် ထောင့်တိုင်းကို ဝင်ရောက်နိုင်ရန် အခွင့်ပေးသင့်သည်။ ကျွန်ုပ်တို့၏ စဉ်းစားခြင်း၊ ခံစားခြင်းနှင့် ရွေးချယ်ခြင်းတို့၌ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် သိမ်းပိုက်ခြင်းခံသင့်သည်။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ အခြေတည်နိုင်မည်ဖြစ်သည်။ ခရစ်တော်သည်

ကျွန်ုပ်တို့အတွင်းပိုင်းဖြစ်ခြင်းတစ်ခုလုံး၏ အစိတ်အပိုင်းတိုင်း၌ ပျော်ဝင်ပြည့်ဝလာသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏ပြည့်ဝပြည့်စုံတော်မူခြင်းအားလုံးနှင့် ပြည့်ဝလာသည့်တိုင်အောင် သူကိုယ်တော်တိုင်နှင့် ဖြည့်ပေးမည်ဖြစ်သည် (ဧ၊၃း၁၉)။

မဿဲခရစ်ဝင်ကျမ်းသည် ဝိညာဉ်ထက် စိတ်နှလုံးနှင့်ပတ်သက်၍ပိုပြီးပြောဆိုထားသည်။ ဤသည်မှာ ယုံကြည်သူများ အသက်၌ကြီးထွားခြင်း၏ပြဿနာသည် သူတို့၏ ဝိညာဉ်နှင့်သက်ဆိုင်သည်မဟုတ်ဘဲ၊ သူတို့၏စိတ်နှလုံးနှင့်လည်း ပတ်သက်ကြောင်းကို အတည်ပြုခြင်းဖြစ်သည်။ မ၊၅း၈ အရ၊ ဘုရားသခင်ကို မြင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ဖြူစင်သောစိတ်နှလုံးကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးဆိုင်ရာဖွင့်ပြခြင်း၊ အလင်းနှင့် အမြင်လိုအပ်နေခြင်းမှာ၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဖြူစင်ခြင်း မရှိကြောင်းကို ဖော်ပြနေခြင်းဖြစ်သည်။ ဘုရားသခင်ကိုမြင်ရန်အလို့ငှါ၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဖြူစင်ပြီး၊ တစ်သံတစ်မတ်တည်းရှိရန် လိုအပ်သည်။ စိတ်နှလုံးဖြူစင်ခြင်းသည် ဘုရားသခင်၏ ဘုန်းတော်အတွက် ကိုယ်တော်၏ အလိုတော်ပြီးမြောက်ပြည့်စုံရန် တည်းဟူသောပန်းတိုင်တစ်ခုတည်းနှင့် အကြံအစည်တစ်ခုတည်းရှိခြင်းဖြစ်သည် (၁ကော၊၁၀း၃၁)။

မ၊၆း ၂၁ က "အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏ ။ ထိုအရပ်သို့ သင်တို့၏စိတ်နှလုံးရောက်တတ်၏ "ဟု ဖော်ပြထားသည်။ တစ်ဘက်တွင် ကျွန်ုပ်တို့၏ဘဏ္ဍာရှိသောအရပ်ပေါ် မူတည်၍ ကျွန်ုပ်တို့၏စိတ်နှလုံးရှိတတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘဏ္ဍာကို ကောင်းကင်ဘုံ၌ သိုထားကြရမည်ဖြစ်သည်။ သို့မှသာလျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည်လည်းကောင်းကင်ဘုံ၌ရှိနိုင်မည်ဖြစ်သည် (အငယ်၊ ၂၀)။ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကျွန်ုပ်တို့တန်ဖိုးထားသောအရာပေါ် တွင် မူတည်သည်။ ကျွန်ုပ်တို့သည် ပညာရေး၊ အဝတ်အစား သို့မဟုတ် ငွေကြေးအပေါ် တွင် တန်ဖိုးထားလျှင်၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ဤအရာများရှိသော နေရာ၌ရှိသည်။ ထိုနည်းတူပင် ကျွန်ုပ်တို့သည် ခရစ်တော်ကို တန်ဖိုးထားပါက၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ခရစ်တော်ပေါ် တွင် ထားရှိမည်ဖြစ်သည်။ (*CWWL,1970*, vol. 1, pp. 388-389, 393-394, 408-409)

*ပို၍ဖတ်ရန် - CWWL, 1970,* vol. 1, pp. 367-390

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**မ၊ “ဤလူမျိုးသည် နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏။ သို့သော် စိတ်နှလုံး**
**၁၅း၈ မူကား ငါနှင့်ဝေးလှ၏။”**

**ယာ၊ ဘုရားသခင်၌ချဉ်းကပ်ကြလော့၊ သို့ပြုလျှင်၊ သင်တို့၌ ချဉ်းကပ်**
**၄း၈ တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်ကို သန့်ရှင်းစေကြ**
**လော့။ စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို စင်ကြယ်စေကြ**
**လော့။**

မ၁၂း၃၄–၃၅ ၌ “အချင်းမြွေဆိုးအမျိုးတို့၊ သင်တို့သည် အဆိုးဖြစ်လျက် ကောင်းသောစကားကို အဘယ်သို့ပြောနိုင်မည်နည်း။ စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်ကြ၏။ ကောင်းသောသူသည် ကောင်းသောဘဏ္ဍာတိုက်ထဲက ကောင်းသော အရာတို့ကို ထုတ်ဖေါ်တတ်၏။ မကောင်းသောသူသည် မကောင်းသောဘဏ္ဍာတိုက်ထဲက မကောင်းသောအရာတို့ကို ထုတ်ဖေါ်တတ်၏”ဟုပြောထားသည်။ ဤကျမ်းပိုဒ်များက လူတစ်ဦးပြောသောအရာသည် သူ၏စိတ်နှလုံးထဲ၌ရှိသည့်အရာကို ထင်ရှားခြင်းဖြစ် ကြောင်းကို ပြသခြင်းဖြစ်သည်။ ယင်းမှာ စိတ်နှလုံးသည် အရင်းအမြစ်ဖြစ်၍၊ နှုတ်သည် ထင်ရှားခြင်းဖြစ်သည်။ မှန်ကန်သောထင်ရှားခြင်းရှိရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် အရင်း အမြစ်နှင့် ဆက်ဆံဖြေရှင်းရန်လိုအပ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် မမှန်ကန်သော အခါ၊ မှန်ကန်သောထင်ရှားခြင်းရှိနိုင်ရန်အတွက် ခက်ခဲလိမ့်မည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် မိမိစိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းသောအခါ၊ ကျွန်ုပ်တို့၏နှုတ်သည်လည်း မှန်ကန်လာမည် ဖြစ်သည်။ (*CWWL, 1970,* vol. 1, p. 409)

## *ယနေ့ဖတ်စရာ*

မ၁၅း၈ ၌ “ ဤလူမျိုးသည် နှုတ်ခမ်းနှင့် ငါ့ကို ရိုသေကြ၏ ။ သို့သော် စိတ်နှလုံး မူကား ငါနှင့်ဝေးလှ၏ ”ဟုဆိုထားသည်။ ဤနေရာ၌ ၁၂း၃၄–၃၅ ကဲ့သို့ သခင်ဘုရားက အရေးကြီးသောအရာမှာ ကျွန်ုပ်တို့၏နှုတ်၊ ကျွန်ုပ်တို့၏နှုတ်ခမ်းမဟုတ်ဘဲ၊ စိတ်နှလုံး ဖြစ်ကြောင်းကို ညွှန်ပြနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် အရင်းအမြစ်ဖြစ် သည်။ ထို့ကြောင့် လူကို ညစ်ညူးစေသောအရာမှာ သူ၏စိတ်နှလုံးမှထွက်သောအရာ ပင်ဖြစ်သည် (၁၅း၁၇–၂၀)။

မဿဲ၊ ၂၂း၃၇က “သင်၏ဘုရားသခင်ဖြစ်တော်မူသော သခင်ဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ စိတ်ရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့”ဟု ဆိုထားသည်။ ဤကျမ်းပိုဒ်များ

အားလုံးတို့သည် သခင်ဘုရားနှင့်ကျွန်ုပ်တို့၏ ဆက်နွယ်ခြင်း၌ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် မည်မျှအရေးကြီးကြောင်းကို ပြသခြင်းဖြစ်သည်။ အကြောင်းရင်းမှာ အကယ်၍ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ပြဿနာရှိသည် သို့မဟုတ် တစ်စုံတစ်ခုမှားယွင်းနေသည်ဆိုပါက၊ သခင်ဘုရားသည် ကျွန်ုပ်တို့ထဲ၌ ပျံ့နှံ့နိုင်ရန်အတွက် နည်းလမ်းရှိနိုင်မည်မဟုတ်ပါ။ မ၊၁၃ ရှိ မျိုးစေ့ကြဲသောသူ ပုံဥပမာ၌ သခင်ဘုရားသည် ပထမဆုံးသောစိတ်နှလုံးအမျိုးအစား သုံးမျိုး၌ မျိုးစေ့မကြီးထွားနိုင်ကြောင်းကို ရှင်းလင်းဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၌မျိုးစေ့ကြီးထွားရန်နှင့် ပျံ့နှံ့နိုင်ရန်အတွက် အခန်းမရှိသောကြောင့်ဖြစ်သည်။ အသက်၏မျိုးစေ့တည်းဟူသော ခရစ်တော်သည် ကျွန်ုပ်တို့၏စိတ်နှလုံး၌ ကြီးထွားလာရန်မှာ၊ ကျွန်ုပ်တို့သည်ဖြူစင်၍၊ ဗလာဖြစ်သောစိတ်နှလုံး၊ ခရစ်တော်အား စိတ်နှလုံး၏ အစိတ်အပိုင်းအားလုံးကို ပေးထားသောစိတ်နှလုံးရှိရန် လိုအပ်သည်။ ဤနည်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့အထဲ၌ ပျံ့နှံ့နိုင်မည်ဖြစ်သည်။ ကိုယ်တော်၏ပျံ့နှံ့ခြင်းသည် အသက်၏ကြီးထွားခြင်းဖြစ်သည်။

အချို့က စိတ်နှလုံးသည် အလွန်အရေးကြီးလျှင် လွန်ခဲ့သောအချိန်က အဘယ်ကြောင့် ဝိညာဉ်ကို အလေးပေးပြောသနည်းဟု မေးကောင်းမေးနိုင်သည်။ ကျွန်ုပ်တို့သည် လူသား၏ဝိညာဉ်အကြောင်းနှင့် ဝိညာဉ်ကို လေ့ကျင့်ခြင်းအကြောင်းကို အလေးပေးပြောဆိုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန်လောကသည် ဘုရားသခင်ရည်ရွယ်ချက်၏ အမှတ်လက္ခဏာဖြစ်သည့် – ကျွန်ုပ်တို့၏ အသစ်တစ်ဖန်မွေးဖွားသောဝိညာဉ်ကို လွဲချော်နေသောကြောင့်ဖြစ်သည်။ အရင်းအမြစ်ဖြစ်သော ကျွန်ုပ်တို့၏ဝိညာဉ်ကို ကြည်လင်ပြတ်သားစွာ မြင်ခြင်းရှိသောအခါမှသာလျှင်၊ လမ်းကြောင်းဖြစ်သော ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် စတင်ဆက်ဆံဖြေရှင်းနိုင်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သောအချိန်၌ ကျွန်ုပ်တို့သည် ဝိညာဉ်ကို အလေးထားဖော်ပြခဲ့သောကြောင့် ယခု ကျွန်ုပ်တို့သည် စိတ်နှလုံးနှင့် စပ်လျဉ်း၍ အဟန့်အတားမရှိဘဲ ပြောနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်ခြင်း၊ ဝိညာဉ်ကို လွတ်မြောက်စေခြင်းနှင့် စပ်လျဉ်း၍ အကူအညီရရှိခဲ့သည်ဆိုသော်လည်း၊ ကျွန်ုပ်တို့သည် ထိုနေရာတွင်ပင် ရပ်တန့်မနေသင့်ပေ။ ကျွန်ုပ်တို့သည် စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းရန် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ကောင်းသောအရင်းအမြစ်မှ စီဆင်းခြင်းရှိလိမ့်မည်ဖြစ်သော်လည်း၊ ၎င်းသည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဖြတ်သန်းလာသောအခါ၊ ထိုနေရာတွင် မှန်ကန်သောထင်ရှားခြင်းရှိနိုင်မည်မဟုတ်ပါ။ လက်တွေ့၌ ကျွန်ုပ်တို့သည် အစည်းအဝေးများတွင် ကျွန်ုပ်တို့၏ဝိညာဉ်ကိုလေ့ကျင့်ရန် သင်ယူခဲ့သော်လည်း၊ ကျွန်ုပ်တို့၏

နေ့စဉ်အသက်တာ၌ ခရစ်တော်သည် အခန်းမည်မျှ ရရှိခဲ့ပြီနည်းဟု ကျွန်ုပ်တို့စဉ်းစား ဆင်ခြင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် ရိုးသားမှန်ကန်ခြင်းရှိပါက၊ ကျွန်ုပ်တို့၏စိတ်နှလုံး၌ သခင်ဘုရားကို ကန့်သတ်ထားသော အခန်းရှိနေကြောင်းကို ဝန်ခံရလိမ့်မည်ဖြစ်သည်။

ခရစ်တော်၏ အသွေးတော်သည် ကျွန်ုပ်တို့ကို ဆေးကြောပေးမည်ဖြစ်သော ကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်စပ်လျဉ်း၍ စိုးရိမ်နေစရာမလိုအပ်ပေဟု အချို့ကပြော ကောင်းပြောနိုင်သည်။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့မြင်ရန်လိုအပ်သည့်အရာမှာ အသွေး တော်သည် ကျွန်ုပ်တို့၏ အနုတ်လက္ခဏာဆောင်သောပြဿနာများကိုသာ ဂရုစိုက်ပေး ခြင်းဖြစ်၍၊ အပေါင်းလက္ခဏာဘက်၌ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားရန်လိုအပ် သည်။ အသက်၌ကြီးထွားရန် အတုမဲ့သောနည်းလမ်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံးကို ဆက် ဆံဖြေရှင်းခြင်းဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ထိုအခန်း၌ သခင်ဘုရားအား ကြီး ထွားစေရန် အခန်းပို၍ပေးနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဖြူစင်သော် လည်း၊ ကျွန်ုပ်တို့၏ဝိညာဉ်မှထင်ရှားသည့်အရာမှာ ကျွန်ုပ်တို့၏စိတ်နှလုံး၌ရှိနေသည့် အရာအပေါ်တွင် မူတည်သည်။

ယာ၊၄း၈က “စိတ်နှစ်ခွရှိသောသူတို့၊ သင်တို့စိတ်နှလုံးကို စင်ကြယ်စေကြလော့” ဟု ဆိုထားသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို စင်ကြယ်စေခြင်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံးကို တစ်သံတစ်သမတ်တည်းဖြစ်ခြင်း၊ ပန်းတိုင်တစ်ခုတည်းရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ မျက်စိသည် တစ်ချိန်တည်းမှာ အရာဝတ္ထုတစ်ခုတည်းကိုသာ အာရုံပြုနိုင်သည်။ ထိုနည်း တူစွာပင် ကျွန်ုပ်တို့၏စိတ်နှလုံးသည်လည်း ပန်းတိုင်တစ်ခုတည်းသာရှိသင့်သည်။ ကျွန်ုပ် တို့သည် ပန်းတိုင်တစ်ခုထက် ပို၍ရှိပါက၊ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဖြူစင်ခြင်းမရှိဘဲ၊ စိတ်နှစ်ခွရှိသောသူဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် တစ်သံတစ်သမတ်တည်းနှင့် စင်ကြယ်ခြင်းရှိရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် အတုမရှိသောပန်းတိုင်၊ ဘုရားကိုယ်တော် တိုင်ကိုသာ ရှိရန်လိုအပ်သည်။ (*CWWL, 1970*, vol. 1, pp. 409-412)

*ပို၍ဖတ်ရန်* - *CWWL, 1970*, vol. 1, pp. 391-413.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယေ၊ ၁၇း၉ ၂ကော၊ ၄း၆**
**စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။ မှောင်မိုက်ထဲက အလင်းထွန်းလင်းမည်အကြောင်းမိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏မျက်နှာ၌ ဘုရားသခင်၏ဘုန်းတော်ကို သိသော ဉာဏ်ထွန်းလင်းစေခြင်းငှါ၊ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏ ။**

ဘုရားသခင်ကို လူများစွာတို့က ရှာဖွေကြသော်လည်း၊ ကိုယ်တော့်ကို မတွေ့နိုင်ကြသည့် အကြောင်းရင်းမှာ သူတို့သည် ပန်းတိုင်များစွာရှိနေသောကြောင့်ဖြစ်သည်။ မ၊ ၅း၈ အရကျွန်ုပ်တို့သည် စိတ်နှလုံးဖြူစင်ခြင်းရှိပါက၊ ဘုရားသခင်ကိုမြင်ရလိမ့်မည်။ သို့သော်လည်း၊ များစွာသော ခရစ်ယာန်အမှုဆောင်သူများသည် သခင်ဘုရားကို ပန်းတိုင်တစ်ခုနှင့် သူတို့၏ အလုပ်ကိုအခြားသောပန်းတိုင်တစ်ခုအဖြစ် ထားရှိကြပြီး၊ အခြားသော ခရစ်ယာန်များ၊ ရှာဖွေသောသန့်ရှင်းသူများ၌လည်း ဘုရားသခင်ထက် အခြားသော ပန်းတိုင်များရှိနေကြသည်။ အာရုံခံစားမှု၌ ဝိညာဉ်သန့်စွမ်းခြင်းသည် စိတ်နှလုံး၌ ဖြူစင်ခြင်းထက် လွယ်ကူသည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် စစ်မှန်သောစစ်ပွဲဆင်နွှဲသောနေရာဖြစ်သည်။ ကျွန်ုပ်တို့သည် အပေါ် ယံအားဖြင့် သခင်ဘုရားကို ပန်းတိုင်အဖြစ်ကြပြီး၊ ရာထူးဂုဏ် သို့မဟုတ် အလုပ်အောင်မြင်ခြင်းကို လျှို့ဝှက်စွာဖြင့်ရှာဖွေနေမည်ဖြစ်သည်။ ဤကဲ့သို့ ရှာဖွေခြင်းသည် ကျွန်ုပ်တို့၏ ရှုပါရုံကိုမရေရာ မသေချာဖြစ်စေလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့အပေါ် သခင်ဘုရား၏ ကရုဏာတော်မစပေးရန် ဆုတောင်းရန်လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ထက် အခြားသောအရာများကို ဂရုစိုက်တော့မည်မဟုတ်ပါ။ (*CWWL, 1970*, vol. 1, p. 412)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့၏ စိတ်နှလုံးကို စင်ကြယ်စေရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် ကျေးဇူးတော်လိုအပ်သည်။ ထို့အပြင် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် စင်ကြယ်ခြင်းရှိလေလေ၊ ကျွန်ုပ်တို့ထဲ၌ ခရစ်တော်သည် အခန်းပို၍ရရှိနိုင်လေလေဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို စင်ကြယ်စေခြင်းသည် တစ်ခါတည်းနှင့် အကြောင်းအရာအားလုံးအတွက်မဟုတ်ပါ။ သို့သော် တစ်နေ့ပြီးတစ်နေ့၊ တစ်ချိန်ပြီးတစ်ချိန် ကျွန်ုပ်တို့ဂရုပြုရမည့် အကြောင်းအရာဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် စိတ်နှလုံးဖြူစင်ကောင်းဖြူစင်ပေလိမ့်မည်။ သို့သော်

မနက်ဖြန်၌ ကျွန်ုပ်တို့သည် သခင်ဘုရားထက် အခြားသောပန်းတိုင် ရှိကောင်းရှိနိုင်သည်။ ကျွန်ုပ်တို့၏ ဖြစ်ခြင်း၌ သခင်ဘုရားနှင့် ပြိုင်ဆိုင်သောအရာ မည်သည့်အရာမဆို မည်မျှဝိညာဉ်ရေးဆန်၍၊ သမ္မာကျမ်းစာအတိုင်းဖြစ်စေကာမူ ကျွန်ုပ်တို့၏ စိတ်နှလုံးကို ညစ်ညူးစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ စိတ်နှလုံးကို အဆက်မပြတ်ဆက်ဆံဖြေရှင်းနိုင်ရန်အတွက် သခင်ဘုရား၏ ကျေးဇူးတော်ကို လက်ခံရရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် စိတ်နှလုံးကို ဆက်ဆံဖြေရှင်းလေလေ၊ စင်ကြယ်ခြင်းပို၍ ခံရလေလေဖြစ်မည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဆက်ဆံဖြေရှင်းသည်နှင့် အတိုင်းအတာတစ်ခုထိ လုံးလုံးစင်ကြယ်ခြင်းရှိလာမည်ဟု မထင်မှတ်ပါနှင့်။ ကျွန်ုပ်တို့၏ စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းခြင်းသည် သခင်ဘုရား၏ ထွန်းလင်းပေးခြင်းအတိုင်းဖြစ်၍၊ ကိုယ်တော်၏ ထွန်းလင်းပေးခြင်းသည် တဖြည်းဖြည်းနှင့် ဖြစ်ပွားခြင်းဖြစ်သည်။ ကိုယ်တော်က အလင်းသို့ယူဆောင်ပေးသောအရာများကို ကျွန်ုပ်တို့ဆက်ဆံဖြေရှင်းသကဲ့သို့ ကိုယ်တော်၏ ထွန်းလင်းပေးခြင်းကိုလည်း အဆင့်ဆင့်အရှိန်အဟုန်မြင့်တင်နေသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့၏ စိတ်နှလုံးသည် အချိန်တိုင်း၌ အကုန်အစင်စစ်ကြောပေးခြင်းနှင့် စင်ကြယ်ပေးခြင်းခံရသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးကို သန့်ရှင်းစင်ကြယ်ပေးခြင်း၏ ဤအကြောင်းအရာသည် ကျွန်ုပ်တို့ချီဆောင်ခြင်းမတိုင်မီအထိ ဆက်လက်ဖြစ်ပွားလိမ့်မည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ အကြောင်းမှာ ကျဆင်းသွားသော ဖန်ဆင်းခံအနေဖြင့် ကျွန်ုပ်တို့သည် ရှုပ်ထွေးပြီး၊ မိမိကိုယ်တိုင်နှင့်လည်းကောင်း၊ သခင်ဘုရားနှင့်လည်းကောင်း၊ မကြာခဏပင် ရိုးသားမှန်ကန်ခြင်းမရှိသောကြောင့် ဖြစ်သည်။

ယေ၊၁၇း၉ က “စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း”ဟု ပြောထားသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် စဉ်းလဲသောသဘောရှိသောကြောင့် စိတ်နှလုံးနှင့် ဆက်ဆံဖြေရှင်းရန် ခက်ခဲလှသည်။ ရှေ့ဦးစွာ၊ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကျွန်ုပ်တို့အား လှည့်စားပြီး၊ အခြားသူများကိုလှည့်စားကာ၊ သခင်ဘုရားကိုလည်း လှည့်စားရန် ကြိုးစားသည်။ ကျွန်ုပ်တို့စိတ်နှလုံး၏ စဉ်းလဲသောအပိုင်းသည် မိမိကိုယ်ကိုယ်ချစ်ခြင်း၊ မိမိကိုယ်ကို သနားခြင်းတို့၌ ကြီးမားထင်ရှားလာသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုချစ်၍၊ မိမိကိုယ်ကို အလွန်ပင် သနားတတ်သောကြောင့် ကျွန်ုပ်တို့အထဲ၌ ပြန့်နှံ့ရန် သခင်ဘုရားအတွက် ခက်ခဲလှသည် (၂တိ၊၃း၂)။ သခင်ဘုရားသည် ကျွန်ုပ်တို့၏ ဝိညာဉ်၌ အချိန်ကြာမြင့်စွာရှိနေပြီးဖြစ်သော်လည်း ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ရှုတ်ယှက်ခတ်ခြင်း၊ ရောထွေးခြင်း၊ ရှုပ်ထွေးခြင်းနှင့် စဉ်းလဲခြင်းရှိသောကြောင့် ကျွန်ုပ်တို့၏ ဝိညာဉ်မှ စိတ်နှလုံးသို့

ပျံ့နှံ့ရန်အတွက် ကိုယ်တော်၌ အခွင့်မရှိနိုင်ပါ။

ကျွန်ုပ်တို့ သခင်ဘုရား၏ ကရုဏာတော်ကို လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ သန့်စွမ်းရုံသာမက၊ စိတ်နှလုံး၌လည်း စင်ကြယ်ခြင်းရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် စင်ကြယ်ခြင်းခံရလေလေ၊ ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ပျံ့နှံ့နိုင်ရန် အတွက် သခင်ဘုရားသည် အခန်းပို၍ရရှိနိုင်လေဖြစ်သည်။ ကိုယ်တော်၏ ပျံ့နှံ့ခြင်းသည် အသက်၌ကြီးထွားခြင်းဖြစ်သည်။ စစ်မှန်သောအသက်၌ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ ကြီးထွားခြင်းမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့ထဲ၌ ခရစ်တော်၏ ကြီးထွားခြင်းဖြစ်သည်။ ထိုကဲ့သို့သော ကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ စိတ်နှလုံးပေါ် တွင် မူတည်နေသည်။ ဤ အကြောင်းအရာကို မ၊၁၃ ရှိ မျိုးစေ့ကြဲသောသူ ပုံဥပမာ၌ ရှင်းလင်းစွာဖော်ပြထားသည်။ ယနေ့ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဆက်ဆံဖြေရှင်းရန် လိုအပ်သည်။ သို့မှသာ ခရစ်တော်သည် ကျွန်ုပ်တို့အထဲ၌ ကြီးထွားရန် နည်းလမ်းရှိနိုင်မည်ဖြစ်သည်။

ဤသည်မှာ အသက်ပေးသောဝိညာဉ်တောဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့၏ ဝိညာဉ်ထဲ၌ ဝင်ရောက်ခဲ့ခြင်း၏ အကြောင်းရင်းဖြစ်သည်။ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲသို့ သူကိုယ်တော်တိုင်ပျံ့နှံ့ရန် အခွင့်အရေးကို ကျွန်ုပ်တို့၏ ဝိညာဉ်၌ စောင့်ဆိုင်းနေသည်။ ဤပျံ့နှံ့ခြင်းသည် ကျွန်ုပ်တို့၌ ကိုယ်တော်၏ ကြီးထွားခြင်းဖြစ်၍၊ ကျွန်ုပ်တို့၌ ကိုယ်တော်၏ ကြီးထွားခြင်းသည် စစ်မှန်သောအသက်၌ ကြီးထွားခြင်းဖြစ်သည်။ နောက်ဆုံးတွင် ခရစ်တော်သည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ ကိုယ်တော်၏ အိမ်တော်ဆောက်လုပ်တော်မူမည်ကို ကျွန်ုပ်တို့သိကြသော်လည်း၊ ကျွန်ုပ်တို့ စိတ်နှလုံး၏ အခြေအနေသည် ယိုယွင်းနေသည်ကို ကျွန်ုပ်တို့မြင်ရန်လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်အား မှန်ကန်သော ပူပေါင်းလုပ်ဆောင်ခြင်းကို ပေးအပ်နိုင်မည်ဖြစ်၍၊ ကိုယ်တော်အား ကျွန်ုပ်တို့စိတ်နှလုံး၏ လမ်းကြောင်းတိုင်း၊ ထောင့်တိုင်းနှင့် အစိတ်အပိုင်းတိုင်း၌ ပျံ့နှံ့နိုင်ရန် အခွင့်ပေးနိုင်မည်ဖြစ်သည်။ (*CWWL, 1970,* vol. 1, pp. 412-413, 417-418).

*ပို၍ဖတ်ရန်- CWWL, 1970,* vol. 1, pp. 415-437

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

## *Hymns,* # E- 744 , M- 212

၁။ ကိုယ်တော်အသက်နှင့်ဆက်ဆံရာ
မှန်ကန်စိတ်ထားရှိလေ
ကိုယ်တော်ကြွယ်ဝ၊ ကျေးဇူးတော်ကို
ပြည့်ဝလက်ခံရမည်။

၂။ ဖြူစင်စိတ်နှလုံးသားလိုပေ
ကြည်လင်သန့်ရှင်းစေလေ
ကိုယ်တော်စိတ်တော်ကို နားလည်ရာ
တုန်လှုပ်ကြောက်ရွံ့ရှိသေ။

၃။ ချစ်စေတနာ စိတ်ထားလိုပေ
မေတ္တာနှင့်တောက်လောင်စေ
လုံ့လစိတ်ထား၍ ကြိုးစားလေ
ကိုယ်တော်တွက် ဘုန်းထင်စေ။

၄။ နာခံသောစိတ်နှလုံးလိုပေ
အလိုတော်တိုင်းအပ်နှံ
သွေးဆောင်ရာသို့ လိုက်ပါမသွား
ကိုယ်တော်ကြံစည်ဖြည့်လေ။

၅။ စီရင်ကင်းသော စိတ်နှလုံးလို
ဘုရားရှင်နှင့်မှန်လေ
ရှင်းလင်းစိတ်ထားဖြစ်စေရန်သာ
ကိုယ်တော်သွေးတော်လွှမ်းထား။

၆။ ဤသို့စိတ်ထား ဖြစ်စေရန်သာ
ကိုယ်တော်ရှင် မိန့်ဆိုထား
အစဉ်အမြဲ တင့်တယ်စေမည်
သစ္စာနှင့်ပြည့်စုံပေ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ----------

# ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းခြင်းအားဖြင့် အသက်၌ ကြီးထွားခြင်း

ဖတ်ရန်ကျမ်း။ ဆာ၊ ၅၁း၁၀၊ ၁၂၊ ၁၇က။ သု၊၁၆း၁၈–၁၉။ ဟေရှာ၊၅၇း၁၅။ ၆၆း၁–၂။ ၁ပေ၊၃း၄။ ဂလ၊၆း၁။ ၁ကော၊၄း၂၁။ မ၊၅း၃။ လု၊၉း၅၄–၅၆

*Day 1*

**I. ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းရန်မှာ ဝိညာဉ်ကိုယ်တိုင်နှင့်ဆက်ဆံဖြေရှင်းရန်မဟုတ်ဘဲ၊ ဝိညာဉ်၏လမ်းကြောင်းနှင့် ဆက်ဆံဖြေရှင်းရန်ဖြစ်သည် (လု၊၉း၅၄–၅၆။ ၁ပေ၊၃း၄)။**

က။ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အတွင်းဆုံးအပိုင်းဖြစ်သော အသစ်မွေးဖွားခံရသည့်ဝိညာဉ်သည် ဖြူစင်ကာ အညစ်အကြေးမရှိပေ။ မည်သို့ဆိုစေ ဝိညာဉ်ပတ်ပတ်လည်၌ စိတ်နှင့် ခန္ဓာရှိနေပြီး၊ ယင်းတို့မှာ စာတန်၏ဆိုးညစ်သောဒြပ်သဘာဝများနှင့် ရောနှောနေပြီး ညစ်ညမ်းကာ ပျက်စီးနေသည်။

ခ။ ထို့ကြောင့် ဝိညာဉ်သည် စိတ်နှင့်ခန္ဓာကိုဖြတ်ကျော်ရောက်လာသောအခါ ယင်းသည် ဤညစ်ညူးခြင်းနှင့် ပျက်စီးခြင်းအားဖြင့် ညစ်ညမ်းခြင်းဖြစ်လာသည်။ ထိုအခါ ထင်ရှားခြင်းရှိလာသောအခါ ဝိညာဉ်သည် တစ်စုံတစ်ခုသော ညစ်ညူးခြင်း၊ ပျက်စီးခြင်း၊ မစင်ကြယ်ခြင်း၊ မလျော်ကန်ခြင်းနှင့် အခြားမလိုလားအပ်သော အခြေအနေအမျိုးမျိုးတို့ကို သယ်ဆောင်နေရသည်။

ဂ။ ကျွန်ုပ်တို့သည် ဝိညာဉ်၏ဝိသေသလက္ခဏာများကို ၎င်း၌ဆက်နွယ်နေသော အရာများ၏ဝိသေသလက္ခဏာများအားဖြင့် စီရင်ကြသည်။ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ဖြစ်ခြင်းအမျိုးအစားသည် ကျွန်ုပ်တို့၏ဝိညာဉ်သယ်ဆောင်နေသော ဝိသေသလက္ခဏာအမျိုးအစားကိုထွက်ပေါ်စေသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် လွတ်မြောက်ခြင်းရှိသောအခါ ၎င်းသည် ကျွန်ုပ်တို့ပုဂ္ဂိုလ်ဖြစ်ခြင်း၏ အရသာနှင့်အရောင်အဆင်းကို ထင်ရှားစေသည်။ ထို့ကြောင့် လူတစ်ဦး၏အရည်အချင်းကို သူ၏ဝိညာဉ်အရည်အချင်းအားဖြင့် ဆုံးဖြတ်နိုင်သည်။

ဃ။ လူတစ်ဦးသည် မိမိ၏စိတ်၌ ထောင်လွှားနေမည်ဆိုလျှင် ဝိညာဉ်

ကိုယ်တိုင်သည် မာနထောင်လွှားခြင်း၌ ထင်ရှားလာသည်။ လူသည် အသေွးအသား၌ ဒေါသထွက်နေမည်ဆိုလျှင် သူ၏ဝိညာဉ်သည် လည်း ဒေါသကို ထင်ရှားဖော်ပြပေးသည်။

င။ ကျွန်ုပ်တို့သည် မကြာခဏပင် စိုးရိမ်ခြင်းဝိညာဉ်၊ မနာလိုခြင်းဝိညာဉ်၊ ပုန်ကန်ခြင်းဝိညာဉ်၊ ညစ်ညမ်းသောဝိညာဉ်၊ ကောက်လိမ်သော ဝိညာဉ်၊ ဝါကြွားသောဝိညာဉ်၊ ကြီးစိုးချယ်လှယ်သောဝိညာဉ် သို့ မဟုတ် ရိုင်းစိုင်းသောဝိညာဉ်တို့ဖြင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ ယင်းတို့အားလုံးမှာ ဝိညာဉ်ကိုယ်တိုင်၏ပြဿနာများမဟုတ်ဘဲ၊ ဝိညာဉ်သည် စိတ်နှင့်ခန္ဓာကို ဖြတ်သန်းလာသောအခါ ၎င်းတို့၏ မလိုလားအပ်သော ဒြပ်သဘာဝများ၏ ညစ်ညူးသောလွှမ်းမိုးမှု ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၏ အမျိုးအစားမှ ညစ်ညူး မှုအမျိုးအစားကို ဖော်ပြနိုင်ပြီး၊ ဝိညာဉ်အမျိုးအစားသည် လူ၏ အမျိုးအစားကို ဖော်ပြပေးနေသည်။

*Day 2*

စ။ ကျွန်ုပ်တို့၏စိတ်ထားသည် မစင်ကြယ်ပါက ဝိညာဉ်သည်လည်း မစင် ကြယ်ခြင်းနှင့်အတူ ထွက်ပေါ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ရည် ရွယ်ချက်သည် မသန့်ရှင်းပါက ထွက်ပေါ်လာသောဝိညာဉ်သည်လည်း သန့်ရှင်းမည်မဟုတ်ပါ။ မိမိဘုန်းအသရေအတွက် စိတ်နှလုံးနှင့်အတူ ရလဒ်မှာ ထောင်လွှားဝါကြွားသောဝိညာဉ်ပင်ဖြစ်သည်။ ယှဉ်ပြိုင်လို သောစိတ်ထားသည် အခြားသူများအား ယှဉ်ပြိုင်ခြင်းနှင့် အားထုတ် ကြိုးပမ်းခြင်းဝိညာဉ်ကို ထိတွေ့စေသည်။

ဆ။ ကျွန်ုပ်တို့သည် လုပ်ဆောင်ရန် သို့မဟုတ် စကားပြောရန်ရှိသောအခါ တိုင်း ကျွန်ုပ်တို့လုပ်မည့်အရာသည် အမှန် သို့မဟုတ် အမှား၊ အကောင်း သို့မဟုတ် အဆိုး ဖြစ်မဖြစ်ကို ဆင်ခြင်ရန် လိုအပ်ရုံသာမက၊ ကျွန်ုပ် တို့၏ အတွင်းပိုင်းရည်ရွယ်ချက်သည် သန့်ရှင်းခြင်းရှိမရှိ၊ စိတ်ထား ဖြူစင်ခြင်းရှိမရှိ၊ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ဘုရားအတွက် လုံး လုံးဖြစ်မဖြစ် စသည်တို့ကိုလည်း ချင့်ချိန်ရမည်ဖြစ်သည်။

ဇ။ ကျွန်ုပ်တို့သည် မိမိတို့၏ လုပ်ရှားလုပ်ဆောင်မှု သို့မဟုတ် မိမိတို့၏ အလေ့အကျင့်နောက်ကွယ်တွင် အတ္တဆန်သောရည်ရွယ်ချက်ရှိမရှိ စစ်ဆေးရမည်ဖြစ်သည်။ ဤသို့သော ဆက်ဆံဖြေရှင်းခြင်းသည် ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။

စ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်လွတ်မြောက်နိုင်ရန် အတွက် မိမိတို့၏ အသွေးအသား၊ အတ္တ၊ ဇာတိထုံးဖွဲ့မှုတို့ ကျိုးပဲ့ခြင်း လိုအပ်ရုံသာမက၊ ရှေ့တစ်လှမ်းတက်ကာ စိတ်နှလုံး၏ မကောင်းမသင့် သော အကြံအစည်၊ မလိုလားအပ်သော ရည်ရွယ်ချက်များ၊ မစင် ကြယ်သောအလေ့အကျင့်များ၊ မသင့်လျော်သောအလိုဆန္ဒ၊ ရော နှောနေသည့်ခံစားမှုအားလုံးတို့ကို အဆုံးစွန်ဆက်ဆံဖြေရှင်းကာ၊ ဝိညာဉ်လွတ်မြောက်လာခြင်းရှိရုံသာမက ယင်းသည် ဖြောင့်မှန်၊ သန့် ရှင်း၊ ဖြူစင်သောအပြုအမူ၌ ထွက်ပေါ် လာနိုင်မည်ဖြစ်သည်။

*Day 3*

ည။ ဝိညာဉ်ကို ဆက်ဆံဖြေရှင်းရန် လက်တွေ့ကျသောနည်းလမ်းမှာ ရော နှောခြင်းများအားလုံးကို စီရင်ကာ သန့်ရှင်းသောဝိညာဉ်တော်အား ဖြင့် ၎င်းတို့ကို ဖယ်ရှားပြီး၊ ကားတိုင်ကိုယူဆောင်ရန် အစပြုကာ၊ ကျွန်ုပ်တို့၏ အသွေးအသား၊ အတ္တ၊ ဇာတိစေ့စပ်ထုံးဖွဲ့မှု၊ စိတ်နှလုံး ၏ အကြံအစည်၊ ရည်ရွယ်ချက်၊ ရည်မှန်း ချက်၊ အလေ့အကျင့်၊ စိတ် ထားစသည်တို့အပါအဝင် ဝိညာဉ်၏ လမ်းကြောင်းမှန်သမျှကို အသေ ခံစေရမည်ဖြစ်သည် (ရော၊ ၈း၁၃။ ဂလ၊ ၅း ၂၄)။

ဋ။ ဘုရားသခင်သည် အတ္တကို ဆက်ဆံဖြေရှင်းရန်နှင့် ၎င်းကို ဖျက်ဆီး ရန်ရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ အခြေအနေ အားလုံးနှင့် အရာအားလုံးကို စီစဉ်ထိန်းချုပ်နေသည်။ ဤနည်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ဝိညာဉ်၏ အရည်အသွေးသည် တိုးတက်ခြင်းနှင့် ဖြူစင်ခြင်း ရှိလာမည်ဖြစ်သည် (မ၊၁၀း ၂၉–၃၁။ ရော၊ ၈း ၂၈–၂၉)။

ဌ။ ညီအစ်ကို၊ ညီအစ်မအားလုံးတို့သည် အရည်အသွေး၌ ထူးကဲသော၊ ပြောင်မြောက်သော၊ ဖြူစင်သော၊ လေးနက်တည်ကြည်သော၊ မြင့် မြတ်သော ဝိညာဉ်ရှိမည်ဆိုလျှင် သူတို့သည် တစ်ဦးကိုတစ်ဦး အပြန် အလှန် မစထောက်ပံ့ခြင်းရှိကာ အသင်းတော်သည် ကြွယ်ဝလာမည် ဖြစ်သည် (cf. ဒံ၊၅း၁၂။ ၆း၃)။

*Day 4*

## II. ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်း၌ အသုံးဝင်နိုင်ရန် ကျွန်ုပ်တို့တွင် မှန်ကန်သင့်လျော်သည့်ဝိညာဉ်ရှိရန် လိုအပ်သည်။

က။ လု၊၉ တွင် ယာကုပ်နှင့် ယောဟန်သည် ကောင်းကင်မှမီးကျစေကာ ကိုယ်တော်ကို ငြင်းပယ်သည့် ရှမာရိရွာကို လောင်ကျွမ်းစေရန် သခင်

ဘုရားထံ မေးလျှောက်ခဲ့ကြသည်(အငယ်၊၅၄)။ သို့သော် သခင်ဘုရားက "သင်တို့သည် အဘယ်သို့သောဝိညာဉ်ဖြစ်ကြောင်းကို သင်တို့မသိကြ။ လူသားသည် လူတို့၏ အသက်ကို သတ်အံ့သောငှါ ကြွလာသည်မဟုတ်၊ သူတို့ကို ကယ်တင်အံ့သောငှါကြွလာသည်"ဟု ဆုံးမတော်မူခဲ့သည် (အငယ်၊၅၅–၅၆)။

၁။ တပည့်တော်များသည် သူတို့၏ ဝိညာဉ်၌ မှားယွင်းနေခြင်းမှာ သူတို့၏ စိတ်ထားသည် မုန်းတီးခြင်းရှိသောကြောင့်ဖြစ်သည်။ သခင်ဘုရား၏ ဝိညာဉ်သည် လူတို့၏ အသက်ကို ကယ်တင်ခြင်း ဝိညာဉ်ဖြစ်ပြီး၊ သူတို့ကို ဖျက်ဆီးရန်မဟုတ်ပေ။

၂။ ညီအစ်ကို ဝေါချ်မဲန်းနီးက လူသည် မှန်ကန်သောအရာကိုသာ လုပ်ဆောင်ရုံမကဘဲ၊ မှန်ကန်သောအရာကို မှန်ကန်သောနည်းလမ်းနှင့် မှန်ကန်သောဝိညာဉ်၌ လုပ်ဆောင်ရမည်ဟု ပြောခဲ့ပါသည်။

၃။ ကျွန်ုပ်တို့၏ အပြုအမူသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် တည့်မတ်ခြင်း၊ မြှင့်တင်ခြင်းနှင့် အသုံးဝင်ခြင်းရှိရန်အတွက် ကျွန်ုပ်တို့သည် လုပ်ဆောင်သောအရာ၌ မှန်ကန်ရမည်၊ နည်းလမ်း၌ မှန်ကန်ရမည်၊ ဝိညာဉ်၌ မှန်ကန်ရမည်ဖြစ်သည်။ တစ်စုံတစ်ရာပြုလုပ်မည့်အချိန်တိုင်း ကျွန်ုပ်တို့သည် မိမိကိုယ်ကို မည်သို့သောဝိညာဉ်အမျိုးအစားရှိကြောင်း မေးရမည်ဖြစ်သည်။

ခ။ ရှာဖွေသောသန့်ရှင်းသူသည် ဝိညာဉ်၌ ဆင်းရဲကာ စိတ်နှလုံးဖြူစင်ရမည်ဖြစ်သည် (မ၊၅း၃၊ ၈။ ဟေရှာ၊၆၆း၂)။

၁။ ဝိညာဉ်၌ ဆင်းရဲရန်ဆိုသည်မှာ ကျွန်ုပ်တို့သည် နှိမ့်ချကာ၊ ကျွန်ုပ်တို့၌ ဘာမျှမရှိခြင်း၊ ဘာမျှမသိခြင်း၊ ဘာမျှမလုပ်နိုင်ခြင်းနှင့် ဘာမျှမဟုတ်ခြင်းကို သိနားလည်ခြင်းဖြစ်သည်။ အသက်ပေးသောဝိညာဉ်တော်ဖြစ်သည့် ခရစ်တော်မပါဘဲ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ (cf. ဂလ၊၆း၃)။

၂။ ဝိညာဉ်၌ ဆင်းရဲရန်ဆိုသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ဗလာဖြစ်စေရန်၊ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အတွင်းပိုင်း၌ တစ်စုံတစ်ရာအားဖြင့် ဖိစီးခြင်းမရှိစေရန်ဖြစ်သည်။ စိတ်နှလုံးဖြူစင်ရန်ဟူသည်

မှာ စိတ်သဘောထား၏ အကြောင်းအရာဖြစ်သည်။ ယင်းမှာ ရည်ရွယ်ချက်တစ်ခုတည်းရှိရန်၊ ဘုရားသခင်၏ ဘုန်းတော်အတွက် ဘုရားသခင်၏ အလိုတော်ကို ပြီးပြည့်စုံစေမည့် ပန်းတိုင်တစ်ခုတည်းရှိရန်ဖြစ်သည် (၁ကော၊၁၀း၃၁)။

***Day 5***

ဂ။ ကျွန်ုပ်တို့၌ တည်ကြည်သောဝိညာဉ်ရှိရမည်ဖြစ်သည် (ဆာ၊၅၁း၁၀ခ)။

၁။ တည်ကြည်သောဝိညာဉ်သည် မရွေ့နိုင်သော၊ မလှုပ်နိုင်သော၊ ခိုင်မြဲတည်ကြည်သောတစ်စုံတစ်ရာအဖြစ် မြဲမြံစွာရပ်တည်ခြင်းဖြစ်သည် (cf. ၁ကော၊၁၅း၅၈)။

၂။ ပြန်လည်ရယူတည်ဆောက်ခြင်းအတွက် ဒါဝိဒ်၏ ဝန်ချတောင်းပန်ခြင်းနှင့် ဆုတောင်းခြင်း၌ သူ့အထဲ၌ သခင်ဘုရားသည် ထိုသို့သောဝိညာဉ်ကို အသစ်ပြုပြင်ပေးရန် ဆုတောင်းခဲ့သည်။

၃။ ကျွန်ုပ်တို့သည် မြဲမြံတည်ကြည်သောဝိညာဉ်၊ ခိုင်မြဲသော၊ တည်ကြည်သော၊ မရွေ့နိုင်သော၊ မလှုပ်နိုင်သောဝိညာဉ်ကို လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် စုံစမ်းသွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း သို့မဟုတ် လှည့်စားခြင်းတို့မှ လွတ်ကင်းနိုင်မည်ဖြစ်သည်။

ဃ။ နောင်တရသောယုံကြည်သူ၌ အလိုဆန္ဒရှိသောဝိညာဉ်ရှိသည် – "ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းအခွင့်ကို ပြန်၍ ပေးသနားတော်မူပါ။ အလိုဆန္ဒရှိသောဝိညာဉ်ဖြင့် အကျွန်ုပ်ကို ထောက်မပါစေသော" (ဆာ၊၅၁း၁၂)။

၁။ ယုံကြည်သူအနေဖြင့် ကျွန်ုပ်တို့သည် သခင်ဘုရား၏ အရာများနှင့် အသင်းတော်၏ အရာများအတွက် အလိုဆန္ဒရှိသောဝိညာဉ် အမြဲရှိရမည်ဖြစ်သည်။

၂။ သခင်ဘုရားစိတ်ဝင်စားခြင်းအရာများအတွက် အလိုဆန္ဒရှိသောဝိညာဉ်မှာ ကယ်တင်ခြင်းကို ဝမ်းမြောက်မှုအပေါ် တွင် မူတည်သည်။ ကျွန်ုပ်တို့၌ ကယ်တင်ခြင်းဝမ်းမြောက်မှုရှိသောအခါ အလိုအလျောက်ပင် သခင်ဘုရားနှင့်အတူရှေ့ဆက်သွားရန် အလိုဆန္ဒရှိသောဝိညာဉ်လည်း ရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့ထံမှ သခင်ဘုရား ရရှိလိုသော၊ သခင်ဘုရား အလိုရှိသော၊ သခင်ဘုရားတောင်းဆိုသောအရာများကို အပြေပေးရန်၊ နာခံ

ရန် အလိုဆန္ဒရှိသောဝိညာဉ်ရှိလာလိမ့်မည်ဖြစ်သည်။

၃။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဝိညာဉ်တော်၌ ဝမ်းမြောက်သော အခါ သခင်ဘုရားကို နှစ်သက်ဝမ်းမြောက်စေမည့် မည်သည့်အရာ ကိုမဆို လုပ်ဆောင်ရန် ပျော်ရွှင်လိမ့်မည်ဖြစ်သည် (ရော၊၁၄း၁၇)။

င။ ဆာ၊၅၁း၁၇က တွင် ဒါဝိဒ်က ဘုရားသခင်နှစ်သက်သောယဇ်သည် ကျိုးပဲ့သောဝိညာဉ်ဖြစ်ကြောင်း ပြောဆိုထားသည်။

၁။ ကျိုးပဲ့သောဝိညာဉ်သည် နောင်တရသော၊ မည်သည့်အပြစ်အ တွက်မဆို လွန်စွာဝမ်းနည်းခြင်းကို ခံစားရသောဝိညာဉ်ဖြစ် သည်။ တစ်နည်းအားဖြင့် ကျိုးပဲ့သောဝိညာဉ်သည် စစ်မှန်သော နောင်တရသည့်ဝိညာဉ်ဖြစ်သည်။

၂။ ကျိုးပဲ့ရန်ဟူသည်မှာ လုံးလုံးဖြစ်ခြင်းမဟုတ်ကြောင်းကို ဆိုလို သည်။ ယင်းမှာ သင်သည် မိမိကိုယ်ကို လုံးလုံးမဖြစ်ကြောင်း၊ မစုံလင်ကြောင်း၊ မပြည့်စုံကြောင်းကို သိနားလည်ခြင်းဖြစ်သည်။ သင်၏ ဝိညာဉ်သည် နောင်တရသောအခါ သင်၏ ဝိညာဉ်သည် ကျိုးပဲ့ခြင်း၊ နောင်တပူပန်ခြင်း၊ ဝမ်းနည်းခြင်းရှိသည်။

***Day 6***

စ။ ကျွန်ုပ်တို့၌ နူးညံ့သိမ်မွေ့၍ တည်ငြိမ်သောဝိညာဉ်ရှိရန် လိုအပ်သည်။

၁။ ၁ပေ၊၃း၄ က ကျွန်ုပ်တို့စိတ်နှလုံး၏ အတွင်းလူသည် နူးညံ့သိမ် မွေ့ကာ တည်ငြိမ်သောဝိညာဉ်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဂလ၊၆း၁ တွင် ကျဆင်းသွားသောညီအစ်ကိုအား နူးညံ့သိမ်မွေ့ သော ဝိညာဉ်၌ ပြန်လည်ရယူရန် လိုအပ်ကြောင်း ပြောဆိုထား သည်။ ၁ကော၊၄း ၂၁ တွင် ပေါလုက ကောရိန္သုမြို့ သားများထံ သူသည် တုတ်ဖြင့်လာရမည်လော သို့မဟုတ် နူးညံ့ သိမ်မွေ့သော ဝိညာဉ်၌ လာရမည်လောဟု မေးခဲ့သည်။

၂။ “နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏ ။ အကြောင်းမူ ကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတံ့” (မာ၊၅း၅)။

က။ နူးညံ့သိမ်မွေ့ရန်ဆိုသည်မှာ လောက၏ ဆန့်ကျင်ခြင်းကို ခုခံ ရန်မဟုတ်ဘဲ၊ ၎င်းကို အလိုဆန္ဒရှိစွာ ဒုက္ခခံရန်ဆိုလိုသည်။ လောက၏ နည်းလမ်းမှာ တိုက်ခိုက်ရန်၊ အတိုက်အခံလုပ် ရန်၊ တစ်စုံတစ်ခုပိုင်ဆိုင်ရန်၊ တစ်စုံတစ်ခုအမွေခံရန် အခြား သူများကို အနိုင်ယူခြင်းနည်းလမ်းဖြစ်သည်။

ခ။ မည်သည့်အခြေအနေမျိုးဖြစ်နေပါစေ ကျွန်ုပ်တို့သည် နူးညံ့သိမ်မွေ့ကာ အခြားသူများကို တိုက်ခိုက်ခြင်းမပြုသင့်ပေ။ နူးညံ့သိမ်မွေ့ခြင်းသည် မိမိတို့အဖို့ တိုက်ခိုက်ခြင်းမပြုရန် ဆိုလိုခြင်းဖြစ်သည်။

ဆ။ ဘုရားသခင်သည် နောင်တရကာ နှိမ့်ချသောဝိညာဉ်ရှိသူများနှင့် အတူ ကိန်းဝပ်ရန်အလိုတော်ရှိသည် (ဟေရှာ၊ ၅၇း၁၅။ ၆၆း ၂။ cf. သု၊ ၁၆း၁၈–၁၉)။

၁။ ကျွန်ုပ်တို့၏ဝိညာဉ်၌ နောင်တရကာ နှိမ့်ချခြင်းရှိမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်၌ ကျိုးပဲ့ခြင်းရှိကာ ဘုရားသခင်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်။ ထိုအခါ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ရှိကာ ကျွန်ုပ်တို့နှင့်အတူ ကိန်းဝပ်နေမည်ဖြစ်သည်။

၂။ "အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသော အရပ်၌နေ၏။ စိတ်နှိမ့်ချသော သူနှင့်၊ နှလုံးကြေကွဲသော သူတို့၏ဝိညာဉ်အသက်ရှင်စေခြင်းငှါ၊ ကြေကွဲနှိမ့်ချသော ဝိညာဉ်ရှိသောသူတို့၌လည်း ငါနေ၏" (ဟေရှာ၊ ၅၇း၁၅)။

၃။ "ယေဟောဝါမိန့်တော်မူသည်ကား၊ ကောင်းကင်သည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံဖြစ်၏။ အဘယ်သို့သော ဗိမာန်ကို ငါ့အဘို့ တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါကိန်းဝပ်ရာအရပ်ဖြစ်မည်နည်း။ ဤအရာအလုံးစုံတို့သည် ငါကိုယ်တိုင်ဖန်ဆင်းသောကြောင့် ဖြစ်ကြ၏။ စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသော သူကိုသာ ငါကြည့်ရှုမည်" (ဟေရှာ၊ ၆၆း၁–၂)။

၄။ ဘုရားသခင်ရရှိရန် အလိုရှိသော ကိန်းဝပ်ရာနေရာမှာ သူတို့အထဲသို့ ကိုယ်တော်ဝင်ရောက်နိုင်သည့် လူအုပ်စု၊ နောင်တရကာ နှိမ့်ချသောဝိညာဉ်ရှိသော လူအုပ်စုတစ်စုကို ရရှိရန်ဖြစ်သည်။

က။ ဘုရားသခင်သည် စကြဝဠာ၌ ကိန်းဝပ်ရာနေရာကို ရရှိရန် ရည်ရွယ်ချက်ရှိသည်၊ ယင်းမှာ ဘုရားနှင့်လူ၏ ရောနှော ပေါင်းစည်းခြင်းဖြစ်ပြီး ဘုရားသည် လူအထဲသို့တည်ဆောက် ခံရကာ လူသည် ဘုရားအထဲသို့ တည်ဆောက်ခံရသည်။ သို့မှသာ ဘုရားနှင့်လူ၊ လူနှင့်ဘုရားသည် အချင်းချင်းအ ပြန်အလှန်တည်နေနိုင်မည်ဖြစ်သည် (ယော၊ ၁၄း ၂၊ ၂၀၊ ၂၃။ ၁၅း၄။ ၁ယော၊ ၄း၁၃)။ ဓမ္မသစ်ကျမ်း၌ ဤကိန်းဝပ် ရာနေရာ၊ ဤအိမ်တော်သည် အသင်းတော်ဖြစ်ပြီး၊ ယုံကြည် သူများ၏ ဝိညာဉ်၌ရှိသော ဘုရားသခင်၏ ကိန်းဝပ်ရာနေ ရာဖြစ်သည် (ဧ၊ ၂း ၂၂)။

ခ။ ဤစကြဝဠာဆိုင်ရာတည်ဆောက်ခြင်း၊ ဤစကြဝဠာဆိုင်ရာ အိမ်တော်၏ အဆုံးစွန်ထင်ရှားခြင်းမှာ ယေရုရှလင်မြို့သစ် ဖြစ်သည်။ ဤမြို့တော်၌ ဘုရားသခင်သည် လူ၌ရှိပြီး၊ လူကို ကိုယ်တော်၏ ကိန်းဝပ်ရာအဖြစ်ယူဆောင်ကာ၊ လူသည် ဘုရားသခင်၌ရှိပြီး၊ ဘုရားသခင်ကို သူ၏ ကိန်းဝပ်ရာနေရာ အဖြစ်ယူဆောင်သည် (ဗျာ၊ ၂၁း၃၊ ၂၂)။

## နံနက်ခင်းကျွေးမွေးခြင်း

**လု၊ ၉း၅၄–၅၅** **ထိုအကြောင်းကို တပည့်တော် ယာကုပ်၊ ယောဟန်တို့သည် မြင်လျှင်၊ သခင်၊ အကျွန်ုပ်တို့သည် ကောင်းကင်မှ မီးကျစေ၍၊ ထိုသူတို့ကို လောင်စေခြင်းငှါ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ ယေရှုသည် လှည့်ကြည့်၍ပြောဆိုသည်ကား၊ သင်တို့သည် အဘယ်သို့သောဝိညာဉ်ဖြစ်ကြောင်းကို သင်တို့မသိကြဟု ဆုံးမတော်မူ၏။**

လူအဖို့ ဘုရားသခင်၏ မူလအစီအစဉ်မှာ လူ၏ဝိညာဉ်ကို သူ၏စိတ်နှင့်ခန္ဓာ၏ အထက်တွင် ထားရှိကာ လူသည် ဝိညာဉ်အားဖြင့် အသက်ရှင်ရန်ဖြစ်သည်။ တစ်ဖက်တွင် ဝိညာဉ်ကို လေ့ကျင့်ခြင်းဖြင့် ဘုရားသခင်ကိုဆက်သွယ်ကာ ကိုယ်တော်အားဖြင့် အုပ်စိုးခံရန်နှင့် အခြားတစ်ဖက်တွင် ဝိညာဉ်လေ့ကျင့်ခြင်းအားဖြင့် သူ၏ဖြစ်ခြင်းတစ်ခုလုံးကို ထိန်းချုပ်ရန်ဖြစ်သည်။ သို့သော် ကျဆင်းပြီးနောက် ခန္ဓာနှင့် စိတ်သည် ဝိညာဉ်၏နေရာကို ရယူသိမ်းပိုက်ကာ လူသည် ဝိညာဉ်အားဖြင့်အသက်မရှင်တော့ဘဲ၊ အသွေးအသားနှင့် စိတ်အားဖြင့်သာ အသက်ရှင်တော့သည်။ ဘုရားသခင်သည် လူကို ကယ်တင်ရန်ကြွလာသောအခါ ကိုယ်တော်၏ဝိညာဉ်တော်သည် လူ၏ဝိညာဉ်အထဲသို့ ဝင်ရောက်ကာ ၎င်းကို နိုးကြားရှင်သန်ကာ ခွန်အားရှိစေရန်ဖြစ်ပြီး၊ လူသည် ဝိညာဉ်အားဖြင့် တစ်ဖန် အသက်ရှင်နိုင်စေရန်ဖြစ်သည်။ မည်သို့ဆိုစေ လူ၏ဝိညာဉ်သည် အသွေးအသား၊ အတ္တ–ထင်မြင်ယူဆချက်နှင့် ဇာတိစေ့စပ်ထုံးဖွဲ့မှုတို့အားဖြင့် ဝန်းရံခံရသည့်အပြင် လူသည် ဤအရာများအားဖြင့် အသက်ရှင်ရန် နေသားကျနေပြီဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် လူကို သခင်ဘုရား၏ ကားတိုင်၏သေစေခြင်းအကျိုးသက်ရောက်မှုအားဖြင့် ၎င်းတို့ကို သေစေခြင်း၊ ၎င်းတို့ကို ဆက်ဆံဖြေရှင်းခြင်း၊ ၎င်းတို့ကို ချိုးဖွဲ့ခြင်းရှိစေရန် အလိုရှိသည်။ သို့မှသာ ဝိညာဉ်သည် လွတ်မြောက်ခြင်းရှိရန် လမ်းကြောင်း သို့မဟုတ် ဖွင့်ခြင်းတစ်စုံတစ်ရာရှိနိုင်မည်ဖြစ်သည်။ လူ၏ဝိညာဉ်သည် ထွက်ပေါ်လာသောအခါ ၎င်းသည် ဘုရားသခင်၏ဝိညာဉ်တော်ကိုလည်း ယူဆောင်လာသည်။ ထိုအခါ လူသည် ဝိညာဉ်အားဖြင့် အသက်ရှင်ကာ၊ သူ၏စိတ်ကို ညွှန်ကြားပြီး၊ သူ၏ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်မည်ဖြစ်၍ ဝိညာဉ်အားဖြင့် အသက်ရှင်၊ လှုပ်ရှားကာ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်၊ အစေခံသော စစ်မှန်သောလူသားတစ်ဦးဖြစ်လာနိုင်မည်ဖြစ်သည်။ (*The Experience of Life*, pp. 281-282)

## ယနေ့ဖတ်စရာ

ဝိညာဉ်ကိုယ်တိုင်သည် ညစ်ညူးခြင်းမရှိလျှင် အဘယ့်ကြောင့် ၎င်းသည် တစ်ခါတစ်ရံ မသန့်ရှင်းခြင်းနှင့် မမှန်ကန်သောနည်းလမ်း၌ ထင်ရှားထွက်ပေါ် လာရပါသနည်း။ အကြောင်းမှာ ဝိညာဉ်သည် ထွက်ပေါ် လာခြင်းရှိသောအခါ ၎င်းသည် ကျွန်ုပ်တို့အတွင်းအစိတ်အပိုင်းများစွာကို ဖြတ်ကျော်လာရမည်ဖြစ်သောကြောင့်ဖြစ်သည်။ အတွင်းအစိတ်အပိုင်းများ၏ အတွင်း၌ ညစ်ညူးခြင်းရှိသောကြောင့် ဝိညာဉ်သည် ၎င်းတို့ကို ဖြတ်ကျော်လာသောအခါ ၎င်းသည်လည်း ညစ်ညူးကာ ညစ်ညမ်းခြင်းကို ထွက်ပေါ် လာစေသည်။ ထို့ကြောင့် ဝိညာဉ်သည် လွတ်မြောက်ကာ ထင်ရှားထွက်ပေါ် သောအခါ ၎င်းသည် ညစ်ညူးသောတစ်စုံတစ်ရာနှင့် မသင့်လျော်သောအခြေအနေများကို ဖြစ်ပေါ် စေသည်။

ကျွန်ုပ်တို့၏ အတွင်းဆုံးအပိုင်းရှိ ဝိညာဉ်သည် ဖြူစင်ခြင်းရှိကာ ညစ်ညူးခြင်းမရှိပေ။ မည်သို့ဆိုစေ ဝိညာဉ်ကို ဝန်းရံထားသောအရာသည် စိတ်နှင့် ခန္ဓာဖြစ်ပြီး၊ ယင်းတို့မှာ စာတန်၏ ဆိုးညစ်သောဒြပ်သဘာဝများဖြင့် ရောနှော၍ ညစ်ညူးကာ ပျက်စီးနေသည်။ ထို့ကြောင့် ဝိညာဉ်သည် ထွက်လာ၍ စိတ်နှင့် ခန္ဓာကို ဖြတ်ကျော်လာသောအခါ ၎င်းသည် ဤညစ်ညူးခြင်းနှင့် ပျက်စီးခြင်းအားဖြင့် ညစ်ညမ်းလာသည်။ ထိုကြောင့် ထင်ရှားထွက်ပေါ် လာသောအခါ ဝိညာဉ်သည် ညစ်ညူးခြင်း၊ ပျက်စီးခြင်း၊ မစင်ကြယ်ခြင်း၊ မလျောက်ပတ်ခြင်းနှင့် အခြားမလိုလားအပ်သော အခြေအနေအမျိုးမျိုးတို့ကို သယ်ဆောင်နေရသည်။ လူသည် မိမိ၏ စိတ်တွင် မာနရှိနေမည်ဆိုလျှင် ဝိညာဉ်သည်လည်း မာန်မာနကို ထင်ရှားစေမည်ဖြစ်သည်။ လူသည် အသွေးအသား၌ ဒေါသထွက်နေမည်ဆိုလျှင် သူ၏ ဝိညာဉ်သည်လည်း ဒေါသကို ထင်ရှားစေသည်။ ကျွန်ုပ်တို့သည် မကြာခဏပင် စိုးရိမ်ခြင်းဝိညာဉ်၊ မနာလိုခြင်းဝိညာဉ်၊ ပုန်ကန်ခြင်းဝိညာဉ်၊ ညစ်ညမ်းသောဝိညာဉ်၊ ကောက်လိမ်သောဝိညာဉ်၊ ဝါကြွားသောဝိညာဉ်၊ ကြီးစိုးချယ်လှယ်သောဝိညာဉ် သို့မဟုတ် ရိုင်းစိုင်းသောဝိညာဉ်တို့ဖြင့် ရင်ဆိုင်တွေ့ကြုံနေရသည်။ ယင်းတို့အားလုံးမှာ ဝိညာဉ်ကိုယ်တိုင်၏ ပြဿနာများမဟုတ်ဘဲ၊ ဝိညာဉ်သည် စိတ်နှင့်ခန္ဓာကို ဖြတ်သန်းလာသောအခါ ၎င်းတို့၏ မလိုလားအပ်သော ဒြပ်သဘာဝများ၏ ညစ်ညူးသောလွှမ်းမိုးမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၏ အမျိုးအစားမှ ညစ်ညူးမှုအမျိုးအစားကို ဖော်ပြနိုင်ပြီး၊ ဝိညာဉ်အမျိုးအစားသည် လူ၏ အမျိုးအစားကို ဖော်ပြပေးနေသည်။ (*The Experience of Life*, p.284)

သမ္မာကျမ်းစာ၌ လူ၏ ဝိညာဉ်သည် ကြားနေဖြစ်သည်။ ၎င်း၏ ဝိသေသလက္ခဏာများသည် အပြင်လူတည်းဟူသော စိတ်၏ ဝိသေသလက္ခဏာများကို ယူတင်ခြင်းဖြစ်

သည်။ ဝိညာဉ်ကိုယ်တိုင်သည် အကောင်းနှင့်အဆိုး၊ အမှန်နှင့်အမှား၊ ဟုတ်မှန်ခြင်းနှင့် မဟုတ်ခြင်း၊ ကောင်းခြင်းနှင့်ဆိုးခြင်းတို့ထက် ကျော်လွန်သည်။ ဝိညာဉ်သည် ယုံကြည်သူများထံ ဘုရားသခင်ပေးထားသော စွမ်းဆောင်ရည်အသစ်ဖြစ်သည်။ ၎င်းသည် အာရုံခံစားခြင်း၌ အထူးကောင်းမွန်ပြီး မိမိကိုယ်ပိုင်ဝိသေသလက္ခဏာမရှိပေ။ ၎င်းသည် အခြားအရာများထံမှ ဝိသေသလက္ခဏာကို ဆောင်ခြင်းဖြစ်သည်။ တစ်ဖက်တွင် ၎င်းသည် မိမိကိုယ်ပိုင်ဝိသေသလက္ခဏာမရှိသော်လည်း အခြားတစ်ဖက်တွင် ၎င်းသည် မိမိကိုယ်ပိုင်ဝိသေသလက္ခဏာရှိသည်။ ၎င်း၏ဝိသေသလက္ခဏာမှာ ကျွန်ုပ်တို့စိတ်၏ဝိသေသလက္ခဏာဖြစ်သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်၏ဝိသေသလက္ခဏာကို ၎င်းနှင့် ဆက်နွယ်မှုရှိသည့် အရာများ၏ဝိသေသလက္ခဏာများအားဖြင့် ပိုင်းခြားစိတ်ဖြာနိုင်သည်။ ကျွန်ုပ်တို့၏ပုဂ္ဂိုလ်ဖြစ်ခြင်းအမျိုးအစားသည် ကျွန်ုပ်တို့ဝိညာဉ်က သယ်ဆောင်သည့် ဝိသေသလက္ခဏာအမျိုးအစားကို ထွက်ပေါ်စေသည်။ အကြိမ်များစွာ ညီအစ်ကို၊ ညီအစ်မများသည် သူတို့၏စကားများနှင့် အပြုအမူ၌ မှန်ကန်မှုရှိသော်လည်း သူတို့၏ဝိညာဉ်မှာ မှားယွင်းနေသည်၊ အကြောင်းမှာ သူတို့၏ပုဂ္ဂိုလ်ဖြစ်ခြင်းသည် မှားနေသောကြောင့်ဖြစ်သည်။

ကျွန်ုပ်တို့သည် မှန်ကန်သောဝိညာဉ်ကို မည်သို့ရနိုင်မည်နည်း။ လူ၏ဝိညာဉ်သည် သူ၏ကိုယ်ပိုင်အနှစ်အရသာနှင့် အရောင်အဆင်းကို သယ်ဆောင်နေသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် လွတ်ခြင်းရှိသောအခါ ၎င်းသည် ကျွန်ုပ်တို့ဖြစ်ခြင်းပုဂ္ဂိုလ်၏ အနှစ်အရသာနှင့် အရောင်အဆင်းကို ထင်ရှားဖော်ပြနေသည်။ ကျွန်ုပ်တို့၏ဝိညာဉ်၌ မှန်ကန်မှုရှိရန် ကျွန်ုပ်တို့သည် ဆက်ဆံဖြေရှင်းခြင်းများကို ဖြတ်ကျော်ရမည်ဖြစ်သည်။ လူတစ်ဦး၏ အရည်အချင်းကို သူ၏ဝိညာဉ်အားဖြင့် သတ်မှတ်ဆုံးဖြတ်သည်။ (*CWWN*, vol.62, pp.445, 455)

*ပို၍ဖတ်ရန်* – *CWWN*, vol.62, ch. 41

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––––––––

## ***နံနက်ခင်းကျွေးမွေးခြင်း***

**၁ပေ၊ ဘုရားသခင့်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်း**
**၃း၄ ဝိညာဉ်တည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော *တန်ဆာ***
***ဆင်ခြင်း*ရှိသော စိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့။**
**မ၊ ခံတွင်းမှထွက်သောအရာမူကား၊ စိတ်နှလုံးထဲကထွက်လာ၍ လူကို**
**၁၅း၁၈–၁၉ ညစ်ညူးစေသောအရာဖြစ်၏။ မကောင်းသောကြံစည်ခြင်း၊ လူ့**
**အသက်ကို သတ်ခြင်း၊ သူ့မယားကို ပြစ်မှားခြင်း၊ မတရားသော**
**မေထုန်ပြုခြင်း၊ သူ့ဥစ္စာကို ခိုးခြင်း၊ မမှန်သောသက်သေခံခြင်း၊**
**သူ့အသရေကို ဖျက်ခြင်းအရာတို့သည် စိတ်နှလုံးထဲက ထွက်လာ၏။**

ဝိညာဉ်၏လမ်းကြောင်းသည် စိတ်နှင့်ခန္ဓာအဖြစ် မှတ်ယူနိုင်သော်လည်း အသေးစိတ်လေ့လာကြည့်မည်ဆိုလျှင် ၎င်းကို စိတ်နှလုံး၏ရည်ရွယ်ချက်၊ စိတ်နှလုံး၊ အလိုဆန္ဒနှင့် အသွေးအသား၏စိတ်ထား၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ သဘောထားဟူ၍ ခွဲခြမ်းစိတ်ဖြာနိုင်သည်။ စိတ်နှလုံး၏ရည်ရွယ်ချက်သည် စိတ်နှလုံးနှင့်ဆိုင်သောတစ်စုံတစ်ရာဖြစ်သော်လည်း စိတ်ထားနှင့် ရည်ရွယ်ချက်တို့သည် စိတ်နှလုံး၌ သို့မဟုတ် စိတ်၌ တစ်ခုခုတွင်ဖြစ်နိုင်သည်။ အသွေးအသားသည် ရုပ်ပိုင်းဆိုင်ရာခန္ဓာနှင့်သက်ဆိုင်သည်။ ဝိညာဉ်၏ ဤလမ်းကြောင်းများအားလုံးသည် ကျွန်ုပ်တို့၏ဝိညာဉ်ကို ဝန်းရံနေသောကြောင့် ၎င်းတို့သည် ဝိညာဉ်ကို ပင်ကိုယ်အားဖြင့် သက်ရောက်မှုရှိစေသည်။ အကြောင်းမှာ ဝိညာဉ်သည် လွတ်ခြင်းရှိရန် ၎င်းတို့ကို ဖြတ်ကျော်လာရသောကြောင့် ၎င်းတို့၏ဒြပ်သဘာဝများနှင့် အခြေအနေများကိုလည်း သယ်ဆောင်လာရသည်။ ကျွန်ုပ်တို့၏စိတ်ထားသည် မဖြူစင်ပါက ထွက်ပေါ်လာသော ဝိညာဉ်သည်လည်း ဖြူစင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်သည် မသန့်ရှင်းပါက ထွက်ပေါ်လာသောဝိညာဉ်သည်လည်း သန့်ရှင်းမည်မဟုတ်ပါ။

ဤအရာကို ဟောပြောဝေငှခြင်းအား ဝါကြွားရန်နှင့် ဂုဏ်ပြိုင်ရန်အသုံးပြုသည့် သရုပ်ဖော်ပြချက်တစ်ခုမှ ကျွန်ုပ်တို့မြင်နိုင်သည်။ ညီအစ်ကိုတစ်ဦးသည် ဟောပြောဝေငှသောအခါ သူ၏ဝိညာဉ်လွတ်မြောက်ခြင်းရှိသော်လည်း ယင်းမှာ ဂုဏ်ဖော်ရန်နှင့် ဂုဏ်ပြိုင်မည့်ဟန်ပန်ဖြင့်သာဖြစ်သည်။ အကြောင်းမှာ သူ၏စိတ်နှလုံးရည်ရွယ်ချက်နှင့် သူ၏စိတ်ထား၌ ဝါကြွားခြင်းနှင့် ဂုဏ်ပြိုင်ခြင်းဒြပ်သဘာဝများရှိနေသောကြောင့်ဖြစ်သည်။ မိမိဘုန်းအသရေအတွက် စိတ်နှလုံးရည်ရွယ်ချက်၏ရလဒ်မှာ ဝါကြွားခြင်းနှင့် ထောင်လွှားခြင်းဝိညာဉ်ပင်ဖြစ်သည်။ သူ၏ယှဉ်ပြိုင်လိုသောစိတ်ထားသည် အခြားသူများအား ယှဉ်ပြိုင်ခြင်းနှင့် ကြိုးပမ်းအားထုတ်ခြင်းဝိညာဉ်ကိုသာ ထိတွေ့စေသည်။ (*The Experience of Life*, pp.285-286)

# ယနေ့ဖတ်စရာ

ဝိညာဉ်၏ ညစ်ညူးခြင်းသည် ဝိညာဉ်၏ လမ်းကြောင်းကြောင့်(ယင်းတွင် စိတ်နှလုံး၏ ရည်ရွယ်ချက်၊ စိတ်ထား၊ ရည်မှန်းချက်၊ ကြံစည်ချက်တို့ပါဝင်သည်) ဖြစ်သောကြောင့် ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းခြင်းသည် ဝိညာဉ်ကိုယ်တိုင်ကို ဆက်ဆံဖြေရှင်းခြင်းမဟုတ်ဘဲ၊ ဝိညာဉ်၏ လမ်းကြောင်းကို ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့တစ်စုံတစ်ရာကို လုပ်ဆောင်မည့်အခါ သို့မဟုတ် ပြောဆိုမည့်အခါတိုင်း ကျွန်ုပ်တို့လုပ်မည့်အရာသည် အမှန် သို့မဟုတ် အမှား၊ အကောင်း သို့မဟုတ် အဆိုးဖြစ်သည်ကို ပိုင်းခြားသိရန်လိုအပ်သည် သာမက ကျွန်ုပ်တို့၏ အတွင်းပိုင်းရည်ရွယ်ချက်သည် သန့်ရှင်းခြင်းရှိမရှိ၊ ကျွန်ုပ်တို့၏ စိတ်ထားသည် ဖြူစင်ခြင်းရှိမရှိ၊ ကျွန်ုပ်တို့၏ ရည်မှန်းချက်သည် ဘုရားသခင်အတွက် လုံးလုံးဖြစ်မဖြစ်ကိုလည်း ပိုင်းခြားသိမြင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ပြုမူခြင်းနောက်ကွယ်တွင် အတ္တဆန်သောရည်ရွယ်ချက်ရှိပါသလား။ အတ္တဆန်သောအလေ့အကျင့်များ ရှိနေပါသလား။ ဤသို့သော ဆက်ဆံဖြေရှင်းခြင်းမျိုးသည် ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းခြင်းပင် ဖြစ်သည်။

ဝိညာဉ်လွတ်မြောက်ခြင်းရှိရန် ကျွန်ုပ်တို့၏ အသွေးအသား၊ အတ္တ၊ ဇာတိစေ့စပ်ထုံးဖွဲ့မှုတို့သည် ကျိုးပဲ့ကြေမွခြင်းရှိရန်လိုအပ်သည်သာမက၊ ကျွန်ုပ်တို့သည် ရှေ့တစ်ဆင့်တက်ကာ စိတ်နှလုံး၏ မကောင်းမသင့်သော အကြံအစည်၊ မလိုလားအပ်သော ရည်ရွယ်ချက်များ၊ မစင်ကြယ်သောအလေ့အကျင့်များ၊ မသင့်လျော်သောအလိုဆန္ဒ၊ ရောနှောနေသည့်ခံစားမှုအားလုံးတို့ကို အဆုံးစွန်ဆက်ဆံဖြေရှင်းကာ၊ ဝိညာဉ်လွတ်မြောက်လာခြင်းရှိရုံသာမက ယင်းသည် ဖြောင့်မှန်၊ သန့်ရှင်း၊ ဖြူစင်သောအပြုအမူ၌ ထွက်ပေါ် လာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤဆက်ဆံဖြေရှင်းခြင်းအဆင့်နှစ်ခုကို လိုအပ်သည်။ ပထမအဆင့်မှာ ဝိညာဉ်လွတ်မြောက်ခြင်းရှိရန်အတွက် ကျိုးပဲ့ကြေမွခြင်း၏ ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။ ဒုတိယအဆင့်မှာ ဝိညာဉ်၏ လမ်းကြောင်းရှိ ဒြပ်သဘာဝများအားလုံးကို ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်၊ သို့မှသာ ဝိညာဉ်သည် သန့်ရှင်းသောလမ်း၌ ထွက်ပေါ် လွတ်မြောက်နိုင်မည်ဖြစ်သည်။ ဝိညာဉ်၏ လမ်းကြောင်း၌ ကျွန်ုပ်တို့ဖြစ်ခြင်း၏ အစိတ်အပိုင်းအားလုံးပါဝင်သည့်အတွက် ကျွန်ုပ်တို့သည် ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းသည့်အခါ ကျွန်ုပ်တို့ဖြစ်ခြင်းအစိတ်အပိုင်းအားလုံးကိုလည်း ဆက်ဆံဖြေရှင်းရမည်ဖြစ်သည်။ ဤသို့သော ဆက်ဆံဖြေရှင်းခြင်းသည် ပို၍နက်နဲကာ၊ အနုစိတ်သည်။ အပြစ်နှင့်ဆက်ဆံဖြေရှင်းခြင်းနှင့် လောကနှင့်ဆက်ဆံဖြေရှင်းခြင်းကို ကျွန်ုပ်တို့၏ အဝတ်လျှော်ဖွက်ခြင်း၊ ဩတ္တပ္ပစိတ်နှင့်ဆက်ဆံဖြေရှင်းခြင်းကို ရေချိုးခြင်း၊ အသွေးအသားနှင့်ဆက်ဆံဖြေရှင်း

ခြင်းကို မှတ်ဆိတ်ရိတ်ခြင်း၊ အတ္တနှင့်ဆက်ဆံဖြေရှင်းခြင်းကို အရေခွံခွာခြင်း၊ ဇာတိစေ့စပ်ထုံးဖွဲ့မှုနှင့် ဆက်ဆံဖြေရှင်းခြင်းကို ဖြတ်တောက်ခြင်းစသည်ဖြင့် ခိုင်းနှိုင်းမည်ဆိုလျှင် ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းခြင်းကို သွေးကြောတစ်ခုစီအား စစ်ဆေးကာ သန့်စင်စေရန် သွေးကြောအားလုံးကို ထုတ်ယူခြင်းနှင့် ခိုင်းနှိုင်းဖော်ပြနိုင်သည်။ အပြစ်ကို ဆက်ဆံဖြေရှင်းခြင်းမှ အစပြု၍ ဆက်ဆံဖြေရှင်းခြင်းအဆင့်တိုင်းသည် ကျွန်ုပ်တို့ရှေ့ဆက်သွားသည်နှင့်အမျှ ပို၍နက်နဲကာ ကောင်းမွန်လာသည်။ ဇာတိစေ့စပ်ထုံးဖွဲ့မှုနှင့်ဆက်ဆံ ဖြေရှင်းခြင်းသို့ ရောက်လာသောအခါ ကျွန်ုပ်တို့သည် အတွင်းပိုင်းနှင့် အပြင်ပိုင်းလုံးလုံးဆက်ဆံဖြေရှင်းခြင်းခံရသည်။ ကျန်ရှိနေသည့်အပိုင်းမှာ ဝိညာဉ်နှင့်အတူထွက်ပေါ် လာသည့်အရောအနှောဖြစ်သည်။ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဆက်ဆံဖြေရှင်းခံရခြင်းနှင့် ရောနှောခြင်းအားလုံးမှ သန့်ရှင်းခံရပြီးသောအခါ ဝိညာဉ်သာလျှင် ထွက်ပေါ် လာခြင်းမဟုတ်တော့ဘဲ၊ ၎င်းသည် သန့်ရှင်းသော၊ ဖြူစင်သော၊ ဖြောင့်မှန်သောဝိညာဉ်အဖြစ် ထွက်ပေါ်လာမည်ဖြစ်ကာ၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးသည် လုံးလုံး အကုန်အစင်ဆက်ဆံဖြေရှင်းခံရမည်ဖြစ်သည်။ ထို့ကြောင့် နောက်ဆက်တွဲအနေဖြင့် ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ ဖြည့်ပေးခြင်းကို ခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဖန်ဆင်းခြင်းအဟောင်းဒြပ်သဘာဝအားလုံးသည် လုံးလုံး ဆက်ဆံဖြေရှင်းခံရသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ပိုင်ဆိုင်ကာ၊ ဖြည့်ပေးနိုင်လိမ့်မည်ဖြစ်သည်။ (*The Experience of Life*, pp. 287-289)

*ပို၍ဖတ်ရန်* – *The Experience of Life*, ch.13

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ရော၊ သင်တို့သည် အသွေးအသားအတိုင်းအသက်ရှင်လျှင် သေရကြမည်။**
**၈း၁၃ ဝိညာဉ်တော်အားဖြင့် ကိုယ်ခန္ဓာ၏ အကျင့်တို့ကို သေစေလျှင် အသက်ရှင်ကြလိမ့်မည်။**
**ဂလ၊ သို့သော်လည်း ခရစ်တော်ယေရှုနှင့်စပ်ဆိုင်သောသူတို့သည် အသွေး**
**၅း၂၄ အသားနှင့် ၎င်း၏ ချစ်ခင်ခြင်းများနှင့်တပ်မက်ခြင်းများကို လက်ဝါးကပ်တိုင်တွင် ရိုက်ထားကြပြီ။**

ဝိညာဉ်ကို ဆက်ဆံဖြေရှင်းရန် လက်တွေ့ကျသောနည်းလမ်းမှာ ရောနှောခြင်းများအားလုံးကို စီရင်ကာ ယင်းတို့ကို သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ဖယ်ရှားရန်ဖြစ်သည်။ ဥပမာ၊ ကျွန်ုပ်တို့၌ကောက်လိမ်သောဝိညာဉ်ရှိမည်ဆိုလျှင် ရှေ့ဦးစွာ ဤကောက်လိမ်ခြင်းကို အပြစ်အဖြစ်စီရင်ရမည်ဖြစ်သည်။ ဒုတိယအနေဖြင့် ဤကောက်လိမ်ခြင်းကို သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့် ကျွန်ုပ်တို့အတွင်းမှ ဖယ်ထုတ်ရမည်ဖြစ်သည်။ စီရင်ခြင်းနှင့် ဖယ်ရှားခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်ဖြစ်သော်လည်း ကျွန်ုပ်တို့မှ အစပြုလုပ်ဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ ထိုသို့သော ဆက်ဆံဖြေရှင်းခြင်းရှိရန် အလိုဆန္ဒရှိရမည်ဖြစ်ပြီး၊ ၎င်းတို့ကို နှစ်သက်ရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ကို ရရှိနိုင်မည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ပူးပေါင်းပါဝင်ခြင်းကို လိုအပ်သည်။ ကိုယ်တော်သည် ဤအရာကိုရရှိသည့်အခါ ဆက်ဆံဖြေရှင်းခြင်းအတွက် တန်ခိုးကို ကျွန်ုပ်တို့အားမစပေးမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်၌ဆက်ဆံဖြေရှင်းခြင်း၏ အခြေခံအကျဆုံးဖြစ်သည်။ (*The Experience of Life,* pp.290-291)

## ယနေ့ဖတ်စရာ

ရော၊၈း၁၃ ရှိ သေခြင်းသို့ထားရှိခြင်းသည် ကျွန်ုပ်တို့ဘက်မှအစပြုကာ သေခြင်းသို့ထားရှိရန် ဆိုလိုခြင်းဖြစ်သည်။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အဖို့ လုပ်ဆောင်ပေးသည်ဟု မဆိုလိုပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် (လမ်းကြောင်းဖြစ်ကာ) ခွန်အားကို မစပေးသော်လည်း၊ ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကိုယ်ခန္ဓာ၏ အကျင့်များကို သေစေရန်အစပြုလုပ်ဆောင်ရမည်ဖြစ်သည်။ (ဂလ၊၅း၂၄ ရှိ အသွေးအသား)ကို သေစေခြင်းသည်လည်း ကျွန်ုပ်တို့မှအစပြုခြင်းဖြစ်ပြီး၊ သခင်ဘုရား

ဘက်မှအစပြုခြင်းမဟုတ်ပါ။ ကားတိုင်ပေါ် အသေခံခြင်းကို သခင်ဘုရားအားဖြင့် ပြီးစီးစေခဲ့သည်မှာ မှန်သော်လည်း ယင်းမှာ အပြင်ပန်းအခြေခံမျှသာရှိသေးသည်။ ကျွန်ုပ်တို့ဘက်မှ အသွေးအသားကို သေစေရန်အစပြုခြင်းသည် အတွင်းပိုင်းလက်တွေ့ကျကျယူဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကားတိုင်ကိုယူဆောင်ရန် အစပြုရမည်ဖြစ်ပြီး၊ ဝိညာဉ်၏လမ်းကြောင်းများနှင့်အတူ ကျွန်ုပ်တို့၏ အသွေးအသား၊ အတ္တ၊ ဇာတိစွေ့စပ်ထုံးဖွဲ့မှု၊ စိတ်နှလုံး၏ အကြံအစည်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်၊ အလေ့အထနှင့်စိတ်ထားတို့ကို သေစေရမည်ဖြစ်သည်။ (*The Experience of Life*, p.291)

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆက်ဆံဖြေရှင်းရန်နှင့် ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်သင်တန်းပေးမည့် ပန်းတိုင်နှင့်အတူ ပတ်ဝန်းကျင်အားလုံးနှင့် အရာများအားလုံးကို စီစဉ်ပေးထားသည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ခြင်းသို့ မိမိကိုယ်ကို ပို၍ပေးအပ်ရမည်ဖြစ်သည်။

ယခု သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ခြင်းအကြောင်းကို ပြောဆိုရန် လိုအပ်လာသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အသက်အဖြစ် ကျွန်ုပ်တို့၌ရှိနေရုံသာမက၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို လေ့ကျင့်သင်တန်းပေးရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကို စီစဉ်နေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အသင့်တော်ဆုံးဖြစ်မည့် ပတ်ဝန်းကျင်ကို သိတော်မူသည်။ ဤသည်မှာ သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့အပေါ် ကျရောက်လာသော ပတ်ဝန်းကျင်အခြေအနေအားလုံးသည် ကျွန်ုပ်တို့၏ ဘုရားသခင်အားဖြင့် စီမံပေးထားခြင်းဖြစ်သည်။ မယုံကြည်သူများ၌ မတော်တဆမှုများနှင့် တိုက်ဆိုင်မှုများရှိသော်လည်း ခရစ်ယာန်များ၌ မရှိပေ။ သခင်ယေရှုက ကျွန်ုပ်တို့၏ဦးခေါင်းပေါ် မှ ဆံပင်တိုင်းကိုပင် ခမည်းတော်က ရေတွက်လျက်ရှိကြောင်းကို ပြောဆိုခဲ့သည်။ စာငှက်ကလေး အဖိုးများစွာ မထိုက်လှပါ။ လူတစ်ဦးက လေးကောင်ဝယ်မည်ဆိုလျှင် တစ်ကောင်ကို အပိုရရှိမည်ဖြစ်သည်။ သို့သော် ခမည်းတော်၏ အခွင့်မရှိလျှင် တစ်ကောင်မျှ မြေသို့မကျရပေ။ ကျွန်ုပ်တို့သည် ငှက်များထက် အဖိုးများစွာထိုက်တန်ကြသည် (မ၊၁၀း ၂၉–၃၁)။ ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ကျွန်ုပ်တို့ထံဖြစ်ပျက်သမျှ အရာအားလုံး၊ နောက်ဆုံး ဆံပင်ကျွတ်ခြင်းမှအစ ငှက်တစ်ကောင်မြေသို့ကျခြင်း အားလုံးတို့သည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင်ရှိသည်။ ဤအုပ်စိုးမှု၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို စုံလင်စေရန်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ နေ့စဉ်ထိန်းသိမ်းကြပ်မတ်ပေးခြင်းသည် အတ္တကိုဆက်ဆံဖြေရှင်းရန်နှင့် ၎င်းကို ဖျက်ဆီးရန်ရည်ရွယ်ချက်အတွက်ဖြစ်သည်။ ဤနည်းလမ်း၌ ဝိညာဉ်၏ အရည်အချင်းသည် တိုးတက်လာကာ သန့်စင်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သောကကင်းဝေးခြင်းနှင့် သက်

သောင့်သက်သာဖြစ်ခြင်းကိုသာ ရှာဖွေကာ၊ သန့်ရှင်းသောဝိညာဉ်တော်စီစဉ်ပေးသော ပတ်ဝန်းကျင်မှ ထွက်ပြေးမည်ဆိုလျှင် ကျွန်ုပ်တို့၏ အခက်အခဲများသည် လျော့နည်းသွားမည်ဖြစ်သော်လည်း ကျွန်ုပ်တို့ဝိညာဉ်၏ အရည်အသွေးသည် ကြွယ်ဝခြင်းနှင့် သန့်စင်ခြင်းရှိမည်မဟုတ်တော့ပါ။

အရည်အသွေးပြည့်မီသောဝိညာဉ်ကို ရရှိခြင်း၏ ရလဒ်မှာ အဘယ်နည်း။ အသင်းတော်ရှိ ညီအစ်ကို၊ ညီအစ်မများအားလုံးသည် ဖြူစင်ကာ မြင့်မြတ်သောဝိညာဉ်ရှိမည်ဆိုလျှင် သူတို့သည် အချင်းချင်းအပြန်အလှန် မစထောက်ပံ့ကြမည်ဖြစ်ကာ၊ အသင်းတော်သည် ကြွယ်ဝလာမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ၁၉၁၉ခုနှစ်အဆုံးပိုင်းတွင် ခရစ်ယာန်တစ်ဦးဖြစ်လာခဲ့သည်။ ၁၉၂၀ခုနှစ် အစပိုင်းတွင် ကျွန်ုပ်သည် *Miss M.E. Barber* နှင့် တွေ့ဆုံခဲ့ပြီး၊ သူမထံမှ အကူအညီများစွာကို ကျွန်ုပ်ရရှိခဲ့သည်။ ဤအကူအညီသည် သူမ၏စကားများမှသာ လာခြင်းမဟုတ်ပေ။ သူမနှင့် တွေ့ဆုံခြင်း၊ အတူနေခြင်း သို့မဟုတ် အတူလမ်းလျှောက်ခြင်းအားဖြင့် ကျွန်ုပ်၏ဝိညာဉ်သည် ကျွေးမွေးခြင်းခံရသည်။ အချို့သောသူများထံမှမူ သူတို့စကားပြောသောအချိန်၌မျှသာ မစခြင်းကို ခံရနိုင်သည်။ *Miss Barber* မှာမူ ထိုသို့မဟုတ်ချေ။ သူမသည် သင့်ရှေ့၌ ထိုင်နေရန်သာလိုအပ်ပြီး၊ သင်သည် မစကျွေးမွေးခြင်းနှင့် ဘိသိက်ပေးခြင်းကို ခံရလိမ့်မည်ဖြစ်သည်။ ဤသည်မှာ စစ်မှန်သောဝိညာဉ်ရေးရာမစထောက်ပံ့ခြင်းဖြစ်သည်။ တစ်စုံတစ်ရာလုပ်ဆောင်ခြင်း သို့မဟုတ် တစ်စုံတစ်ရာပြောဆိုခြင်းသည် အကြောင်းမဟုတ်ပါ။ သင်ခန်းစာကို များများသင်ယူသော မည်သူမဆို ဝိညာဉ်ရေးရာစရန်ငွေများများရရှိပြီး၊ အခြားသူများကိုလည်း များများမစထောက်ပံ့နိုင်မည်ဖြစ်သည်။ (*CWWN*, vol.62, pp. 456-458)

*ပို၍ဖတ်ရန်* – *CWWN*, vol.62, ch.42

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေရှာ၊ ...စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်**
**၆၆း၂ ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်။**
**မ၊ ဝိညာဉ်၌ ဆင်းရဲသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူ**
**၅း၃ ကား ကောင်းကင်များ၏နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။**

ယာကုပ်နှင့် ယောဟန်သည် ကောင်းကင်မှမီးကျစေကာ ကိုယ်တော်ကို ငြင်းပယ်သည့် ရှမာရိရွာကို လောင်ကျွမ်းစေရန် သခင်ဘုရားထံ မေးလျှောက်ခဲ့ကြသည် (လု၊၉း၅၄)။ သို့သော် သခင်ဘုရားက “သင်တို့သည် အဘယ်သို့သောဝိညာဉ်ဖြစ်ကြောင်းကို သင်တို့မသိကြ”ဟု ဆုံးမတော်မူခဲ့သည် (အငယ်၊၅၅)။ ဤသည်မှာ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာကို လုပ်ဆောင်မည့်အခါတိုင်း မိမိကိုယ်ကိုမေးရမည်မှာ “ကျွန်ုပ်တို့သည် မည်သို့သောဝိညာဉ် အမျိုးအစားဖြစ်သနည်း”ဟူ၍ဖြစ်သည်။

ညီအစ်ကိုနီးက လူသည် မှန်ကန်သောအရာကို လုပ်ဆောင်ရုံမကဘဲ၊ မှန်ကန်သော အရာကို မှန်ကန်သောနည်းလမ်းနှင့် မှန်ကန်သောဝိညာဉ်၌ လုပ်ဆောင်ရမည်ဟု ပြောခဲ့ပါသည်။ သူလုပ်နေသောအရာသည် မှန်ကောင်းမှန်ပေလိမ့်မည်၊ သို့သော် သူမှန်သောအရာလုပ်ဆောင်သည့်ဝိညာဉ်သည် မှားကောင်းမှားနိုင်သည်။ သူသည် မှန်ကန်သောအရာ မှန်ကန်သောနည်းလမ်းနှင့် မှန်ကန်သောဝိညာဉ်၌ လုပ်ဆောင်ရမည်ဖြစ်သည်။ ညီအစ်ကိုနီးထံမှ ထိုစကားသည် ကျွန်ုပ်အား လွန်ခဲ့သည့်နှစ်ပေါင်းငါးဆယ့်ရှစ်နှစ်အတွင်း များစွာကူညီပေးခဲ့ပါသည်။ ကျွန်ုပ်တို့သည် မှန်သောအရာကိုလုပ်ဆောင်သော်လည်း ကျွန်ုပ်တို့၏ဝိညာဉ်သည် မှားနေမည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ အပြုအမူသည် သန့်ရှင်းသူများကို တည့်မတ်ပေးနိုင်မည်မဟုတ်သလို အသင်းတော်ကိုလည်း တည်ဆောက်နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏ အပြုအမူသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် တည့်မတ်ခြင်း၊ မြှင့်တင်ခြင်းနှင့် အသုံးဝင်ခြင်းရှိရန်အတွက် ကျွန်ုပ်တို့သည် လုပ်ဆောင်သောအရာ၌ မှန်ကန်ရမည်၊ နည်းလမ်း၌ မှန်ကန်ရမည်၊ ဝိညာဉ်၌ မှန်ကန်ရမည်ဖြစ်သည်။ မကြာခဏပင် ကျွန်ုပ်တို့သည် မိမိလုပ်ဆောင်သောအရာမှန်ကန်ကြောင်းကို အခိုင်အမာပြောဆိုတတ်ကြသည်။ ဤအရာသည်မှန်ကောင်းမှန်ပေမည်၊ သို့သော် ကျွန်ုပ်တို့၏ နည်းလမ်း၊ ကျွန်ုပ်တို့၏စိတ်ထား သို့မဟုတ် ကျွန်ုပ်တို့၏ဝိညာဉ်သည် အခြားသူများကို အနှောင့်အယှက်ပေးကောင်းပေးနိုင်သည်။ ထိုသို့သောအချိန်တွင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို “မည်သို့သော ဝိညာဉ်အမျိုးအစားရှိကြောင်း” မေးရမည်ဖြစ်သည်။ (*The Triune God to be Life to the Tripartite Man,* pp.125-126)

## ယနေ့ဖတ်စရာ

များစွာသောကျမ်းစာဘာသာပြန်သူများက လု၊၉း၅၅ ရှိ *ဝိညာဉ်အစားစိတ်နှလုံး* ဟူသောစကားလုံးကို အသုံးပြုကြသည်။ အချို့က ဤနေရာရှိ ဝိညာဉ်သည် လူ၏စိတ်သဘောထားကို ရည်ညွှန်းသည်ဟု ထင်ကောင်းထင်ကြပေမည်။ သူတို့က ဝိညာဉ်၌ မှန်ကန်မှုရှိခြင်းသည် အမှန်တကယ်တွင် စိတ်သဘောထားမှန်ကန်မှုရှိခြင်းဖြစ်သည်ဟု ထင်ကြသည်။ သို့သော် ဝိညာဉ်နှင့် စိတ်သဘောထား အကြား ကြီးမားသောခြားနားချက်ရှိနေသည်။

စိတ်သဘောထားသည် စိတ်နှလုံးရှိ ရည်မှန်းချက်များမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့ဖြစ်လျှင် လူတစ်ဦး၏ဝိညာဉ်နှင့် သူ၏စိတ်ထားအကြားရှိ ခြားနားချက်မှာ အဘယ်နည်း။ လူသည် ကယ်တင်မခံရမီက သူ၏စိတ်နှလုံး၌ ရည်ရွယ်ချက်များထားရှိနိုင်သော်လည်း သူ၌ ဝိညာဉ်မရှိပေ။ ယုံကြည်သူတစ်ဦးသည် စိတ်ရည်ရွယ်ချက်များရှိပြီး၊ သူ၌ ဝိညာဉ်လည်းရှိသည်။ ကယ်တင်ခံရသူတစ်ဦး၏ဝိညာဉ်သည် သူ၏စိတ်နှလုံးရှိ ရည်ရွယ်ချက်များအားဖြင့် ထိခိုက်ခံရရန် လွယ်ကူသည်။ ကျွန်ုပ်တို့၏ဝိညာဉ်သည် လွတ်မြောက်ခြင်းရှိသောအခါ စင်ကြယ်မှုမရှိခြင်းမှာ ကျွန်ုပ်တို့၏စိတ်နှလုံး၌ မစင်ကြယ်သောရည်ရွယ်ချက်များရှိနေသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်သည် မိမိတို့အတွက် သို့မဟုတ် မိမိတို့၏ အနာဂတ်နှင့် စီးပွားရေးအတွက်သာဖြစ်မည်ဆိုလျှင် ဤရည်ရွယ်ချက်သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို စွန်းထင်းစေမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဤရည်ရွယ်ချက်၏ဝိသေသလက္ခဏာကို ဆောင်နေလိမ့်မည်ဖြစ်သည်။ သခင်ဘုရားက တပည့်တော်များအား သူတို့၏ဝိညာဉ်သည် မှားယွင်းနေကြောင်း၊ သူတို့၏ဝိညာဉ်နှင့် ကိုယ်တော်၏ဝိညာဉ်သည် ခြားနားကြောင်း ပြောဆိုခဲ့သည်။ လူသည် မိမိ၏ အပြစ်များကြောင့်သေစေရန် မည်သူ့ကိုမျှ သခင်ဘုရားအလိုမရှိခဲ့ပါ။ လူသားသည် ဖျက်ဆီးရန်ကြွလာခြင်းမဟုတ်ဘဲ၊ ကယ်တင်ရန်ကြွလာခြင်းဖြစ်သည်။

တပည့်တော်များသည် သူတို့၏ဝိညာဉ်၌မှားနေခြင်းမှာ သူတို့၏ရည်ရွယ်ချက်စိတ်ထားသည် မုန်းတီးခြင်းဖြစ်နေသောကြောင့်ဖြစ်သည်။ သခင်ဘုရားသည် သူတို့အလိုရှိသည့်နည်းလမ်းအတိုင်း ဆုတောင်းရန် သူတို့ကို အခွင့်ပေးမည်မဟုတ်ပေ။ သခင်ဘုရား၏ဝိညာဉ်သည် မည်သူမဆို သေထိုက်သည်ဟု မထင်မှတ်ခဲ့ပါ။ ဤအကြောင်းကြောင့် ကိုယ်တော်သည် ကယ်တင်ရန်ကြွလာခြင်းဖြစ်ပြီး၊ ဖျက်ဆီးရန်မဟုတ်ကြောင်း ပြောဆိုရခြင်းဖြစ်သည် (လု၊၉း၅၆)။ ဤအရာသည် သခင်ဘုရား၏စိတ်နှလုံးဖြစ်သည်။ ဤသည်မှာ သခင်ဘုရား၏ဝိညာဉ်ဖြစ်သည်။ (*CWWN*, vol. 62, pp.453-454)

ရှာဖွေသောသန့်ရှင်းသူသည် ဝိညာဉ်၌ဆင်းရဲကာ စိတ်နှလုံးဖြူစင်ရမည်ဖြစ်သည် (မ၊၅း၃၊ ၈။ ဟေရှာ၊၆၆း ၂)။ ခရစ်ယာန်တစ်ဦးသည် ဝိညာဉ်၌ အမြဲတမ်းဆင်းရဲရမည်ဖြစ်သည်။ ဝိညာဉ်၌ ဆင်းရဲရန်ဆိုသည်မှာ သင်သည် နှိမ့်ချကာ၊ သင်၌ ဘာမျှမရှိခြင်း၊ ဘာမျှမသိခြင်း၊ ဘာမျှမလုပ်နိုင်ခြင်းနှင့် ဘာမျှမဟုတ်ခြင်းကို သိနားလည်ခြင်းဖြစ်သည်။ ခရစ်တော် မပါဘဲ၊ အသက်ပေးသောဝိညာဉ်တော်မပါဘဲ သင်သည် ဘာမျှမဟုတ်ပါ။ ဝိညာဉ်၌ ဆင်းရဲခြင်းသည် စိတ်နှလုံးဖြူစင်ခြင်းနှင့် ကိုက်ညီမျှတနေရမည်ဖြစ်သည်။ ဝိညာဉ်၌ ဆင်းရဲရန်ဆိုသည်မှာ နှိမ့်ချခြင်းရှိရုံသာမက၊ သင်၏ဝိညာဉ်၌၊ သင့်ဖြစ်ခြင်း၏ အတွင်းပိုင်း၌ ဗလာဖြစ်စေရန်ဖြစ်သည်။ စိတ်နှလုံးဖြူစင်ရန်ဟူသည်မှာ စိတ်သဘောထား၏ အကြောင်းအရာဖြစ်သည်။ ယင်းမှာ ရည်ရွယ်ချက်တစ်ခုတည်းရှိရန်၊ ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားသခင်၏အလိုတော်ကို ပြီးပြည့်စုံစေမည့် ပန်းတိုင်တစ်ခုတည်းရှိရန်ဖြစ်သည် (၁ကော၊၁၀း၃၁)။ (*The Triune God to Be Life to the Tripartite Man*, p. 126)

မ၊၅း၃ ရှိ ဝိညာဉ်၌ ဆင်းရဲရန်ဆိုသည်မှာ ကျွန်ုပ်တို့ကို ဖိစီးထားသည့်အရာ ဘာမျှမရှိခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် အမြဲတမ်း ဝိညာဉ်၌ ဆင်းရဲရန်၊ ကျွန်ုပ်တို့၏ဝိညာဉ်ကို ဖိစီးခံရခြင်း၊ သခင်ဘုရားကိုယ်တော်တိုင်မှလွဲ၍ အခြားအရာများနှင့် ပြည့်ဝနေခြင်း မရှိစေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ကို ဗလာဖြစ်စေရမည်၊ ဖိစီးမှုပေးသည့်အရာအားလုံးကို ဖယ်ထုတ်ရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဝိညာဉ်၌ ဆင်းရဲနိုင်မည်ဖြစ်သည်။ (*Basic Lessons on Life*, p. 153)

*ပို၍ဖတ်ရန်* – *The Triune God to Be Life to the Tripartite Man*, ch.14

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျေးမွေးခြင်း

**ဆာ၊ အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကို ဖန်ဆင်း**
**၅၁း၁၀ တော်မူပါ။ မြဲမြံတည်ကြည်သော ဝိညာဉ်ကို အသစ်ပြုပြင်တော်မူပါ။**
**၁၂ ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းအခွင့်ကို ပြန်၍ ပေးသနားတော်မူပါ။ ကြည်ညိုသော အလိုဆန္ဒရှိသောဝိညာဉ်သည် အကျွန်ုပ်ကို ထောက်မပါစေသော။**
**၁၇ ဘုရားသခင်နှစ်သက်တော်မူသော ယဇ်မူကား၊ ကျိုးပဲ့သောစိတ်ပေတည်း။ အိုဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောနှလုံးကို ငြင်းပယ်တော်မမူတတ်ပါ။**

ရှေ့ဦးစွာ ကျွန်ုပ်တို့၌ မှန်ကန်သောဝိညာဉ်ရှိရမည်ဖြစ်သည် (ဆာ၊၅၁း၁၀ )။ ဤသည်မှာ ကျွန်ုပ်တို့၏ ဝိညာဉ်သည် မှားယွင်းခြင်းနှင့် ဆန့်ကျင်၍ မှန်ကန်ခြင်းကို ရည်ညွှန်းခြင်းမဟုတ်ပါ။ မှန်ကန်သောဝိညာဉ်သည် သမာဓိရှိသောသောဝိညာဉ်ဖြစ်သည်။ ဤသည်မှာ ၎င်းသည် တည်မြဲစွာရပ်တည်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အချို့သောဘာသာပြန်ကျမ်းများက ၎င်းကို စွဲမြဲခြင်း၊ တည်ကြည်ခြင်း သို့မဟုတ် ခိုင်မာခြင်းဖြစ်သည်ဟု ပြန်ဆိုကြသည်။ သမာဓိရှိသောဝိညာဉ်သည် မရွှေ့နိုင်သော၊ မတုန်လှုပ်နိုင်သော၊ ခိုင်မြဲစွာနှင့် တည်ကြည်စွာ ရပ်တည်နေသောအရာဖြစ်သည်။

ဆာ၊၅၁ သည် ဒါဝိဒ်၏ နောင်တရခြင်းအတွက်ဆာလံဖြစ်သည်။ သူ၏ ဝိညာဉ်သည် သမာဓိမရှိသောကြောင့် သူနောင်တရခဲ့သည်။ တစ်နည်းအားဖြင့် သူ၏ ဝိညာဉ်သည် တည်ကြည်စွာသမာဓိမရှိခဲ့ပေ။ သူ၏ ဝိညာဉ်သည် တည်ကြည်ခြင်း၊ ခိုင်မြဲခြင်းမရှိပေ၊ သို့ဖြစ်၍ သူသည် သွေးဆောင်ခြင်း သို့မဟုတ် စုံစမ်းနှောင့်ယှက်ခြင်းခံရနိုင်ကာ ကျဆင်းသွားမည်ဖြစ်သည်။ သူ၏ နောင်တရခြင်း၌ သခင်ဘုရားသည် သူ့အား သမာဓိရှိသော ဝိညာဉ်၊ တည်ကြည်၊ ခိုင်မာ၊ မြဲမြံသောဝိညာဉ်ကို ပေးပါရန် ဆုတောင်းခဲ့သည်။ ပြန်လည်ထူထောင်ခြင်းအတွက် ဆုတောင်းခြင်း၌ သူ၏ အတွင်းပိုင်းတွင် ထိုသို့သောဝိညာဉ်ကို အသစ်ပြုပြင်ပေးရန် သခင်ဘုရားထံတောင်းဆိုခဲ့သည်။ ကျွန်ုပ်တို့သည် အမြဲတမ်းပင် သမာဓိရှိသောဝိညာဉ်ကို လိုအပ်သည်၊ ယင်းမှာ အမြဲ တည်ကြည်ခြင်း၊ ခိုင်မြဲခြင်း၊ တည်မြဲခြင်း၊ မရွှေ့နိုင်ခြင်း၊ မတုန်လှုပ်နိုင်ခြင်းရှိသောဝိညာဉ်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် စုံစမ်းခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် လှည့်စားခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်သည်။ (*Basic Lessons on Life,* p.150)

# ယနေ့ဖတ်စရာ

ဆာ၊၅၁ ၌ ဒါဝိဒ်သည် အလိုဆန္ဒရှိသောဝိညာဉ်ကို သူ့အားပေးပါရန် ဘုရားသခင်ထံ ဆုတောင်းခဲ့သည်။ ဒါဝိဒ်သည် အလိုဆန္ဒရှိသောဝိညာဉ်ကို ကယ်တင်ခြင်း၏ဝမ်းမြောက်ခြင်းနှင့် ဆက်နွယ်ထားသည်။ သူ့အား ကယ်တင်ခြင်း၏ဝမ်းမြောက်ခြင်းကို ပြန်လည်ရရှိစေရန်နှင့် အလိုဆန္ဒရှိသောဝိညာဉ်ကို အားဖြည့်ပေးရန် သခင်ဘုရားထံ တောင်းလျှောက်ခဲ့သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကိုဝမ်းမြောက်ရသောအခါ အလိုအလျောက်ပင် သခင်ဘုရားနှင့်အတူ ရှေ့ဆက်သွားရန် အလိုဆန္ဒရှိသောဝိညာဉ်ရှိလာလိမ့်မည်ဖြစ်သည်။ သခင်ဘုရားအလိုရှိသောအရာ၊ သခင်ဘုရားတောင့်တသောအရာ၊ ကျွန်ုပ်တို့ထံမှ သခင်ဘုရားတောင်းဆိုသောအရာမှန်သမျှကို အဖြေပေးနိုင်ရန်၊ နာခံရန် အလိုဆန္ဒရှိသောဝိညာဉ်ကို ကျွန်ုပ်တို့ရရှိမည်ဖြစ်သည်။ ဤအလိုဆန္ဒရှိသောဝိညာဉ်သည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း၊ ပျော်ရွှင်ခြင်းရှိသောဝိညာဉ်မှ အမြဲလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို ဝမ်းမြောက်ရန်လိုအပ်သည်။

ဒါဝိဒ်၏ကျဆင်းခြင်း၌ သူ၏ကယ်တင်ခြင်းကိုဝမ်းမြောက်ခြင်းအား ဆုံးရှုံးခဲ့သည်မှာ သံသယမရှိပါ။ ယခု သူသည် နောင်တရနေသည်၊ သို့ဖြစ်၍ သူ့အား ကယ်တင်ခြင်းဝမ်းမြောက်မှုကို ပြန်လည်ရယူပေးရန် ဘုရားသခင်ထံ တောင်းလျှောက်ခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ့အား ကယ်တင်ခြင်းကို မွေ့လျော်ဝမ်းမြောက်ခြင်းသို့ ပြန်လည်ပို့ဆောင်ပေးရန်ဖြစ်သည်။ ထိုနောက် ဤမွေ့လျော်ခြင်းနှင့် ဤဝမ်းမြောက်ခြင်းမှ သူသည် အလိုဆန္ဒရှိသောဝိညာဉ်ကို ရရှိနိုင်မည်ဖြစ်သည်။ ရော၊၁၄း၁၇ က "ဘုရားသခင်၏နိုင်ငံတော်သည် သန့်ရှင်းသောဝိညာဉ်တော်၌ရှိသော ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း၌ တည်၏"ဟုပြောဆိုထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းရှိသောအခါ ကျွန်ုပ်တို့၏ဝိညာဉ်သည် လိုလားဆန္ဒရှိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်မိတ်သဟာယဖွဲ့ရန်၊ ကိုယ်တော်ကို ဝတ်ပြုကိုးကွယ်ရန်၊ ဆုတောင်းရန် အလိုဆန္ဒရှိသောဝိညာဉ်ရရှိလိမ့်မည်ဖြစ်သည်။ သခင်ဘုရားကျေနပ်ဝမ်းမြောက်စေမည့်အရာမှန်သမျှကို လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် ပျော်ရွှင်လိမ့်မည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၌ အလိုဆန္ဒရှိသောဝိညာဉ်ရှိခြင်းကို ဆိုလိုသည်။

ဆာ၊၅၁း၁၇က ၌ ဒါဝိဒ်က ဘုရားသခင်နှစ်သက်သောယဇ်သည် ကျိုးပဲ့သောဝိညာဉ်ဖြစ်သည်ဟု ပြောခဲ့သည်။ တစ်နည်းအားဖြင့် ဘုရားသခင်၏ အမြင်၌ ကျိုးပဲ့သောဝိညာဉ်သည် ယဇ်ပူဇော်သက္ကာများထက် ပို၍တန်ဖိုးရှိသည်။ အငယ်၊၁၇ ၏ ဒုတိယအပိုင်းတွင် ဒါဝိဒ်က ဘုရားသခင်သည် ကျိုးပဲ့ကာ နောင်တရသောဝိညာဉ်ကို ငြင်းပယ်တော်မမူပါ

ဟုပြောခဲ့သည်။ ကျိုးပဲ့သောဝိညာဉ်မှာ နောင်တရသောဝိညာဉ်ဖြစ်ပြီး၊ မည်သည့်အပြစ်အတွက်ကိုမဆို လွန်စွာဝမ်းနည်းခံစားရသောဝိညာဉ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျိုးပဲ့သောဝိညာဉ်သည် စစ်မှန်စွာနောင်တရသည့်ဝိညာဉ်ဖြစ်သည်။

ကျိုးပဲ့ကြေမွရန်ဆိုသည်မှာ လုံးလုံးမဖြစ်ရန် ဆိုလိုခြင်းဖြစ်သည်။ ဤနေရာ၌ တစ်စစီကျိုးပဲ့သွားရန် ဆိုလိုခြင်းမဟုတ်ပါ။ ယင်းမှာ သင်သည် မိမိကိုယ်ကို စုံလင်လှသည် သို့မဟုတ် ပြည့်စုံလှသည်ဟု မမှတ်ယူရန်ဆိုလိုခြင်းဖြစ်သည်။ သင်သည် မိမိကိုယ်ကို စုံလင်သည်၊ ပြည့်စုံသည်ဟု မှတ်ယူမည်ဆိုလျှင် သင်၏ အားနည်းချက်များနှင့် သင်၏ ကျဆင်းခြင်းများကို နောင်တရခြင်း သို့မဟုတ် ဝန်ချတောင်းပန်ခြင်းရှိမည်မဟုတ်ပေ။ သင်၏ဝိညာဉ်သည် နောင်တရသောအခါ သင်၏ဝိညာဉ်သည် ကျိုးပဲ့ခြင်း၊ နောင်တပူပန်ခြင်းရှိကာ ဝမ်းနည်းခြင်းခံစားရသည်။ အပြစ်ပြုမိပြီးနောက် များစွာသောသူတို့သည် ကျိုးပဲ့သောဝိညာဉ်မရှိကြပေ။ ထိုအစား သူတို့သည် ခေါင်းမာစွာ လုံးလုံးဖြစ်ခြင်းဝိညာဉ်သာရှိကြသည်။ အကြောင်းမှာ သူတို့သည် မိမိတို့ကိုယ်ကို စုံလင်ကာ ပြည့်စုံသည်ဟု ခံစားကြသောကြောင့် နောင်တရခြင်းမရှိကြပေ။ သူတို့သည် ဝန်ချတောင်းပန်လိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဤသို့မဖြစ်ရပေ။ ကျွန်ုပ်တို့သည် အမြဲတမ်းကျိုးပဲ့သောဝိညာဉ်ရှိရမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အပြစ်ရှိသည်ဟု မခံစားရသော်ငြားလည်း ကျိုးပဲ့သောဝိညာဉ်ရှိရန်လိုအပ်ဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် ကြီးမားသောနည်းလမ်း၌ အပြစ်မပြုသော်လည်း သေးငယ်သောနည်းလမ်း၌ မှားယွင်းနေနိုင်ပေသည်။ ကျွန်ုပ်တို့၏စကားပြောခြင်း၊ ကျွန်ုပ်တို့၏စိတ်သဘောထား၊ ကျွန်ုပ်တို့၏စဉ်းစားခြင်းများ၊ ကျွန်ုပ်တို့၏ခံစားချက်များ၊ အခြားသူများနှင့်စကားပြောခြင်းများစသည်တို့၌ အကြိမ်များစွာပင် ကျွန်ုပ်တို့သည် သတိမပြုမိဘဲ မှားယွင်းနေကြသည်။ သင့်ကိုယ်သင် လုံးလုံးပြည့်စုံသည်၊ စုံလင်သည်ဟု မထင်မှတ်ပါနှင့်။ မည်သူမျှမစုံလင်ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နောင်တရရန်နှင့် ဝန်ချတောင်းပန်ရန် ကျိုးပဲ့သောဝိညာဉ်ကို အမြဲတမ်းလိုအပ်သည်။ (*Basic Lessons on Life,* pp.150-151)

*ပို၍ဖတ်ရန် -* *Basic Lessons on Life,* lsn.19

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေရှာ၊ ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်၊**
**၅၇း၁၅ နှလုံးကြေကွဲသော သူတို့၏ဝိညာဉ်အသက်ရှင်စေခြင်းငှါ၊ ကြေကွဲနှိမ့်ချ သော ဝိညာဉ်ရှိသောသူတို့၌လည်း ငါနေ၏။**

**၆၆း၁–၂ ကောင်းကင်ဘုံသည် ငါ့ပလ္လင်ဖြစ်၏။ မြေကြီးသည် ငါ့ခြေတင်ရာခုံ ဖြစ်၏။ အဘယ်သို့သော ဗိမာန်ကို ငါ့အဘို့ တည်ဆောက်ကြမည်နည်း။ အဘယ်အရပ်သည် ငါကိန်းဝပ်ရာအရပ်ဖြစ်မည်နည်း။ .... စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့် တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်။**

ကျွန်ုပ်တို့သည် နူးညံ့သိမ်မွေ့ကာ တည်ငြိမ်သောဝိညာဉ်ကိုလည်း လိုအပ်သည်။ ၁ပေ၊၃း၄ က ကျွန်ုပ်တို့စိတ်နှလုံး၏ အတွင်းလူသည် နူးညံ့သိမ်မွေ့ကာ တည်ငြိမ်သော ဝိညာဉ်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဂလ၊၆း၁ တွင် ကျဆင်းသွားသောညီအစ်ကိုအား နူးညံ့သိမ်မွေ့သော ဝိညာဉ်၌ ပြန်လည်ရယူရန် လိုအပ်ကြောင်း ပြောဆိုထားသည်။ ၁ကော၊၄း၂၁ တွင် ပေါလုက ကောရိန္သုမြို့ သားများထံ သူသည် တုတ်ဖြင့်လာရမည်လော သို့မဟုတ် နူးညံ့သိမ်မွေ့သောဝိညာဉ်၌ လာရမည်လောဟု မေးခဲ့သည်။

ဓမ္မသစ်ကျမ်းသည် နူးညံ့သိမ်မွေ့ခြင်း၏ ဂုဏ်အင်လက္ခဏာကို အကြိမ်များစွာဖော်ပြသည်။ မ၊၅း၅ ၌ သခင်ဘုရားက "နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည်ပြည်တော်ကို အမွေခံရကြလတံ့"ဟု ပြောဆိုခဲ့သည်။ ဤကျမ်းပိုဒ်ကို အခြေခံ၍ ဓမ္မသစ်ကျမ်းရှိ နူးညံ့သိမ်မွေ့ခြင်း၏ စစ်မှန်သောအဓိပ္ပာယ်အထဲသို့ ကျွန်ုပ်တို့ဝင်ရောက်သွားနိုင်သည်။ လောက၏ နည်းလမ်းမှာ တိုက်ခိုက်ရန်၊ အတိုက်အခံလုပ်ရန်၊ တစ်စုံတစ်ခုပိုင်ဆိုင်ရန်၊ တစ်စုံတစ်ခုအမွေခံရန် အခြားသူများကို အနိုင်ယူခြင်း နည်းလမ်းဖြစ်သည်။ သို့သော် သမ္မာကျမ်းစာက မည်သည့်အရာကိုမဆို အမွေခံရန်ရှိသော အခါ သင်သည် နူးညံ့သိမ်မွေ့ခြင်းရှိရမည်ဖြစ်ကြောင်းပြောဆိုထားသည်။ နူးညံ့သိမ်မွေ့ခြင်းဆိုသည်မှာ လောက၏ ဆန့်ကျင်ခြင်းကို မခုခံဘဲ၊ အလိုဆန္ဒရှိစွာ ယင်းဒုက္ခကိုခံစားရန် ဆိုလိုခြင်းဖြစ်သည်။ မည်သည့်အခြေအနေမျိုးဖြစ်နေပါစေ ကျွန်ုပ်တို့သည် နူး ညံ့သိမ်မွေ့ခြင်းရှိကာ အခြားသူများကို တိုက်ခိုက်ခြင်းမပြုသင့်ပေ။ နူးညံ့သိမ်မွေ့ခြင်းသည် မိမိကိုယ်အဖို့ တိုက်ခိုက်ခြင်းမပြုရန် ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နူးညံ့သိမ်မွေ့ကာ တည်ငြိမ်သောဝိညာဉ်ကို လိုအပ်သည်။ သင်သည် တစ်စုံတစ်ရာအတွက် တိုက်ခိုက်မည်ဆိုလျှင်

တည်ငြိမ်နိုင်မည်မဟုတ်ပါ။ သင်တည်ငြိမ်နိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ မိမိကိုယ်အတွက် တိုက်ခိုက်ခြင်းမပြုရန် သို့မဟုတ် မိမိကိုယ်အတွက် မည်သည့်အရာကိုမျှ ရှာဖွေခြင်းမပြုရန်ဖြစ်သည်။ (*Basic Lessons on Life*, p.152)

## ယနေ့ဖတ်စရာ

နောင်တရကာ နှိမ့်ချသောဝိညာဉ်သည် ကျိုးပဲ့သောဝိညာဉ်နှင့် လွန်စွာနီးကပ်သည်။ ဟေရှာ၊ ၅၇း၁၅ နှင့် ၆၆း ၂ နှစ်ခုလုံးက တူညီသောအရာကို ညွှန်ပြထားသည်။ ၎င်းက ကောင်းကင်သည်ပင်လျှင် ကိုယ်တော်ကိန်းဝပ်ရန် ဘုရားသခင်အဖို့ ဝမ်းမြောက်ဖွယ်နေရာမဟုတ်ကြောင်းညွှန်ပြထားသည်။ ဘုရားသခင်သည် နောင်တရကာ နှိမ့်ချသောဝိညာဉ်ရှိသည့်လူများနှင့်အတူ ကိန်းဝပ်လိုသည်။ ဤအရာသည် သေးငယ်သောအရာမဟုတ်ပါ။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ နောင်တရကာ နှိမ့်ချမည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကျိုးပဲ့ခြင်းရှိကာ ဘုရားသခင်၏ မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည်ဖြစ်သည်။ ထို့နောက် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိကာ ကျွန်ုပ်တို့နှင့်အတူ ကိန်းဝပ်လိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဝိညာဉ်သည် မာနတက်ကာ ကျွန်ုပ်တို့ကိုယ်ကို ပြည့်စုံသည်၊ စုံလင်သည်လုံးလုံးဖြစ်နေမည်ဆိုလျှင် နောင်တရရန်နှင့် ဝန်ချတောင်းပန်ရန် အလိုရှိမည်မဟုတ်ဘဲ သခင်ဘုရား၏ မျက်မှောက်တော်ကို ဆုံးရှုံးလိမ့်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ အတွေ့အကြုံအရ သခင်ဘုရား၏ မျက်မှောက်တော်သည် ကျွန်ုပ်တို့ကို စွန့်ပစ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် နောင်တရသောဝိညာဉ်၊ နှိမ့်ချကာ ကျိုးပဲ့သောဝိညာဉ်၊ ကျွန်ုပ်တို့၏ အပြစ်ကျူးလွန်ခြင်းကို ဝန်ချတောင်းပန်ရန် နောင်တရသောဝိညာဉ်ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ဤသို့သော ဝိညာဉ်၌ရှိမည်ဆိုလျှင် သခင်ဘုရားသည် ကျွန်ုပ်တို့နှင့်အတူရှိကာ ကျွန်ုပ်တို့နှင့်ကိန်းဝပ်နေမည်ဖြစ်သည်။ ဟေရှာ၊ ၅၇း၁၅ နှင့် ၆၆း ၂ သည် သန့်ရှင်းသူများကို ပြည့်နှစ်ပေးရန် အံ့သြဖွယ်ကောင်းသောကျမ်းပိုဒ်များဖြစ်သည်။ (*Basic Lessons on Life*, pp.151-152)

ဘုရားသခင်သည် ကောင်းကင် သို့မဟုတ် မြေကြီးကို သူကိန်းဝပ်ရာနေရာအဖြစ် မှတ်ယူခြင်းမရှိသလို ကိုယ်တော်နားခိုရန် အစ္စရေးလူမျိုးများက တည်ဆောက်ပေးသောရုပ်ပိုင်းဆိုင်ရာအိမ်၊ ဗိမာန်တော်ကိုလည်း ကိန်းဝပ်ရာနေရာအဖြစ် မှတ်ယူခြင်းမရှိပါ။ ဓမ္မဟောင်းကျမ်း၌ တဲတော်နှင့် ဗိမာန်တော်နှစ်ခုလုံးသည် ဘုရားသခင်နှင့် ကိုယ်တော်၏ စစ်မှန်သောအိမ်တော်အဖြစ် ဘုရားသခင်မှတ်ယူသည် အစ္စရေးလူမျိုးတို့၏ ပေါင်းစည်းခြင်းကို ပုံဆောင်သည် (ဟေပြဲ၊၃း၆ နှင့် အောက်ခြေမှတ်စု)။ ဘုရားသခင်သည် အစ္စရေး

လူမျိုးနှင့်ပေါင်းစည်းကာ သူတို့နှင့်အတူ ပေါင်းစည်းခြင်းတစ်ခုဖြစ်လာပြီး၊ ဤပေါင်းစည်းခြင်းတစ်ခုသည် ဘုရားသခင်နှင့် ဘုရားဝတ်မွေ့လျော်သောအစ္စရေးလူမျိုးတို့ ကိန်းဝပ်ရာ ဝိညာဉ်ဆိုင်ရာအိမ်တော်ဖြစ်သည် (ဆာ၊ ၂၇း၄။ ၈၄း၁၀။ ၉၀း၁။ cf. ၁ပေ၊ ၂း၅က)။ ဟေရှာ၊၆၆း ၂ နှင့် ၅၇း၁၅ အရ ဘုရားသခင်ရရှိရန် အလိုရှိသော ကိန်းဝပ်ရာနေရာမှာ ကိုယ်တော်ဝင်ရောက်နိုင်မည့် လူအုပ်စုတစ်ခုဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာ၌ ကိန်းဝပ်ရာနေရာကို ရရှိရန် ရည်ရွယ်ပြီး၊ ယင်းမှာ ဘုရားနှင့်လူ၏ ပေါင်းစည်းခြင်းဖြစ်ပြီး ယင်း၌ ဘုရားသည် လူအထဲသို့ တည်ဆောက်ခံကာ လူသည် ဘုရားအထဲသို့ တည်ဆောက်ခံရသည်။ သို့ဖြစ်၍ ဘုရားနှင့်လူ၊ လူနှင့်ဘုရားသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တည်နေနိုင်မည်ဖြစ်သည် (ယော၊၁၄း ၂၊ ၂၀၊ ၂၃။ ၁၅း၄။ ၁ယော၊၄း၁၃)။ ဓမ္မသစ်ကျမ်း၌ ဤကိန်းဝပ်ရာနေရာ၊ ဤအိမ်တော်သည် ယုံကြည်သူများ၏ ဝိညာဉ်၌ ဘုရားသခင်ကိန်းဝပ်ရာဖြစ်သော အသင်းတော်ဖြစ်သည် (ဧ၊ ၂း ၂၂ နှင့် အောက်ခြေမှတ်စု၊၄။ ၁တိ၊၃း၁၅ နှင့် အောက်ခြေမှတ်စု ၂)။ ဤစကြဝဠာဆိုင်ရာတည်ဆောက်ခြင်း၊ ဤစကြဝဠာဆိုင်ရာအိမ်တော်၏ အဆုံးစွန်ထင်ရှားခြင်းသည် ယေရုရှလင်မြို့သစ်ဖြစ်သည်။ ဤမြို့၌ ဘုရားသခင်သည် လူ၌ရှိကာ လူကို သူ၏ ကိန်းဝပ်ရာနေရာအဖြစ်ယူဆောင်မည်ဖြစ်ပြီး၊ လူသည် ဘုရား၌ရှိကာ ဘုရားကို ကိုယ်တော်၏ ကိန်းဝပ်ရာနေရာအဖြစ်ယူဆောင်မည်ဖြစ်သည် (ဗျာ၊ ၂၁း၃၊ ၂၂ နှင့် အောက်ခြေမှတ်စုများ)။ (*Isa.66:1*, footnote 1)

*ပို၍ဖတ်ရန်* - *Basic Lessons on Life*, lsn.19

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

## *Hymns*, E# 846, M#233, K#614

၁။ ကျွန်ုပ်ဝိညာဉ်စီးဆင်း
  အို စီးဆင်းလေ
ကိုယ်တော်၊ ကျွန်ုပ်ရှာဖွေ
  အို စီးဆင်လေ
အတိတ်ကို မေ့ထားခဲ့
  သံန်ရံချိုးဖွဲခံ
ဝိညာဉ်လွတ်လပ်စီးဆင်း
  အို စီးဆင်းလေ။

၂။ ကျွန်ုပ်ဝိညာဉ်စီးဆင်း
  အို စီးဆင်းလေ
ကိုယ်တော်ထံ ခုတောင်းလျှောက်
  အို စီးဆင်းလေ
အတ္တကျေနပ် မရှာ
  အတ္တမာန မရှိ
ဝိညာဉ်ချည်နှောင်မခံ
  အို စီးဆင်းလေ။

၃။ ကျွန်ုပ်ဝိညာဉ်စီးဆင်း
  အို စီးဆင်းလေ
ကိုယ်တော်ထံ တောင်းလျှောက်ရာ
  အို စီးဆင်းလေ
ဘဝင်မြင့်ခြင်း မရှိ
  မာနဖြင့်ချည်နှောင်ကင်း
စဉ်ဆက်မပြတ်စီးဆင်း
  ဝိညာဉ်၌စီး။

၄။ ကျွန်ုပ်ဝိညာဉ်စီးဆင်း
အို စီးဆင်းလေ
ကိုယ်တော်ထံ ဆုတောင်းရာ
အို စီးဆင်းလေ
သီးခြားနေခြင်း မရှိ
အတ္တစုံလင် မရှာ
ဝိညာဉ်ဆုတ်ယုတ် မရှိ
နက်နဲစီးဆင်း။

၅။ ကျွန်ုပ်ဝိညာဉ်စီးဆင်း
အို စီးဆင်းလေ
ကိုယ်တော်ထံ တောင်းလျှောက်ရာ
အို စီးဆင်းလေ
အတ္တကိုးစားခြင်းစွန့်
အတ္တပလ္လင်မှဆင်း
အသက်စမ်းရေ စီးဆင်း
ဝိညာဉ်၌ရှိ။

၆။ ကျွန်ုပ်ဝိညာဉ်စီးဆင်း
အို စီးဆင်းလေ
အဖြေပေးမူပါလေ
အို စီးဆင်းလေ
ကိုယ်တော်နှင့်ပေါင်းစည်းပြီ
တည်ဆောက်ခြင်းကို တောင့်တ
ခြားသူနှင့်လည်း ပေါင်းစည်း
ဝိညာဉ်၌ရှိ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ***ခေါ်တော်မူခြင်းခံရသူ၏ ပြည့်စုံသော တွေ့ကြုံခံစားမှုမှ အရည်အချင်းမီ ဘုရားသခင်၏အစေခံကျွန်ဖြစ်လာခြင်း***

ဖတ်ရန်ကျမ်း။ ။ထွက်၊၃း ၂–၄၊ ၆၊ ၈၊ ၁၄–၁၅။ ၄း၃–၄၊ ၆–၇၊ ၉၊ ၁၄ခ–၁၆၊ ၂၄–၂၆

*Day 1 & Day 2*

**I. မောရှေသည် သမိုင်း၌ ပထမဆုံးအရည်အချင်းပြည့်ဝစုံလင်သော ဘုရားသခင်၏ အစေခံကျွန် ဖြစ်သည်။ သူသည် ကျမ်းစာ၌ ပထမဆုံးအရည်အချင်းပြည့်စုံသော ဘုရားသခင်၏ အစေခံကျွန်ဖြစ်သောကြောင့်၊ မောရှေသည် စံချိန်မီ ဘုရားသခင်၏ အစေခံကျွန် ဖြစ်၍၊ သူ့ကို ဘုရားသခင်ခေါ်တော်မူခြင်းသည် ကိုယ်တော်၏ အစေခံကျွန်အားလုံးကို ခေါ်တော်မူခြင်းအတွက် စံညွှန်းဖြစ်သည် (cf. ထွက်၊ ၂း၁၁–၁၅။ တ၊ ၇း၂၂–၃၀၊ ၃၄–၃၆။ ဟေဗြဲ၊ ၁၁း၂၈)။**

**II. ဘုရားသခင်ခေါ်တော်မူခြင်းခံရသောလူပုဂ္ဂိုလ်သည် မီးလောင်နေသောချုံ၏ ရူပါရုံကို မြင်ရမည် (တ၊ ၇း၂၂–၃၆။ ထွက်၊ ၃း၂)။**

က။ ကမ္ဘာဦး၊ ၃၌ ဆူးမှာ ကျဆင်းသောလူသည် ကျိန်ခြင်း၏ အောက်၌ ရှိကြောင်း ဖေါ်ပြသည်။ အပြစ်သည် ကျိန်ခြင်းကို အစပြုစေသည်၊ ကျိန်ခြင်းသည် မီးတောက်ထွက်ခွါသွား၍ ဝင်ရောက်လာခြင်းဖြစ်သည် (အငယ်၊ ၁၇–၁၈၊ ၂၄)။

ခ။ ထွက်၊ ၃၌ ကျိန်ခြင်းခံရသောဆူးသည် ဘုရားသခင်၏ အသုံးခံခွက်ဖြစ်လာပြီး၊ မီးတောက်သည် ချုံနှင့်တစ်လုံးတစ်ဝ ဖြစ်လာသည် (အငယ်၊ ၂–၄)။

၁။ ရွေးနုတ်ခြင်းဖြင့် ကျိန်ခြင်းသည် ပျောက်ကွယ်သွားကာ၊ မီးတောက်သည် ချုံနှင့်တစ်လုံးတစ်ဝဖြစ်လာသည်။

၂။ ရွေးနုတ်သောခရစ်တော်သည် ကျိန်ခြင်းကို ဖယ်ရှားကာ၊ မီးဖြစ်သော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အား ပေးတော်မူသည် (ဂလ၊ ၃း၁၃–၁၄။ လု၊ ၁၂း၄၉။ တ၊ ၂း၃–၄)။

ဂ။ ဤအရာက ဘုရားသခင်ခေါ်ခြင်းခံရသော လူတိုင်းသည် သူ၏ အတွင်းထဲတွင် လောင်သောမီးနှင့်အတူရှိသော ဆူးချုံ (ဘုရား၏ ကျိန်

ခြင်းအောက်ရှိ အပြစ်သား)ဖြစ်ပြီး၊ ဤမီးသည် ရှင်ပြန်ထမြောက်သောဘုရားသခင်၊ ကိုယ်တော်၏ သန့်ရှင်းခြင်း၌ သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင် ဖြစ်သည် (တရား၊၃၃း၁၊ ၁၆။ မာ၊၁၂း၂၆)။

ဃ။ မီးလောင်နေသောချုံ၏မှတ်တမ်းကျမ်းစာသည် ဘုရားခေါ်တော်မူသောလူများကို ဆက်လက်သတိရနေစေရန်နှင့် သက်သေခံရန် ဖြစ်သည် (တရား၊၃၃း၁၊ ၁၆။ မာ၊၁၂း၂၆)။

၁။ ဘုရားသခင်၏ ရွေးနုတ်ခြင်းကြောင့်၊အသေသတ်ခြင်းခံရသော သိုးသူငယ်နှင့် ကျဆင်းသောလူအတွက် ဘုရားသခင်ထံ ဆက်ကပ်ခြင်းကို ပုံဆောင်သည့် ကမ္ဘာဦး၊၃၌ ဖေါ်ပြသည့် ထွက်ခွါသွားသောမီးတောက်သည် ထွက်မြောက်ရာ၊၃၌ လာရောက်၍ ကိန်းဝပ်သောမီးတောက်ဖြစ်လာသည် (ထွက်၊၃း၂။ ရော၊၁၂း၁၁။ ၂တိ၊၁း၇။ ကော၊၁း၂၉)။

၂။ မီးလောင်ကျွမ်းခြင်းမရှိသော ဆူးချုံ၏ အကြောင်းက ဘုရားသခင်သည် လောင်စာအဖြစ် ကျွန်ုပ်တို့၏ ဇာတိအသက်ကို အသုံးမပြုလိုကြောင်း ဖေါ်ပြခြင်းဖြစ်သည်။ ကိုယ်တော်သည် လောင်စာအဖြစ် သူကိုယ်တော်တိုင်ကိုသာ လောင်ကျွမ်းစေမည် ဖြစ်သည် (ထွက်၊၃း၂။ ရော၊၁၂း၁၁။ ၂တိ၊၁း၇။ ကော၊၁း၂၉)။

၃။ မီးလောင်နေသောဆူးချုံ၏ အမှတ်လက္ခဏာအားဖြင့်၊ ဘုရားသခင်သည် မောရှေအား ဘုရားကိုထင်ရှားစေသည့် ထည့်ခံရာခွက်၊ လမ်းကြောင်းအဖြစ် သိမှတ်သည် (၂ကော၊၄း၇။ ဖိ၊၁း၂၀၊ ၂၅–၂၆)။

င။ အသင်းတော်သည် ဘုရားသခင်၏ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ စုပေါင်းထားသော ဆူးချုံ၏ လောင်ကျွမ်းခြင်းဖြစ်သည် (cf. ကာ၊၂း၂၂။ ဧ၊၂း၆)

၁။ ဘုရားသခင်၏ အဆုံးစွန်ပန်းတိုင်သည် ကိန်းဝပ်ရာနေရာကို ရရှိရန်၊ ကိုယ်တော်နေထိုင်ရာနေရာကို တည်ဆောက်ရန် ဖြစ်သည် (ယော၊၁း၁၄။ ၂း၁၉။ ၁ကော၊၃း၁၆။ ဗျာ၊၂၁း၃၊ ၂၂)။

၂။ အသင်းတော်သည် ရွေးနုတ်ခြင်းခံရသော လူသားနှင့်အတူ သုံးပါးတစ်ပါးဘုရား၏ လောင်ကျွမ်းခြင်း ဖြစ်သည်။ ဤအရာ

သည် ဘုရားစီမံကိန်းဖြစ်သည် (လု၊၁၂း၄၉။ တ၊၂း၃–၄)။

၃။ ယနေ့ အသင်းတော်၏ပုံဆောင်ချက်ဖြစ်သော အစ္စရေးတို့သည် ရွေးနုတ်ခြင်း(ထွက်၊၁၃း၁၄–၁၆)၊ သန့်ရှင်းစင်ကြယ်ခြင်း(အငယ်၊၂)၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် တည်ဆောက်ခြင်းခံရသော စုပေါင်းထားသောဆူးချုံ ဖြစ်သည်။

၄။ အသင်းတော်သည် ဆင်းရဲသည်၊ နိမ့်ကျသည် သို့မဟုတ် သေနေသည်ဟု မပြောဆိုပါနှင့်။ သင်ဤသို့ ပြောဆိုလေလေ၊ သင်ကိုယ်တိုင်သည် ကျိန်ခြင်းအောက်တွင် ပို၍ရှိလေလေဖြစ်သည်၊ သို့ သော် သင်သည် အသင်းတော်အသက်တာအတွက် သခင်ဘုရားကို ချီးမွမ်း၍ ၎င်းနှင့်ပတ်သက်၍ ကောင်းသည့်အရာကိုပြောဆိုပါက၊ သင်သည် ဘုရား၏ကောင်းကြီးအောက်တွင် ရှိနေလိမ့်မည်ဖြစ်သည်။

(က) "ယာကုပ်အမျိုးကို ညှဉ်းဆဲသောအမှု၊ အစ္စရေးအမျိုးတဘက်၌ပြုသော နှောင့်ယှက်ခြင်းပြုသောအမှုကို ဘုရားသခင်သည် ကြည့်ရှု၍ နေတော်မမူ" (တော၊၂၃း၂၁)။

(ခ) "အို ယာကုပ်အမျိုး သင်တို့၏တဲများ၊ အိုအစ္စရေးအမျိုး သင်တို့၏ ဘုံဗိမာန်များတို့သည် အဘယ်မျှလောက် တင့်တယ်ကြသည်တကား" (၂၄း၅)။

(ဂ) "သင့်ကို ကောင်းကြီးပေးသောသူသည် ကောင်းကြီးမင်္ဂလာရှိ၏။ သင့်ကို ကျိန်ဆဲသောသူသည် ကျိန်ဆဲခြင်းကို ခံရသည်ဟု မြွက်ဆို၏" (အငယ်၊၉ခ)။

၅။ ကောရိန္တုမြို့၌ရှိသော အသင်းတော်တွင် ကွဲပြားခြင်း၊ အပြစ်၊ ရှုပ်ထွေးခြင်း၊ ဆုကျေးဇူးများကို တလွဲသုံးခြင်းနှင့် မိစ္ဆာအယူကို ယုံကြည်သောသွန်သင်ခြင်းများ အားလုံးရှိသော်ငြားလည်း၊ ၎င်းကို တမန်တော်ပေါလုက ဘုရားသခင်၏ အသင်းတော်ဟုခေါ် ဆိုနေခြင်းမှာ ဘုရားဆိုင်ရာနှင့် ဝိညာဉ်ဆိုင်ရာ အနှစ်သာရဖြစ်သည့် ဘုရားသခင်၏ အသင်းတော်ရှိ ယုံကြည်သူများအတူတကွစည်းဝေးခြင်းသည် ထိုနေရာတွင် အမှန်ပင်ရှိနေသောကြောင့် ဖြစ်သည် (၁ကော၊၁း၂)။

၆။ ယနေ့ ဘုရားသခင်၏ကိန်းဝပ်ရာနေရာအဖြစ် စုပေါင်းသော ဆုံးချုံဖြစ်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်း၌ လုံးလုံးရှိခြင်း အကြောင်းအရာ ဖြစ်သည်။

(က) အသင်းတော်သည် "ခရစ်တော်၌ရှိခြင်း"၊ "ရှင်ပြန်ထမြောက်ခြင်း၌ရှိခြင်း"နှင့် "ကောင်းကင်ဆိုင်ရာ၌ရှိခြင်း" ဖြစ်သည် (cf. က၊ ၂း ၂၂။ ဧ၊၁း၁၉–၂၃။ ၂း၆)။

(ခ) ရှင်ပြန်ထမြောက်ခြင်းသည် အသက်သွေးခုန်ခြင်းနှင့် ဘုရားဆိုင်ရာစီမံကိန်း၏ အသက်–လမ်းဖြစ်သည် (၁ကော၊ ၁၅း၁၂။ တ၊၁၃း၃၃။ ၁ကော၊၁၅း၄၅ခ။ ၁ပေ၊၁း၃)။

(ဂ) ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးတော်နှင့်အတူ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအသက်၌ သခင်ဘုရားအတွက် ကျွန်ုပ်တို့အားထုတ်မှုသည် မည်သို့မျှ အချည်းနှီးဖြစ်လိမ့်မည်မဟုတ်ဘဲ၊ အပြစ်သားများအား ခရစ်တော်ကို ဟောပြောခြင်း၊ သန့်ရှင်းသူများထံ အသက်ကို အမှုဆောင်ခြင်းနှင့် ရွှေ၊ ငွေ၊ ကျောက်ကောင်းအဖြစ် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သောသုံးပါးတစ်ပါးဘုရားကို တွေ့ကြုံခံစားခြင်းဖြင့် အသင်းတော်ကို တည်ဆောက်ခြင်းဖြင့် ဘုရားသခင်၏ထာဝရအကြံအစည်တော် ပြီးပြည့်စုံခြင်း၌ အကျိုးရရှိလိမ့်မည်ဖြစ်သည် (၁ကော၊၁၅း ၅၈။ ၃း၁၂)။

***Day 3* III. ဘုရားသခင်၏ခေါ်တော်မူခြင်းခံရသော လူသည် ဘုရားဖြစ်ခြင်း၏ဖွင့်ပြခြင်း၌ ရှိသူဖြစ်ရမည်။**

က။ မောရှေကို ခေါ်သောသူ၏အမည်နာမသည် ငါဖြစ်သည်ဟူ၍ ဖြစ်သည် (ထွက်၊၃း၁၄–၁၅)။

၁။ ငါဖြစ်သည်ဟူသောနာမမှာ ဘုရားသခင်၊ ခရစ်တော်သည် အပေါင်းလက္ခဏာအရာအားလုံး၏စစ်မှန်ခြင်းကို ဆိုလိုသည် (ဂ၊ ၅၈။ ၆း၃၅။ ဂ၊း၁၂။ ၁၅း၁။ ကော၊၂း၁၆–၁၇)။

၂။ ကျွန်ုပ်တို့ကို ခေါ်တော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်း ကျွန်ုပ်တို့သိရမည်

(ဟေဗြဲ၊၁၁း၆)။

ခ။ မောရှေကို ခေါ်တော်မူသောသူသည် သူ့အဘ၏ဘုရားဖြစ်သည် (ထွက်၊၃း၆)။

၁။ *သင့်အဘ၏ဘုရား*သည် ဘုရားနှင့်ဆက်နွယ်သည့်သမိုင်းကို ဆိုလိုခြင်းဖြစ်သည်။

၂။ ဘုရားသခင်၏မျက်စိ၌၊ ကျွန်ုပ်တို့ကို ခေါ်တော်မူသောအရှင်သည် ကျွန်ုပ်တို့၏ဝိညာဉ်ဆိုင်ရာအဖ၏ဘုရား ဖြစ်သည် (၁ကော၊ ၄း၁၅၊ ၁၇။ ဆာ၊၁၀၃း၇။ ဖိ၊၂း၁၉–၂၂)။

**Day 4**

ဂ။ မောရှေကို ခေါ်တော်မူသောသူသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသောဘုရားဖြစ်သည် (မ၊၂၂း၂၉–၃၃)။

၁။ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ဘုရားသည် ရှင်ပြန်ထမြောက်တော်မူသောသုံးပါးတစ်ပါးဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိရမည်။

(က) အာဗြဟံ၏ဘုရားသည် လူကိုခေါ်တော်မူခြင်းဖြင့် လူကိုဖြောင့်မတ်စေကာ၊ ယုံကြည်ခြင်းနှင့် မိတ်သဟာယပြုခြင်း၌ လူကိုအသက်ရှင်စေသည့် အဖခမည်းတော်ကို ပုံဆောင်ခြင်း ဖြစ်သည် (က၊၁၂း၁။ ၁၅း၆။ အခန်းကြီး၊ ၁၇–၁၈။ ၁၉း ၂၉။ ၂၁း၁–၁၃။ ၂၂း၁–၁၈)။

(ခ) ဣဇာက်၏ဘုရားသည် ကိုယ်တော်၏ကြွယ်ဝခြင်းများအားလုံး၏အမွေ၊ ကိုယ်တော်၏စစ်၍မကုန်နိုင်သောကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ခြင်းအသက်နှင့်ငြိမ်သက်ခြင်းအသက်ဖြင့် လူကို ကောင်းကြီးပေးတော်မူသည့် သားတော်ဘုရားကို ပုံဆောင်ခြင်းဖြစ်သည် (၂၅း၅။ ၂၆း၃–၄၊ ၁၂–၃၃)။

(ဂ) ယာကုပ်၏ဘုရားသည် ကိုယ်တော်၏ချစ်သူများကောင်းကျိုးအတွက် အရာအားလုံးကို လုပ်ဆောင်ပေး၍၊ လူကိုပုံသဏ္ဍာန်ပြောင်းလဲစေကာ ဘုရားအသက်၌ လူကို ကြီးရင့်စေသည့် ဝိညာဉ်တော်ဘုရားကို ပုံဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် လူသည် လူအပေါင်းတို့ကို ကောင်းကြီး

ပေးရန်၊ မြေတစ်ပြင်လုံးကို အုပ်စိုးရန်နှင့် အသက်မစပေးသော သားတော်ဘုရားနှင့် လူအပေါင်းကျေနပ်စေရန် လုပ်ဆောင်စေနိုင်မည်ဖြစ်သည် (၂၇း၄၁။ ၂၈း၁–၃၅း၁၀။ အခန်းကြီး၊၃၇။ ၃၉–၄၉။ ရော၊၈း ၂၈–၂၉)။

၂။ ဘုရားသခင်၏ခေါ် တော်မူခြင်းခံရသောသူသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ လုံးလုံးရှိသည့် အသင်းတော်တည်ဆောက်ခြင်းအတွက် ရှင်ပြန်ထမြောက်ခြင်း၌ အရာခပ်သိမ်းကို လုပ်ဆောင်ရမည်ဖြစ်သည် (ဧ၊ ၁း၁၉–၂၃။ ရော၊၈း၁၁။ ၁ကော၊၁၅း၄၅ခ၊ ၅၈။ စစ တော၊၁၇း ၁–၈)။

*Day 5* **IV. ဘုရားသခင်ခေါ် တော်မူခြင်းခံရသော လူပုဂ္ဂိုလ်သည် ဘုရားသခင်ခေါ် တော်မူခြင်း၏ရည်ရွယ်ချက်ကို သိရမည် (ထွက်၊၃း၈)။**

က။ အနှုတ်လက္ခဏာဆောင်ခြင်းဘက်မှ ဘုရားသခင်ခေါ် တော်မူခြင်း၏ ရည်ရွယ်ချက်သည် ဖါရောဘုရင်နှင့် အီဂျစ်ပြည်အားဖြင့် ပုံဆောင်သော စာတန်နှင့်လောက၏ ကြီးစိုးဖိနှိပ်မှုနှင့် မတရားသိမ်းပိုက်ခြင်းမှ ဘုရားရွေးချယ်ခံလူတို့ကို ကယ်တင်ရန် ဖြစ်သည် (ရော၊၁း၁၆)။

ခ။ အပေါင်းလက္ခဏာဆောင်ခြင်းဘက်မှ ဘုရားသခင်ခေါ် တော်မူခြင်း၏ ရည်ရွယ်ချက်မှာ နို့နှင့်ပျားရည်စီးဆင်းသည့် ခါနန်မြေအားဖြင့် ပုံဆောင်သည့် ကျွန်ုပ်တို့၏ ဝိညာဉ်ရှိ အရာအားလုံးပါဝင်သော ဝိညာဉ်တော်အဖြစ် နားလည်ရသော အရာအားလုံးပါဝင်သောခရစ်တော်အထဲသို့ ဘုရားသခင်၏ ရွေးချယ်ခံလူတို့ကို ပို့ဆောင်ရန် ဖြစ်သည် (ကော၊ ၂း၆။ ဂလ၊၃း၁၄)။

**V. ဘုရားသခင်ခေါ် တော်မူခြင်းခံရသော လူပုဂ္ဂိုလ်သည် စာတန်၊ အသွေးအသားနှင့် လောကကို မည်သို့ဆက်ဆံဖြေရှင်းရမည်ကို သိရှိရမည်။ ဤအရာသည် ဘုရားသခင်အလုပ်၏ အလေ့အလာ ဖြစ်သည် (၁ယော၊၃း၈။ ဂလ၊၅း၁၇။ ၁ယော၊၂း၁၅။ cf. ၁ကော၊၂း၁၁။ ရော၊၇း၁၈။ ဂလ၊၆း၁၄)။**

က။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှဝေးကွာ၍ အခြားအရာအပေါ် ကိုးစားခြင်းသည် မြွေအတွက် ပုန်းအောင်းနေရာကို အခွင့်ပေးခြင်း ဖြစ်သည် (ထွက်၊ ၄း ၂–၄။ လု၊၁၀း၁၉)။

ခ။ ကျွန်ုပ်တို့၏ အသွေးအသားသည် –အပြစ်၊ ဆွေးမြည့်ခြင်း၊ အကျင့်ပျက်ခြင်းနှင့် မသန့်ရှင်းခြင်း– နူနာရောဂါဖြင့် ထုံးဖွဲ့ထားခြင်းဖြစ်သည် (ထွက်၊ ၄း၆–၇။ ရော၊ ၇း၁၇–၁၈၊ ၂၄–၂၅။ ဟေရှာ၊ ၆း၅)။

ဂ။ လောက၏ အထောက်အမ၊ ပွဲလမ်းများနှင့် ပျော်ရွှင်စရာများသည် သေခြင်း၏ အသွေးဖြင့် ပြည့်လျက်ရှိသည် (ထွက်၊ ၄း၉။ ၁ယော၊ ၅း၁၉။ ဂလ၊ ၆း၁၄)။

**Day 6** **VI. ဘုရားသခင်ခေါ်တော်မူသော လူပုဂ္ဂိုလ်သည် လိုက်လျောညီထွေရှိခြင်းနှင့် ကိုက်ညီခြင်းကို တွေ့ကြုံခံစားဖို့ လိုသည်။**

က။ ခေါ်ခြင်းခံရသောသူသည် ကန့်သတ်ခြင်း၊ လုံခြုံခြင်းနှင့် အကာအကွယ်အတွက် ကိုယ်ခန္ဓာတော်၏ အလေ့အလာ၌ တစ်ဦးတစ်ယောက်နှင့် လိုက်လျောညီထွေမှုရှိသူဖြစ်ရမည် (ထွက်၊ ၄း၁၄ခ–၁၆။ လု၊ ၁၀း၁။ တရား၊ ၃၂း၃၀။ ဒေ၊ ၄း၉–၁၂)။

ခ။ ခေါ်ခြင်းခံရသောသူသည် ဘုရားသခင်၏ စေခိုင်းခြင်းအမှုကို လုပ်ဆောင်ရန် ပြင်ဆင်ခြင်းဖြင့် ကိုယ်တော်၏ ထာဝရရည်ရွယ်ချက် ပြည့်စုံခြင်းအတွက် သခင်ဘုရား၏ လက်တော်၌ အသုံးဝင်လာရန် သူ၏ ဇာတိအသက်လှီးဖြတ်ခြင်း၏ အတွင်းပိုင်းတွေ့ကြုံခံစားခြင်းကို အလိုဆန္ဒရှိရမည် (ထွက်၊ ၄း ၂၄– ၂၆)။

ဂ။ ဘုရားသခင်ခေါ်တော်မူခြင်း၏ အကြောင်းအရာတိုင်းသည် ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှု ဖြစ်လာနိုင်ပါစေ။

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ ၃း၂** **ထိုအခါ ဘုရားသခင်၏ကောင်းကင်တမန်သည် ချုံထဲကထွက်သော မီးလျှံ၌ ထင်ရှား၏။ မောရှေသည် ကြည့်သောအခါ၊ မီးလောင်၍ ချုံမကျွမ်းဘဲရှိသည်ကို မြင်လျှင်၊**

**က၊ ၃း၁၇–၁၈** **... မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင့်အဖို့ မြေပေါက်စေမည်။ ...**

ဘုရားသခင်ခေါ်တော်မူခြင်းခံရသော မောရှေ၏မှတ်တမ်းသည် ကျမ်းစာ၌ အခြားခေါ်တော်မူခြင်းခံရသူများထက် ပို၍ရှည်သည်။ မောရှေသည် သမိုင်း၌ ဘုရားသခင်၏ ပထမဆုံးအရည်အချင်းပြည့်ဝစုံလင်သော အစေခံကျွန်ဖြစ်သည်။ နောသည် သင်္ဘောတည်ဆောက်ရန် ဘုရားသခင်အသုံးပြုသော်လည်း၊ မောရှေကဲ့သို့သော အစေခံကျွန်မျိုးမဟုတ်ပါ။ ယုံကြည်ခြင်း၏ ဘိုးဘေးဖြစ်သော အာဗြဟံသည်ပင်လျှင် မောရှေကဲ့သို့နည်းလမ်းမျိုး၌ ဘုရား၏စုံလင်သောအစေခံကျွန်မဟုတ်ပါ။ သူသည် ကျမ်းစာ၌ ဘုရားသခင်၏ပထမဆုံးအရည်အချင်းပြည့်မီသောအစေခံကျွန် ဖြစ်သောကြောင့်၊ သူ့ကို ဘုရားသခင်ခေါ်ခြင်းသည် ကိုယ်တော်ခေါ်သောအစေခံကျွန်အားလုံးအတွက် စံနမူနာပုံစံ ဖြစ်သည်။ အလေ့အလာ၌ ကျွန်ုပ်တို့အားလုံးသည် မောရှေကဲ့သို့နည်းလမ်း၌ ခေါ်ခြင်းခံရဖို့ လိုသည်။ ထွက်မြောက်ရာကျမ်းအခန်းကြီး၊၃နှင့် ၄အရ၊ ဤခေါ်တော်မူခြင်းတွင် အချက်ခြောက်ခုပါရှိသည်။– မီးလောင်နေသောဆူးချုံ၊ ဘုရားဖြစ်ခြင်းနှင့် ဘုရားဖြစ်သည့်အရာကို ဖွင့်ပြခြင်း၊ ဘုရားသခင်ခေါ်တော်မူခြင်း၏ရည်ရွယ်ချက်၊ အမှတ်လက္ခဏာသုံးခုနှင့် အာရုန်၏လိုက်ဘက်ညီမှုနှင့် ဇိပေါရ၏လှီးဖြတ်ခြင်းတို့ဖြစ်သည်။ (*Life-study of Exodus*, pp. 52, 109)

## ယနေ့ဖတ်စရာ

ကမ္ဘာ၊၃နှင့် ထွက်၊၃တို့တွင် ဆက်နွယ်မှုရှိသည်။ ဤအခန်းကြီးနှစ်ခန်းလုံး၌ ကျွန်ုပ်တို့သည် ဆူးနှင့် မီးကို တွေ့မြင်ကြရသည်။ ကမ္ဘာ၊၃၌ ဆူးသည် ကျိန်ခြင်းအောက်၌ရှိသောလူကို ဖော်ပြခြင်းဖြစ်ပြီး၊ မီးတောက်မှာ လူအား အသက်ပင်ဖြစ်သော ဘုရားသခင်ထံမှ ထွက်ခွါသွားစေခြင်းကို ဖော်ပြသည် (အငယ်၊၂၂–၂၄)။ ကမ္ဘာ၊၃အရ ဆူး

သည် အပြစ်ကြောင့် ကျိန်ခြင်း ဝင်ရောက်လာခြင်းဖြစ်သည်။ ထိုကြောင့် ဆူးသည် ကျိန်ခြင်းအောက်ရှိ ကျဆင်းသောလူကို ပုံဆောင်ခြင်းဖြစ်သည်။ ကျိန်ခြင်းကို စီရင်ချက်ချမှတ်ပြီးနောက် ချက်ချင်း၊ မီးစက်လက်နက်ကို "အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်းငှါ" ဧဒင်ဥယျာဉ်၏ အရှေ့ဘက်၌ ထားလေသည် (အငယ်၊ ၂၄)။ ထိုကြောင့် အပြစ်သည် ကျိန်ခြင်း၌ အစပြုပြီး၊ ကျိန်ခြင်းသည် မီးတောက်ကို အစပြုသည်။ ကမ္ဘာ၊ ၃၌ မီး၏ လုပ်ဆောင်ချက်သည် အသက်ပင်မှ အပြစ်သားများကို ထွက်ခွါစေသည်၊ တစ်နည်းအားဖြင့် အသက်၏ အရင်းအမြစ်ဖြစ်သော ဘုရားခံမှ ထွက်ခွါစေသည်။

ထွက်၊ ၃ရှိ လူ၏ အခြေအနေသည် ကမ္ဘာ၊ ၃ရှိ အခြေအနေနှင့် ကွာခြားသည်။ ထွက်၊ ၃၌ ကျိန်ခြင်းခံရသောဆူးသည် ဘုရား၏ ထည့်ဝင်ရာခွက် ဖြစ်လာပြီး၊ မီးတောက်သည် ဆူးချုံနှင့်တစ်လုံးတစ်ဝ ရှိလာသည်။ သိုးသူငယ်၏ အသေခံခြင်းနှင့် ကျဆင်းသောလူအတွက် ဘုရားထံဆက်ကပ်ပူဇော်ခြင်းဖြင့် ပုံဆောင်သောရွေးနုတ်ခြင်းသည် (က၊ ၄း ၄) ကျိန်ခြင်းကို ဖယ်ရှား၍၊ မီးသည် ဆူးနှင့်တစ်လုံးတစ်ဝ ဖြစ်လာသည်။

ဤရုပ်ပုံ၏ စစ်မှန်ခြင်းကို ဂလ၊ ၃း ၁၃နှင့် ၁၄တို့တွင် မြင်ရသည်။ အငယ်၊ ၁၃၌ "ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ ကျိန်ခြင်းမှ ရွေးနုတ်တော်မူသည်" ဟူ၍ ဆိုထားသည်။ ဆိုလိုသည့်အဓိပ္ပါယ်မှာ ကားတိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းဖြင့် ကျိန်ခြင်းကို ဖယ်ရှားလိုက်ကြောင်း ဆိုလိုသည်။ အငယ်၊ ၁၄၌ ဆက်လက်၍ "အကြောင်းမူကား၊ အာဗြဟံခံရသော ကောင်းကြီးမင်္ဂလာသည် ယေရှုခရစ်အားဖြင့် တစ်ပါးအမျိုးသားတို့၌ သက်ရောက်သည်ဖြစ်၍၊ ငါတို့သည် ကတိတော်နှင့်ယှဉ်သောဝိညာဉ်တော်ကို ယုံကြည်ခြင်း အားဖြင့် ခံရကြမည်အကြောင်းတည်း" ဟု ဆိုသည်။ ထိုကြောင့် ဤကျမ်းပိုဒ်များအရ၊ ကျိန်ခြင်းကို ဖယ်ရှားလိုက်၍၊ ဝိညာဉ်တော်၊ မီးသည် ကျွန်ုပ်တို့ထံသို့ ပေးအပ်ခံရသည်။

တ၊ ၂း ၃နှင့် ၄၌ ဝိညာဉ်တော်သွန်းလောင်းခြင်းကို မီးလျှာအားဖြင့် ပုံဆောင်ကြောင်း ဖေါ်ပြထားသည်။ မီးဖြစ်သော ဤဝိညာဉ်တော်သွန်းလောင်းခြင်းကို လု၊ ၁၂း ၄၉၌ သခင်ယေရှု မိန့်တော်မူသည်မှာ "မြေပေါ်မှာ မီးလောင်စေခြင်းငှါ ငါလာသတည်း။ ထိုမီးမည်သို့မှီတိုင်အောင် ငါ၏ အလိုမပြည့်စုံ" ဟူ၍ ဖြစ်သည်။ ပင်တေကုတ္တေနေ့၌ ကျိန်ခြင်းကို ဖယ်ရှားရန် ခရစ်တော်၏ ရွေးနုတ်ခြင်း အားဖြင့် ပေးခဲ့သော ကတိတော်ဝိညာဉ်တော်သည် မီး၏ ပုံသဏ္ဍာန်၌ တပည့်တော်များ အပေါ် ဆင်းသက်ခဲ့သည်။ ဘုရားသခင်ကြွလာခြင်း၏ မီးတောက်ဖြစ်သော ဤမီးသည် ဘုရားသခင်ထံမှ ကျွန်ုပ်တို့ကို မည်သည့်အခါမျှ ခွဲခွါသွားမည်မဟုတ်တော့ပါ။

ဘုရားသခင်သည် မောရှေကို စကားမိန့်တော်မမူမီ၊ မီးလောင်နေသောဆူးချုံ – လောင်ကျွမ်းသွားခြင်းမရှိသောမီးဖြင့် လောင်နေသောချုံ၏ – အမှတ်လက္ခဏာဖြင့် သူ့ကို ပြသခဲ့သည်။ ဤမီးလောင်နေသောဆူးချုံကို မြင်၍ မောရှေက "အဘယ်ကြောင့် ချုံ မကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသော ရူပါရုံကို ငါသွား၍ကြည့်မည်ဟုဆို၏" (ထွက်၊ ၃း၃)။ ဆူးချုံသည် မောရှေကိုယ်တိုင်ကို ကိုယ်စားပြုခြင်းဖြစ်သည်။ ဤအရာက ဘုရားသခင်ခေါ်တော်မူခြင်းခံရသူတိုင်းသည် သူ့၏အတွင်းထဲတွင် မီးလောင်ကျွမ်းနေသည့် ဆူးချုံရှိပြီး၊ ဤမီးသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကြောင်း သိနားလည်ရမည်ကို ဖေါ်ပြခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အတွင်းထဲနှင့် ကျွန်ုပ်တို့၏ အပေါ်တွင် လောင်ကျွမ်းရန် အလိုဆန္ဒရှိသော်ငြားလည်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို လောင်ကျွမ်းစေမည်မဟုတ်ပါ။ ဤသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို လောင်စာအဖြစ် အသုံးပြုလိမ့်မည်မဟုတ်ကြောင်းတည်း။ (*Life-study of Exodus*, pp. 74-76, 69-70)

*ပို၍ဖတ်ရန်-* *Life-study of Exodus*, msgs. 5, 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

______________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ ၃း၃** **အဘယ်ကြောင့် ချုံမကျွမ်းဘဲရှိသနည်း။ ဤထူးဆန်းသော ရူပါရုံကို ငါသွား၍ကြည့်မည်ဟုဆို၏။**

**တရား၊ ၃၃း၁၆** **မြေကြီးဘဏ္ဍာစုံလင်ရာအားဖြင့်လည်းကောင်း၊ ထာဝရဘုရားပေးတော်မူရာ၌ မင်္ဂလာရှိပါစေသော။ ချုံ၌နေတော်မူသောသူ၏ကျေးဇူးတော်သည်...**

လောင်ကျွမ်းခြင်းမရှိသော ဆူးချုံမှာ ဘုရားသခင်၏ သန့်ရှင်းခြင်းဘုန်းတော်သည် ကျွန်ုပ်တို့အတွင်းထဲတွင် တောက်လောင်နေသော်လည်း၊ ကျွန်ုပ်တို့ကို ပင်ပန်းကုန်ခန်းစေခြင်းမရှိကြောင်းကို ဖေါ်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏ အစေခံတစ်ဦးသည် ပင်ပန်းကုန်ခန်းနေခြင်းမှာ သူသည် ဘုရားသခင်အတွက် တစ်စုံတစ်ရာကို လုပ်ဆောင်ရန် သူ၏စွမ်းအင်ကို အသုံးပြုနေကြောင်း ဆိုလိုနိုင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဇာတိအသက်ကို လောင်စာအဖြစ် အသုံးပြုရန် အလိုမရှိပါ။ သူကိုယ်တိုင်ကိုသာ လောင်စာအဖြစ် အသုံးပြုလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အတွင်းထဲတွင် ဘုရားဆိုင်ရာမီးဖြင့် လောင်ကျွမ်းနေသည့် ဆူးချုံသာ ဖြစ်ရမည်။

မောရှေသည် လောင်ကျွမ်းနေသောဆူးချုံ၏မြင်ကွင်းကို မည်သည့်အခါမျှမမေ့ကြောင်း ကျွန်ုပ်ယုံကြည်သည်။ ဤရူပါရုံကို သတိရနေခြင်းသည် သူ၏ဇာတိခွန်အားသို့မဟုတ် လုပ်နိုင်စွမ်းကို အသုံးမပြုရန် သူ့အားအမြဲသတိပေးရန် သူ၏ အတွင်းထဲတွင် အလုပ်လုပ်နေခြင်းဖြစ်သည်။ မီးလောင်ကျွမ်းနေသောဆူးချုံ၏ အမှတ်လက္ခဏာအားဖြင့် မောရှေသည် ဘုရားကိုထင်ရှားခြင်းဖြင့် ထည့်ခံရာခွက်နှင့် လမ်းကြောင်းဖြစ်ကြောင်း ဘုရားသခင် အလေးထားသိမှတ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထင်ရှားခြင်းအတွက် ချုံသာဖြစ်ရမည့်အကြောင်း သဘောပေါက်ရန် လွယ်မည်မဟုတ်ပါ။ ကျွန်ုပ်သည် လောင်စာအဖြစ် ဇာတိအသက်ကို အသုံးမပြုဘဲ၊ ကျွန်ုပ်၏ အတွင်းထဲတွင် ဘုရားသခင် လောင်ကျွမ်းခြင်းကို အခွင့်ပေးခြင်းဖြင့် ဘုရားသခင်အတွက် အမှုဆောင်ရန်၊– သင်ခန်းစာတစ်ခုကို နှစ်ပေါင်းများစွာ သင်ယူခဲ့ရသည်။ (*Life -study of Exodus*, pp. 70-71)

## ယနေ့ဖတ်စရာ

လောင်ကျွမ်းနေသောဆူးချုံ၏ ကျမ်းချက်သည် ဘုရားသခင်၏ ခေါ်တော်မူခြင်းခံရသူများအတွက် ဆက်လက်၍ သတိရကာ သက်သေခံချက် ဖြစ်နေရပေမည်။ ဤအ

ရာက ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ဘဲ၊ ဆူးချုံများသာဖြစ်ကြောင်း သက်သေဖြစ်သည်။

ဆူးချုံ၏ ကျမ်းချက်မှတ်တမ်းသည် ကျွန်ုပ်တို့အတွက် မမေ့အပ်သော နက်နဲစွာ အလေးထားရမည့်အရာ ဖြစ်စေရမည်။ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ၊ ကျွန်ုပ်တို့သည် ဆူးချုံမျှသာ ဖြစ်ကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို တန်ဖိုးထားကာ၊ ကျွန်ုပ်တို့အတွင်းထဲမှ မီးတောက်အဖြစ် ကိုယ်တော်တိုင် ထင်ရှားရန် အလိုဆန္ဒ ရှိသည်။ ကျွန်ုပ်တို့သည် ဇာတိလူအတိုင်းဖြစ်သည့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းကို ယုံကြည်ကိုးစားခြင်း မရှိဘဲ၊ ကိုယ်တော်၏ လောင်ကျွမ်းခြင်းကို တန်ဖိုးထားသင့်သည်။ ကျွန်ုပ်တို့၏ ခွန်အား၊ စွမ်းအားနှင့် အစွမ်းသတ္တိဖြစ်သည့် ကျွန်ုပ်တို့၏ ဇာတိလူကို အဆုံးသတ်၍ မေ့ထားရမည်။ ဆူးချုံသည် ဘာလုပ်နိုင်သနည်း။ ဘာမျှမဟုတ်ပါ။ သင်လုပ်နိုင်ကြောင်း သင်စဉ်းစားကောင်းစဉ်းစားမည်ဖြစ်သော်လည်း၊ သင်သည် အသုံးမဝင်သောဆူးချုံမျှသာဖြစ်ကြောင်း နောက်ဆုံး သင်နားလည်လာလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ထံ လာရောက်၍ နေထိုင်ကာ ကျွန်ုပ်တို့အပေါ် လောင်ကျွမ်းသည့်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ဘုရားမီးတောက်သည် ကျွန်ုပ်တို့၏ အတွင်းထဲ၊ ကျွန်ုပ်တို့၏ အပေါ် တွင် လောင်ကျွမ်းသော်လည်း၊ ကျွန်ုပ်တို့ကို လောင်ကျွမ်းမှုမရှိပါ။

ယနေ့ သားတော်ရှိ ခမည်းတော်ဘုရားနှင့် ဝိညာဉ်တော်ဖြစ်တော်မူသော သားတော်သည် မီးအဖြစ် ကျွန်ုပ်တို့အပေါ် ဆင်းသက်တော်မူပြီးဖြစ်သည်။ တစ်ခါက သခင်ယေရှုမိန့်တော်မူသည်မှာ မြေကြီးပေါ် မှာ မီးလောင်စေခြင်းငှါ ငါလာသတည်း (လု၊၁၂း ၄၉)။ ပင်တေကုတ္တေနေ့၌ ဝိညာဉ်တော်သည် မီးလျှာများပုံပန်းသဏ္ဍာန်၌ ကြွလာခြင်းဖြစ်သည်။ ဤသန့်ရှင်းသောမီး၊ ဤဘုရားဆိုင်ရာလောင်ကျွမ်းခြင်းသည် ကျွန်ုပ်တို့ကို ဖမ်းဆီး၍၊ ယခုကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားနှင့်အတူ လောင်ကျွမ်းနေသည့် ဆူးချုံ၏ အစိတ်အပိုင်း ဖြစ်ကြသည်။ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်ရွေးချယ်၊ ရွေးနုတ်ထားသော အသင်းတော်၏ အတွင်းထဲနှင့် အပေါ် တွင် တောက်လောင်နေသည်။ ထို့ကြောင့် အသင်းတော်သည် ရွေးနုတ်ခံလူသားအတွင်းထဲတွင် တောက်လောင်နေသော သုံးပါးတစ်ပါးဘုရားဖြစ်သည်။ ဤအရာသည် ဘုရားစီမံကိန်းဖြစ်သည် (၁တိ၊၁း၄)။

သင်သည် အသင်းတော်အသက်တာအတွက် သခင်ဘုရားကို ချီးမွမ်း၍ အသင်းတော်အကြောင်းကို ကောင်းကောင်းပြောဆိုပါက၊ သင်သည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာအောက်တွင် ရှိနေလိမ့်မည်ဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်ရှိခဲ့သောအချိန်များတွင်၊ ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာအောက်တွင်ရှိသော အသင်းတော်အကြောင်း မကောင်းပြောသူတစ်ယောက်ကိုမျှ ကျွန်ုပ်မမြင်တွေ့ခဲ့ပါ။ တစ်နည်း

ဆိုသော်၊ အသင်းတော်သည် ဆင်းရဲသည်၊ နိမ့်ကျသည် သို့မဟုတ် သေနေသည်ဟု ပြောဆိုသူအားလုံးသည် ကျိန်ခြင်းအောက်တွင် ရှိနေခြင်းဖြစ်သည်။ အသင်းတော်သည် ချစ်ဖွယ်ကောင်းသော ဘုရားသခင်၏ အိမ်တော်ဖြစ်ကြောင်း ကြွေးကြော်ခြင်းဖြင့် အသင်းတော်အကြောင်း အပြုသဘောဆောင်ပြောဆိုသူများသည် ကောင်းကြီးကို ခံစားရမည်ဖြစ်သည်။ ဤအရာသည် ဩဝါဒမျှသာမဟုတ်ပါ။ များစွာသောသန့်ရှင်းသူများ တွေ့ကြုံခံစားခြင်းဖြင့် သက်သေခံကြသည့် သက်သေခံချက်ဖြစ်သည်။

ရှင်ပြန်ထမြောက်တော်မူသောဘုရားသခင်သည် ဆူးချုံ၌ ကိန်းဝပ်တော်မူခြင်းအကြောင်းက ယနေ့ဘုရားကိန်းဝပ်ရာနေရာဖြစ်သော စုပေါင်းထားသောဆူးချုံဖြစ်ခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအကြောင်း လုံးလုံးဖြစ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ သန့်ရှင်းသောအရှင်၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသောကြောင့်၊ ကျွန်ုပ်တို့ထံလာရောက်၍ ကျွန်ုပ်တို့တွင် ကိန်းဝပ်နိုင်ခြင်းဖြစ်သည်။ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားဖြစ်၍၊ ကိုယ်တော်၏ လူများဖြစ်သည့် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိကြသည်။ ငါဖြစ်သည့်ကြီးမြတ်သောအရှင်၊ ရှင်ပြန်ထမြောက်ခြင်း၏ ဘုရား၊ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ ဘုရားသည် ကျွန်ုပ်တို့အတွင်းထဲ၌ ကိန်းဝပ်တော်မူ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ကြရသည်။ တစ်ဦးခြင်းဆိုင်ရာ၌ ကျွန်ုပ်တို့သည် ဆူးချုံဖြစ်ပြီး၊ အတူတကွရှိခြင်း၌ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၏ ဘုရားနှင့်အတူ လောင်ကျွမ်းနေသော စုပေါင်းသောဆူးချုံဖြစ်ကြသည်။ ဤအရာသည် ယနေ့ အသင်းတော်အသက်တာ၏ ရုပ်ပုံကားချပ်ဖြစ်သည်။ (*Life -study of Exodus*, pp. 71-72, 112, 79, 83-84)

*ပို၍ဖတ်ရန်-* *Life -study of Exodus*, msg. 6; Basic Lessons on Service, Isn. 20; Elders' Training, Book 2; The Vision of the Lord's Recovery, ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ ၃း၁၄–၁၅** **ဘုရားသခင်ကလည်း ငါဖြစ်သည်အတိုင်း ငါဖြစ်၏ဟူ၍လည်း ကောင်း၊ ငါဖြစ်သည်ဟုအမည်ရှိသောသူသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု အစ္စရေးအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍လည်းကောင်း၊ မောရှေအား မိန့်တော်မူ၏။ တဖန် ဘုရားသခင်က သင်တို့ဘိုးဘေးများ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ယေဟောဝါသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီဟု အစ္စရေးအမျိုးသားတို့အား ပြောရမည်။ ထိုအမည်သည် အစဉ် ငါ့အမည်ဖြစ်၏။ လူမျိုးအစဉ်အဆက်မပြတ် ငါ့ဘွဲ့နာမဖြစ်၏။**

ဘုရားသခင်ခေါ်တော်မူခြင်း၏ဒုတိယအကြောင်းအရာမှာ ဘုရားသခင်သည် အဘယ်သူဖြစ်ကြောင်းနှင့် ဘုရားဖြစ်သည့်အရာသည်အဘယ်အရာဆိုသည့်ကြောင်း ဖြစ်သည်။ ဘုရားသခင်သည် တုနှိုင်းရာမဲ့ ကိုယ်တိုင်တည်ရှိနေသောအရှင်ဖြစ်သည်။ အရာခပ်သိမ်းသည် ဖြစ်လာလိုက်၊ ပျောက်ကွယ်သွားလိုက်ရှိကြသည်၊ သို့သော် ဘုရားသည် တည်ရှိမြဲဖြစ်သည်။ ကျွန်ုပ်တို့မရှိသော်လည်း၊ ဘုရားရှိသည်၊ ဘုရားတစ်ပါးတည်းသာ အစဉ်တည်ရှိသည်။ ထွက်၊၃း၁၄ မောရှေကို ဖော်ပြသော ဘုရားသခင်၏နာမသည် *ဖြစ်သည်ရှိသည်* ဆိုသည့် ကြိယာသာဖြစ်သည်။ ဤအရာက မည်သည့်အရာမျှ မတည်မရှိမီ ဘုရားသည် ရှိနှင့်ပြီးဖြစ်ကြောင်း ဖော်ပြသည်။ အရာများစွာသည် တည်ရှိပြီး ပျောက်ကွယ်သွားသော်လည်း၊ ဘုရားသည် ရှိနေဆဲဖြစ်သည်။ ဘုရားသည် တည်ရှိပြီးဖြစ်သည်၊ တည်ရှိနေသည်၊ ဆက်လက်ရှိနေမည်ဖြစ်သည်။

ကိုယ်တိုင်တည်ရှိနေသောအရှင်၊ ဘုရားသခင်သည် အပေါင်းလက္ခဏာဆောင်သောအရာတိုင်း၏စစ်မှန်ခြင်းဖြစ်သည်။ ယောဟန်ခရစ်ဝင်ကျမ်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့လိုအပ်သောအရာအားလုံး၊– အသက်၊ အလင်း၊ စားစရာ၊ သောက်စရာ၊ စားကျက်၊ ခရီးလမ်းဖြစ်ကြောင်း ဖော်ပြထားသည်။ (*Life-study of Genesis,* p. 1106)

## ယနေ့ဖတ်စရာ

*ငါဖြစ်သည်* ဆိုသည့်စာသားတွင် ကျွန်ုပ်တို့လိုသောအရာတိုင်းဖြစ်သည်ဟု ထပ်ပြည့်နိုင်သည်။ သင်မောပန်းနေပါသလား။ *ငါဖြစ်သည်* သည် သင်၏ နားခိုရာဖြစ်သည်။

သင်သည် ဆာမွတ်နေပါသလား။ ကိုယ်တော်သည် သင်၏စားစရာဖြစ်သည်။ သင်သေအံ့ဆဲဆဲဖြစ်နေပါသလား။ ကိုယ်တော်သည် အသက်ဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ သခင်ဘုရားသည် ကိုယ်တော်တိုင်ကို ဖော်ပြရန် အရာများစွာကို အသုံးပြုထားသည်မှာ၊– "ငါသည် မှန်သောစပျစ်နွယ်ပင် ဖြစ်သည်"(ယော၊၁၅း၁)၊ "ငါသည် အသက်မုန့်ဖြစ်သည်"(ယော၊၆း၃၅)၊ "ငါသည် အလင်းဖြစ်သည်"(ယော၊၈း၁၂)။ ငါဖြစ်သည် ဆိုသော ဘုရားသခင်သည် အရာခပ်သိမ်းဖြစ်တော်မူသည်၊– ကောင်းကင်၊ မြေကြီး၊ လေ၊ ရေ၊ အပင်၊ ငှက်များ၊ ကျွဲနွားတိရစ္ဆာန်။ ဤအရာမှာ ဘာသာရေးယုံကြည်ခြင်းက ရုပ်ပိုင်းဆိုင်ရာ စကြဝဠာနှင့်အတူ ဘုရားကို တန်းတူသဘောထားကာ လောကရှိအရာခပ်သိမ်းကို ဘုရားအဖြစ်ကိုးကွယ်ခြင်း မဟုတ်ပါ။ အရာခပ်သိမ်းသည် ဘုရားဖြစ်ကြောင်း ကျွန်ုပ်ဆိုလိုခြင်းမဟုတ်ဘဲ၊ ဘုရားသခင်သည် အပေါင်းလက္ခဏာဆောင်သောအရာတိုင်း၏ စစ်မှန်ခြင်းဖြစ်ကြောင်းကို ကျွန်ုပ်ပြောဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် သင်ဖြစ်ခြင်း၏ စစ်မှန်ခြင်း၊ သင် ဖြစ်ရမည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်အား "သခင်ဘုရား၊ ကိုယ်တော်သည် ကျွန်ုပ်ဖြစ်ပါသည်"ဟု ပြောဆိုနိုင်ရမည်။ သခင်ဘုရားသည် ကျွန်ုပ် ဖြစ်မလာပါက၊ ကျွန်ုပ်တို့သည် အချည်းနှီးဖြစ်ကာ၊ စစ်မှန်ခြင်းလည်းရှိမည်မဟုတ်ပါ။ ငါဖြစ်သည့် ကြီးမြတ်သောအရှင်၊ အရာအားလုံးပါဝင်သောအရှင်သည် ကျွန်ုပ်တို့ကို ခေါ်ရန် ကြွလာသောအရှင်ဖြစ်သည်။

ယေဟောဝါသည် "အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ရှိနေတော်မူသောအရှင်"ကို ဆိုလိုခြင်းဖြစ်သည်။ ဤအမည်နာမသည် ရှိခြင်း၊ ဖြစ်ခြင်း ကြိယာကို အခြေခံပေါင်းစပ်ထားခြင်းဖြစ်သည်။ သခင်ဘုရားမှလွဲ၍၊ အရာအားလုံးသည် အချည်းနှီးဖြစ်သည်။ ကိုယ်တော်သည် ငါဖြစ်သည့်တစ်ပါးတည်းသောအရှင်၊ စစ်မှန်ခြင်းဖြစ်သည့်တစ်ပါးတည်းသောအရှင် ဖြစ်သည်။ ငါဖြစ်သည်ဆိုသည့် ကြိယာကို ကိုယ်တော်မှလွဲ၍ မည်သူမျှ သို့မဟုတ် မည်သည့်အရာကိုမျှ လုံးလုံးအသုံးမပြုသင့်ပါ။ ကိုယ်တော်သည်သာ ကိုယ်တိုင်တစ်ပါးတည်းတည်နေခြင်းဖြစ်သည်။ စကြဝဠာ၌ အရာအားလုံးသည် အချည်းနှီး ဖြစ်သည်။ ယေဟောဝါတစ်ပါးတည်းသာ "အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ဖြစ်သောအရှင်" ဖြစ်သည်။ အတိတ်ကာလ၌၊ ကိုယ်တော်သည် ရှိပြီးဖြစ်သည်၊ ပစ္စုပ္ပန်ကာလ၌ ကိုယ်တော်သည် ရှိနေသည်၊ အနာဂတ်ကာလ၌ ကိုယ်တော်သည် ရှိနေလိမ့်မည်ဖြစ်သည်။

ဟေဗြဲ၊၁၁း၆၌ "ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကို ယုံကြည်ရမည်"ဟူ၍ ဆိုထားသည်။ ဤကျမ်းပိုဒ်အရ ဘုရားသခင်ရှိကြောင်းကို ဖော်ပြထားသည်ဖြစ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်ရှိကြောင်းကို ယုံကြည်ရ

မည်။ ဘုရားသခင်ရှိသည်၊ သို့သော် ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ။ ကျွန်ုပ်တို့ကို ဘုရားသခင်ခေါ် တော်မူကြောင်းနှင့် ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်း ကျွန်ုပ်တို့ သိရမည်။ ကျွန်ုပ်တို့အားလုံးသည် ဤနည်းလမ်း၌ ဘုရားကို သိဖို့ လိုအပ်သည်။

ထွက်၊၃း၆၌ သင့်အဘ၏ ဘုရားသခင်ဆိုသည့် စာပိုဒ်သည် ဘုရားနှင့်အတူရှိသည့် သမိုင်းဟု မှတ်ယူရမည်။ ဘုရားသခင်သည် သင့်ကိုခေါ် ရန် ကြွလာသောအခါ၊ ကိုယ်တော်သည် သင့်အဖို့ သူစိမ်း မဖြစ်သင့်ပါ။ ကိုယ်တော်သည် သင်နှင့်ပတ်သက်၍ သူစိမ်းဖြစ်နေသမျှ၊ သင်သည် ကိုယ်တော်ခေါ် ရန် အရည်အချင်းပြည့်မီသူ မဖြစ်နိုင်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အဘ၏ ဘုရားဖြစ်ကြောင်း ပြောဆိုခြင်းမှာ ကိုယ်တော်သည် အသွေးအသား၌ရှိသော ကျွန်ုပ်တို့ဖခင်၏ ဘုရားဖြစ်ကြောင်း ဆိုလိုခြင်းမဟုတ်ပါ၊ အကြောင်းမှာ ကျွန်ုပ်တို့၏ ဇာတိဆိုင်ရာဖခင်သည် ဘုရားသခင်၏ သားတစ်ဦး မဟုတ်ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရသောအခါ၊ ကျွန်ုပ်တို့သည် ဝိညာဉ်ဆိုင်ရာအမျိုးအနွယ်၊ အခြားမျိုးရိုးကို ရရှိခြင်းဖြစ်သည်။ ထိုကြောင့် ပေါလုက ကောရိန္တုမြို့သားတို့အား သူသည် ဧဝံဂေလိတရားအားဖြင့် သူတို့ကို မွေးဖွားခြင်းဖြစ်ကြောင်း ပြောဆိုခြင်းဖြစ်သည် (၁ကော၊၄း၁၅)။ ပေါလု၌ ဝိညာဉ်ဆိုင်ရာသားသမီးများစွာရှိသည်။ ခရစ်တော်၌ ယုံကြည်သူတိုင်း၌ ဝိညာဉ်ဆိုင်ရာအဖ ရှိသည်။ ဘုရားသခင်၏ မျက်စိ၌၊ သင့်ကိုခေါ် သောသခင်ဘုရားသည် သင်၏ ဝိညာဉ်ဆိုင်ရာအဖ၏ ဘုရားဖြစ်သည်။

မောရှေ၏ အဘ၏ ဘုရားသည် အာဗြဟံ၏ ဘုရား၊ ဣဇာက်၏ ဘုရားနှင့် ယာကုပ်၏ ဘုရား ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်သည် လူပုဂ္ဂိုလ်တိုင်း၏ ဘုရားဖြစ်ကြောင်း ဆိုလိုသည်။ ကျွန်ုပ်တို့သည် အာဗြဟံကဲ့သို့ ကောင်းသောလူ၊ ဣဇာက်ကဲ့သို့ ကြားနေသောလူ သို့မဟုတ် ယာကုပ်ကဲ့သို့ အစားထိုးဝင်ရောက်သောလူ ဖြစ်ကောင်းဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မည်သို့သောလူဖြစ်ပါစေ၊ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဘုရားဖြစ်သည်။ အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်တို့၏ ဘုရားသည် အရာအားလုံးပါဝင်သောဘုရား ဖြစ်သည်။ ဘုရားသခင်သည် သင့်ကို ခေါ် ရန် ကြွလာတော်မူသောအချိန်တိုင်း၊ ကိုယ်တော်သည် အမြဲတစေ အရာအားလုံးပါဝင်သောအရှင် ဖြစ်သည်။ (*Life-study of Exodus*, pp. 59-60, 57-58)

*ပို၍ဖတ်ရန်-* *Crystallization-study of the Epistle to the Romans,* msg. 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

———————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ထွက်၊ ငါသည် သင့်အဘ၏ဘုရား၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏**
**၃း၆ ဘုရား၊ ယာကုပ်၏ဘုရားဖြစ်သည်ဟူ၍ မိန့်တော်မူ၏။ မောရှေ**
**သည် ဘုရားသခင်ကို မကြည့်ဝံ့၊ မိမိမျက်နှာကို ဖုံးလျက်နေ၏။**
**မ၊ ထိုမှတစ်ပါး သေလွန်သောသူတို့၏ထမြောက်ခြင်းနှင့်စပ်လျဉ်း**
**၂၂း၃၁–၃၂ ၍ ဘုရားသခင်က သင်တို့အား မိန့်မြွက်တော်မူထားသည်ကို**
**သင်တို့သည် မဖတ်ဘူးသလော။ မိန့်တော်မူချက်ဟူမူကား၊ "ငါ**
**သည် အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရား**
**ဖြစ်သည် မဟုတ်လော"။ ဘုရားသခင်သည် သေနေသောသူတို့**
**၏ဘုရားမဟုတ်၊ အသက်ရှင်သောသူတို့၏ဘုရား ဖြစ်တော်မူ**
**သည်ဟု မိန့်တော်မူ၏။**

ထွက်၊၃း(အငယ်၊၆၊ ၁၄–၁၆၊ ၁၈)၌ ဘုရားသခင်၏အမည်နာမကို ဖွင့်ပြခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်၏ဖွင့်ပြခြင်း အမှန်ပင်ဖြစ်သည်။ ထိုဖွင့်ပြခြင်းအားဖြင့် မောရှေသည် ကိုယ်တော်၏စေခိုင်းခြင်းအမှုတော်ကို လုပ်ဆောင်ရန် ခေါ်တော်မူသောသူနှင့် စေလွှတ်သောသူကို သိလာခြင်းဖြစ်သည်။ အငယ်၊၆၌ ဘုရားဆိုင်ရာနာမတော်က ဘုရားသခင်သည် ပဋိညာဉ်ပြုသောဘုရားဖြစ်ကြောင်းကို ဖော်ပြပြီး(၂း၂၄)၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၏ဘုရားဖြစ်ကြောင်းလည်း ဖော်ပြခြင်းဖြစ်သည် (မ၊၂၂း၃၁–၃၂နှင့်မှတ်စု။ တ၊၃း၁၃)။ ထို့ပြင် ထိုဘုရားသည် ပုဂ္ဂိုလ်သုံးဦးတို့၏ ဘုရားဖြစ်ခြင်းမှာ ကိုယ်တော်သည် သုံးပါးတစ်ပါးဘုရားဖြစ်ကြောင်းကို ဆိုလိုသည်၊– ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော် (မ၊၃း၆)။ (ထွက်၊၃း၆၊ မှတ်စု ၁)

ဘုရားသခင်သည် အနန္တဘုန်းတန်ခိုးရှင်ဖြစ်တော်မူသည်၊ သို့သော် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်တော်မူသောဘုရားအဖြစ်လည်း ဘုရားသခင်၌ ယုံကြည်ကြသည်။ ကျွန်ုပ်တို့သည် အာဗြဟံ၊ ဣဇာက်နှင့် ယာကုပ်၏ဘုရားအဖြစ် ကိုယ်တော်၌ ယုံကြည်ကိုးစားကြသည်။ ဘုရားသခင်သည် ပေါလုအား အကျဉ်းမှ မလွှတ်သော်လည်း၊ သူမာတုရဖြစ်ပြီးနောက် သူ့ကိုရှင်ပြန်ထမြောက်စေရန် ဘုရားသခင်သည် ကြွလာမည်ဖြစ်ကြောင်း ပေါလုယုံကြည်သည်။ သူမာတုရမဖြစ်မီက၊ ပေါလုသည် ကိုယ်တော့်အား ငါဖြစ်သည့်အရှင်အဖြစ် မွေ့လျော်ဝမ်းမြောက်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် သူသည် ရှင်ပြန်ထမြောက်တော်မူသောဘုရားအဖြစ် ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်လိမ့်မည်ဖြစ်သည်။

မာတုရဖြစ်ခြင်းသာလျှင် သူ့အား ရှင်ပြန်ထမြောက်သောဘုရားအဖြစ် ဘုရားသခင်ကို တွေ့ကြုံခံစားရန် အခွင့်အရေးပေးခြင်းဖြစ်သည်။ (*Life-study of Exodus*, p. 115)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် ကိုယ်တော်၏ အံ့သြဖွယ်သောအပြုအမူအတိုင်းသာ ဘုရားကို သိရန် မရှာဖွေသင့်ပါ။ ယော၊ ၂၃ သခင်ယေရှုသည် အံ့သြဖွယ်ရာများကို ရှာသောသူများအား ကိုယ်တော်အသိအမှတ်မပြုပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ငါဖြစ်သည့်အရှင်၊ ရှင်ပြန်ထမြောက်သောဘုရားအဖြစ် သိဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ကိုယ်တိုင်တည်နေသောအရှင်၊ ထာဝရတည်ရှိသောအရှင်နှင့် ရှင်ပြန်ထမြောက်သောအရှင်အဖြစ် သိမှတ်ရမည်။ ဘုရားသခင်၏ ခေါ်တော်မူခြင်းခံရသောသူများဖြစ်သည့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ ကိုယ်တော်စေခိုင်းသောအမှုတော်ကို လုပ်ဆောင်ရန် အလိုဆန္ဒရှိပါက၊ အံ့သြဖွယ်ကို မျှော်လင့်သောသူများမဖြစ်သင့်ဘဲ၊ ငါဖြစ်သည့်အရှင်နှင့် ရှင်ပြန်ထမြောက်သောဘုရားအဖြစ် ဘုရားသခင်ကို သိသောသူများဖြစ်သင့်သည်။ ကိုယ်တော်သည် ငါဖြစ်သည့်အရှင်နှင့် ကိုယ်တော်သည် အာဗြဟံ၏ ဘုရား၊ ဣဇာက်၏ ဘုရားနှင့် ယာကုပ်၏ ဘုရား ဖြစ်သည်။ မီးလောင်နေသောဆူးချုံ၏ ရူပါရုံကို မြင်သည့်အပြင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဤရူပါရုံကို မြင်ဖို့လိုသည်။ ဘုရားသခင် လုပ်ဆောင်သည့်အရာဖြင့်သာ ကိုယ်တော့်ကို သိရန်မဟုတ်ဘဲ၊ ကိုယ်တော်ဖြစ်သည့်အတိုင်း ကိုယ်တော့်ကို သိနားလည်ရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် တစ်စုံတစ်ရာကို လုပ်ဆောင်ပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ ပတ်ဝန်းကျင်သည် စိုးရိမ်ဖွယ်ပြင်းထန်စွာ ပြောင်းလဲနိုင်သော်လည်း၊ ဘုရားသည် တည်လျက်သာ ရှိနေမည်ဖြစ်သည်။ အရာခပ်သိမ်းသည် တက်လိုက်ကျလိုက် ပြောင်းလဲနေမည်ဖြစ်သော်လည်း၊ ဘုရားသခင်သည် ထာဝရရှိနေမည်ဖြစ်သည်။ ကိုယ်တော်နှင့်အတူ ဘာမျှပြောင်းလဲခြင်းမရှိ။ ထို့အပြင် သေခြင်းအခြေအနေတိုင်းသည် ရှင်ပြန်ထမြောက်တော်မူသော ဘုရားသခင်ကို ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်းရှိလာရန် ကိုယ်တော့်ကို အခွင့်အလန်းပေးနေခြင်းဖြစ်သည်။ (*Life-study of Exodus*, pp. 115-116)

ကမ္ဘာဦးကျမ်းရှိ အာဗြဟံ၏ အပိုင်း၌ လူကို ခေါ်တော်မူသော၊ လူကို ဖြောင့်မတ်စေတော်မူသော၊ ယုံကြည်ခြင်းဖြင့် အသက်ရှင်ရန်နှင့် ကိုယ်တော်နှင့်အတူ မိတ်သဟာယပြုခြင်း၌ အသက်ရှင်ရန် လူကို ပြည့်စုံစေသော ဘုရားသခင်ကို ကျွန်ုပ်တို့ မြင်တွေ့ရသည် (က၊ ၁၂း၁။ ၁၅း၆။ အခန်း၊၁၇။ အခန်း၊၁၈။ ၁၉း၂၉။ ၂၁း၁–၁၃။ ၂၂း၁–၁၈)။ က၊ ၁၂း၁တွင် ကျွန်ုပ်တို့အား ခမည်းတော်၏ ခေါ်တော်မူခြင်းကို ဖော်ပြထားပြီး၊ ၁၅း၆၌

ကိုယ်တော်၏ ဖြောင့်မတ်ခြင်းကို ဖွင့်ပြထားသည်။ အခန်း၊၁၇တွင် အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ရန် ဘုရားမည်သို့ စုံလင်စေခြင်းကို ကျွန်ုပ်တို့အား ဖော်ပြထားသည်။ ထိုနောက် အခန်း၊၁၈၌ ဘုရားသခင်သည် အာဗြဟံအား သူနှင့်အတူ မိတ်သဟာယဖွဲ့ခြင်း၌ အသက်ရှင်ရန် မည်သို့ပြုတော်မူကြောင်းကို ဖော်ပြထားသည်။ ဤအခန်းသည် ဘုရားနှင့်အတူ သူ၏ မိတ်ဆွေ အာဗြဟံနှင့် မိတ်သဟာယဖွဲ့ခြင်းအခန်း ဖြစ်သည်။

ဣဇက်၏ အပိုင်းသည် ကိုယ်တော်၏ကြွယ်ဝခြင်းများအားလုံးကို အမွေခံရခြင်း၊ ကိုယ်တော်၏ စစ်၍မကုန်နိုင်သောကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ရခြင်း အသက်တာနှင့် ငြိမ်သက်ခြင်း၌ရှိသောအသက်တာဖြင့် လူကို ကောင်းကြီးပေးသော သုံးပါးတစ်ပါးဘုရား၏ ဒုတိယအပါးဖြစ်တော်မူသော၊ သားတော်ဘုရားကို ကိုယ်စားပြုခြင်းဖြစ်သည် (က၊ ၂၅း၅။ ၂၆း၃–၄၊ ၁၂–၃၃)။

ယောသပ်နှင့်အတူ ယာကုပ်၏ အသက်တာအပိုင်း၌ ကိုယ်တော်၏ ချစ်သူများ ကောင်းကျိုးအတွက် အရာခပ်သိမ်းတို့ကိုအတူတကွ လုပ်ဆောင်ပေးတော်မူသော ဝိညာဉ်တော်ဘုရားကို ကျွန်ုပ်တို့ မြင်တွေ့ရသည်။ ဤအပိုင်းသည် "ဘုရားသခင်ကိုချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူခြင်းခံရသောသူတို့၏ ကောင်းကျိုးအဖို့ ခပ်သိမ်းသောအရာတို့သည် အတူတကွလုပ်ဆောင်ကြသည်"ဟူ၍ ပြောဆိုထားသော ရော၊ ၈း၂၈အပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်ကို ဆက်စပ်စဉ်းစားခြင်းအရ၊ ဤနေရာရှိကောင်းကျိုးသည် ရုပ်ပိုင်းဆိုင်ရာပုဂ္ဂိုလ်၊ အကြောင်းအရာနှင့် အရာဝတ္ထုတို့နှင့် သက်ဆိုင်ခြင်းမဟုတ်ပါ။ ၎င်းသည် ခရစ်တော်ကို ကျွန်ုပ်တို့ ပို၍ရယူရန်၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းဖြစ်စဉ် ပုံသဏ္ဍာန်ပြောင်းလဲနိုင်ရန်နှင့် နောက်ဆုံးတွင် သားတော်ဘုရား၏ သားဦးပုံသဏ္ဍာန်ဖြစ်သည့် ကိုယ်တော်၏ သဏ္ဍာန်သို့ ပုံသဏ္ဍာန်တူလာနိုင်စေရန်(အငယ်၊ ၂၉) ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ကိုယ်တော်ကို ယူဆောင်ရန် ဆိုလိုခြင်းဖြစ်သည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် သားဖြစ်ခြင်း၏ ပြည့်ဝပြည့်စုံခြင်းအထဲသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ (*The History of God in His Union with Man*, pp. 134-135)

*ပို၍ဖတ်ရန်- The History of God in His Union with Man*, ch. 10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ သူတို့ကို အဲဂုတ္တုပြည်၊ အဲဂုတ္တုလူတို့လက်မှ ကယ်နှုတ်၍ ...နို့နှင့်ပျား**
**၃း၈ ရည် စီးတတ်သော ကောင်းသောပြည်သို့ ပို့ဆောင်ခြင်းငှါ၊ ငါဆင်း**
**လာပြီ။**
**၄း၉ သို့မဟုတ် ထိုနိမိတ်နှစ်ပါးကိုမယုံ သင်၏စကားကို နားမထောင်လျှင်၊**
**သင်သည် မြစ်ရေအချို့ကို ယူ၍ ကုန်းပေါ်မှာသွန်းလော့၊ ထိုသို့ မြစ်**
**ထဲကယူသော ရေသည် ကုန်းပေါ်မှာအသွေး ဖြစ်လိမ့်မည်ဟု မိန့်တော်**
**မူ၏ ။**

မောရှေကို ဘုရားသခင်ခေါ်တော်မူခြင်း၏ရည်ရွယ်ချက်မှာ တစ်နည်းဆိုသော် ဖါရောဘုရင်နှင့် အဲဂုတ္တု၏ မတရားသိမ်းယူခြင်းနှင့် ဖိစီးအုပ်စိုးမှုမှ အစ္စရေးတို့ကို ကယ်တင်ရန်ဖြစ်ပြီး၊ အခြားတစ်နည်းဆိုပါက၊ နို့နှင့် ပျားရည်စီးရာမြေ ခါနန်ပြည်သို့ ပို့ဆောင်၍(တရား၊၈း၇–၉)၊ ထိုနေရာတွင် ဘုရားသခင်၏ နိုင်ငံတော်ကို ထူထောင်ရန် (ထွက်၊၁၉း၆။ ၂ရှမွေ၊၅း၁၂။ ၇း၁၂၊ ၁၆)နှင့် မြေကြီးပေါ်တွင် ကိုယ်တော်ကိန်းဝပ်ရာနေရာကို တည်ဆောက်ရန် (၂ရှမွေ၊၇း၁၃) ဖြစ်သည်။ ပုံဆောင်ချက်၌ ဤအရာသည် လူတို့ကို စာတန်နှင့် လောက၏ မတရားသိမ်းပိုက်ခြင်းနှင့် ဖိစီးအုပ်စိုးမှုအောက်မှ ကယ်နှုတ်၍၊ မြေကြီးပေါ်တွင် ဘုရားကိန်းဝပ်ရာနေရာနှင့် ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သော အသင်းတော်တည်ဆောက်ခြင်းအတွက်(ရော၊၁၄း၁၇။ ဧ၊၂း၂၀–၂၂။ ၄း၁၂) ခါနန်ပြည်အားဖြင့်ပုံဆောင်သော အရာအားလုံးပါဝင်သောအရှင်၊ ခရစ်တော်အထဲသို့ လူတို့အား ပို့ဆောင်ခြင်းကို (တရား၊၈၅ ့မှတ်စု၊၇ ကို ကြည့်ပါ) ပုံဆောင်ခြင်းဖြစ်သည်။ (ထွက်၊၃း၈၊ မှတ် စု၊၁)

ဖါရောဘုရင်သည် စာတန်၏ပုံဆောင်ချက်ဖြစ်ပြီး အဲဂုတ္တုသည် လောကကို ပုံဆောင်ခြင်းဖြစ်သည်။ ဖါရောဘုရင်သည် အဲဂုတ္တုကို အုပ်ချုပ်သူဖြစ်သည့်နည်းတူ၊ စာတန်သည် ဤလောကကို အုပ်ချုပ်သူဖြစ်သည် (ယော၊၁၂း၃၁)။ ဘုရားသခင်သည် ကိုယ်တော်၏ရွေးချယ်ခံလူတို့ကို စာတန်၏မတရားသိမ်းပိုက်ခြင်းလက်မှ ကယ်တင်ရန်နှင့် လောက၏ဖိစီးအုပ်စိုးခြင်းမှ ကယ်နှုတ်ရန် ရှာဖွေလျက်ရှိနေသည်။ ဘုရားသခင်၏ခေါ်ခြင်းခံရသူများဖြစ်သော ကျွန်ုပ်တို့သည် လောကသည် မည်သည့်အရာဖြစ်ကြောင်းကို ရှင်းလင်းသောအမြင်ရှိဖို့ လိုသည်။ လောကသည် မွေ့လျော်ဝမ်းမြောက်ရမည့်အရင်းအမြစ်မဟုတ်ပါ။ ၎င်းသည် ဖိစီးအုပ်စိုးခြင်းနေရာဖြစ်သည်။ လောက၌ စာတန်သည်

ဘုရားသခင်၏ ရည်ရွယ်ချက်ပြည့်စုံခြင်းအတွက် လျာထားသော ဘုရားသခင်၏ ရွေးချယ်ခံလူတို့ကို သူ၏ မတရာသိမ်းပိုက်သောလက်အောက်၌ ထားရှိသည်။ (*Life-study of Exodus*, pp. 121-122)

## ***ယနေ့ဖတ်စရာ***

ကျွန်ုပ်တို့သည် မီးလောင်နေသောဆူးချုံ၏ ရူပါရုံကို မြင်ပြီးနောက်နှင့် ဘုရားသခင်မည်သူဖြစ်ကြောင်းနှင့် ဘုရားဖြစ်သည့်အရာကို သိပြီးနောက်တွင် အမှတ်လက္ခဏာသုံးခုကို မြင်ဖို့လိုသေးသည်။ ပထမအမှတ်လက္ခဏာမှာ မြွေဖြစ်လာသော လှံတံဖြစ်သည်။ ကမ္ဘာဦး၊၃၌ အာဒံနှင့် ဧဝကို အဆိပ်သင့်စေသည့် လိမ္မာပါးနပ်သောမြွေကို ထွက်၊၄၌ ဖေါ်ပြထားသည်။ ဤအမှတ်လက္ခဏာသည် ကျွန်ုပ်တို့အား မာရ်နတ်ကို သိရန်ကူညီသည်။ ၎င်းက ကျွန်ုပ်တို့သည် ဘုရားအပေါ် မှီခိုခြင်းမရှိဘဲ အခြားအရာကို မှီခိုခြင်းသည် မြွေအတွက် ပုန်းအောင်းရန်နေရာပေးခြင်းဖြစ်သည်။ နှစ်များတစ်လျှောက်လုံး ကျွန်ုပ်လေ့လာသိရှိရသည်မှာ တစ်စုံတစ်ရာ၌ ကျွန်ုပ်ယုံကြည်ကိုးစားသောအချိန်တိုင်း မြွေသည် ထိုအရာ၌ ပုန်းအောင်းနေသည်။ နှစ်ပေါင်းများစွာ မောရှေအသုံးပြုနေသောလှံတံသည် မတရားသိမ်းပိုက်သောမြွေအတွက် ပုန်းအောင်းရာနေရာဖြစ်ကြောင်း ကျွန်ုပ်တို့ ဖေါ်ပြပြီးဖြစ်သည်။ သို့သော်ငြားလည်း မောရှေသည် မြေပေါ် သို့ လှံတံကို ပစ်ချရန် သခင်ဘုရား၏ စကားပြောသည့်အချိန်ထိတိုင် သိနားလည်ခြင်းမရှိသေးပါ။ ထိုနောက် ပုန်းအောင်းနေသောမြွေကို ဖွင့်ပြခဲ့သည်။

ဒုတိယအမှတ်လက္ခဏာမှာ နူနာစွဲသောလက်ဖြစ်သည်။ ဤအမှတ်လက္ခဏာသည် အပြစ်၏ အသွေးအသားကို သိရှိခြင်းအတွက် ဖြစ်သည်။ ကျွန်ုပ်တို့သည် နူနာသာဖြစ်ရုံမက၊ နူနာသည်များဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အပြစ်ရှိရုံသာမက၊ အပြစ်သားများဖြစ်ကြကြောင်း ဆိုလိုသည်။ ခရစ်တော်သည် ကားတိုင်ပေါ် တွင် အသေခံသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်ရုံသာမက(၁ပေ၊ ၂း ၂၄)၊ ကိုယ်တော့်အား ကျွန်ုပ်တို့အတွက် အပြစ်ရှိသောသူဖြစ်စေခဲ့သည်(၂ကော၊၅း ၂၁)။ ခေါ် တော်မူခြင်းခံရသူတိုင်းအတွက် သူ၏ အသွေးအသားသည် အပြစ်၏ အသွေးအသားဖြစ်ကြောင်းနှင့် ထိုအရာ၌ နေစရာကောင်းသောအရာတစ်ခုမှမရှိကြောင်း အတွင်းပိုင်းသိခြင်းရှိဖို့လိုသည်။ ကျွန်ုပ်တို့၏ အသွေးအသားသည် အပြစ်၊ ဆွေးမြည့်ခြင်းနှင့် ပျက်စီးခြင်းဖြင့် စေ့စပ်ထုံးဖွဲ့လျက်ရှိသည်။

ထို့မျှမက၊ လောကသည် သေခြင်းနှင့် ပြည့်လျက်ရှိကြောင်း ခေါ် ခြင်းခံရသူသည် သိနားလည်ရမည်ဖြစ်သည်။ တတိယအမှတ်လက္ခဏာ၌ ဖေါ်ပြထားအရာမှာ သွေးဖြစ်

လာသော ရေ၏ အမှတ်လက္ခဏာ ဖြစ်သည်။ လောကလူတို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းသည် အဲဂုတ္တုပြည်ကို ရေပေးသော နိုင်းမြစ်အားဖြင့် ပုံဆောင်သော လောက၏ အထောက်အမမျာ းနှင့် ပျော်ရွှင်ရာများမှ လာခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်ခေါ်ခြင်းခံရသူ၏ မျက်စိ၌ လောကသည် အသက်ရေနှင့် ပြည့်ဝနေခြင်းမဟုတ်ဘဲ၊ သေခြင်း၏ အသွေးဖြင့် ပြည့်ဝနေခြင်းကို မြင်ရမည်။ လောကမှပေးသောအရာသည် ကျွန်ုပ်တို့ ရေငတ်ပြေစေရန် ရေကို ပေးနေခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ကို အဆိပ်ဖြစ်စေပြီး သေစေသည့် သေခြင်းကို ပေးနေခြင်းဖြစ်သည်။

ဘုရားသခင်၏ ခေါ်ခြင်းခံရသူများဖြစ်သော ကျွန်ုပ်တို့သည် မာရ်နတ်၊ အသွေးအသားနှင့် လောကကို သိနားလည်ရမည်။ ပေါလုသည် ဤသုံးခုကို သိနားလည်သည်။ စာတန်နှင့်စပ်လျဉ်း၍ ပေါလုက "သူ၏ အကြံအစည်များကို ငါတို့သိကြ၏"ဟု ပြောဆိုသည် (၂ကော၊ ၂း၁၁)။ အသွေးအသားနှင့်ပတ်သက်၍ ပေါလုက "ငါ့အထဲမှာ ငါ့အသွေးအသား၌ ကောင်းသောအရာတစ်စုံတစ်ခုမျှမတည်သည်ကို ငါသိ၏"ဟု ပြောဆိုသည် (ရော၊ ၇း၁၈)။ လောကနှင့်စပ်လျဉ်း၍ သူက "ဤလောကသည် ငါ့အဖို့ လက်ဝါးကပ်တိုင်ပေါ်မှာ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည်လည်း ဤလောကအဖို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏"ဟုဆိုသည် (ဂလ၊ ၆း၁၄)။ နောက်ထပ် ကျွန်ုပ်တို့မြင်ရမည်မှာ မောရှေတွေ့ကြုံခံစားရသည့်အရာမှာ ပုံဆောင်ချက်၌ဖြစ်ပြီး၊ ပေါလုတွေ့ကြုံခံစားရသည့်အရာမှာ စစ်မှန်ခြင်း၌ ဖြစ်ခြင်းအကြောင်းပေတည်း။ (*Life-study of Exodus*, pp. 117-118)

*ပို၍ဖတ်ရန်-* *Life-study of Exodus*, msgs. 8, 11; CWWN, vol. 62

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ———————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ထွက်၊ ၄း၁၃–၁၄ မောရှေကလည်း၊ အိုဘုရားရှင်၊ အလိုတော်ရှိသောသူ၏ လက်တွင် ပေးလိုက်တော်မူပါဟု လျှောက်သော်၊ ထာဝရဘုရားသည် မောရှေအား အမျက်တော်ထွက်၍၊ လေဝိလူ အာရုန်သည် သင်၏အကို ဖြစ်သည် မဟုတ်လော။ သူသည် ကောင်းမွန်စွာပြောတတ်သည်ကို ငါသိ၏ ...**

**၂၅ ထိုအခါ ဇိပေါရသည် ဓါးကိုယူ၍ သား၏အရေပြားကို လှီးဖြတ်ပြီးမှ လင်၏ခြေရင်း၌ ပြပ်ဝတ်လျက်၊ အကယ်စင်စစ် သင်သည် အကျွန်ုပ်၌ သွေးနှင့်ယှဉ်သောလင် ဖြစ်၏ဟုဆို၏။**

မောရှေသည် ယောက်ျားအဖေါ်နှင့် မိန်းမအဖေါ် လိုအပ်နေသေးသည်။ ယောက်ျားအဖေါ်သည် လိုက်ဖက်ညီဖို့အတွက် ဖြစ်သည်။ ဤအဖေါ်မျိုးသည် ကျွန်ုပ်တို့ကို ဘက်ညီစေခြင်း၊ အချုပ်အချယ်နှင့် နှိမ့်ချခြင်းကို ပြုစေသည်။

သူ့အကို၏လိုက်ဘက်ညီခြင်းဖြင့် မောရှေသည် သူလုပ်နိုင်သောအရာကို အခြားသူများကို လုပ်ခွင့်ပေးရန် သင်ယူရသည်။ အာရုန်သည် မောရှေထက်ပို၍ စကားပြောကောင်းသည်ဟု မထင်မှတ်ပါနှင့်။ အာရုန်ပြုလုပ်သည့်အရာတိုင်းကို မောရှေသည် လုပ်ဆောင်နိုင်သော်လည်း၊ သူလုပ်ဆောင်ခြင်းကို ချုပ်ချယ်ထားသည်။ အသင်းတော်အသက်တာ၌ သခင်ဘုရားသည် တစ်ခါတစ်ရံ ပတ်ဝန်းကျင်ကို ပြင်ဆင်ခြင်းမှာ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည့်အရာကို အခြားသူများလုပ်ဆောင်ခွင့်ကို ကျွန်ုပ်တို့ပေးရန် တွန်းအားဖြစ်စေသည်။ ဤအရာသည် အသင်းတော်၌ ကျွန်ုပ်တို့လုပ်ဆောင်ခြင်း၏ အလေ့အလာ ဖြစ်သင့်သည်။ ညီအစ်ကိုတစ်ယောက်သည် အရာတစ်ခုကို လုပ်ဆောင်နိုင်ပါက၊ ၎င်းကို သင်ပိုကောင်းအောင်လုပ်ဆောင်နိုင်လျက်ပင်၊ သူ့ကို လုပ်ဆောင်ခွင့်ပေးပါ။ ဤအရာမှာ သင့်ကို နှိမ့်ချခြင်းဖြစ်စေလိမ့်မည်။ (*Life-study of Exodus,* p. 118)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်သည် မောရှေလုပ်ဆောင်နိုင်သည့်အရာကို အာရုန်အားလုပ်ဆောင်ခွင့်ပေးရန် အချုပ်အချာအာဏာဖြင့် စီစဉ်လုပ်ဆောင်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ကိုယ်တိုင် အရာတိုင်းကို မလုပ်ဆောင်သင့်ပါ။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သည့်အရာကို အခြားသူများလုပ်ဆောင်ရန် အခွင့်ပေးရမည်။ ဤသည်မှာ ကျွန်ုပ်တို့သည် မလှုပ်ရှားမတက်ကြွဘဲ နေရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ တစ်နည်းဆိုပါက၊

လိုက်ဘက်ညီခြင်း၌ ကျွန်ုပ်တို့သည် အကန့်အသတ်၊ လိုက်လျောညီထွေနှင့် နှိမ့်ချခြင်း ရှိရမည်ကို ဆိုလိုခြင်းဖြစ်သည်။ ဤအကန့်အသတ်သည် လုံခြုံခြင်းနှင့် အကာအကွယ် ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသူများနှင့် ပို၍ လိုက်လျောညီထွေရှိလာလေလေ၊ အကာအကွယ်ပိုရှိလာလေလေဖြစ်သည်။

ထွက်၊၄း ၂၄– ၂၆၌ ဘုရားသခင်သည် ဇိပေါရကို အသုံးပြုခြင်းမှာ မောရှေအား "အသွေးနှင့်ယှဉ်သော သတို့သား"ဖြစ်လာစေရန်ဖြစ်ကြောင်း ကျွန်ုပ်တို့ မြင်ရသည်။ ကျမ်းစာ၌ ယောကျ်ားသည် အပြင်ပိုင်းဆိုင်ရာသမ္မာတရားကို ကိုယ်စားပြုခြင်းဖြစ်ပြီး၊ မိန်းမသည် အတွင်းပိုင်းဆိုင်ရာတွေ့ကြုံခံစားခြင်းကို ကိုယ်စားပြုခြင်းဖြစ်သည်။ ထို့ကြောင့် အာရုန်၏လိုက်ဘက်ညီခြင်းသည် အပြင်ပိုင်းဖြစ်ပြီး၊ ဇိပေါရ၏လှီးဖြတ်ခြင်း သည် အတွင်းပိုင်းဆိုင်ရာဖြစ်သည်။

ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့ကို သခင်ဘုရားအသုံးပြုပါက၊ ကျွန်ုပ် တို့သည် လှီးဖြတ်ခံခြင်းအမှတ်လက္ခဏာကို ဆောင်ယူရမည်။ ဤအရာက ကျွန်ုပ်တို့ တွေ့ကြုံခံစားခဲ့မှုများကို ဖြတ်တောက်ရမည့်အကြောင်း ဆိုလိုခြင်းအဓိပ္ပါယ်မဟုတ်ပါ။ တစ်နည်းဆိုပါက၊ ကျွန်ုပ်တို့သည် ဤအမှတ်လက္ခဏာကို အသံမထွက်ယူဆောင်သင့်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ထွက်၊၄၌ "အသွေးအသားနှင့်ယှဉ်သောသတို့သား" ဖြစ်သည်ဟု ဆိုသောသူသည် မောရှေမဟုတ်ဘဲ၊ ဇိပေါရဖြစ်သည်။

အသင်းတော်အသက်တာနှင့် ထိမ်းမြားခြင်းအသက်တာ နှစ်ခုလုံး၌၊ ကျွန်ုပ်တို့ သည် "အသွေးအသားနှင့်ယှဉ်သောသတို့သား"ကဲ့သို့ ဖြစ်ဖို့လိုအပ်သည်။ ညီအစ်ကို တစ်ဦးသည် ဘုရားသခင်ခေါ်ခြင်းခံရသူအမှန်ဖြစ်လိုပါက၊ အတွင်းပိုင်းနည်းလမ်း၌ လှီးဖြတ်ခြင်းခံဖို့ လိုအပ်သည်။ ကျွန်ုပ်တို့သည် လှီးဖြတ်ခြင်းဖြင့် ဆက်ဆံဖြေရှင်းခြင်းများ စွာကို သင်ယူရမည်ဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်၏စားသောက်ခြင်း ကို ကန့်သတ်ခြင်းဖြင့် ကျွန်ုပ်ကို လှီးဖြတ်သည်။ ဤလှီးဖြတ်ခြင်းသည် ကျွန်ုပ်ကို ကျန်းမာစေပြီး၊ လွန်ကျူးစွာစားခြင်းမှ ကျွန်ုပ်ကို ဟန့်တားခြင်းဖြစ်သည်။ သူမ၏ကူညီလှီး ဖြတ်ခြင်းကြောင့်၊ ကျွန်ုပ်သည် စားသောက်ခြင်း၌ အသွေးအသားအလိုသို့ အရသာရှိရှိ လိုက်ခွင့်ကို ပိတ်ပင်ခံရသည်။ ထို့ကြောင့် လှီးဖြတ်ခြင်းသည် ကျွန်ုပ်အား ဇာတိအသက် အတိုင်းအသက်ရှင်ခြင်းမှ စောင့်ထိန်းပေးသည်။ လှီးဖြတ်ခြင်းကို ခံရန်အလိုဆန္ဒရှိသူ များသာလျှင်၊ ဘုရားသခင်အသုံးပြုနိုင်မည် ဖြစ်သည်။ နေ့တိုင်း၊ နာရီတိုင်း ကျွန်ုပ်တို့ သည် ဇာတိအသက်ကို လှီးဖြတ်ခြင်းအတွေ့အကြုံရှိဖို့ လိုသည်။ ကျွန်ုပ်တို့သည် အပြစ် ပြည့်ဝသူများဖြစ်ကြောင်းကို မြင်ရုံမျှနှင့် မလုံလောက်ပါ။ ကျွန်ုပ်တို့၏ ဇာတိအသက်ကို

ကျွန်ုပ်တို့မိသားစုရှိ သူများအားဖြင့်သော်လည်းကောင်း၊ အသင်းတော်၌ ညီအစ်ကို ညီအစ်မများအားဖြင့်သော်လည်းကောင်း၊ လှီးဖြတ်ခြင်းကို ခံယူရမည်။ ဤလှီးဖြတ်ခြင်းသည် ဘုရားခေါ်တော်မူခြင်း၏ နောက်ဆုံးသွင်ပြင်လက္ခဏာ ဖြစ်သည်။ ကျွန်ုပ်တို့သည် လှီးဖြတ်ခြင်းကို ခံပြီးမှသာလျှင်၊ ဘုရားသခင်၏ စေခိုင်းခြင်းအမှုကို လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့သည် ထွက်၊၃နှင့် ၄၌ ဖော်ပြထားသော ဘုရားသခင်၏ ခေါ်တော်မူခြင်းသွင်ပြင်လက္ခဏာကို ဓမ္မသစ်ကျမ်းရှိကျမ်းချက်နှင့် နှိုင်းယှဉ်ကြည့်သောအခါ၊ မောရှေတွေ့ကြုံခံစားရသည့်အရာတိုင်းကို ပေါလုလည်းတွေ့ကြုံခံစားရကြောင်း တွေ့မြင်ရသည်။ ထိုမျှမက၊ ဤအရာအားလုံးသည် ယနေ့ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှု ဖြစ်ရမည်။ ကျွန်ုပ်တို့သည် မီးလောင်နေသောဆူးချုံ၏ ရူပါရုံကို မြင်ဖို့လိုသည်။ သုံးပါးတစ်ပါးဘုရားသည် ကိုယ်တော်၏ ရွေးနုတ်ခံရသူများ၏ အပေါ် ရော အတွင်းပါ လောင်ကျွမ်းနေသည်။ ဤအရာသည် ကျမ်းစာ၌ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အရေးပါသောအချက်ဖြစ်သည်။ ထိုနောက် ဘုရားဖြစ်သည့်အရာနှင့် ဘုရားသည်အဘယ်သူဖြစ်ကြောင်း ကျွန်ုပ်တို့ သိဖို့လိုသည်။ ထို့ပြင် ကျွန်ုပ်တို့သည် မာရ်နတ်၊ အသွေးအသားနှင့် လောကကို သိရမည်။ ဤအရာပြီးနောက်၊ ကျွန်ုပ်တို့သည် လိုက်လျောညီထွေဖြစ်ခြင်းနှင့် လှီးဖြတ်ခြင်းကို သိဖို့လိုသည်။ ကျွန်ုပ်တို့သည် ဇာတိအသက်ကို လှီးဖြတ်ခြင်း၏ အတွင်းပိုင်း တွေ့ကြုံခံစားခြင်းအတွက် အလိုဆန္ဒရှိမည်ဆိုပါက၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့အသက်ရှင်နိုင်၍၊ ကိုယ်တော်၏ ထာဝရအကြံအစည် ပြည့်စုံခြင်းအတွက် သခင်ဘုရား၏ လက်တော်၌ အသုံးဝင်လာမည်ဖြစ်ကာ၊ ဘုရား၏ စေခိုင်းခြင်းအမှုတော်ကို လုပ်ဆောင်ရန် ပြင်ဆင်နိုင်မည်ဖြစ်သည်။ ဘုရားခေါ်တော်မူခြင်း၏ သွင်ပြင်လက္ခဏာတိုင်းကို ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့တွေ့ကြုံခံစားနိုင်ပါစေ။ (*Life-study of Exodus*, pp. 118-120)

*ပို၍ဖတ်ရန်-* *Life-study of Exodus*, msgs. 9-10

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ———————————————

———————————————————————

———————————————————————

———————————————————————

———————————————————————

***Hymns,* # E- 910**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

# အသက်၏ အမှုတော်

ဖတ်ရန်ကျမ်း။ ။ ၁ယော၊ ၅း၁၄–၁၇။ ၂ကော၊၃း၆။ ၄း၁၊ ၁၂။ ယော၊ ၂း၁၃။

*Day 1* **I. သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်များသည် အသက်၏အမှုတော်ကို လိုအပ်သည်(၁ယော၊၅း၁၄–၁၇။ ၂ကော၊ ၃း၆။ ၄း၁၊ ၁၂)။**

က။ အမှုတော်သည် စေ့စပ်ထုံးဖွဲ့ခြင်းအပေါ် အခြေပြုခြင်းဖြစ်၍၊ ကျွန်ုပ်တို့သည် ခရစ်တော်ဖြစ်သည့်အရာ၊ ကိုယ်တော်ပြုခဲ့သော အရာ၊ ကိုယ်တော်ပြည့်စုံခဲ့သောအရာနှင့် ရယူခဲ့သောအရာများဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းခံရန်လိုအပ်သည် (ဧ၊၃း၈၊၁၇)။

၁။ အမှုတော်သည် အရာအားလုံးပါဝင်သော အသက်ပေးသော ဝိညာဉ်တော်နှင့် စေ့စပ်ထုံးဖွဲ့ခြင်း၏ရလဒ်အဖြစ် ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ ခရစ်တော်ဖြစ်သောအရာ၊ ကိုယ်တော်ရှိသော အရာနှင့် ကိုယ်တော်ပြည့်စုံစေခဲ့သောအရာတို့သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းရှိရမည်ဖြစ်သည်။ ဤသည်မှာ အမှုတော်အတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

၂။ ပဋိညာဉ်တရားသစ်၏ အမှုတော်သည် အသက်၏ အရာမျှသာ မဟုတ်ဘဲ၊ ၎င်းသည် အသက်၌၊ အသက်၏ စေ့စပ်ထုံးဖွဲ့ခြင်း ဖြစ်သည် (၂ကော၊၄း၁၂)။

၃။ အဆင့်ဆင့်တိုးတက်ပြောင်းလဲသော သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန်ထင်ရှားခြင်းတည်းဟူသော ဝိညာဉ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာ၍၊ ဘုရားအသက်၊ ဘုရားသခင်ကိုယ်တော်တိုင်ကို ယုံကြည်သူများနှင့် တမန်တော်များ အထဲသို့ ထည့်သွင်းဝေမျှပေးပြီး၊ သူတို့ကို ပဋိညာဉ်တရားသစ်၊ အသက်နှင့်ဆိုင်သောပဋိညာဉ်တရား၏ အမှုဆောင်များဖြစ်စေ ခဲ့သည်။ ထို့ကြောင့် သူတို့၏ အမှုတော်သည် ကိုယ်တော်၏ အသက်ပေးသော ဝိညာဉ်တော်အားဖြင့် အသက်နှင့်ဆိုင်သော၊ သုံးပါးတစ်ပါးဘုရားနှင့်အတူ စေ့စပ်ထုံးဖွဲ့ထားသည် (၃း၆။ ၁ကော၊ ၁၅း၄၅ခ။ ရော၊ ၈း၂၊ ၁၁)။

၄။ ပဋိညာဉ်တရားသစ်၏ အမှုတော်သည် အသက်ကိုပေးသော ဝိညာဉ်တော်၏ အမှုတော်ဖြစ်သည်။ ပဋိညာဉ် တရားသစ်သည် အသက်ရှင်ခြင်းတိုင်အောင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ယူဆောင်လာသောကြောင့်ဖြစ်သည် (ရော၊ ၅း၁၇၊ ၂၁)။

*Day 2*

ခ။ ပဋိညာဉ်တရားသစ်၏ အမှုဆောင်များသည် ရှင်ပြန်ထမြောက်ခဲ့သော ဘုရားသခင်ကို တွေ့ကြုံခံစား၍၊ ရှင်ပြန်ထမြောက်ခဲ့သောသူတည်းဟူသော ကိုယ်တော်ကို အခြားသူများအားအမှုဆောင်ဝေမျှပေးသည် (၂ကော၊ ၁း၈–၁၀)။

ဂ။ တမန်တော်ယောဟန်၏ အမှုတော်၊ သမ္မာကျမ်းစာ၌ အဆုံးသတ်ထားသောအမှုတော်သည် အသက်ကိုပြုပြင်မွမ်းမံပေးသောအမှုတော်ဖြစ်သည် (မ၊ ၄း ၂၁။ ယော၊ ၁း၄။ ၁၀း၁၀။ ၁၁း ၂၅။ ၂၀း၃၁)။

## II. ထာဝရအသက်ကိုရရှိ၍၊ ထာဝရအသက်ကိုတွေ့ကြုံခံစားပြီး၊ မွေ့လျော်ဝမ်းမြောက်သော ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အခြားသောအင်္ဂါဝင်များအား ဤအသက်ကို အမှုဆောင်ဝေမျှရမည်ဖြစ်သည် (၁ယော၊၁း၂။ ၅း၁၄–၁၇)။

က။ အသက်ကိုအမှုဆောင်ခြင်းသည် အသက်ကိုထည့်သွင်းဝေမျှပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်ပိုလျှံခြင်းရှိသောအခါ၊ ဤမစပေးခြင်းမှ အခြားသူကိုအမှုဆောင်ဝေမျှနိုင်သည် (အငယ်၊၁၆)။

*Day 3*

ခ။ ၁ယော၊၅း၁၆ ၌ *ထိုသူသည် ဆုတောင်းရမည်* နှင့် *သူသည် အသက်ကိုပေးလိမ့်မည်* ဟူသော သူသည် အတူတူပင်ဖြစ်သည်။ ယင်းမှာ ညီအစ်ကိုချင်းသည် အပြစ်ပြုသည်ကိုမြင်၍၊ သူ့အတွက်တောင်းလျှောက်ပေးသောသူကို ရည်ညွှန်းသည်။

၁။ ထိုသို့ဆုတောင်းသောသူသည် သခင်ဘုရား၌တည်နေ၍၊ သခင်ဘုရားနှင့်တစ်လုံးတစ်ဝတည်းရှိကာ၊ သူ၏ ဆုတောင်းပေးခြင်းခံရသောသူထံ ဘုရားသခင်၏ အသက်ပေးသောဝိညာဉ်တော်သည် အသက်ပေးနိုင်ရန် လမ်းကြောင်းနှင့် နည်းလမ်းဖြစ်လာသောသူဖြစ်သည်။ ဤသည်မှာ ဘုရားအသက်၏ မိတ်သဟာယဖွဲ့ခြင်း၌ အသက်ကိုဝေမျှထည့်သွင်းပေးခြင်းအကြောင်းဖြစ်သည် (၁ကော၊ ၆း၁၇။ ၁ယော၊ ၁း၃၊ ၇)။

၂။ အခြားသူများအား အသက်ကိုပေးဝေနိုင်သောသူ ဖြစ်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားအသက်၌ တည်နေခြင်းအားဖြင့် အသက်ရှင်လျှောက်လှမ်းကာ၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ဘုရားအသက်၌ ရှိနေရမည်ဖြစ်သည် (ယော၊ ၁၅း၄–၅၊ ၇။ ၁ယော၊ ၁း၁–၇)။

၃။ ကျွန်ုပ်တို့ထဲ၌ရှိသော ထာဝရအသက်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်ပြီး၊ ကျွန်ုပ်တို့သည် အခြားသောကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များကို ထာဝရ အသက်စီးဆင်းနိုင်သော လမ်းကြောင်းဖြစ်ခြင်းအားဖြင့် ဤအသက်ကို အမှုဆောင်ဝေမျှပေးရန် လိုအပ်သည် (၅း၁၆)။

*Day 4*

**III. အသက်ကိုအမှုဆောင်ရာ၌ ကျွန်ုပ်တို့သည် သန့်ရှင်းသူများအား အသက်စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ကိုတွေ့ကြုံခံစား၍၊ မွေ့လျော်ဝမ်းမြောက်ရန်၊ အတုမဲ့သောအရင်းအမြစ်အဖြစ် ကိုယ်တော့်ကိုယူဆောင်ရန် တိုက်တွန်းခွန်အားပေးရန်အတွက် သခင်ဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန်လိုအပ်သည် (ယေ၊ ၂း၁၃။ ဗျာ၊ ၇း၁၇)။**

က။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အသက်အရင်းအမြစ်၊ အသက်စမ်းရေတွင်းဖြစ်ခြင်းအားဖြင့် ကိုယ်တော်၏ရွေးချယ်ခံလူတို့အား သူတို့၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကျေနပ်နှစ်သိမ့်ခြင်းရစေရန်ဖြစ်သည် (ယေ၊ ၂း၁၃။ ဆာ၊ ၃၆း၈–၉)။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ တုနှိုင်းရာမဲ့သောအရင်းအမြစ်၊ အသက်စမ်းရေတွင်းအဖြစ် ကိုယ်တော်ကို ယူဆောင်ရန် ကျွန်ုပ်တို့အားအလိုရှိသည် (ရော၊ ၁၁း၃၆)။

(က) ဘုရားသခင်သည် သူ၏ရွေးချယ်ခံများနှင့် ရွေးနုတ်ခံလူတို့က အရင်းအမြစ်ဖြစ်သော ကိုယ်တော်တိုင်မှလွဲ၍၊ အခြားအရာကို ယူဆောင်ရန်အလိုမရှိပါ (၁ကော၊ ၈း၆။ ယေ၊ ၂း၁၃)။

(ခ) ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်၍၊ ကိုယ်တော်အထဲကထွက်သောအရာအားလုံးကို လက်ခံရှိရန်ရန်အလို့ငှါ ဘုရားသခင်ကိုယူဆောင်သင့်သည်။

၂။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်မှန်းချက်မှာ အတွင်းပိုင်း၌ ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝရှိ၍၊ အပြင်ပိုင်း၌ ကိုယ်တော်၏ ပုံသဏ္ဌာန်နှင့် တစ်ညီတစ်သဏ္ဌာန်တည်းရှိသော လူသားအုပ်စုတစ်စုကို ရရှိရန်ဖြစ်သည်။ ဤလူတစ်စုသည် ထာဝရကာလတိုင်စုပေါင်းထားသော၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်၍၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော့်ကို အသက်ရှင်သော လူတစ်စုဖြစ်သည် (က၊၁း၂၆။ ဧ၊၁း၁၀။ ၃း၉။ ၄း၁၆)။

၃။ အသက်စမ်းရေတွင်းဖြစ်ရခြင်း၌ ဘုရားသခင်၏ပန်းတိုင်မှာ ကိုယ်တော်၏ထင်ရှားခြင်းအတွက် သူ၏ပြည့်ဝပြည့်စုံခြင်းဖြစ်လာရန် ကိုယ်တော်၏တိုးပွားခြင်းဖြစ်သော အသင်းတော်ကို ထုတ်လုပ်ရန်အတွက်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏စီမံကိန်း၌ဘုရားသခင်၏ ကောင်းသောကျေနပ်နှစ်သိမ့်ခြင်း၏ စိတ်နှလုံးတော် အလိုဆန္ဒဖြစ်သည် (၁း၅၊ ၉၊ ၂၂–၂၃)။

(က) ကိုယ်တော်၌စီမံကိန်းရှိသောကြောင့် ကိုယ်တော်ရွေးကောက်သောသူတို့အဖို့ ဘုရားသခင်သည် အသက်စမ်းရေတွင်းဖြစ်ရန် လိုအပ်၍၊ ကိုယ်တော်၏စီမံကိန်းသည် သူကိုယ်တိုင်အတွက် သတို့သမီး၊ အဖော်အဖက်ကို ထုတ်လုပ်ရန်အတွက်ဖြစ်သည် (ယော၊ ၃း၂၉က။ ၄း၁၄။ ဗျာ၊ ၁၉း၇–၈)။

(ခ) ကိုယ်တော်၏ ရွေးကောက်ခံလူတို့ သောက်သုံးရန်အတွက် အသက်စမ်းရေတွင်းဖြစ်ရန်အလိုရှိရခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်သည် တိုးပွား၍၊ ကြီးမားကျယ်ပြန့်ခြင်းအတွက်ဖြစ်သည် (ယေ၊ ၂း၁၃)။

*Day 5*

(ဂ) ဘုရားသခင်၏စီမံကိန်းသည် ကိုယ်တော်၏ထင်ရှားခြင်းအတွက်၊ ကိုယ်တော်၏ကြီးမားကျယ်ပြန့်ခြင်း၊ ကိုယ်တော်၏တိုးပွားခြင်းကို ထုပ်လုပ်ရန် အသက်စမ်းရေတည်းဟူသော သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးရန်အတွက် ဖြစ်သည်(ကော၊ ၂း၁၉)။

(ဃ) အသက်စမ်းရေတွင်းဖြစ်သောကိုယ်တော့်ကို ကျွန်ုပ်တို့ သောက်သုံးခြင်းသည် ကိုယ်တော်၏ တိုးပွားခြင်းတည်းဟူ အသင်းတော်အတွက် ဖြစ်သည်။ ကျွန်ုပ်တို့၏ သောက်သုံး ခြင်းသည် ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ကိုယ်တော် ၏ ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်း ကို ထုတ်လုပ်ရန်အတွက်ဖြစ်သည်(ယော၊၄း၁၄။ ၃း ၂၉က။ ၁ကော၊ ၁၂း၁၂–၁၃)။

(င) အသက်စမ်းရေတွင်းဖြစ်သော ဘုရားသခင်ထံမှလွှဲ၍ မည့် သည့်အရာမှ ကျွန်ုပ်တို့၏ ဆာငတ်ခြင်းကို ပြေပျောက်စေ ၍၊ ကျွန်ုပ်တို့ကိုကျေနပ်အားရစေမည် မဟုတ်ပါ။ ဘုရား သခင်ထံမှလွှဲ၍ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲ၌ ဝေငှဖြန့်ဖြူး ပေးသောအရာသည် ကျွန်ုပ်တို့အားကိုယ်တော်၏ ထင်ရှား ခြင်းအတွက် ကိုယ်တော်၏ တိုးပွားခြင်း ဖြစ်လာစေနိုင် မည်မဟုတ်ပါ (ဗျာ၊ ၂၂း၁၊ ၁၇)။

၄။ ဘုရားသခင်၏ အလိုဆန္ဒသည် ကိုယ်တော်၏ ရွေးချယ်ခံလူများ အတွက်အရာခပ်သိမ်းဖြစ်ရန်ဖြစ်သည်။ သို့ဖြစ်၍ သူတို့သည် အရာခပ်သိမ်း၌ ကိုယ်တော်ကိုယုံကြည်ကိုးစား၍၊ ကိုယ်တော်၌ သာ မှီခိုအားကိုးမည်ဖြစ်သည်။ ဤသို့လုပ်ဆောင်မည်ဆိုလျှင်၊ သူတို့သည် ဘုရားသခင်၏ ဝေငှဖြန့်ဖြူးပေးခြင်းကို လက်ခံရရှိ နိုင်မည်ဖြစ်သည် (ယေ၊ ၁၇း၇–၈)။

၅။ အသက်စမ်းရေတွင်းတည်းဟူသော ကိုယ်တော့်ကိုယူဆောင်ရန် အတွက်တစ်ခုတည်းသောနည်းလမ်းမှာ ကိုယ်တော့်ကို သောက် သုံးရန်သာဖြစ်သည် (ယော၊ ၄း၁၄။ ၇း၃၇။ ယေ၊ ၂း၁၃)။

***Day 6***

ခ။ ကျွန်ုပ်တို့၏ ဖြစ်ခြင်းသုံးပိုင်းထဲသို့ သူကိုယ်တော်တိုင်ကို ဝေငှဖြန့် ဖြူးပေးရန်အလို့ငှါ၊ သုံးပါးတစ်ပါးဘုရားသည် အဆင့်ဆင့်ဖြတ် ကျော်၍၊ ပြီးမြောက်ပြည့်စုံခဲ့သည် (ယော၊ ၇း၃၇–၃၉။ ရော၊ ၈း၁၁)။

၁။ ဘုရားသခင်၏ စီမံကိန်းသည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးပေးရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းသည် ကိုယ်တော်၏ ဖြစ်ခြင်းနှင့် စေ့စပ်ထုံး

ဖွဲ့နိုင်မည်ဖြစ်သည်။ ယင်းသည် ဘုရားအသက်ဖြစ်သော သူ ကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထဲသို့ ထည့်ပေးသော ဘုရားသခင် အားဖြင့်သာလျှင် ပြီးမြောက်ပြည့်စုံနိုင်မည်ဖြစ်သည် (အငယ်၊ ၂၆။ ၁၀–၁၁)။

၂။ ကျွန်ုပ်တို့အထဲသို့ အသက်ဖြစ်သော သူကိုယ်တော်တိုင်ကို ဝေငှ ဖြန့်ဖြူးပေးခြင်းအားဖြင့် ဘုရားသခင်သည် သူ၏ စီမံကိန်းကို ပြီးမြောက်ပြည့်စုံစေသည်။ ယင်းမှာ ကိုယ်တော်သည် ထာဝရ ကာလအတွက် သူကိုယ်တော်တိုင်၏ စုပေါင်းထင်ရှားခြင်းကို ရရှိရန်ဖြစ်သည် (ဗျာ၊ ၂၁း၉–၁၀။ ၂၂း၁)။

ဂ။ ကျွန်ုပ်တို့သည် အသက်စမ်းရေတွင်းဖြစ်သော ဘုရားသခင်ကို သောက် သုံးရန်လိုအပ်သည်။ သို့မှသာ ကိုယ်တော်သည် သူ၏ အဖော်အဖက် အားဖြင့် ကိုယ်တော်၏ ထင်ရှားခြင်းကိုရရှိ၍၊ ကိုယ်တော်၏ စီမံကိန်းကို ပြည့်စုံစေရန်အတွက် တိုးပွားလာနိုင်မည်ဖြစ်သည် (ဆာ၊ ၃၆း၈–၉)။

၁။ အသက်စမ်းရေတွင်းဖြစ်သော ဘုရားသခင်ကို ကျွန်ုပ်တို့ သောက်သုံးသောအခါ၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တစ်လုံး တစ်ဝတည်းဖြစ်လာ၍၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်လာမည်ဖြစ်သည် (ဆာ၊ ၃၆း၈–၉)။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသောက်သုံးလေလေ၊ ကိုယ်တော် သည် ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာပြီး၊ ကျွန်ုပ်တို့ သည်ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်လာကာ၊ ကိုယ်တော်၏ စိတ်နှလုံးအလိုတော်ကို ပြည့်စုံစေရန်၊ ကိုယ်တော်၏ အဖော် အဖက်၊ ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းဖြစ်လာရန်အတွက် ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်နှင့် စေ့ စပ်ထုံးဖွဲ့ခြင်းဖြင့် ကိုယ်တော်၏ ထာဝရစီမံကိန်းကို ပြီးမြောက် ပြည့်စုံစေရန်ဖြစ်သည် (ယော၊ ၃း၁၅။ ၂ပေ၊ ၁း၄။ ၉၊ ၁း၅၊ ၉။ ၅း၂၇)။

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ၃း၆ ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်နိုင်သောအစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အားပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရား၏ အမှုဆောင်များကိုမဆိုလို၊ ဝိညာဉ်တော်၏ အမှုဆောင်များကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကိုသတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကိုပေး၏။**

**၄း၁ ထို့ကြောင့်ငါတို့သည် ထိုသို့သောအမှုတော်ကို ဆောင်ရွက်သောသူဖြစ်၍၊ ကရုဏာတော်ကို ခံရသည်နှင့်အညီ၊ အားလျော့စိတ်ပျက်ခြင်းနှင့်ကင်းလွတ်ကြ၏။**

**၁၂ သို့ဖြစ်၍ သေခြင်းသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းသည် ပြုပြင်တတ်၏။**

အမှုတော်နှင့်စပ်လျဉ်း၍ ပြောဆိုရာ၌ ညီအစ်ကို *Nee* က ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲ၌ ရက်လုပ်ခြင်းရှိရမည် ဖြစ်ကြောင်းဆိုထားသည်။ ဆိုလိုရင်းမှာ ခရစ်တော်သည် ကျွန်ုပ်တို့ထဲ၌ စေ့စပ်ထုံးဖွဲ့ခြင်းရှိရမည်ဖြစ်သည်။ အမှုတော်သည် စေ့စပ်ထုံးဖွဲ့ခြင်းအကြောင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ဖြစ်သည့်အရာ၊ ကိုယ်တော်ပြုခဲ့သောအရာ၊ ကိုယ်တော်အောင်မြင်ခဲ့သောအရာ၊ ရယူခဲ့သောအရာများနှင့် စေ့စပ်ထုံးဖွဲ့ခြင်းခံရန်လိုအပ်သည်။ ခရစ်တော်သည် ပလ္လင်တော်၊ ဘုန်းတော်နှင့် အမြင့်မားဆုံးသောတန်ခိုးတော်ကိုရယူခဲ့သည်။ ခရစ်တော်သည် အချို့သောအရာများကိုလည်း ရရှိအောင်မြင်ခဲ့သည်။ ကိုယ်တော်ရရှိအောင်မြင်ခဲ့သောအရာများသည် ကိုယ်တော်ပြည့်စုံခဲ့သောအရာနှင့် စွမ်းဆောင်အောင်မြင်နိုင်ခဲ့သောအရာများဖြစ်သည်။ (*Life-study of 2 Corinthians,* p. 35)

## ယနေ့ဖတ်စရာ

ဓမ္မသစ်ကျမ်းသည် အမှုတော်တစ်ခုတည်းသာရှိသည်။ ပေါလုနှင့် ပေတရုနှစ်ဦးလုံးသည် ဤအမှုတော်၏ အစိတ်အပိုင်းဖြစ်သည်။ တမန်တော်များအားလုံးတို့သည် ဓမ္မသစ်၌ အမှုတော်တစ်ခုတည်းကိုသာ မျှဝေခဲ့ကြသည်။ ဤအတုမဲ့သော အမှုတော်မှာ ပဋိညာဉ်တရားသစ်၏ အမှုတော်ဖြစ်သည်။ ဤကဲ့သို့သော် အမှုတော်သည် ဆုတောင်းခြင်းနှင့် အစာရှောင်ခြင်းအားဖြင့် ရယူခဲ့ခြင်းမဟုတ်ပါ။ ထိုသို့သောနည်းအားဖြင့် ရရှိခဲ့သောအရာသည် ဆုကျေးဇူးသာဖြစ်ပြီး၊ အမှုတော်မဟုတ်ပါ။ အမှုတော်သည် အရာ

အားလုံးပါဝင်သော– အသက်ပေးသောဝိညာဉ်တော်နှင့် စေ့စပ်ထုံးဖွဲ့ခြင်း၏ရလဒ် အဖြစ် ယူဆောင်လာခဲ့ခြင်းဖြစ်သည်။ ခရစ်တော်သည် ကိုယ်တော်ဖြစ်သောအရာ၊ ကိုယ်တော်ရှိသောအရာ၊ ကိုယ်တော်ရရှိအောင်မြင်ခဲ့သောအရာအားလုံးနှင့် ဘုရားသခင်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများ၏ဖြစ်ခြင်း၊ အမျှင်တစ်ရှူးအထဲသို့ ဖွဲ့စည်းတည်ဆောက်ခြင်းရှိရမည် ဖြစ်သည်။ ၎င်းသည် အမှုတော်အတွက် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။

ကျွန်ုပ်၏ဝန်တာမှာ ဧဝံဂေလိဟောပြောရန် သို့မဟုတ် သမ္မာကျမ်းစာကို သွန်သင်ရန်မျှသာမဟုတ်ပါ။ ယင်းမှာ ဤဓမ္မသစ်အမှုတော်ကို သယ်ဆောင်ရန်၊ သခင်ဘုရားကို စစ်မှန်စွာရှာဖွေသောသူများကို ကူညီပေးရန်နှင့် ကိုယ်တော်၏စိတ်နှလုံးအလိုတော်ကို ဂရုစိုက်ခြင်းအားဖြင့် ဤအမှုတော်၌ မျှဝေခံစားရန်ဖြစ်သည်။ ဤသည်မှာ ကောရိန္သုဩဝါဒစာဒုတိယစောင်၌ ပေါလုပြောသောအမှုတော်ဖြစ်သည်။ အထူးသဖြင့် အမှုတော်ဆိုသောစကားလုံးကို အကြိမ်ပေါင်းများစွာ အသုံးပြုထားသော ကောရိန္သုဩဝါဒစာဒုတိယစောင် အခန်း၊၃ ၌ ဖြစ်သည်။ ပေါလုက ဤအမှုတော်ကို ပဋိညာဉ်တရားဟောင်းနှင့်နှိုင်းယှဉ်ထားသည်။ ပဋိညာဉ်တရားသစ်၏ အမှုတော်သည် ထိုပဋိညာဉ်တရားဟောင်းထက်သာလွန်ကာ အလှမ်းဝေးလှသည်။ ပဋိညာဉ်တရားသစ်၏ အမှုတော်သည် အသက်၏ အကြောင်းအရာမျှသာမဟုတ်ဘဲ၊ အသက်၌ အသက်၏ဖွဲ့စည်းတည်ဆောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဤအမှုတော်သည် ကြီးထွားရင့်ကျက်လာရန်အတွက် အချိန်လိုအပ်သည်။

ဓမ္မသစ်ကျမ်းအတွက် တမန်တော်၏အမှုတော်သည် ဓမ္မဟောင်းကျမ်းကို အမှုဆောင်သော မောရှေကျမ်းစာကဲ့သို့စာသေမျှသာမဟုတ်ဘဲ၊ အသက်ကိုပေးသောသူ၊ အသက်ပေးသောဝိညာဉ်တော်၏အမှုတော်ဖြစ်သည်။ ၂ကော၊၃း၆ ၌ ပေါလုက၊ ကျမ်းဟောင်းတရားသည် အသက်ကိုသတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကိုပေး၏။ ပညတ်တရား၏စာများသည် လူကိုတောင်းဆိုမှုသာပြုသည်။ ၎င်းသည် လူကိုအသက်နှင့် မစရန် တတ်စွမ်းနိုင်ခြင်းမရှိပါ (ဂလ၊၃း ၂၁)။ လူသည် ပညတ်တရား၏ တောင်းဆိုမှုများကို ဖြည့်စွမ်းရန်မတတ်စွမ်းနိုင်သောကြောင့်၊ ပညတ်တရားသည် လူကိုသေစေသည်(ရော၊၇း၉–၁၁)။ အဆင့်ဆင့်တိုးတက်ပြောင်းလဲသော သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန်ထင်ရှားခြင်းတည်းဟူသော ဝိညာဉ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာ၍၊ ဘုရားအသက်၊ ဘုရားသခင်ကိုယ်တော်တိုင်ကို ယုံကြည်သူများနှင့် တမန်တော်များအထဲသို့ ထည့်သွင်းဝေမျှပေးပြီး၊ သူတို့ကို ပဋိညာဉ်တရားသစ်၊ အသက်နှင့်ဆိုင်သော ပဋိညာဉ်

တရား၏ အမှုဆောင်များဖြစ်စေခဲ့သည်။ ထို့ကြောင့် သူတို့၏ အမှုတော်သည် ကိုယ်တော်၏ အသက်ပေးသော ဝိညာဉ်တော်အားဖြင့် အသက်နှင့်ဆိုင်သော၊ သုံးပါးတစ်ပါးဘုရားနှင့်အတူ ဖွဲ့စည်းတည်ဆောက်ထားသည်။

ပေါလုသည် ဤနေရာ၌ အသက်၏ အမှုတော်မဟုတ်ဘဲ ဝိညာဉ်တော်၏ အမှုတော်ဟု ပြောရခြင်းအကြောင်းမှာ ဝိညာဉ်တော်သည် အသက်၏ အရင်းအမြစ်၊ ဒြပ်သဘာဝနှင့် အသက်၏ အဝန်းဖြစ်သောကြောင့် ဖြစ်သည်။ ဝိညာဉ်တော်မပါဘဲ၊ အသက်၏ အရင်းအမြစ်ဆိုသည်လည်း ရှိမည်မဟုတ်ပါ။ အသက်၏ အဝန်းနှင့် ဒြပ်သဘာဝလည်း ရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ဤနေရာ၌ အသက်၏ အမှုတော်ကို ပြောဆိုရာ၌ ဝိညာဉ်တော်၏ အမှုတော်ကို ပြောဆိုခြင်းထက်နည်းနေရခြင်းဖြစ်သည်။ ပေါလုသည် သေခြင်းကို အသက်နှင့်နှိုင်းယှဉ်မည့်အစား သူသည်သေခြင်းကို ဝိညာဉ်နှင့်နှိုင်းယှဉ်ရန် အကောင်းဆုံးသော ဖော်ပြချက်ကိုရွေးချယ်ခဲ့သည်။

ကောရိန္သုသြဝါဒစာဒုတိယစာစောင်၊ ၃း၉ ၌ ပေါလုက “အပြစ်စီရင်ခြင်းအမှုတော်သည် ဘုန်းအာနုဘော်ရှိလျှင်၊ ထိုမျှမက ဖြောင့်မတ်ခြင်းအမှုတော်သည် သာ၍ဘုန်းကြွယ်ဝပြည့်စုံလိမ့်မည်”ဟုဆက်လက်၍ ပြောထားခြင်းဖြစ်သည်။ ပဋိညာဉ်တရားဟောင်း၏ အမှုတော်သည် သေခြင်းတရား၏ အရာဖြစ်သည်။ အကြောင်းမှာ ပဋိညာဉ်တရားဟောင်းသည် သေခြင်းတိုင်အောင် အပြစ်စီရင်ခြင်းကို ယူဆောင်လာသောကြောင့် ဖြစ်သည်(ရော၊၅း၁၃၊ ၁၈၊ ၂၀–၂၁)။ ထို့ကြောင့် ၎င်းသည် အပြစ်စီရင်တတ်သော အမှုတော်လည်းဖြစ်သည်။ ပဋိညာဉ်တရားသစ်၏ အမှုတော်သည် အသက်ကိုပေးသောဝိညာဉ်တော်၏ အမှုတော်ဖြစ်သည် (၂ကော၊ ၃း၈၊ ၆)။ အကြောင်းမှာ ပဋိညာဉ်တရားသစ်သည် အသက်ရှင်ခြင်းတိုင်အောင် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ယူဆောင်လာသောကြောင့်ဖြစ်သည် (ရော၊၅း၁၈၊ ၂၁)။ ထို့ကြောင့် ၎င်းသည် ဖြောင့်မတ်ခြင်း၏ အမှုတော်၊ ဖြောင့်မတ်စေတတ်သော အမှုတော်ဖြစ်သည်။ (*Life-study of 2 Corinthians,* pp. 36, 54, 59)

*ပို၍ဖတ်ရန်- Life-study of 2 Corinthians,* msgs. 5-7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ၁း၉** **အကယ်စင်စစ် ငါတို့သည် မိမိကိုယ်ကို အစဉ်မကိုးစားဘဲ၊ သေသောသူတို့ကိုထမြောက်စေတော်မူသော ဘုရားသခင်ကိုကိုးစားမည်အကြောင်း သေစေဟူသောအဖြေကို ကိုယ်တိုင်ခံရသကဲ့သို့ဖြစ်၏။**

**ယော၊ ၂၀း၃၁** **ယေရှုသည် ထိုခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည်ယုံမည်အကြောင်း၊ ထိုသို့ယုံ၍ ဤနာမတော်အသက်ကိုရမည်အကြောင်း၊ ဤမျှလောက်ရေးထားလျက်ရှိသတည်း။**

သေခြင်း၏ အတွေ့အကြုံသည် ကျွန်ုပ်တို့အား ရှင်ပြန်ထမြောက်ခြင်း၏ အတွေ့အကြုံထဲသို့ ကြိုဆိုခေါ်ဆောင်ပေးသည်။ ရှင်ပြန်ထမြောက်ခြင်းသည် သေသောသူတို့ကို ရှင်ပြန်ထမြောက်စေသော ဘုရားသခင်ဖြစ်ပါသည်။ ကားတိုင်၏ လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ အတ္တကို အဆုံးသတ်ပေးခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ရှင်ပြန်ထမြောက်ခြင်း၌ တွေ့ကြုံခံစားနိုင်ရန်ဖြစ်သည်။ ကားတိုင်၏ အတွေ့အကြုံမှာ အမြဲတမ်းပင် ရှင်ပြန်ထမြောက်ခြင်း၌ ဘုရားသခင်အား မွေ့လျော်ခံစားဝမ်းမြောက်ခြင်းကို ထွက်ပေါ်စေသည်။ ထိုကဲ့သို့သော အတွေ့အကြုံမှာ အမှုတော်ကို ထုတ်လုပ်ဖွဲ့စည်းပေးသည်။

ကောရိန္သုဩဝါဒစာ ပထမစောင်အဆုံး၌ ပေါလုက ရှင်ပြန်ထမြောက်ခြင်းကို ပြောဆိုထား၍၊ ယခု ကောရိန္သုဒုတိယစောင်အစတွင် ပေါလုသည် ယုံကြည်သူများအား ဤရှင်ပြန်ထမြောက်ခြင်း၏ အကြောင်းအရာအထဲသို့ ပြန်လည်ခေါ်ဆောင်ပေးသည်။ ဤသည်မှာ အမှုတော်နှင့်စပ်လျဉ်းသည်။ အမှုတော်သည် အပြင်ပန်းလုပ်ဆောင်ခြင်းမျှသာမဟုတ်ပါ။ ၎င်းသည် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းဖြစ်သည်။ ဤဩဝါဒစာ၌ဖော်ပြထားသော အသက်ရှင်ခြင်းနှင့် အမှုတော်နှစ်ခုစလုံးသည် ရှင်ပြန်ထမြောက်ခြင်း၏ အသက်ဖြစ်သည်။(*Life-study of 2 Corinthians*, p. 6)

## ယနေ့ဖတ်စရာ

ယောဟန်၏ အမှုတော်သည် အသက်ကိုပြုပြင်မွမ်းမံပေးသော အမှုတော်ဖြစ်သည်။ ပေတရုသည် သခင်ဘုရားအားဖြင့် ခေါ်တော်မူခြင်းခံရချိန်တွင် သူသည် ငါးဖမ်းနေခဲ့သည်။ သို့သော် ယောဟန်သည် သခင်ဘုရားအားဖြင့် ခေါ်တော်မူခြင်းခံရချိန်တွင် ပိုက်ကွန်များကို ပြုပြင်မွမ်းမံနေသည် (မ၊ ၄း ၂၁)။ ပေတရုသည် လူအမြောက်အမြားကို ခေါ်ဆောင်ခြင်းဖြင့် ကြီးစွာသောငါးဖမ်းခြင်းကို လုပ်ဆောင်ခဲ့သည်။ သို့သော် ယောဟန်

ကသူ၏ပြုပြင်မွမ်းမံခြင်းအမှုတော်သည် အသက်၏အမှုတော်ဖြစ်သောကြောင့် ဝိညာဉ်ရေးရာပိုက်ကွန်ကို ပြုပြင်မွမ်းမံသည်။ အသက်သာလျှင် ပြုပြင်မွမ်းမံနိုင်၍၊ ဝိညာဉ်ရေးရာပိုက်ကွန်၌ ပေါက်ပြဲနေသောအပေါက်များအားလုံးကို ဖုံးအုပ်နိုင်သည်။ ယနေ့ ဤအရာကို မည်မျှလိုအပ်နေပါသနည်း။ ခရစ်ယာန်ပိုက်ကွန်၌ အပေါက်များစွာရှိနေသည်။ ထိုအရာကို မည်သည့်အရာက ပြုပြင်မွမ်းမံနိုင်သနည်း။ အသက်မှတစ်ပါး မည်သည့်အရာမျှမတတ်နိုင်ပါ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် အသက်အကြောင်းအရာနှင့် စပ်လျဉ်း၍ ထပ်ခါတလဲလဲ ဝန်တာရှိခြင်းဖြစ်ပါသည်။ အချို့သောသူများက ကျွန်ုပ်တို့အား "အသက် စကားလုံးမှလွဲ၍ အခြားအရာမသိသလော" ဟုပြော၍ ရယ်မောကြသည်။ ဟုတ်ပါသည်။ အသိတရားအားဖြင့်၊ အသက်မှလွဲ၍ ဘာမျှမသိပါ။ ကျွန်ုပ်တို့သည် မည်သည့်အရာမျှ မလိုအပ်သည့်အတွက်ကြောင့် ဘာမျှမသိပါ။ အသက်သည်သာလျှင် ကျွန်ုပ်တို့လိုအပ်နေသောအရာဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မတို့ သင်သည်အသက်ကို လိုအပ်သည်။ အခြားသောအရာများသည် အပေါက်ကိုကျယ်စေနိုင်သည်၊ အသက်သည် ကွာဟနေသမျှကို ဖုံးပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယောဟန်၏အမှုတော်ကို လိုအပ်သည်။ ယောဟန်၏အမှုတော်၊ သမ္မာကျမ်းစာ၏ နောက်ဆုံးသောအမှုတော်နှင့် သမ္မာကျမ်း၌ နိဂုံးချုပ်ထားသော အမှုတော်သည် ပြုပြင်မွမ်းမံသောအသက်၏ အမှုတော်ဖြစ်သည်။ (*Life-study of John*, p. 12)

ထာဝရအသက်ရှိသောကျွန်ုပ်တို့သည် အခြားသူများအား ဤအသက်ကိုပေးကမ်းရမည်။ ဆိုလိုသည်မှာ အခြားသူများအား ထာဝရအသက်စီးဆင်းနိုင်သောစီးကြောင်းဖြစ်နိုင်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထဲမှ အခြားသူများထံသို့ စီးထွက်သော ထာဝရအသက်စီးဆင်းရာ စီးကြောင်းဖြစ်နိုင်သည်။ (*Life-study of 1 John*, p. 337)

အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် အသက်ကိုအမှုဆောင်ရန်သင်ယူရမည်။ ၎င်းသည် လိုအပ်နေသောအရာဖြစ်သည်။ အခြားနည်းလမ်းကိုလုပ်ဆောင်ရန် မကြိုးစားပါနှင့်။ အသက်ကိုအမှုဆောင်ခြင်းထက် ကောင်းသောအရာ ဘာမျှမရှိပါ။

သင်သည် သင်ကိုယ်တိုင်ပင်လျှင်၊ အသက် လိုအပ်နေသည့်အတွက်ကြောင့် အခြားသူများအား အသက်ကို မည်သို့အမှုဆောင်နိုင်မည်နည်းဟု ကန့်ကွက်တင်ပြကောင်းတင်ပြလိမ့်မည်။ သင်သည် အမှန်တကယ်ပင် အသက်လိုအပ်နေပေမည်။ ထိုအခါ၊ သင်ဘာလုပ်သင့်သနည်း။ အပြစ်တင်ခြင်း သို့မဟုတ် နှိုးဆော်ခြင်းခံရန် မသွားပါနှင့်။ ပါတီပွဲလည်း မသွားပါနှင့်။ သင်ကိုယ်တိုင်သည် သခင်ဘုရားထံသို့ လှည့်ပြန်ရန်

လိုအပ်သည်။ "သခင်ဘုရား၊ အကျွန်ုပ်အပေါ် ဂရုဏာတော်မစပါ။ ကျွန်ုပ်၏ ညီအစ်ကိုသည် အပြစ်ပြုသည့်အတွက် သူသည်အသက်၏မစခြင်းကို လိုအပ်နေပါသည်။ သူ၌အသက်လိုအပ်သည်။ သို့သော် ကျွန်ုပ်သည်လည်း ထိုနည်းငင်း ဖြစ်ပါသည်။ ကျွန်ုပ်၌လည်း အသက်မကြွယ်ဝလှပါ။ ကျွန်ုပ်တို့အပေါ်၌ ဂရုဏာမစတော်မူပါ။ ရှေ့ဦးစွာ ကျွန်ုပ်အပေါ်၌ ဂရုဏာမစတော်မူပါ။ ကျွန်ုပ်သည် အသက်ကိုပို၍လိုအပ်ပါသည်။ ကျွန်ုပ်၌အသက်ပိုရှိရန် လိုအပ်ပါသည်။"

ညီအစ်ကို၊ ညီအစ်မ မည်သူမဆို အပြစ်ပြုသောခါ၊ သူ သို့မဟုတ် သူမသည် အသက်လိုအပ်နေသည်ဟု ခိုင်မာစွာညွှန်ပြနေကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်ရန် သင်ယူရမည်။ အကူအညီဖြစ်စေရန်အတွက် ကျွန်ုပ်တို့၌ အသက်ရှိမရှိကို ကျွန်ုပ်တို့သည် ရှေ့ဦးစွာ စစ်ဆေးရမည်။ ကျွန်ုပ်တို့၌ အသက်ပိုလျှံခြင်းရှိသလော။ ကျွန်ုပ်တို့သည် ကိုယ်လိုအပ်သည်ထက် ပို၍ရှိပါသလော။ မရှိဘူးဆိုလျှင်၊ ကျွန်ုပ်တို့သည် ကြွယ်ဝစွာ မစပေးခြင်းကို ခံရသည့်တိုင်အောင် အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် သခင်ဘုရားကို စောင့်မျှော်နေရမည်။ ထိုအခါမှသာလျှင် ကျွန်ုပ်တို့သည် ဤမစပေးခြင်းမှ အခြားသူများအား အမှုဆောင်နိုင်မည်ဖြစ်သည်။ ဤသည်မှာ ခရစ်ယာန်လောက၏ ကျဆင်းနေသော အချိန်ကာလတွင် အသင်းတော်အသက်တာကို ဆက်လက်သွားနိုင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

အခြားသူများထံသို့ ကျွန်ုပ်တို့အမှုဆောင်ရန် လိုအပ်သော ဤအသက်သည် ဘုရားကိုယ်တော်တိုင်ဖြစ်ကြောင်းကို ယောဟန်က အလေးထားဖော်ပြထားသည်။ ၎င်းသည် ဘုရားသခင်၏သားတော်ဖြစ်သည်။ "ဤသူကား မှန်သောဘုရားသခင်နှင့် ထာဝရအသက်ဖြစ်တော်မူ၏" (၁ယော၊၅း၂၀)။ ကျွန်ုပ်တို့လိုအပ်နေသည်မှာ သခင်ယေရှု၏ကြီးမားသောဝေစုကို ရရှိရန်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် အခြားသူများအားအမှုဆောင်နိုင်ရန် ပိုလျှံသောအသက်၊ ဩဝါဒ သို့မဟုတ် အသိဉာဏ်သက်သက်မဟုတ်ဘဲ၊ ဘုရားသခင်၏ပိုလျှံသောအသက်ဖြစ်သည်။(*The Mending Ministry of John*, pp. 92-93)

*ပို၍ဖတ်ရန်-* *Life-study of 2 Corinthians*, msgs. 1-2; *The Mending Ministry of John*, ch. 11

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————————

————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ယော၊ ငါတို့သည် ဘုရားသခင့်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊**
**၅း၁၄ ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကို တောင်းလျှင်၊ ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကိုငါတို့သိလျှင်၊ အထံတော်၌ တောင်းသောဆုတို့ကိုရမည်ဟုသိရကြ၏။**
**၁၆ ညီအစ်ကိုချင်းသည် သေပြစ်မသင့်သောအပြစ်ကို ပြုမိသည်ကို တစ်စုံတစ်ယောက်သောသူသည် မြင်လျှင်၊ ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကိုမပြုသောသူတို့အဖို့အလို့ငှါ၊ တောင်းလျှောက်သောသူသည် ထိုသူအားအသက်ကို ပေးလိမ့်မည်။ သေပြစ်သင့်သော အပြစ်ရှိ၏။ ထိုအပြစ်ကို လွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟု ငါမဆို။**

၁ယော၊၅း၁၅ ရှိ သိခြင်းမှာ ကျွန်ုပ်တို့သည် ဘုရားအသက်ကိုလက်ခံရရှိပြီးနောက် သခင်ဘုရား၌တည်နေ၍၊ ကိုယ်တော့်နာမ၌ ဘုရားသခင်ထံဆုတောင်းခြင်း၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝရှိသောအကြောင်းရင်းပေါ် တွင်မူတည်သည်(ယော၊၁၅း၇၊ ၁၆။ ၁၆း ၂၃–၂၄)။ ဘုရား၏ မွေးဖွားခြင်းမှ ကျွန်ုပ်တို့လက်ခံရရှိသောထာဝရအသက်ပေါ် တွင်အခြေတည်၍၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်း၌ ကိုယ်တော်နှင့်တစ်လုံးတစ်ဝရှိနိုင်သည်။ ဆုတောင်းခြင်း၌ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝရှိသောကြောင့် ကိုယ်တော်၏ နာမ၌ ဆုတောင်းခြင်းဖြစ်သည်။ ဤနည်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့တောင်းလျှောက်သောအရာတိုင်းကို နားထောင်တော်မူသည်ကို ကျွန်ုပ်တို့သိနိုင်သည်။ ကျွန်ုပ်တို့၏ တောင်းလျှောက်ခြင်းသည် အသိဉာဏ်အတိုင်းမိမိတို့ကိုယ်၌မဟုတ်ဘဲ၊ ဘုရား၏ အလိုတော်အတိုင်း သခင်ဘုရား၌ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့တောင်းလျှောက်သောအရာကို ကိုယ်တော့်ထံမှ ကျွန်ုပ်တို့ရရှိကြောင်းကိုသိကြသည်။(*Life-study of 1 John*, p. 330)

## *ယနေ့ဖတ်စရာ*

၁ယော၊ ၅း၁၆ ၌ ယောဟန်သည် ဤအခန်း၌ရှိသော သူ၏ အချက်ကိုရောက်လာခဲ့ခြင်းဖြစ်သည်။ "ညီအစ်ကိုချင်းသည် သေပြစ်မသင့်သောအပြစ်ကိုပြုမိသည်ကို တစ်စုံတစ်ယောက်သော သူသည် မြင်လျှင်၊ ထိုသူသည် ဆုတောင်းရမည်။ သေပြစ်ကို မပြု

သောသူတို့အဖို့အလို့ငှါ၊ တောင်းလျှောက်သောသူသည် ထိုသူအားအသက်ကို ပေးလိမ့်မည်။ သေပြစ်သင့်သော အပြစ်ရှိ၏။ ထိုအပြစ်ကို လွှတ်စေခြင်းငှါ ဆုတောင်းရမည်ဟု ငါမဆို"။ ဤကျမ်းပိုဒ်ရှိ "ထံသို့"ကိုဂရိစကားလုံးသည် ဆီသို့ ဟုအနက်ပြန်သည်။ ဤနေရာ၌ ယောဟန်က သခင်ဘုရား၌ သူနှင့်နီးစပ်သောသူ တစ်စုံတစ်ဦးသည် သူ့ညီအစ်ကိုသည် သေပြစ်မသင့်သော အပြစ်ပြုသည်ကိုမြင်လျှင် သူသည် ဤသူနှင့်စပ်လျဉ်း၍ တောင်းလျှောက်သင့်သည်။ "တောင်းလျှောက်"ဟူသောစကားလုံးသည် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း၌တည်နေစဉ်တွင် ပြုလုပ်သောဆုတောင်းခြင်းဖြစ်ပေမည်။

"သူသည် ဆုတောင်းရမည်"သည် ညီအစ်ကိုချင်းသည် သေပြစ်မသင့်သော အပြစ်ပြုသည်ကိုမြင်သောသူဖြစ်သည်မှာ သံသယမရှိပါ။ သို့သော် "သူသည် အသက်ကိုပေးလိမ့်မည်" သည် မည်သူကိုရည်ညွှန်းပါသနည်း။ ဤကျမ်းပိုဒ်ရှိ ဒုတိယ "သူ"၌ ပြဿနာရှိသည်။ အချို့သောဘာသာပြန်ဆိုခြင်း၌ ဤဒုတိယ "သူ"ကို စာလုံးအကြီးနှင့်ရေး၍၊ သခင်ဘုရားကို ရည်ညွှန်းကြောင်း ပြောကြသည်။ အမှန်တကယ်တွင် အကြောင်းအရာနှစ်ခုစလုံး၌ရှိသော "သူ"သည် တစ်ဦးတည်းကိုသာရည်ညွှန်းပါသည်။ ယင်းမှာ ညီအစ်ကိုချင်းသည် သေပြစ်မသင့်သော အပြစ်ပြုသည်ကိုမြင်၍ သူ့အတွက်တောင်းလျှောက်ပေးသောသူ ဖြစ်သည်။

"အသက်ပေးလိမ့်မည်"ကတ္တားမှာ သူ ဖြစ်နေသေး၍၊ ရှေးဦးစွာပြောဆိုထားသောအကြောင်းအရာရှိ "ဆုတောင်းရမည်"ဟူသည်မှာ ဆုတောင်းသောသူသည် သူဆုတောင်းပေးနေသောသူကို အသက်ပေးမည်ဟု ရည်ညွှန်းသည်။ ထိုသို့ဆိုသော်၊ ဆုတောင်းသောသူသည် မိမိအားဖြင့် အခြားသူများအား အသက်ပေးနိုင်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ဆိုလိုသည်မှာ ဆုတောင်းသောသူသည် သခင်ဘုရား၌တည်နေ၍၊ သခင်ဘုရားနှင့် တစ်လုံးတစ်ဝတည်းရှိကာ၊ သခင်ဘုရားနှင့် တစ်ဝိညာဉ်တည်း၌ဆုတောင်းနေသောကြောင့်(၁ကော၊၆း၁၇)၊ ဘုရားသခင်သည် ထိုသူအားဖြင့် ဆုတောင်းပေးခြင်းခံရသောသူထံ အသက်ပေးသောဝိညာဉ်တော်ကို ပေးနိုင်သည်ဟု ဆိုလိုသည်။ ဤသည်မှာ ဘုရားအသက်၏မိတ်သဟာယဖွဲ့ခြင်း၌ အသက်ကိုထည့်သွင်းပေးခြင်းအကြောင်းဖြစ်သည်။ အခြားသူများအား အသက်ကိုပေးနိုင်သောသူဖြစ်ဖို့အတွက် ကျွန်ုပ်တို့သည် ဘုရားအသက်၌ တည်နေခြင်းဖြင့် အသက်ရှင်လျှောက်လှမ်းကာ၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ဘုရားအသက်၌ ရှိနေရမည်ဖြစ်သည်။ ယာ၊၅း၁၄–၁၆ တွင် တွေ့ရသောဆုတောင်းခြင်းမှာ အနာရောဂါငြိမ်းရန်အတွက်ဖြစ်၍၊ ဤနေရာရှိ ဆုတောင်းခြင်းမှာ အသက်ထည့်

သွင်းပေးခြင်း အတွက်ဖြစ်သည်။

ဤနေရာ၌အလွန်အရေးပါသောအချက်မှာ ကျွန်ုပ်တို့သည် ၁ယော၊၅း၁၆ ၌ဖော်ပြထားသည့်အတိုင်း ညီအစ်ကိုတစ်ဦးအတွက် ဆုတောင်းမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်၍၊ ကိုယ်တော်နှင့်တစ်ဝိညာဉ်တည်း၌ တောင်းလျှောက်ရမည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်တစ်လုံးတစ်ဝတည်းရှိခြင်းကြောင့် ကျွန်ုပ်တို့တောင်းလျှောက်ပေးသောသူ၌ ဘုရားသခင်၏ အသက်ပေးသောဝိညာဉ်တော်သည် အသက်ကိုထည့်သွင်းပေးနိုင်ရန် ကျွန်ုပ်တို့သည် နည်းလမ်း၊ လမ်းကြောင်းဖြစ်လာနိုင်သည်။ ဤအသက်ကိုထည့်သွင်းပေးခြင်းသည် ဘုရားအသက်၏မိတ်သဟာယဖွဲ့ခြင်း၌ ဖြစ်ပွားလာမည်ဖြစ်သည်။

ကျွန်ုပ်တို့ထဲရှိထာဝရအသက်သည် စစ်မှန်၍၊ လက်တွေ့ကျသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထံမှ သို့မဟုတ် ကျွန်ုပ်တို့အားဖြင့် အခြားသူများထံသို့ ထာဝရအသက်စီးထွက်ရန်အတွက် လမ်းကြောင်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ အခြားသူများထံသို့ ထာဝရအသက်ကို စီးထွက်စေရန်အတွက် လမ်းကြောင်းဖြစ်ရခြင်း၏ တွေ့ကြုံခံစားမှုသည် နက်နဲသောအရာဖြစ်သည်။ အခြားသူများထံသို့ ထာဝရအသက် စီးထွက်ရန်အတွက် လမ်းကြောင်းဖြစ်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သခင်ဘုရား၌ နက်နဲခြင်းရှိ၍၊ ကိုယ်တော်၏ စိတ်နှလုံး၌ရှိခြင်း အားဖြင့် သခင်ဘုရား၏ စိတ်နှလုံးတော်ကို သိသောသူ ဖြစ်ရမည်။ ကျွန်ုပ်တို့သည် ထိုသို့သောအတိုင်းအတာပမာဏထိ သခင်ဘုရား၌ ဝင်ရောက်သွားမည်ဆိုလျှင်၊ အလိုအလျောက်ပင် ကျွန်ုပ်တို့နှင့် နီးစပ်သောအပြစ်သင့်သော ညီအစ်ကိုနှင့် စပ်လျဉ်း၍ သခင်ဘုရား၏ အလိုတော်ကို သိနိုင်မည်ဖြစ်သည်။ အကြောင်းမှာ ကျွန်ုပ်တို့သည်ညီအစ်ကို၏ အနေအထားနှင့်စပ်လျဉ်း၍၊ သခင်ဘုရား၏ အလိုတော်ကို သိသောကြောင့် သူ့အတွက်မည်သို့ ဆုတောင်းရန်မည်ကို သိနိုင်မည်ဖြစ်သည်။ (*Life-study of 1 John*, pp. 330-331, 338)

*ပို၍ဖတ်ရန်- Life-study of 1 John*, msgs. 36-38

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယေ၊ ငါ၏လူတို့သည် အသက်စမ်းရေတွင်းတည်းဟူသော၊ ငါ့ကိုစွန့်ပယ်၍၊**
**၂း၁၃ ရေမလှို၊ ပွဲပျက်သော ရေကျင်းတို့ကို တူးသောအားဖြင့် ဒုစရိုက်နှစ်ပါးကိုပြုကြပြီ။**

**ဗျာ၊ အကြောင်းမူကား၊ ပလ္လင်တော်အတွင်း၌ရှိသောသိုးသူငယ်သည် သူတို့ကို**
**၇း၁၇ ထိန်းကျောင်း၍ အသက်စမ်းရေတွင်းသို့ လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်ဟု ဆိုလေ၏။**

ယေရမိအနာဂတ္တိကျမ်းအပါအဝင် သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်၏ စီမံကိန်းအတွက် ရေးသားထားခြင်းဖြစ်သည်။ ကျွန်ုပ်၏ဝန်တာမှာ သင်တို့သည်လည်း ဘုရားသခင်စီမံကိန်းနှင့်စပ်လျဉ်း၍ နှုတ်ကပတ်တော်မှ ကျွန်ုပ်အားဖွင့်ပြသောအရာကို မြင်နိုင်မည့်အကြောင်းဖြစ်သည်။ သင်သည်ဤရူပါရုံကိုမြင်ပါက၊ သင်၏ အသက်တာသည် အကျိုးသက်ရောက်ခြင်းရှိလာပြီး၊ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည်လည်း ကြွယ်ဝလာမည်ဖြစ်သည်။

ယေရမိအနာဂတ္တိကျမ်း၊ ၂း၁၃အရ၊ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကိုယ်တော်၏ရွေးချယ်ခံလူများအား သူတို့၏မွေ့လျော်ဝမ်းမြောက်ရာအဖြစ် ကျေနပ်နှိမ့်သိမ့်ခြင်းရစေရန် အသက်အရင်းအမြစ်၊ အသက်စမ်းရေတွင်းဖြစ်ရန်ဖြစ်သည်။ ဤသို့မွေ့လျော်ဝမ်းမြောက်ခြင်း၏ပန်းတိုင်မှာ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဘုရားသခင်၏ပြည့်ဝပြည့်စုံခြင်းဖြစ်လာရန်၊ ဘုရားသခင်၏ကြီးမားကျယ်ပြန့်ခြင်း၊ ကိုယ်တော်၏တိုးပွားခြင်းတည်းဟူသောအသင်းတော်ကို ထုတ်လုပ်ရန်အတွက်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ကောင်းသောကျေနပ်နှစ်သိမ့်ခြင်း၊ စိတ်နှလုံးတော်အလိုဆန္ဒဖြစ်သည် (ဧ၊ ၁း၅၊ ၉၊ ၂၂–၂၃)။ ဤအကြံအစည်၏ တိုးပွားလာခြင်းမှာ ဓမ္မသစ်ကျမ်း၌ဖြစ်သည်။ သို့သော် ၎င်းကို ယေရမိအနာဂတ္တိကျမ်း၊ ၂း၁၃၌ မျိုးစေ့အဖြစ်ကြဲခဲ့သည်။ (*Life-study ofJeremiah,* p. 17)

## ယနေ့ဖတ်စရာ

ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ မည်သည့်အရာအလိုရှိသည်ကို ယေ၊ ၂း၁၃ ၌ ဘုရားသခင်သည် အသက်စမ်းရေတွင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းအဖြစ် ကိုယ်တော့်ကိုယူဆောင်ရန်အလိုရှိသည်။ ဤ

သည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်ခြင်း၏ မူလအစ၊ အရင်းအမြစ်အဖြစ် ကိုယ်တော့်ကို ယူဆောင်ရန် အလိုရှိကြောင်းဆိုလိုခြင်းဖြစ်သည်။

သမ္မာကျမ်းစာ၏ အလေ့အလာမှာ ဘုရားသခင်သည် သူ၏ရွေးချယ်ခံလူတို့က သူတို့၏ အရင်းအမြစ်အဖြစ် သူကိုယ်တော်တိုင်မှလွဲ၍ အခြားသောအရာကိုယူဆောင်ရန် အလိုမရှိပါ။ ဘုရားသည် လူကိုဖန်ဆင်းပြီးသောအခါ၊ ကိုယ်တော်သည် သူ့အားအသက်တည်းဟူသော ဘုရားသခင်ကိုပုံဆောင်သည့် အသက်ပင်ရှေ့တွင် ထားတော်မူ၏။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်သည် လူအားအသက်ပင်ကို စားသုံးခြင်းမှ လွဲ၍ အခြားသောအရာကို အလိုမရှိကြောင်းကို ညွှန်ပြခြင်းဖြစ်သည်။ အသက်ပင်ကို စားသုံးခြင်းသည် ကျွန်ုပ်တို့၏တုနှိုင်းရာမဲ့သောအရင်းအမြစ်၊ အရာခပ်သိမ်း၏ အရင်းအမြစ်အဖြစ် ဘုရားသခင်ကိုယူဆောင်ခြင်းဖြစ်သည်။

ယေရမိအနာဂတ္တိကျမ်း၊ ၃၄–၄၅ သည် အခန်း ၁၂ ခန်း ပါဝင်၍၊ ယေဟောဝါကို ဆန့်ကျင်အပြစ်ပြုရာ၌ အစ္စရေးတို့၏ ခေါင်းမာခြင်းကို ကျွန်ုပ်တို့အားပြသသော အပိုင်းဖြစ်သည်။ အစ္စရေးတို့သည် အသက်စမ်းရေတွင်း၊ အရင်းအမြစ်အဖြစ် ဘုရားသခင်ကို စွန့်ပယ်ခဲ့သည့်အကြောင်းကို၊ ဤအခန်း၌ ရှင်းလင်းစွာဖော်ပြထားသည်။ ဥပမာ – ဂေဒလိ၏ အနေအထားနှင့် စဉ်းစားပါ။ သူသည် ဘုရားသခင်၏ပရောဖက်၊ ယေရမိကို ဂရုစိုက်ရာတွင် သစ္စာရှိသော်လည်း (၄၀း၅–၆)၊ သူသည် ဘုရားသခင်၏စကားတော်ကို မရှာဖွေပါ (အငယ်၊ ၁၃–၁၄)၊ အကြောင်းမှာ ဤသို့ရှာဖွေခြင်းသည် သူ၏ အကျင့်မဟုတ်သောကြောင့်ဖြစ်သည်။ သူသည် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ရန်နှင့် ကိုယ်တော့်ထံမှဖြန့်ဖြူးပေးသောအရာတိုင်းကို လက်ခံရယူရန် သူ၏အရင်းအမြစ်အဖြစ် ဘုရားသခင်ကို မယူဆောင်ပါ။ သူသည် ကိုယ်တော်ကို ရှာဖွေသောသူဖြစ်မည်ဆိုလျှင်၊ ရှေ့ဦးစွာ သူလုပ်ဆောင်မည့်အရာမှာ ဘုရားသခင်၏စကားတော်ကို ရရှိလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၌ စီမံကိန်းရှိ၍၊ ဤစီမံကိန်းသည် အစီအစဉ်များစွာနှင့် အကြံအစည်ပါဝင်သည်။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်မှန်းချက်မှာ အတွင်းပိုင်း၌ ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝရှိ၍၊ အပြင်ပိုင်း၌ ကိုယ်တော်၏ ပုံသဏ္ဌာန်နှင့် တစ်ညီတစ်သဏ္ဌာန်တည်းရှိသော လူသားအုပ်စုတစ်စုကိုရရှိရန်ဖြစ်သည်။ ဤလူတစ်စုသည် ထာဝရကာလတိုင် စုပေါင်းထားသော၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်၍၊ ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းအတွက် ကိုယ်တော့်ကို အသက်ရှင်သော လူတစ်စုဖြစ်သည်။ ဘုရားသခင်သည် ခန္ဓာတော်အားဖြင့်၊ ခန္ဓာတော်မှ ထင်ရှားသကဲ့သို့ ကိုယ်တော်သည် ဘုန်းထင်ရှားတော်မူမည်။ ကိုယ်တော်သည် ဘုန်းထင်

ရှားတော်မူသောအခါ၊ ကိုယ်တော်၏ လူမျိုးတို့သည်လည်း ကိုယ်တော်၏ ဘုန်းထင်ရှားတော်မူခြင်း၌ ဘုန်းထင်ရှားတော်မူမည်။ ဤနည်းအားဖြင့် ဘုရားနှင့်လူသည် ဘုန်းတော်၌တစ်လုံးတစ်ဝတည်းဖြစ်သည်။

ဘုရားသခင်သည် ကိုယ်တော်၌ စီမံကိန်းရှိသောကြောင့် သူ၏ ရွေးကောက်ခံများအတွက် အသက်စမ်းရေတွင်းဖြစ်ရန်လိုအပ်သည်။ ကိုယ်တော်၏ စီမံကိန်းသည် သူကိုယ်တော်တိုင်အတွက် သတို့သမီး၊ အဖော်အဖက်ကို ထုတ်လုပ်ရန်အတွက်ဖြစ်သည်။ ဘုရားသခင့်စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကိုယ်တော်သည် တစ်ဦးတည်းမဟုတ်တော့ဘဲ၊ ကိုယ်တော်၏ ကြီးမားခြင်း၊ တိုးပွားခြင်းဖြစ်ရန်အတွက် ဇနီးကိုရရှိရန်နှင့် ခင်းပွန်းဖြစ်သော ကိုယ်တော်နှင့်တွဲဖက်ညီနိုင်ရန်ဖြစ်သည်။ ယင်းသည် ယော၊ ၃း၃၀ ၌ရှိသော *တိုးပွားခြင်း* စကားလုံး၏ အဓိပ္ပါယ်ဖြစ်သည်။ ဤကျမ်းပိုဒ်၌ ဗတ္တိဇံယောဟန်သည် ခရစ်တော်ကို "ထိုသခင်သည် တိုးပွားခြင်းရှိရမည်"ဟုပြောဆိုထားသည်။ နောက်ကျမ်းပိုဒ်၌ "မင်္ဂလာဆောင်သတို့သမီးကို ရသောသူသည် မင်္ဂလာဆောင်သတို့သားဖြစ်၏"ဟု ပြောထားသည်။ အငယ်၊၃၀ ၌ရှိသော တိုးပွားခြင်းသည် အငယ်၊ ၂၉ ၌ရှိသော မင်္ဂလာဆောင် သတို့သမီးဖြစ်သည်။ မင်္ဂလာဆောင်သတို့သားသည် ခရစ်တော်ဖြစ်၍၊ မင်္ဂလာဆောင်သတို့သမီးသည် ကိုယ်တော်၏ တိုးပွားခြင်း၊ ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းဖြစ်သည်။ ဧဝသည် အာဒံ၏ နံရိုးမှတည်ဆောက်သော အာဒံ၏ တိုးပွားခြင်းဖြစ်သကဲ့သို့ သတို့သမီးဖြစ်သော ဘုရားသခင်၏ ရွေးကောက်ခံတို့သည် သတို့သားဖြစ်သော ခရစ်တော်၏ တိုးပွားခြင်းဖြစ်သည်။ (*Life-study of Jeremiah*, pp. 259, 217-218, 82, 27)

*ပို၍ဖတ်ရန်-* *Life-study of Jeremiah*, msgs. 1, 3

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယေ၊ ၁၇း၇ ယေဟောဝါကို ကိုးစားသောသူ၊ ယေဟောဝါကို မိမိကိုးစားရာအကြောင်း ဖြစ်စေသောသူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။**

**၈ ထိုသူသည်ကား၊ ရေရှိသောအရပ်၌စိုက်၍ မြစ်နားမှာအမြစ်ဖြာသဖြင့်၊ ပူသောအရှိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲအသီးကိုသီးတတ်သော အပင်နှင့်တူ၏။**

ဘုရားသခင်၏စီမံကိန်းသည် အသက်စမ်းရေတည်းဟူသော သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် ကိုယ်တော်၏ထင်ရှားခြင်းဖြစ်လာရန်အတွက်၊ ကိုယ်တော်၏ကြီးမားကျယ်ပြန့်ခြင်း၊ ကိုယ်တော်၏တိုးပွားခြင်းကို ထုပ်လုပ်ရန်အတွက်ဖြစ်သည်။ ဤအကြံအစည်သည် ယောဟန်၏ရေးသားခြင်း၌ တိုးတက်ကြီးထွားလာသည်။ ယော၊၁း၁ နှင့် ၁၄ ၌ နှုတ်ကပတ်တော်တည်းဟူသော ဘုရားသခင်သည် အသွေးအသားဖြစ်လာခဲ့၍၊ ကျေးဇူးတော်နှင့် စစ်မှန်ခြင်းလည်းဖြစ်သည်ကို ကျွန်ုပ်တို့မြင်တွေ့ရသည်။ ဆက်လက်၍ အငယ်၊၁၆ က ထိုသူ၏ပြည့်ဝပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ ထပ်ဆင့်၍ ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ” ပြောဆိုထားသည်။ ယောဟန်အခန်း၊၄ ၌ သခင်ယေရှုသည် ရှမာရိမိန်းမအား အသက်ရေနှင့်စပ်လျဉ်း၍ မိန့်တော်မူထားသည် (အငယ်၊ ၁၀၊ ၁၄)။ ယော၊ ၇း၃၈၌ ကိုယ်တော်က “ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည်အတိုင်း သူ၏ အတွင်းဆုံးဖြစ်ခြင်းမှ အသက်ရေမြစ်များစီးထွက်လိမ့်မည်ဟု မိန့်တော်မူ၏။ ဗျာ၊၂၁ နှင့် ၂၂ ၌ ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကြီးမားဆုံးသောလက္ခဏဖြစ်သည့် ဘုရားသခင်၏တိုးပွားခြင်းတည်းဟူသော၊ ယေရှုရှလင်မြို့သစ်၏ရုပ်ပါရုံကိုတွေ့မြင်ရသည်။ ဗျာ၊၂၂း၁နှင့်၂က၊ ယေရှုရှလင်မြို့သစ်၌ အသက်ရေစီးရာမြစ်သည် စီးဆင်းပြီး၊ ဤမြစ်၌ တစ်မြို့လုံးကို အကျိုးပြုပေးရန်နှင့် မစထောက်ပံ့ပေးရန်အတွက် အသက်မစရာအဖြစ် အသက်ပင်သည်ကြီးထွားလျက်ရှိသည်။ ယောဟန်၏ရေးသားချက်၌ ကျွန်ုပ်တို့ရရှိသောအရာမှာ ယေရမိ၊ ၂း၁၃၌ ကြွေခဲ့သောမျိုးစေ့၏အမှန်တကယ် ကြီးထွားခြင်းဖြစ်သည်။ (*Life-study of Jeremiah,* p. 18)

## ယနေ့ဖတ်စရာ

ဤအကြံအစည်သည် ပေါလု၏ရေးသားခြင်းအားဖြင့် အားဖြည့်ထားသည်။

ဥပမာ – ၁ကော၊ ၁၂း၁၃က၊ “ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခန္ဓာတော်တစ်ကိုယ်တည်း အထဲသို့ ဗတ္တိဇံကိုခံခဲ့ကြ၏။ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ကြ၏”။ ဝိညာဉ်တော်တစ်ပါးတည်း၌ ဗတ္တိဇံခံခြင်းသည် ဝိညာဉ်တော်အထဲသို့ဝင်ရောက်သွားခြင်း အားဖြင့် ကိုယ်တော်၌ပျောက်ဆုံးသွားခြင်းဖြစ်သည်။ ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ကြခြင်းသည် ဝိညာဉ်တော်ကို အထဲသို့ယူဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ကိုယ်တော်နှင့် ပြည့်ဝပျော်ဝင်သွားခြင်းဖြစ်သည်။ ၁ကော၊ ၁၀း၃ နှင့်၄ ၌ ပေါလုက ဓမ္မဟောင်းပုံဆောင်ချက်များကို အသုံးပြုထားပြီး၊ သောက်သုံးခြင်းသာမကဘဲ၊ စားသုံးခြင်းကိုလည်း ပြောဆိုထားသည်။ “ တူညီသောဝိညာဉ်ရေးဆိုင်ရာအစာကို အတူစားကြ၏။ တူညီသောဝိညာဉ်ရေးဆိုင်ရာရေကို အတူသောက်ကြ၏။ ထိုသူတို့နောက်၌လိုက်သော ဝိညာဉ်ရေးဆိုင်ရာကျောက်မှထွက်သော ဝိညာဉ်ရေးဆိုင်ရာရေကို သောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း”။ ဝိညာဉ်ရေးဆိုင်ရာအစာသည် မန္နမုန့်ကိုရည်ညွှန်းထားပြီး(ထွ၊၁၆း ၁၄–၁၈)၊ ဝိညာဉ်ရေးဆိုင်ရာရေသည် ကျောက်ဆောင်မှစီးဆင်းထွက်လာသောအသက်ရေကို ရည်ညွှန်းထားပြီး(ထွ၊၁၇း၆)၊ ကျွန်ုပ်တို့ ၏ အရာအားလုံးပါဝင်သော သောက်သုံးခြင်းဖြစ်သည့် အသေခံတော်မူသော၊ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်မှစီးဆင်းထွက်လာသော ဝိညာဉ်တော်ကို ပုံဆောင်ထားခြင်းဖြစ်သည်။ အသက်ရေတည်းဟူသောဘုရားကို ကျွန်ုပ်တို့သောက်သုံးခြင်းသည် ကိုယ်တော်၏ တိုးပွားခြင်းတည်းဟူသော အသင်းတော်အတွက် ဖြစ်သည်။ ကျွန်ုပ်တို့၏ သောက်သုံးခြင်းသည် ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းကို ထုတ်လုပ်ရန် အတွက်ဖြစ်သည်။

အာဒံသည် အသက်ပင်ကို စွန့်ပယ်၍၊ အခြားသောအပင်– ကောင်းမကောင်းသိကျွမ်းရာအပင်သို့ လှည့်သွားခဲ့ခြင်းဖြင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။ အစ္စရေလူမျိုးတို့သည် အသက်စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ကိုစွန့်ပယ်၍၊ ဘုရားသခင်ထက် အခြားသောအရင်းအမြစ်သို့ လှည့်သွားခြင်းအားဖြင့် ကျဆင်းခဲ့သည်။ ဤအရင်းအမြစ်ကို သူတို့ တူးသောရေကျင်းအားဖြင့် ပုံဆောင်ထားသည်။

အစ္စရေလူမျိုးတို့သည် ကိုယ်တော့်ကိုသောက်သုံးခြင်းအားဖြင့် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်းတည်းဟူသော ကိုယ်တော်၏ တိုးပွားခြင်းဖြစ်လာ၍၊ ကိုယ်တော့်ကို ထင်ရှားနိုင်ရန်မှာ ဘုရားသခင်၏ ဝန်တာ ဖြစ်သည်။ အစ္စရေးလူမျိုးတို့သည် ဘုရားသခင်ကို အသက်စမ်းရေတွင်းအဖြစ် သောက်သုံးခဲ့ရမည့်အစား သူတို့သည် ဒုစရိုက်နှစ်ပါးကိုပြုခဲ့

သည်။ ပထမ ဒုစရိုက်မှာ၊ ဘုရားသခင်ကို စွန့်ပယ်ခြင်းနှင့် ဒုတိယ ဒုစရိုက်မှာ၊ အခြားသောအရင်းအမြစ်အဖြစ် ရေကျင်းကို တူးသောအားဖြင့် ဖြစ်သည်။ ထိုရေကျင်းသည် ပွဲပျက်နေသောကြောင့် ရေမလှံပါ။ ဤသည်မှာ အသက်စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ထံမှလွဲ၍၊ မည်သည့်အရာမှ ကျွန်ုပ်တို့၏ဆာငတ်ခြင်းကို မပြေပျောက်စေနိုင်ပါ။ မည်သည့်အရာမှ ကျွန်ုပ်တို့ကို ကျေနပ်နှစ်သိမ့်စေမည်မဟုတ်ပါ။ ဘုရားကိုယ်တော်တိုင်ထံမှ ကျွန်ုပ်တို့အထဲသို့ဝေငှဖြန့်ဖြူးပေးသော အသက်ရေမှလွဲ၍၊ မည်သည့်အရာမှ ကျွန်ုပ်တို့အား ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်၏တိုးပွားခြင်းဖြစ်စေနိုင်မည် မဟုတ်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

ယေရမိအတွက်ဖြစ်သောသူနှင့် သူ့အားဆန့်ကျင်သောသူနှစ်မျိုးစလုံးတို့သည် ဘုရားသခင်၏ဝေငှဖြန့်ဖြူးပေးခြင်းမှ အဝေးသို့စောင့်ထိန်းထားခြင်းခံရသည်။ သူတို့သည် အသက်စမ်းရေတွင်းဖြစ်သော ကိုယ်တော်ထံမှ အဝေးသို့လွဲချော်သွားခဲ့သည် (ယေ၊ ၂း၁၃)။ အနှောင့်အယှက်သည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းမှ ဘုရား၏လူမျိုးတို့ကိုစောင့်ထိန်းမည့် နတ်ဆိုး၏ပရိယာယ်ဖြစ်သည်။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကိုယ်တော်၏ရွေးချယ်ခံလူမျိုးတို့အတွက် အရာခပ်သိမ်းဖြစ်လာခြင်းအားဖြင့် သူတို့သည် အရာအားလုံးအတွက် ကိုယ်တော်၌ ယုံကြည်ကိုးစား၍၊ ကိုယ်တော့်ပေါ်တွင် မှီခိုအားကိုးခြင်းရှိလာရန်အတွက် ဖြစ်သည်။ သူတို့သည် ဤသို့လုပ်ဆောင်မည်ဆိုလျှင်၊ ဘုရားသခင်၏ဝေငှဖြန့်ဖြူးခြင်းကို သူတို့လက်ခံရရှိနိုင်မည်ဖြစ်သည်။

ဘုရားသခင်ကို အသက်စမ်းရေတွင်းအဖြစ်ယူဆောင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ တစ်နေ့ပြီးတစ်နေ့ကိုယ်တော့်ကို သောက်သုံးရန်သာဖြစ်သည်။ သောက်သုံးခြင်းအားဖြင့် စမ်းရေတွင်းဖြစ်သော ကိုယ်တော့်ထံမှ ထုတ်လုပ်သောအသက်ရေကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်နိုင်သည်။ (*Life-study of Jeremiah,* pp. 18-19, 158, 259)

*ပို၍ဖတ်ရန်-* *Life-study of Jeremiah,* msgs. 4, 6, 12, 22.

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ထိုပွဲကိုခံ၍ နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည် ရပ်၍ကြွေး**
**၇း၃၇ ကြော်တော်မူသည်ကား၊ ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍ သောက်လော့။**

**၁ကော၊ အကြောင်းမူကား၊ ဂျူးလူမျိုးဖြစ်စေ၊ ဂရိလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊**
**၁၂း၁၃ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခန္ဓာတော်တစ်ကိုယ်တည်းအထဲသို့ ဗတ္တိဇံကိုခံခဲ့ကြ၏။ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ကြ၏။**

ယနေ့ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ အသက်အဖြစ်သိကြသည်(ကော၊ ၃း၄)။ ကိုယ်တော်သည် ဘုရားအသက်၊ ထာဝရအသက်၊ ဖန်ဆင်းခြင်းမပြုသော အသက်၊ အရာအားလုံးပါဝင်သောအသက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားအသက်ကို သိသောကြောင့်၊ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းကို တွေ့ကြုံခံစားနိုင်သည်။ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်၏ကြီးမားကျယ်ပြန့်ခြင်း၊ ကိုယ်တော်၏ တိုးပွားခြင်းဖြစ်လာနိုင်ရန်အတွက် ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ ရည်ရွယ်ချက်၊ ဘုရားသခင်၏ ပန်းတိုင်၊ ဘုရားသခင်၏ ရည်မှန်းချက်၊ ကိုယ်တော်၏ စီမံကိန်းနှင့် ဘုရားသခင်၏ ချစ်ဖွယ်သောဝေငှဖြန့်ဖြူးပေးခြင်းဖြစ်သည်။

သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ သူကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးနိုင်ရန်အလို့ငှါ၊ အဆင့်ဆင့်ဖြတ်ကျော်၍၊ ပြီးမြောက်ပြည့်စုံလာခဲ့သည်။ ယခု ဤဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားကို သိကျွမ်းရန်နှင့် ကိုယ်တော့်၏ လူမျိုးဖြစ်ရန် တတ်စွမ်းနိုင်သည်။ (*Life-study of Jeremiah*, pp. 181-182)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့အတွင်း၌ရှိသော အသက်တရားသည် ဘုရားသခင်၏ စီမံကိန်းအတွက် ဖြစ်သည်။ အတွင်းပိုင်းတရားတည်းဟူသော ကိုယ်တော်၏ အသက်ကို ကျွန်ုပ်တို့အား ပေးခြင်းမရှိဘဲ၊ ဘုရားသခင်သည် ကိုယ်တော်၏ စီမံကိန်းကို ပြီးမြောက်ပြည့်စုံနိုင်ရန် နည်းလမ်းမရှိပါ။ ဘုရားသခင်၏ စီမံကိန်းသည် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့်၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် ကိုယ်တော်၏ ဖြစ်ခြင်းနှင့်စေ့စပ်ထုံးဖွဲ့ကာ ကိုယ်တော်နှင့် စေ့စပ်ထုံးဖွဲ့ခြင်းတစ်ခုတည်း ဖြစ်လာရန်ဖြစ်သည်။

ဤသည်မှာ ကျွန်ုပ်တို့အထဲသို့ ဘုရားအသက်တည်းဟူသော သူကိုယ်တော်တိုင်ကို ထည့်သွင်းပေးနေသော ဘုရားသခင်အားဖြင့်သာလျှင် ပြည့်စုံစေနိုင်သည်။

ခရစ်တော်အထဲသို့ ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားအသက်၊ ထာဝရအသက်ကို လက်ခံရရှိသည်။ ဤဘုရားအသက်သည် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ၏ အလယ်ဗဟိုဆိုင်ရာနှင့် စကြဝဠာဆိုင်ရာဖြစ်သည်။ ဤအသက်သည် ခရစ်တော် ကိုယ်တော်တိုင်ဖြစ်၍၊ ခရစ်တော်သည် ဘုရားသခင်ဖြစ်သည်။ ကျွန်ုပ်တို့အထဲ၌ အသက်တည်းဟူသော ဘုရားသခင်ကိုလက်ခံရရှိချိန်မှစ၍၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို သိရှိနားလည်နိုင်ပြီး၊ ကိုယ်တော်ကို အသက်ရှင်ကာ၊ ကိုယ်တော်နှင့် ဖွဲ့စည်းတည်ဆောက်ခြင်းခံရသည်။ ထို့ပြင် ကျွန်ုပ်တို့ထဲ၌ အသက်တည်းဟူသော ကိုယ်တော်တိုင်၏ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် ဘုရားသခင်သည် ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်နေသည်။ ယင်းမှာ ကိုယ်တော်သည် ထာဝရကာလတိုင် သူကိုယ်တော်တိုင်၏ စုပေါင်းထင်ရှားခြင်းကို ရရှိနိုင်မည်ဖြစ်သည်။

ယော၊၄ ၌ ရှမာရိမိန်းမတစ်ယောက်သည် ရေခပ်ခြင်းငှါလာ၍၊ ယေရှုက၊ ငါသောက်ဖို့ရေပေးပါဟု တောင်းခဲ့သောသူအား ကိုယ်တော်က၊ “ဘုရားသခင်၏ဆုကျေးဇူးကိုလည်းကောင်း၊ ငါသောက်ဖို့ ရေပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကိုလည်းကောင်း၊ သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်”ဟု ပြန်၍မိန့်တော်မူခဲ့သည်(အငယ်၊၁၀)။ သူမက အသက်ရေကို အဘယ်မှာရပါမည်နည်းဟု မေးသော်၊ ကိုယ်တော်က “ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သောစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏” (အငယ်၊၁၄)။ ဤနေရာ၌ သခင်ဘုရား၏စကားတော်မှာ ကျွန်ုပ်တို့သောက်သောအရာတိုင်း ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝဖြစ်လာကြောင်းကို ဖော်ပြသည်။ အသက်စမ်းရေတွင်း တည်းဟူသော ဘုရားသခင်ကို ကျွန်ုပ်တို့သောက်သုံးသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်လာ၍၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို သောက်သုံးခြင်းရှိလေလေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့် ပို၍တစ်လုံးတစ်ဝတည်းဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဖြင့် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝ၌ ကိုယ်တော်နှင့် ရောစပ်ထုံးဖွဲ့ခြင်းခံရမည်ဖြစ်သည်။

ဘုရားသခင်၏ အမြင်၌ အလွန်ယုတ်ညံ့သောအရာမှာ အသက်စမ်းရေတွင်း

တည်းဟူသော အရင်းအမြစ်ဖြစ်သည့် ကိုယ်တော့်ကို စွန့်ပယ်၍၊ အခြားသော အရင်းအမြစ်သို့ လှည့်သွားခြင်းဖြစ်သည်။ အခြားသောအရင်းအမြစ်များသည် ရုပ်တုများဖြစ်သည်။ ယေ၊ ၂း၁၃ ၌၊ ရုပ်တုများသည် ရေမလုံ၊ ပဲ့ပျက်နေသော ရေကျင်းနှင့်တူညီသည်။ ယနေ့ လူတို့သည် ရေကျင်းမျိုးစုံကို သူတို့အတွက် တူးဖော်ခြင်းဖြင့် အလုပ်များနေကြသည်။ အမှန်တွင် ဤရေကျင်းများသည် ရုပ်တုများဖြစ်ကြသည်။ ဤအခြေအနေကို ကျွန်ုပ်တို့ ဆင်ခြင်သကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းနှင့် ကျွန်ုပ်တို့အသက်တာ၏ အရင်းအမြစ်၊ စမ်းရေတွင်းတည်းဟူသော ကိုယ်တော့်ကို ယူဆောင်ရန် အလိုရှိကြောင်းကို နားလည်ရန်လိုအပ်သည်။

ဘုရားသခင်သည် ကိုယ်တော်၏စီမံကိန်းအထဲသို့ ကျွန်ုပ်တို့အား ဦးဆောင်ပေးရန် သစ္စာရှိသောသူဖြစ်သည်။ ကိုယ်တော်၏စီမံကိန်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်ကို သောက်သုံးရန်၊ ခရစ်တော်ကိုစားသုံးရန်၊ ခရစ်တော်ကိုမွေ့လျော်ဝမ်းမြောက်ရန်၊ ခရစ်တော်ကို စုပ်ယူရန်နှင့် ခရစ်တော်ကို စုပ်ယူစားသောက်ခြင်းဖြင့် ကိုယ်တော်၏စီမံကိန်းကို ပြီးမြောက်ပြည့်စုံစေရန် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူ တိုးပွားခြင်းကို ရရှိနိုင်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားသခင်၏ သစ္စာရှိခြင်းအကြောင်းဖြစ်သည်။

အသက်စမ်းရေတည်းဟူသော ဘုရားသခင်ကို သောက်သုံးရမည့်အစား၊ အစ္စရေးလူမျိုးတို့သည် အခြားသောရုပ်တုကို သောက်သုံးခဲ့သည်။ ကျွန်ုပ်တို့သည်လည်း အစ္စရေးလူမျိုးထက် ပို၍ မကောင်းကြောင်း မြင်ရန်လိုအပ်သည်။ ကျွန်ုပ်တို့အတွက် မည်သည့်အရာမဆို ရုပ်တုဖြစ်လာနိုင်သည်။ သို့သော် ဘုရားသခင်သည် သူ၏စီမံကိန်းကို ပြည့်စုံစေရာ၌ သစ္စာရှိသောသူဖြစ်သည်။ ကိုယ်တော်၏ သစ္စာရှိခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏ ရုပ်တုများနှင့် ဆက်ဆံဖြေရှင်းပေး၍ ကိုယ်တော့်ကို သောက်သုံးစေသည်။ ကျွန်ုပ်တို့အားလုံးသည် အသက်စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ကို သောက်သုံးရန် လိုအပ်ပြီး၊ ကျွန်ုပ်တို့အထဲ၌ ခရစ်တော်ကို လက်ခံရရှိ၍၊ ကိုယ်တော့်ကို စုပ်ယူစားသောက်ရန် လိုအပ်သည်။ သို့မှသာ ကိုယ်တော်သည် သူ၏ အဖော်အဖက်အားဖြင့် ကိုယ်တော်၏ ထင်ရှားခြင်းကို ရရှိရန်ဖြစ်သော ဘုရားသခင်၏ စီမံကိန်းကို ပြည့်စုံစေရန်အတွက် ကိုယ်တော်သည် တိုးပွားခြင်းရှိလာနိုင်မည်ဖြစ်သည်။ (*Life-study of Jeremiah,* pp. 179, 181, 260, 29)

*ပို၍ဖတ်ရန်- Life-study of Jeremiah,* msgs. 25, 39-40

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————

## HYMN - E - 522,

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ဝိညာဉ်နှင့်ဆက်ဆံဖြေရှင်းခြင်းအားဖြင့် အသက်၌ ကြီးထွားခြင်း

ဖတ်ရန်ကျမ်း။ ဆာ၊ ၅၁း၁၀ခ၊ ၁၂၊ ၁၇က။ သု၊ ၁၆း၁၈–၁၉။ ဟေရှာ၊ ၅၇း၁၅။ ၆၆း၁–၂။ ၁ပေ၊ ၃း၄။ ဂလ၊ ၆း၁။ ၁ကော၊ ၄း၂၁။ မ၊ ၅း၃။ လု၊ ၉း၅၄–၅၆

*Day 1*

**I. ဘုရားသခင်သည် အသင်းတော်ကို တည်ဆောက်သောအခါ ကိုယ်တော်သည် ယေရုရှလင်မြို့သစ်ကို တည်ဆောက်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်၏အဆုံးစွန်ပြီးပြည့်စုံခြင်းဖြစ်သော ယေရုရှလင်မြို့သစ်ဖြစ်လာရန် ရင့်ကျက်ခြင်းသို့တိုင်အောင် ကြီးထွားရန်လိုအပ်သည် (မ၊ ၁၆း၁၈။ ဟေဗြဲ၊ ၆း၁က။ ၁၁း၁၀၊ ၁၆။ ဗျာ၊ ၂၁း၂–၃၊ ၉–၁၁၊ ၁၈–၂၀။ ၎၊ ၂း၂၀–၂၂။ ၁ပေ၊ ၂း၄–၅။ ၁ကော၊ ၃း၉–၁၀၊ ၁၂။ ယော၊ ၁၄း၁–၁၂၊ ၂၃)။**

က။ ဘုရားသခင့်အလုပ်၏ပန်းတိုင်သည် ယေရုရှလင်မြို့သစ်ကို ရရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့၏သခင်ဘုရားသည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ပုံသဏ္ဌာန်ပြောင်းလဲသောတန်ဆာပလာအဖြစ် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးနေသော ယနေ့၏ဒါဝိဒ်ဖြစ်သည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်အားလုံးရှိ အခက်အခဲများသည် ကျွန်ုပ်တို့ကို ဆက်ဆံဖြေရှင်းရန်နှင့် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် အသက်ရှင်ကာ အဖိုးတန်သောကျောက်များကို ပြင်ဆင်ပေးရန် ကျွန်ုပ်တို့တွေ့ကြုံရခြင်းဖြစ်သည် (၁ပေ၊ ၂း၄–၅။ ၁ကော၊ ၃း၁၂က။ ၁ဘုရင်၊ ၆း၇။ cf. ၁ရာ၊ ၆း၃၁–၃၂)။

*Day 2*

ခ။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၊ လူနှင့် ကောင်းကင်တို့၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်အထံတော် ကောင်းကင်မှဆင်းသက်ခြင်းမှာ ယေရုရှလင်မြို့သစ်သည် ကောင်းကင်၏ဒြပ်သဘာဝနှင့်ပြည့်ကာ လုံးလုံးကောင်းကင်ဆိုင်ရာဖြစ်ခြင်းကို ရည်ညွှန်းသည် (ဗျာ၊ ၂၁း၂–၃၊ ၂၂။ ၎၊ ၁း၃။ ၂း၆။ က၊ ၂၈း၁၇)။

၁။ မြေကြီးပေါ်မှ ဘုရားသခင်၏ အိမ်တော်ဖြစ်သော အသင်းတော်၌ ကျွန်ုပ်တို့ရှိနေသောအခါ ကျွန်ုပ်တို့သည် ကောင်းကင်

တံခါးဝသို့ ဝင်ရောက်ကာ ကောင်းကင်လှေကားတည်းဟူသော ခရစ်တော်မှတစ်ဆင့် ကောင်းကင်အရာများကို ကျွန်ုပ်တို့မြင်ကာ တွေ့ကြုံခံစားနိုင်သည် (အငယ်၊ ၁၂၊ ၁၇)။

၂။ ကောင်းကင်တံခါးဝဖြစ်သော ဘုရားသခင်ကိန်းဝပ်ရာနေရာ၊ ဘုရားသခင်၏ အိမ်တော်ဖြစ်သော ဗေသလ၌ ခရစ်တော်သည် မြေကြီးကို ကောင်းကင်နှင့်ဆက်သွယ်ပေးကာ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသည့် လှေကားဖြစ်သည် (အငယ်၊၁၂–၁၇။ ယော၊၁း၅၁)။

၃။ ယနေ့ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရားသခင်ကိန်းဝပ်ရာနေရာဖြစ်သောကြောင့် (ဧ၊၂း၂၂)၊ ၎င်းသည် ယခုတွင် ကောင်းကင်တံခါးဝဖြစ်ပြီး ခရစ်တော်သည် မြေကြီးပေါ် ရှိလူများဖြစ်သော ကျွန်ုပ်တို့ကို ကောင်းကင်သို့ဆက်သွယ်ပေးပြီး ကောင်းကင်ကို ကျွန်ုပ်တို့ထံ ယူဆောင်လာသည်။

၄။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဝိညာဉ်ထံ လှည့်ပြန်လာသောအခါတိုင်း ကျွန်ုပ်တို့သည် ကောင်းကင်တံခါးဝမှ ဝင်ရောက်ကာ ကောင်းကင်လှေကားဖြစ်သော ခရစ်တော်မှတစ်ဆင့် ကျေးဇူးတော်ပလ္လင်ကို ထိတွေ့ရကြသည် (ဟေဗြဲ၊၄း၁၆)။

ဂ။ ဓမ္မသစ်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးအရ ခရစ်ယာန်အလုပ်၏ တုနှိုင်းရာမဲ့သောပန်းတိုင်နှင့် တုနှိုင်းရာမဲ့သော ရလဒ်မှာ အသင်းတော်၏ အဆုံးစွန်ထင်ရှားခြင်းနှင့် ဘုရားသခင့်ထာဝရစီမံကိန်း၏ အဆုံးပန်းတိုင်ဖြစ်သော ယေရုရှလင်မြို့သစ်ဖြစ်ရမည်ဖြစ်သည်။

၁။ အသင်းတော်၏ ကျဆင်းခြင်းသည် အဓိကအားဖြင့် ခရစ်ယာန်အလုပ်အားလုံးနီးပါးသည် ယေရုရှလင်မြို့သစ်ကို သူတို့၏ ပန်းတိုင်အဖြစ် ယူဆောင်မည့်အစား များစွာသောအရာတို့ကို ယူဆောင်ခြင်းသို့ လွဲချော်သွားခြင်းကြောင့်ဖြစ်သည်။

၂။ ထို့ကြောင့် အသင်းတော်၏ ကျဆင်းခြင်းအောက်၌ အောင်မြင်သောသူများဖြစ်ရန် သခင်ဘုရား၏ ခေါ်သံကို ထူးရန် ကျွန်ုပ်တို့သည် မကောင်းသောအရာများကို အောင်မြင်ရုံသာမက ထာဝရပန်းတိုင်ဖြစ်သော ယေရုရှလင်မြို့သစ်ကို

အစားထိုးသော ကောင်းသောအရာများကိုပင် အောင်မြင်ရန် လိုအပ်သည်။ ဘုရားသခင်၏ ထာဝရပန်းတိုင်ဖြစ်သော ယေရုရှလင်မြို့သစ်ကို ထိတွေ့ရသောအခါတိုင်း ကျွန်ုပ်တို့သည် လွန်စွာဖြူစင်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် သတိမဲ့နေခြင်းမရှိသင့်ပေ (၁ကော၊၃း၁၂၊ ၁၅–၁၇)။

၃။ အောင်မြင်သူများ၏ ပန်းတိုင်သည် အတုမဲ့စွာနှင့် အဆုံးစွန်အဖြစ် ယေရုရှလင်မြို့သစ်တည်းဟူသော ဘုရားသခင်၏ ထာဝရစီမံကိန်းပန်းတိုင်ဖြစ်ရမည်ဖြစ်သည်။

*Day 3*

## II. ကျွန်ုပ်တို့သည် အသင်းတော်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ယေရုရှလင်မြို့သစ်၏ အခြေအနေကို မြင်ခြင်းအားဖြင့် တည်ဆောက်ပြီးသော အသင်းတော်၏ အခြေအနေများကို မြင်နိုင်သည်။

က။ ယေရုရှလင်မြို့သစ်ကဲ့သို့ တည်ဆောက်ပြီးသောအသင်းတော်တွင် ဘုရားသခင်၏ မျက်မှောက်တော်ရှိသည်(ယေဇ၊၄၈း၃၅။ဗျာ၊၂၁း၃။

၁။ ဘုရားသခင်နှင့်သိုးသငယ်သည် ယေရုရှလင်မြို့သစ်၏ ဗိမာန်တော်ဖြစ်ခြင်းမှာ ဘုရားသခင်နှင့်သိုးသငယ်ကိုယ်တိုင်သည် မြို့၏ အလယ်ဗဟိုဖြစ်လာခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဘုရားသခင်သည် မြို့တော်နှင့်အတူရှိပြီး၊ မြို့တော်၌ ဘုရားသခင်မျက်မှောက်တော်ရှိနေသည် (၂၁း၂၂)။

၂။ ကျွန်ုပ်တို့သည် သန့်ရှင်းသူများအားလုံးနှင့် အတူတကွ တည်ဆောက်ခြင်းရှိသောအခါ ကျွန်ုပ်တို့၌ ဘုရားသခင်၏ မျက်မှောက်တော်ရှိပြီး၊ ကျွန်ုပ်တို့တစ်သီးပုဂ္ဂလရှိနေသောအခါ ဘုရားသခင်၏ မျက်မှောက်တော်ကို ချက်ချင်းဆုံးရှုံးရသည်။

၃။ ကျွန်ုပ်တို့သည် ဤအလေ့အလာကို ကိုင်စွဲရမည် – ဘုရားသခင်၏ မျက်မှောက်တော်သည် ကိစ္စရပ်တိုင်းအတွက် စံဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် အရာအားလုံး၌ ဘုရားသခင်၏ မျက်မှောက်တော်ကို ထိတွေ့မည်ဆိုလျှင် ဘုရားသခင်သည် ဗိမာန်တော်အဖြစ်ရှိနေခြင်းနှင့် ဘုရားသခင်၏ တည်ဆောက်ခြင်းသည် ကျွန်ုပ်တို့နှင့်အတူ ရှိနေကြောင်းကို တွေ့မြင်ရမည်ဖြစ်သည်။

ဆင်ခြေပေးခြင်း၊ ငြင်းခုံခြင်းနှင့် ပြစ်တင်ဝေဖန်ခြင်းတို့သည် ကျွန်ုပ်တို့အား ဘုရားသခင်၏မျက်မှောက်တော်ကို ဆုံးရှုံးစေသည်။ ဘုရားသခင်၏မျက်မှောက်တော်ရှိခြင်းသည် သန့်ရှင်းသူများအကြား တစ်လုံးတစ်ဝရှိခြင်းနှင့် လိုက်လျောညီထွေရှိခြင်းကြောင့် လုံးလုံးဖြစ်သည်။

၅။ ဘုရားသခင်၏မျက်မှောက်တော်သည် ယေရုရှလင်မြို့သစ်၏ အလယ်ဗဟိုဖြစ်သည်။ ထို့ကြောင့် အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ဗိမာန်တော်အဖြစ် ရရှိရမည်ဖြစ်သည်။

*Day 4*

ခ။ တည်ဆောက်ခြင်းရှိသောအသင်းတော်တွင် ဘုရားသခင်၏ အုပ်စိုးခြင်း ရှိသည်။

၁။ အသင်းတော်သည် တည်ဆောက်ခြင်းရှိပါက ၎င်းတွင် ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်၊ ဘုရားသခင်၏ အုပ်စိုးခြင်းရှိသည် (၂၂း၁)။

၂။ အသင်းတော်တစ်ခုခုရှိ သန့်ရှင်းသူများသည် တည်ဆောက်ခြင်းရှိမရှိကို သိရှိလိုသည်ဆိုလျှင် ကျွန်ုပ်တို့သည် သူတို့အလယ်၌ ဘုရားသခင်၏ပလ္လင်တော်၊ ဘုရားသခင်၏ စိုးစံခြင်းရှိမရှိကို မြင်ရမည်ဖြစ်သည်။

ဂ။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ အသက်၏စီးဆင်းခြင်းနှင့် မစထောက်ပံ့ခြင်းရှိသည်။

၁။ ယေရုရှလင်မြို့သစ်တွင် ပလ္လင်တော်မှစီးထွက်သော အသက်ရေစီးရာမြစ်ရှိပြီး၊ မြစ်၏နှစ်ဘက်တွင် အသက်ပင်ရှိကာ အသီးတစ်ဆယ့်နှစ်မျိုးကို ထုတ်လုပ်ပြီး ၎င်း၏အသီးကို လစဉ် ပေးတတ်သည် (အငယ်၊၁–၂)။

၂။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ လူများ၏ဆာငတ်ခြင်းကို ပြေပျောက်စေခြင်းနှင့် လူများကို ရေလောင်းပေးခြင်းရှိသောအသက်ရေရှိပြီး၊ လူများ၏ဆာလောင်မှုကို ကျေနပ်နှစ်သိမ့်စေသော အသက်ပင်၏ အသီးများရှိသည်။

ဃ။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ အလင်းရှိသည်။

၁။ ယေရုရှလင်မြို့သစ်၌ ဘုန်းကြီးသောဘုရားသခင်သည် အလင်းဖြစ်ပြီး သိုးသငယ်သည် ဆီမီးခွက်ဖြစ်သည် (၂၁း၂၃။ ၂၂း၅။ cf. ယော၊ ၂း၁၁)

၂။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ သန့်ရှင်းသူများမှ တစ်ဆင့် ခရစ်တော်၌ ဘုရားသခင်ထင်ရှားခြင်းမှာ အလင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် တည်ဆောက်ခြင်းရှိသော အသင်း တော်၏ အစည်းအဝေးသို့သွားသောအခါ အလင်းထွန်းလင်း ပေးခြင်းကို ခံစားရမည်ဖြစ်သည် (ယော၊ဂး၁၂။ မ၊၅း၁၄။ ဆာ၊၇၃း၁၆–၁၇)။

*Day 5*

င။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ ဘုရားနှင့်လူ၏ ပေါင်း စည်းခြင်းရှိပြီး အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းရှိသည်။

၁။ ယေရုရှလင်မြို့သစ်၏ ဘက်လေးဘက်ရှိ တံခါးပေါက်သုံးခုစီ သုံး အမြှောက်လေး၏ ရလဒ် တစ်ဆယ့်နှစ် ဖြစ်ခြင်းမှာ သုံး ပါးတစ်ပါးဘုရားသည် ဖန်ဆင်းခံ (နံပါတ်လေးဖြင့်ပုံဆောင် ထားသောသတ္တဝါများ) ဖြစ်သော လူနှင့်ရောနှောပေါင်း စည်းခြင်းကို ရည်ညွှန်းသည် (ဗျာ၊၄း၆)။

၂။ သန့်ရှင်းသောမြို့တော်၏ တံခါးတစ်ဆယ့်နှစ်ခုမှာ ပုလဲတစ် ဆယ့်နှစ်ခုဖြစ်ခြင်းသည် အသေခံ–အောင်မြင်ခြင်းနှင့် အသက်–လျှို့ဝှက်စွာရှင်ပြန်ထမြောက်သောခရစ်တော်မှ တစ်ဆင့် အသစ်မွေးဖွားခြင်းမှာ မြို့တော်သို့ ဝင်ရောက်ရန် ဝင်ပေါက်ဖြစ်ကြောင်း ပုံဆောင်သည် (၂၁း၂၁)။

၃။ မြို့တော်အထဲသို့ တံခါးပေါက်မှဝင်ရောက်သော မည်သူမဆို သုံး အမြှောက်လေး၏ ရလဒ်တည်းဟူသော ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်းမှထွက်ပေါ် လာခြင်းဖြစ်ရမည်ဖြစ် ပြီး၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ခရစ် တော်၌ ဖန်ဆင်းခြင်းအသစ်ဖြစ်ရမည်ဖြစ်သည် (၂ကော၊ ၅း၁၇။ ဂလ၊၆း၁၅)။

၄။ ဤသည်မှာ ကျွန်ုပ်တို့သည် အသင်းတော်အထဲသို့ မည်သည့် ဇာတိဆိုင်ရာ၊ မြေကြီးဆိုင်ရာကိုမျှ ယူဆောင်၍ မရကြောင်း

ဖော်ပြသည်။ ပုလဲတံခါးသည် လူ၏ ဇာတိဆန်ခြင်းအားလုံး
တို့အတွက် တံခါးပိတ်ထားသည်။

၅။ ကျွန်ုပ်တို့သည် ဇာတိဆန်သောအရာ၊ လူသားကြိုးစားအား
ထုတ်မှု၊ "တီထွင်ကြံစည်မှု"တစ်ခုခု၊ လူသားနည်းစနစ်နှင့်
နည်းလမ်းများမှ ထွက်ပေါ်လာသောရလဒ်တစ်ခုခု သို့မ
ဟုတ် ကားတိုင်ကို ဖြတ်ကျော်ခြင်းမရှိသောအရာတစ်ခုခုကို
ယူဆောင်လာမည်ဆိုလျှင် ကျွန်ုပ်တို့သည် ပန်းတိုင်သို့ ရောက်
နိုင်မည်မဟုတ်သလို၊ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့ကို
လမ်းဖွင့်ပေးနိုင်မည်မဟုတ်ပါ (cf. ၂ကော၊၄း၇–၈)။

၆။ အသင်းတော်တည်ဆောက်ခြင်း၌ အရာခပ်သိမ်းသည် ကား
တိုင်ကို ဖြတ်ကျော်ရမည်ဖြစ်ပြီး၊ ခရစ်တော်၌ ရှိရမည်ဖြစ်
ကာ၊ ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်းဖြစ်ရမည်ဖြစ်
သည်။ ဤအရာသည် ယေရုရှလင်မြို့သစ်အထဲသို့ ဝင်ရောက်
ရန် ဝင်ပေါက်၊ အသင်းတော်အထဲသို့ ဝင်ပေါက်ဖြစ်သည်။
ဤဝင်ပေါက်၏ သဘောသဘာဝနှင့်သက်ဆိုင်သည့် အရာ
သာလျှင် ဘုရားသခင်၏ တည်ဆောက်ခြင်းအထဲသို့ ခေါ်
ဆောင်ခံရနိုင်မည်ဖြစ်သည်။

၇။ ရုပ်ရုံသာလျှင် ကျွန်ုပ်တို့ကို ကယ်တင်နိုင်မည်ဖြစ်သည်။
ကျွန်ုပ်တို့သည် ဇာတိစဉ်းစားခြင်းများ၊ ပိုင်းခြားသိမြင်ခြင်း
များ၊ အကြံအစည်များ၊ စွမ်းဆောင်ရည်များနှင့် အစွမ်း
သတ္တိတို့ကို ကားတိုင်နှင့်ဆက်ဆံဖြေရှင်းဖို့ ယူဆောင်လာရန်
သင်ယူရမည်ဖြစ်သည်။ ဤအရာအားလုံးသည် ကျိုးပဲ့ခြင်း
ရှိကာ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်
ပြီး၊ ပုလဲများဖြစ်လာသောအခါမှသာ ဘုရားသခင်၏ တည်
ဆောက်ခြင်းအထဲသို့ ခေါ် ဆောင်ခံရနိုင်မည်ဖြစ်သည်။

စ။ တည်ဆောက်ခြင်းရှိသော အသင်းတော်သည် ဘုရားသခင်၏
ဘုရားဆိုင်ရာသဘောသဘာဝနှင့် ပြည့်စုံသည်။

၁။ ယေရုရှလင်မြို့သစ်တွင် လမ်းတစ်လမ်းတည်းသာရှိပြီး ယင်း
သည် ရွှေစင်ဖြစ်ခြင်းမှာ ဘုရားသခင်၏ ဘုရားဆိုင်ရာသ
ဘောသဘာဝကို ပုံဆောင်သည် (ဗျာ၊၂၁း၂၁ခ)။

၂။ အသက်ရေစီးရာမြစ်သည် "မြို့လမ်းမအလယ်၌စီးဆင်းနေခြင်း"မှာ ဘုရားအသက်သည် ဘုရားသခင်၏ ရွေးနုတ်ခံလူများ၏ နေ့စဉ်အသက်အတွက် တုန့်ရာမဲ့သောနည်းလမ်းအဖြစ် ဘုရားသဘောသဘာဝ၌ စီးဆင်းနေခြင်းကို ပုံဆောင်သည် (၂၂း၁။ ၂ပေ၊၁း၄။ ယော၊၁၄း၆)။

၃။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို လုံးလုံးငြင်းပယ်ကာ ဘုရားဇာတိ၌ အသက်ရှင်သောအခါ ကျွန်ုပ်တို့၏ အစေခံခြင်းသည် အသင်းတော်တည်ဆောက်ခြင်းရလဒ်ဖြစ်ရုံသာမက ကျွန်ုပ်တို့အလယ်တွင်ရှိနေသော လူများကို ဘုရားသခင်၏ လမ်းသို့ဦးဆောင်နိုင်မည်ဖြစ်သည်။

Day 6

ဆ။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ ဘုရားသခင်၏ ထင်ရှားခြင်းရှိသည်။

၁။ ဗျာ၊၂၁ တွင် မြို့ရိုးသည် ဂျက်စပါဖြစ်ပြီး၊ ပထမအမြစ်သည် ဂျက်စပါဖြစ်ကာ မြို့တော်၏ အလင်းသည် ဂျက်စပါကျောက်ကဲ့သို့ဖြစ်ကြောင်း ပြောထားသည် (အငယ်၊၁၈–၁၉၊ ၁၁)။ ထိုထက်မက ပလ္လင်တော်ပေါ် ထိုင်နေသောသူ၏ သွင်ပြင်သည် ဂျက်စပါကျောက်ကဲ့သို့ ဖြစ်သည် (၄း၃)။ ထို့ကြောင့် မြို့၏ သွင်ပြင်သည် ဘုရားသခင်၏ သွင်ပြင်ဖြစ်သည်။

၂။ ယေရုရှလင်မြို့သစ်သည် လူ၌ ဘုရားသခင်၏ ပြည့်ဝစွာထင်ရှားခြင်းနှင့် ကြီးမားကျယ်ပြန့်ခြင်းဖြစ်သည်။ အသင်းတော်သည် အမှန်ပင် တည်ဆောက်ခြင်းရှိပါက ဘုရားသခင်၏ ပြည့်ဝစွာထင်ရှားခြင်းလည်းရှိလိမ့်မည်ဖြစ်သည်။

ဇ။ တည်ဆောက်ခြင်းရှိသောအသင်းတော်သည် ပုံသဏ္ဍာန်ပြောင်းလဲပေးသောဝိညာဉ်တော်နှင့် ပုံသဏ္ဍာပြောင်းလဲခြင်းဖြစ်စဉ်၌ ရှိနေသောလူများ၏ စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်သည်။

၁။ မြို့ရိုးသည် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်ထားသည် ၂၁း၁၉–၂၀)။ အဖိုးတန်ကျောက်များသည် ဖန်ဆင်းခံရခြင်းမဟုတ်ဘဲ၊ ဖန်ဆင်းခံရသောအရာများမှ များစွာသောဖိအားဖြင့် နှစ်ပေါင်းများစွာ စေ့စပ်ထုံးဖွဲ့ခံရခြင်းကို ဖြတ်ကျော်ပြီး ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂။ အသင်းတော်အသက်တာ၌ ခရစ်တော်ကိုချစ်သူ၏ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသည် အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါး တစ်ပါးဘုရား၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော ဝိညာဉ်တော် အားဖြင့် (၂ကော၊၃း၁၈)၊ ချစ်သောသူ၏ အဖော်အဖက်များ၊ သန့်ရှင်းသူများကို စုံလင်စေသောအလုပ်ကို လုပ်ဆောင်သည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ ဆုကျေးဇူးရှိသော အင်္ဂါဝင်များ ၏ ညှိနှိုင်းလုပ်ဆောင်ခြင်းဖြင့် သယ်ဆောင်ခြင်းဖြစ်သည် (ဧ၊ ၄း၁၁–၁၂။ သီ၊၁း၁၀–၁၁)။

ဇ။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ နယ်နိမိတ်တည်းဟူသော "ကြီးမြင့်သောမြို့ရိုး"ရှိရမည်ဖြစ်သည် (ဗျာ၊ ၂၁း၁၂)။

၁။ မြို့ရိုးသည် ခွဲခြားခြင်းနှင့် ကာကွယ်ခြင်းအတွက်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်ထံသို့ လုံးလုံးခွဲခြားခံရ မည်ဖြစ်ပြီး၊ ဘုရားသခင်၏ စိတ်ဝင်စားမှုများဖြင့် လုံးလုံးကာ ကွယ်စောင့်ရှောက်ခြင်းခံရမည်ဖြစ်သည်။

၂။ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ပို ၍ တည်ဆောက်ကာ၊ ကျွန်ုပ်တို့နှင့် ‌ရောစပ်ထုံးဖွဲ့ခြင်းရှိလေလေ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ပို၍ ခွဲခြားခံရကာ ဆိုးညစ် သူ၏ အရာခပ်သိမ်းမှ ကာကွယ်ခြင်းခံရလေလေဖြစ်သည်။ သန့်ရှင်းသူများသည် အသင်းတော်အသက်တာ၌ အတူတကွ တည်ဆောက်ခြင်းရှိလျှင် ဘုရားပိုင်ဆိုင်သောအရာနှင့် လူက ပိုင်ဆိုင်သောအရာ၊ မြေကြီးဆိုင်ရာနှင့် ကောင်းကင်ဆိုင်ရာ၊ ဖန်ဆင်းခြင်းအသစ်နှင့် ဖန်ဆင်းခြင်းအဟောင်းတို့ကို ပိုင်း ခြားသိမြင်နိုင်မည်ဖြစ်သည်။

၃။ ယုံကြည်သူများအားလုံးသည် ထိုသို့ ကြီးမားကာ မြင့်သော မြို့ရိုးကို သူတို့၏ ခွဲခြားခြင်းနှင့် ကာကွယ်ခြင်းအတွက် လိုအပ် သည် (အငယ်၊၁၇)။

စျ။ နေရာတိုင်းရှိ အသင်းတော်များသည် တည်ဆောက်ခြင်းရှိသော ဤ အခြေအနေအားလုံးကို ထင်ရှားနိုင်ပါမည့်အကြောင်း သခင်ဘုရား သည် ကျွန်ုပ်တို့အပေါ် သို့ ကရုဏာတော်သက်ရောက်ပါစေ။

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေဗြဲ၊ အကြောင်းမူကား၊ ဘုရားသခင်စီမံ တည်ဆောက်တော်မူသော**
**၁၁း၁၀ တိုက်မြစ်ရှိသောမြို့ကို စိတ်အားထက်သန်စွာမျှော်လင့်သတည်း။**
**၁ပေ၊ လူတို့ပယ်ထား၍ ဘုရားသခင်ရွေးချယ်တော်မူသော အသက်ကျောက်**
**၂း၄–၅ မြတ်တည်းဟူသော ထိုသခင်ထံသို့ သင်တို့သည်ရောက်၍၊ ယေရှု ခရစ်အားဖြင့် ဘုရားသခင်လက်ခံတော်မူရာ ဝိညာဉ်ဆိုင်ရာယဇ် များကို ပူဇော်ရသော သန့်ရှင်းသောယဇ်ပုရောဟိတ်အရာအထဲသို့ သင်တို့ကိုယ်တိုင်လည်း အသက်ကျောက်များကဲ့သို့ ဝိညာဉ်ဆိုင်ရာ အိမ်အဖြစ် တည်ဆောက်ခံရကြ၏။**

ကျွန်ုပ်တို့အတူတကွ အစေခံနေကြသူများအား သခင်ဘုရားသည် သန့်စွမ်းသော ပြန်လည်ရယူခြင်း၊ တည်ဆောက်ခြင်းရှိသောပြန်လည်ရယူခြင်းကို လိုအပ်ကြောင်း နက်နဲ သည့်ခံစားမှုပေးပါရန် ကိုယ်တော်မစပါစေ။ ကျွန်ုပ်တို့၏အလုပ်သည် ယေဘုယျအား ဖြင့် သန့်ရှင်းသူများကို မြှင့်တင်ပေးခြင်းမျှသာမဟုတ်ပေ။ သို့သော် ၎င်းသည် ကိုယ်ခန္ဓာ တော်ဖြစ်သော ဝိညာဉ်ဆိုင်ရာအိမ်တော်ကို တည်ဆောက်ခြင်းဖြစ်သည်။ ဆုကျေးဇူးခံရ သောသူများသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက်ဖြစ်သည် (ဧ၊ ၄း၁၁–၁၂)။

မ၊၁၆း၁၈ တွင် သခင်ဘုရားက “ငါ့အသင်းတော်ကို ငါတည်ဆောက်မည်”ဟုပြော ထားသည်။ ဧ၊၂း၂၂ တွင် ခရစ်တော်၌ ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများသည် “ဝိညာဉ်၌ ဘုရားသခင်၏ကိန်းဝပ်ရာနေရာအထဲသို့ အတူတကွတည်ဆောက်ခံရကြောင်း” ပြောဆိုထားသည်။ ၁ပေ၊၂း၅ တွင် ကျွန်ုပ်တို့သည် “အသက်ရှင်သောကျောက်များအဖြစ် ဝိညာဉ်ဆိုင်ရာအိမ်တော်ကို တည်ဆောက်နေသည်”ဟုပြောထားသည်။ ၁ကော၊၃း၁၀ တွင် ကျွမ်းကျင်လိမ္မာသောဗိသုကာဖြစ်သော ပေါလုသည် တိုက်မြစ်ကို ချပေးထားပြီး၊ ကျွန်ုပ်တို့သည် ယင်းအပေါ် တွင် မည်သို့တည်ဆောက်နေသည်ကို သတိထားရန် ပြောဆို ထားသည်။ ကျွန်ုပ်တို့သည် ရွှေ၊ ငွေ၊ ကျောက်ကောင်းဖြင့် တည်ဆောက်ရမည်ဖြစ်သည် (အငယ်၊၁၂)။ အခန်း၊၁၄ တွင် ဝိညာဉ်ဆုကျေးဇူးများကို အလိုရှိရာတွင် တည်ဆောက် ခြင်းအလို့ငှာသာ အလိုရှိရန် အလေးပေးပြောထားသည် (အငယ်၊၁၊ ၃–၅၊ ၁၂)။ ဆိုလို သည်မှာ ဆုကျေးဇူးများအားလုံးသည် အသင်းတော်တည်ဆောက်ခြင်းအတွက်ဖြစ်ရ မည်ဖြစ်သည်။ (*The Administration of the Church and the Ministry of the Word*, p.9)

# ယနေ့ဖတ်စရာ

ဟေဗြဲ၊၁၁း၁၀ တွင် အာဗြဟံသည် "ဘုရားသခင်စီမံတည်ဆောက်တော်မူသော တိုက်မြစ်ရှိသောမြို့ကို စိတ်အားထက်သန်စွာမျှော်လင့်ကြောင်း" ပြောဆိုထားသည်။ တိုက်မြစ်ရှိသောမြို့သည် ယေရုရှလင်မြို့သစ်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူတို့၏ တဲတော်ဖြစ်သည် (ဗျာ၊ ၂၁း၃)။ တစ်နည်းအားဖြင့် ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ကိန်းဝပ်နေရာဖြစ်သည်။ ယင်းမှာ ဘုရားသခင်သည် ယခုကာလ၌ မတူညီသော တည်ဆောက်ခြင်းနှစ်ခုရှိသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ မြေကြီးပေါ်၌ တည်ဆောက်ခြင်းတစ်ခုအဖြစ် အသင်းတော်နှင့် ကောင်းကင်မျာ း၌ အခြားသောမြို့တော်အဖြစ် သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်ဟူ၍ မရှိပါ။ ဘုရားသခင်သည် ယနေ့အသင်းတော်တွင် ယာယီမျှသာ ကိန်းဝပ်ကာ အနာဂတ်တွင် ယေရုရှလင်မြို့သစ်သို့ ပြောင်းရွှေ့ပြီး အသင်းတော်ကို စွန့်ပစ်လိုက်မည်မဟုတ်ပါ။ အသင်းတော်နှင့် ယေရုရှလင်မြို့သစ်သည် တစ်ခုတည်းဖြစ်သည်။

ဘုရားသခင်သည် အသင်းတော်ကို တည်ဆောက်သောအခါ ယေရုရှလင်မြို့သစ်ကို တည်ဆောက်ခြင်းဖြစ်သည်။ ဤသည်မှာ တူညီသောအလုပ်တစ်ခု၏ သွင်ပြင်နှစ်ခုဖြစ်သည်။ အသင်းတော်သည် ဘုရားသခင်၏ ဗိမာန်တော်၊ ဘုရားသခင်၏ အိမ်တော်ဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်တွင် ဗိမာန်တော်ကို မမြင်ရပေ၊ အကြောင်းမှာ ဗိမာန်တော်သည် မြို့တော်အဖြစ်သို့ ကြီးမားတိုးပွားလာသောကြောင့်ဖြစ်သည်။ ဗိမာန်တော်တည်ဆောက်ခြင်းသည် အလုပ်တစ်ခု၊ မြို့တော်ကို တည်ဆောက်ခြင်းသည် အခြားအလုပ်တစ်ခု ဟူ၍မဟုတ်ပါ။ လာမည့် ယေရုရှလင်မြို့သစ်သည် အသင်းတော်၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ ဗိမာန်တော်သည် မြို့တော်အဖြစ်သို့ ကြီးမားတိုးပွားလာရန်ဖြစ်သည်။

ယနေ့ကာလတွင် ဘုရားသခင်၏ တစ်ခုတည်းသောအလုပ်မှာ တည်ဆောက်ခြင်းဖြစ်သည်။ ဘုရားသခင်သည် မြေကြီးပေါ်တွင် အသင်းတော်ကို တည်ဆောက်နေသော်လည်း ဤတည်ဆောက်ခြင်းသည် ကောင်းကင်ဆိုင်ရာအဝန်းအဝိုင်း၌ ဖြစ်သည်။ ဘုရားသခင်သည် အချိန်၌ အသင်းတော်ကို တည်ဆောက်နေသော်လည်း ဤတည်ဆောက်ခြင်းသည် ထာဝရဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ကောင်းကင်ဆိုင်ရာဖြစ်သည်။ ၎င်းသည် ကောင်းကင်သဘောသဘာဝနှင့် ကောင်းကင်အနှစ်သာရနှင့် ပြည့်စုံသည်။

ယနေ့ခေတ်၌ ဘုရားသခင့်အလုပ်၏ အဆုံးစွန်ပန်းတိုင်မှာ ကိုယ်တော်ကိုယ်တိုင်အတွက် ကိန်းဝပ်နေရာကို တည်ဆောက်ခြင်းဖြစ်သည်။ ၎င်း၏ အစပြုအဆင့်တွင် ယင်းသည် အိမ်တော်ဖြစ်ပြီး၊ ရင့်ကျက်လာသောအဆင့်တွင် ယင်းသည် မြို့တော်ဖြစ်လာမည်

ဖြစ်ကာ၊ ဘုရားနှင့်လူတို့၏ တဲတော်ဖြစ်လာမည်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ တဲတော်သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် အသင်းတော်သည် ဘုရားသခင်၏ တဲတော်နှင့် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူတို့၏ တဲတော်ဖြစ်လိမ့်မည်ဖြစ်သည်။ ယေရုရှလင်မြို့သစ်တွင် ဗိမာန်တော်မရှိတော့ပေ၊ အကြောင်းမှာ အရာအားလုံးသည် ရင့်ကျက်ခြင်းသို့ ရောက်ရှိသွားသောကြောင့်ဖြစ်သည်။ မြို့တော်သည် တဲတော်လည်းဖြစ်သကဲ့သို့ ကြီးမားကျယ်ပြန့်လာသော ဗိမာန်တော်လည်းဖြစ်သည်။

ပေါလုသည် တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းသောရူပါရုံရှိသောကြောင့် "လိမ္မာသောဗိသုကာကဲ့သို့ တိုက်မြစ်ကိုချပြီ။ အခြားသောသူသည် ထပ်ဆင့်၍တည်ဆောက်လေ၏ ။ သို့ရာတွင် အဘယ်သို့ထပ်ဆင့်၍တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ" ဟုပြောခဲ့သည် (၁ကော၊၃း၁၀)။ ကျွန်ုပ်တို့၏ တည်ဆောက်ခြင်းနည်းလမ်း၊ ကျွန်ုပ်တို့တည်ဆောက်သည့်တန်ဆာပလာ၊ ကျွန်ုပ်တို့တည်ဆောက်ခြင်း၏ အကျိုးရလဒ်တို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ဂရုစိုက်ရန်လိုအပ်သည်။ အပြစ်သားများကို ကယ်တင်ခြင်းနှင့် သန့်ရှင်းသူများကို တည့်မတ်တည်ဆောက်ခြင်းတို့သည် ဘုရားသခင့်အိမ်တော် တည်ဆောက်ခြင်းအလယ်ဗဟိုပန်းတိုင်နှင့် ဆက်နွယ်နေသည်။ ကျွန်ုပ်တို့သည် ဤအလယ်ဗဟိုကျသောအလုပ်ကို အလေးထားမည်ဆိုပါက အပြစ်သားများကိုကယ်တင်ရန် ဧဝံဂေလိဟောပြောခြင်းသည် လွန်စွာ အကျိုးထိရောက်မည်ဖြစ်ပြီး၊ သန့်ရှင်းသူများကို တည့်မတ်ပေးခြင်းသည်လည်း ပြဿနာများကိုဖြစ်ပေါ်စေမည်မဟုတ်ပါ။ (*The Administration of the Church and the Ministry of the Word*, pp. 9-11)

*ပိုဖတ်ရန် –  The Administration of the Church and the Ministry of the Word*, ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၂၁း၂** **သန့်ရှင်းသောမြို့တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သော မင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော်၊ ကောင်းကင်မှ ဆင်းသက်သည်ကို ငါမြင်၏။**

**က၊ ၂၈း၁၇** **ဤအရပ်ကား၊ အဘယ်မျှလောက် ကြောက်မက်ဘွယ်ဖြစ်သည်တကား။ ဤအရပ်ကား၊ အခြားမဟုတ်၊ ဘုရားသခင်၏ အိမ်တော်၊ ကောင်းကင်တံခါးဝဖြစ်သည်တကားဟု၊ ကြောက်ရွံ့ခြင်းသို့ရောက်၍ ဆို၏။**

ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်း၊ ဘုရားသခင်၏ တစ်စုံတစ်ရာသည် လူနှင့်ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ဗျာဒိတ်ကျမ်းက ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်အထံတော် ကောင်းကင်မှ ဆင်းသက်ခြင်းကို ပြောပြထားသည်။ ဤအရာက ယေရုရှလင်မြို့သစ်သည် ကောင်းကင်ဒြပ်သဘာဝနှင့်ပြည့်ဝကာ လုံးလုံးကောင်းကင်ဆိုင်ရာဖြစ်ကြောင်းကို ဖော်ပြသည်။ တစ်နည်းအားဖြင့် ယေရုရှလင်မြို့သစ်သည် လူတို့အလယ်တွင် ဘုရားသခင်ကိန်းဝပ်ခြင်းဖြစ်သည်။ ယင်းမှာ စုပေါင်းထားသောလူဖြစ်သည်။ ထို့ကြောင့် ယေရုရှလင်မြို့သစ်သည် ကောင်းကင်၊ ဘုရားသခင်၏ တစ်စုံတစ်ရာဖြစ်သည်သာမက လူ၏ တစ်စုံတစ်ရာလည်းဖြစ်သည်။ ဤအရာသည် သမ္မာကျမ်းစာရှိ ဖွင့်ပြခြင်းဖြစ်သည်။ ခေတ်ကာလတိုင်း၌ ဘုရားသခင့်အလုပ်၏ အဆုံးစွန်ရလဒ်မှာ နက်နဲသောတစ်စုံတစ်ရာကို ရရှိရန်ဖြစ်ပြီး၊ ယင်းမှာ ဘုရားသခင်၊ လူနှင့် ကောင်းကင်၏ တစ်စုံတစ်ရာအတူတကွ ရောနှောပေါင်းစည်းထားသောအရာဖြစ်သည်။

ကောင်းကင်သစ်နှင့်မြေကြီးသစ်သည် ယေရုရှလင်မြို့သစ်နှင့်အတူ ကောင်းကင်မှ မြေကြီးပေါ် သို့ ဆင်းသက်လာသောအခါ ဘုရားသခင်၊ ကောင်းကင်နှင့် လူတို့၏ ပေါင်းစည်းခြင်းသည် မြေကြီးပေါ် တွင်ရှိလိမ့်မည်ဖြစ်သည်။ ကောင်းကင်၊ ဘုရားသခင်နှင့် လူတို့သည် ယေရုရှလင်မြို့သစ်အဖြစ် တစ်လုံးတစ်ဝတည်းပေါင်းစည်းသွားမည်ဖြစ်သည်။ (*The Way for a Christian to Mature in Life,* p.51)

## ယနေ့ဖတ်စရာ

ဗေသလသည် မြေကြီးပေါ် ရှိနေရာဖြစ်သော်လည်း ၎င်းသည် ကောင်းကင်များနှင့် ဆက်နွှယ်နေသည်။ ထို့ကြောင့် ယာကုပ်သည် ၎င်းကို ကောင်းကင်တံခါးဝဟုခေါ် ခဲ့သည်။

ကျွန်ုပ်တို့သည် မြေကြီးပေါ်ရှိ ဘုရားသခင်၏ အိမ်တော်ဖြစ်သော အသင်းတော်၌ရှိနေစဉ် ကောင်းကင်တံခါးဝသို့ ဝင်ရောက်နိုင်ပြီး၊ ကောင်းကင်လှေကားဖြစ်သော ခရစ်တော်အား ဖြင့် ကျွန်ုပ်တို့သည် ကောင်းကင်၏ အရာများကို တွေ့ကြုံခံစားကာ မြင်နိုင်မည်ဖြစ်သည်။ (က၊ ၂၈း၁၇ မှတ်စု ၁)

ဟေဗြဲ၊ ၄း၁၂ တွင် ဖော်ပြထားသောပလ္လင်တော်မှာ ကောင်းကင်ရှိ ဘုရားသခင်၏ ပလ္လင်တော်ကို အမှန်ပင် ရည်ညွှန်းခြင်းဖြစ်သည် (ဗျာ၊ ၄း ၂)။ ဘုရားသခင်၏ ပလ္လင်တော် သည် စကြဝဠာတစ်ခုလုံး အပေါ် အခွင့်အာဏာသက်ရောက်သော ပလ္လင်တော်ဖြစ်သည် (ဒံ၊ ၇း၉။ ဗျာ၊ ၅း၁)။ သို့သော် ကျွန်ုပ်တို့ယုံကြည်သူများ အဖို့ ၎င်းသည် အသန့်ရှင်းဆုံး ဌာနအတွင်းရှိ သေတ္တာတော်အဖုံး(ဂရုဏာပလ္လင်)အားဖြင့် ပုံဆောင်ထားသော ကျေးဇူး တော်ပလ္လင်ဖြစ်လာသည် (ထွ၊ ၂၅း၁၇၊ ၂၁)။ ကျွန်ုပ်တို့သည် မြေကြီးပေါ် အသက်ရှင်နေ စဉ် မည်သို့ဖြင့် ကောင်းကင်ရှိ ဘုရားသခင်နှင့်သိုးသငယ် ခရစ်တော်၏ ပလ္လင်တော်သို့ လာရောက်နိုင်မည်နည်း။ လျှို့ဝှက်ချက်မှာ ဟေဗြဲ၊ ၄း၁၂ တွင် ရည်ညွှန်းထားသော ကျွန်ုပ် တို့၏ ဝိညာဉ်ဖြစ်သည်။ ကောင်းကင်ရှိ ပလ္လင်ပေါ်တွင် ထိုင်နေသော ခရစ်တော်သည် (ရော၊ ၈း၃၄) ယခုတွင် ကျွန်ုပ်တို့၌ (ရော၊ ၈း၁၀)၊ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာဖြစ်သော (ဧ၊ ၂း ၂၂) ကျွန်ုပ်တို့၏ ဝိညာဉ်၌ (၂တိ၊ ၄း ၂၂)လည်း ရှိနေပြီဖြစ်သည်။ ကောင်းကင်တံခါး ဝဖြစ်သော ဘုရားသခင်၏ အိမ်တော်၊ ဘုရားသခင်၏ ကိန်းဝပ်နေရာ၊ ဗေသလတွင် ခရစ် တော်သည် မြေကြီးကို ကောင်းကင်သို့၊ ကောင်းကင်ကို မြေကြီးသို့ ဆက်သွယ်ပေးသော လှေကားဖြစ်သည် (က၊ ၂၈း၁၂–၁၇။ ယော၊၁း၅၁)။ ယနေ့ ကျွန်ုပ်တို့၏ ဝိညာဉ်သည် ဘုရား သခင်ကိန်းဝပ်ရာဖြစ်သည့်အလျောက် ယင်းသည် ယခုတွင် မြေကြီးပေါ် ရှိလူများဖြစ်သော ကျွန်ုပ်တို့ကို ကောင်းကင်သို့ ဆက်သွယ်ပေးပြီး၊ ကောင်းကင်ကို ကျွန်ုပ်တို့ထံယူဆောင်ပေး သော လှေကားဖြစ်သည့် ခရစ်တော်ရှိရာ ကောင်းကင်တံခါးဝဖြစ်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်ထံပြန်လာသောအခါတိုင်း ကောင်းကင်တံခါးဝမှဝင်ရောက်ကာ ကောင်းကင်ဆိုင်ရာလှေကားဖြစ်သော ခရစ်တော်မှတစ်ဆင့် ကောင်းကင်ရှိ ကျေးဇူးတော် ပလ္လင်ကို ထိတွေ့ရသည်။ (ဟေဗြဲ၊ ၄း၁၆ မှတ်စု ၁)

ဓမ္မသစ်ကျမ်း၏ ဖွင့်ပြချက်တစ်ခုလုံးအရ ခရစ်ယာန်အလုပ်၏ တုန္ဒိုင်းရာမဲ့သော ပန်းတိုင်မှာ ဘုရားသခင့်ထာဝရစီမံကိန်း၏ တုန္ဒိုင်းရာမဲ့သော ပန်းတိုင်ဖြစ်သည့် ယေရုရှလင် မြို့သစ်ဖြစ်ရမည်ဖြစ်သည်။ ယနေ့ ယေဘုယျအားဖြင့် ခရစ်ယာန်များအကြား၌ အားလုံး နီးပါး မှန်ကန်သောပန်းတိုင်မရှိကြပေ။ သူတို့သည် ဝိညာဉ်ရေးရာရှိခြင်း၊ သန့်ရှင်းခြင်း၊ စိတ်များကို ရရှိရန် ဇဝ်ဂေလိဟောပြောခြင်း၊ သမ္မာကျမ်းစာနှင့် သီဩလော်ဂျီများကို သွန်

သင်ရန် ကျမ်းစာကျောင်းများတည်ထောင်ခြင်းတို့ကို လေ့ကျင့်လိုက်စားကြသော်လည်း ဤအရာများကို လုပ်ဆောင်ခြင်းသည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ပန်းတိုင်အတွက်ဖြစ်ကြောင်းကိုမူ မည်သူမျှ မပြောဆိုနိုင်ကြပေ။

အသင်းတော်ကျဆင်းခြင်း၏ အဓိကအကြောင်းရင်းမှာ ခရစ်ယာန်အမှုဆောင်များအားလုံးနီးပါးသည် ယေရုရှလင်မြို့သစ်ကို သူတို့၏ပန်းတိုင်အဖြစ် ယူဆောင်မည့်အစား အခြားအရာများစွာကို ယူဆောင်ခြင်းသို့ လမ်းလွှဲခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အသင်းတော်ကျဆင်းခြင်းအောက်မှ သခင်ဘုရားခေါ် သံကိုထူးသော အောင်မြင်သူများဖြစ်ရန် ကျွန်ုပ်တို့သည် အပျက်သဘောဆောင်သည့်အရာများကို အောင်မြင်ရုံသာမက ယေရုရှလင်မြို့သစ်ကို ပန်းတိုင်အဖြစ်ထားရှိခြင်းအား အစားထိုးသော အပြုသဘောဆောင်သည့်အရာများကိုလည်း အောင်မြင်ရမည်ဖြစ်သည်။ အောင်မြင်သူများဖြစ်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရစီမံကိန်းပန်းတိုင်၊ ယေရုရှလင်မြို့သစ်ကို ကျွန်ုပ်တို့၏တုနှိုင်းရာမဲ့သော အဆုံးစွန်ပန်းတိုင်အဖြစ်ယူဆောင်ရမည်ဖြစ်သည်။ (*How to be a Co-worker and and Elder and How to Fulfill Their Obligations,* pp. 49, 51-52)

*ပို၍ဖတ်ရန် – The Way for a Christian to Mature in Life,* ch. 4; *How to be a Co-worker and and Elder and How to Fulfill Their Obligations,* ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ မြို့ထဲ၌ ဗိမာန်တော်ကို ငါမမြင်။ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်**
**၂၁း၂၂ ပြည့်စုံတော်မူသောထာဝရအရှင်ဘုရားသခင်နှင့် သိုးသူငယ်သည် ထို**
**မြို့၏ဗိမာန်ဖြစ်တော်မူ၏။**
**၂၂း၃–၄ ထိုမြို့၌ ဘုရားသခင်နှင့်သိုးသူငယ်၏ပလ္လင်တော်ရှိ၍၊ ကိုယ်တော်၏**
**ကျွန်တို့သည် ကိုယ်တော့်ကို ဝတ်ပြုကြလိမ့်မည်။ ကိုယ်တော်၏မျက်နှာ**
**တော်ကို မြင်ရ၍၊ သူတို့၏နဖူးအပေါ်၌လည်း ကိုယ်တော်၏နာမတော်**
**ရေးထားလျက်ရှိလိမ့်မည်။**

အသင်းတော်သည် တည်ဆောက်ခြင်းရှိပြီဆိုလျှင် ထိုအသင်းတော်သည် ဤအခြေအနေလေးခု အမှန်ပင်ရှိလိမ့်မည်ဖြစ်သည်၊ ၎င်း၌ ဗိမာန်တော်ဖြစ်သော ဘုရားသခင် – ဘုရားသခင်၏မျက်မှောက်တော်ရှိရမည်၊ ဘုရားသခင်၏ အုပ်စိုးခြင်းဖြစ်သော ဘုရားသခင်၏ပလ္လင်တော်ရှိရမည်၊ ဘုရားအသက်၏ စီးဆင်းခြင်းနှင့် မစထောက်ပံ့ခြင်းရှိရမည်၊ ဘုရားသခင်၏ အလင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ဤအခြေအနေများရှိပြီဆိုလျှင် ဤအရာက ကျွန်ုပ်တို့တည်ဆောက်ခြင်းရှိကြောင်းကို သက်သေပြနေသည်၊ အကြောင်းမှာ တည်ဆောက်ခြင်းရှိမှသာလျှင် ဘုရားသခင်၏ဤကောင်းကြီးအားလုံးကို ကျွန်ုပ်တို့ရရှိနိုင်မည်ဖြစ်သည်။

ရှေးဦးစွာ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ ဘုရားသခင်၏မျက်မှောက်တော်ရှိသည်။ ဗျာ၊ ၂၁း၂၂ တွင် ယေရုရှလင်မြို့သစ်တွင် ဗိမာန်တော်မရှိကြောင်း၊ ဘုရားသခင်နှင့်သိုးသငယ်သည် ၎င်း၏ဗိမာန်တော်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဓမ္မဟောင်းခေတ်အတောအတွင်း ဗိမာန်တော်သည် ယေရုရှလင်မြို့၏ အလယ်ဖြစ်ခဲ့ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ ထို့ကြောင့် ဘုရားသခင်နှင့်သိုးသငယ်သည် ဗိမာန်တော်ဖြစ်သည်ဆိုသည်မှာ ဘုရားသခင်နှင့်သိုးသငယ်ကိုယ်တိုင်သည် မြို့၏ အလယ်ဗဟိုဖြစ်လာခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် ဘုရားသခင်သည် မြို့တော်နှင့်အတူရှိပြီး၊ မြို့တော်သည် ဘုရားသခင်၏မျက်မှောက်တော်ရှိခြင်းဖြစ်သည်။ (*The Building Work of God*, pp. 95-96, 88)

## ယနေ့ဖတ်စရာ

တည်ဆောက်ခြင်းရှိသောနေရာတွင် ဘုရားသခင်၏မျက်မှောက်တော်ရှိသည်။ ဘုရားသခင်၏မျက်မှောက်တော်သည် တည်ဆောက်ခြင်းနောက်တွင်လိုက်လာသည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံကလည်း သန့်ရှင်းသူများအားလုံးနှင့်အတူတကွတည်ဆောက်

ခြင်းရှိသောအခါတိုင်း ဘုရားသခင်၏ မျက်မှောက်တော်ရှိပြီး၊ တစ်သီးပုဂ္ဂလနေသောအခါ ဘုရားသခင်၏ မျက်မှောက်တော်ကို ရုတ်တရက်ဆုံးရှုံးသွားကြောင်းကို မပြောပြပါသလော။ လူသုံးဦးတို့သည် ဧဝံဂေလိအစည်းအဝေးလုပ်တော့မည်အချိန်တွင် ထင်မြင်ချက်သုံးခု ရှိကောင်းရှိနိုင်သည်။ အစည်းအဝေး၏ အချိန်သည် ဘုရားသခင်၏ မျက်မှောက်တော် အတိုင်း လုံးလုံးသတ်မှတ်ခြင်းရှိရမည်ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်ရှိမည် ဆိုလျှင် ယင်းအချိန်သည် နံနက်ခင်း၌၊ နေ့လည်၌ သို့မဟုတ် ညနေပိုင်း၌ ဖြစ်နေပါစေ မည်သည့်အချိန်မဆို သင့်လျော်မှန်ကန်မှုရှိသည်။ သို့သော် ဘုရားသခင်၏ မျက်မှောက် တော်မရှိပါက မည်သည့်အချိန်မဆို သင့်တော်မှုရှိမည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဤအလေ့အလာကို ကိုင်စွဲရမည်၊ ဘုရားသခင်၏ မျက် မှောက်တော်သည် အကြောင်းအရာတိုင်းအတွက်စံဖြစ်သည်။ ကျွန်ုပ်တို့မည်သည့်အရာ ကို လုပ်ဆောင်ပါစေ၊ ကျွန်ုပ်တို့၌ ဘုရားသခင်၏ မျက်မှောက်တော်ရှိမရှိကို အလေးထား ရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ထင်မြင်ချက်များကို ဖော်ပြနေစဉ်တွင် ဘုရားသခင်၏ မျက် မှောက်တော်ရရှိပါသလား။ တစ်စုံတစ်ခုကို ပြောဆိုနေစဉ် သို့မဟုတ် တစ်စုံတစ်ခုသော စိတ်သဘောထားကို ယူဆောင်စဉ် ဘုရားသခင်၏ မျက်မှောက်တော်ကို ရရှိပါသလား။ ကျွန်ုပ်တို့၏ အကြံပေးခြင်း သို့မဟုတ် အဆိုပြုခြင်း၌ ဘုရားသခင်၏ မျက်မှောက်တော်ရှိ ပါသလား။ အရာအားလုံး၌ ဘုရားသခင်၏ မျက်မှောက်တော်ကို ထိတွေ့မည်ဆိုလျှင် ဘုရားသခင်သည် ဗိမာန်တော်အဖြစ်ရှိနေကြောင်းကို ကျွန်ုပ်တို့မြင်ရမည်ဖြစ်ပြီး၊ ဘုရား သခင်၏ တည်ဆောက်ခြင်းသည် ကျွန်ုပ်တို့နှင့်အတူ ရှိနေမည်ဖြစ်သည်။ ကျွန်ုပ်တို့အချင်း ချင်းငြင်းခုံသောအခါ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားအတွက်ဖြစ်ကောင်းဖြစ်မည်၊ ကျွန်ုပ်တို့ငြင်းခုံခြင်းသည် တရားမျှတခြင်းရှိကောင်းရှိမည်။ မည်သို့ဆိုစေ ကျွန်ုပ်တို့၏ ငြင်းခုံခြင်းကြောင်း ကျွန်ုပ်တို့၌ ဘုရားသခင်၏ မျက်မှောက်တော်ဖြစ်သော ဗိမာန်တော် ဖြစ်သည့်ဘုရားသခင်ကို မရရှိကြပေ။ ထိုအစား ကျွန်ုပ်တို့သည် မြို့တော်ကို ဖျက်ဆီးနေ ခြင်းဖြစ်သည်။

မိမိတို့၏ အပြစ်တင်ခြင်း သို့မဟုတ် စီရင်ခြင်းသည် မှန်သည် သို့မဟုတ် မှားသည် ဖြစ်နေပါစေ အပြစ်တင်ဝေဖန်သော ညီအစ်ကို၊ ညီအစ်မများသည် ဦးစွာ ဘုရားသခင်၏ မျက်မှောက်တော်ကို ဆုံးရှုံးသောသူများဖြစ်ကြသည်။ သူတို့၌ ဘုရားသခင်၏ မျက်မှောက် တော်မရှိပေ၊ သူတို့၌ ဘုရားသခင်ကို ဗိမာန်တော်အဖြစ် မရရှိပေ။ ဤသူများအလယ်၌ တည်ဆောက်ခြင်းမရှိပေ။ အသင်းတော်၌ ဆင်ခြေပေးခြင်းသည် အကြောင်းမဟုတ်ပါ။ အရေးကြီးသောအရာမှာ ဘုရားသခင်၏ မျက်မှောက်တော်ဖြစ်သည်။

ဝိညာဉ်တော်သည် သင်မည်မျှမှန်ကန်မှုရှိသည်ကို ဂရုမစိုက်ပါ။ ကိုယ်တော်သည် သင်၏ သင်၏ သဘောထား၊ သင်၏ ရည်ရွယ်ချက်၊ သင်၏ အခြေအနေကိုသာ ဂရုစိုက်သည်။ အသင်းတော်၌ ပို၍ကျယ်လောင်စွာ ငြင်းခုံသောသူသည် ပို၍ကြီးစွာဆုံးရှုံးသောသူဖြစ်သည်။ ကျွန်ုပ်တို့ဆင်ခြေပေးလေလေ၊ ဘုရားသခင်၏ မျက်မှောက်တော်ကို ဆုံးရှုံးလေလေဖြစ်သည်။ ယေရုရှလင်မြို့သစ်ရှိ ဗိမာန်တော်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်ကြောင်းကို ကျေးဇူးပြု၍သတိရပါ။ ဘုရားသခင်၏ မျက်မှောက်တော်သည် မြို့တော်၏ အလယ်ဗဟိုဖြစ်သည်။ ထို့ကြောင့် အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်ရှိရမည်ဖြစ်သည်၊ ဘုရားသခင်ကို ဗိမာန်တော်အဖြစ်ရရှိရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၏ အခြေအနေကို ရရှိရန် တည်ဆောက်ခြင်းရှိလိမ့်မည်ဖြစ်သည်။

ဘုရားသခင်၏ ထင်ရှားခြင်းသည် ဘုရားသခင်၏ မျက်မှောက်တော်ကြောင့် လုံးလုံးဖြစ်ပြီး၊ ဘုရားသခင်၏ မျက်မှောက်တော်သည် သန့်ရှင်းသူများအကြား တစ်လုံးတစ်ဝရှိခြင်းနှင့် လိုက်လျောညီထွေရှိခြင်းကြောင့် လုံးလုံးဖြစ်သည်။ ဤတစ်လုံးတစ်ဝဖြစ်ခြင်းနှင့် လိုက်လျောညီထွေရှိခြင်းသည် တည်ဆောက်ခြင်းဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မများအကြားတွင် ပဋိပက္ခ၊ ထင်မြင်ချက်၊ ညီညွတ်မှုမရှိခြင်း၊ သဘောထားကွဲလွဲခြင်းများရှိမည်ဆိုလျှင် သူတို့အလယ်တွင်သွားသောအခါ အလင်းအစား မှောင်မိုက်ကို ထိတွေ့ခံစားရမည်ဖြစ်သည်။ သူတို့၏ ဝေငှချက်သည် အလွန်ကောင်းမွန်မှုရှိကောင်းရှိမည်၊ သူတို့၏ ဆုတောင်းခြင်းသည် အလွန်ကျယ်ကောင်းကျယ်မည်၊ သို့သော် ထိုနေရာ၌ မည်သည့်အလင်းကိုမျှ ထိတွေ့ခံစားနိုင်မည်မဟုတ်ပါ။ ဤသည်မှာ သူတို့အလယ်တွင် ဘုရားသခင်၏ တည်ဆောက်ခြင်းမရှိသောကြောင့်ဖြစ်သည်။ (*The Building Work of God*, pp. 88-91, 95)

*ပို၍ဖတ်ရန်* – *The Building Work of God*, ch. 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
——————————————————————————————
——————————————————————————————
——————————————————————————————
——————————————————————————————
——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၂၂း၁–၂** **တစ်ဖန် ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့်သိုးသူငယ်၏ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်သည် မြို့လမ်းမအလယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အားပြလေ၏။ ထိုမြစ်၏တစ်ဘက်တစ်ချက်၌ အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၏။ မိမိအသီးကိုလည်း လတိုင်းပေးတတ်၏။**

ရှေ့ဦးစွာ အသင်းတော်သည် တည်ဆောက်ခြင်းရှိပြီဆိုလျှင် ၎င်း၌ ဘုရားသခင်၏ မျက်မှောက်တော်ရှိလိမ့်မည်ဖြစ်ပြီး၊ ဒုတိယအားဖြင့် ဘုရားသခင်၏ပလ္လင်တော်၊ ဘုရားသခင်၏ အုပ်စိုးခြင်းရှိလိမ့်မည်ဖြစ်သည်။ ယေရုရှလင်မြို့သစ်၌ ဘုရားသခင်၏ ပလ္လင်တော်ရှိသည်။ ဤပလ္လင်တော်သည် ဘုရားသခင်၏မျက်မှောက်တော်သာမက၊ ဘုရားသခင်၏ အုပ်စိုးခြင်းအကြောင်းလည်းဖြစ်သည်။ ဘုရားသခင်၏ပလ္လင်တော်သည် တည်ထောင်ပြီးဖြစ်သောကြောင့် ဘုရားသခင်သည် သူ၏ အခွင့်အာဏာတော်ကို လေ့ကျင့်လုပ်ဆောင်နိုင်သည်။ အသင်းတော်တစ်ပါးသည် တည်ဆောက်ခြင်းရှိမရှိဆိုသည်မှာ သူတို့အလယ်၌ ဘုရားသခင်၏ပလ္လင်တော်နှင့် ဘုရားသခင်၏ အုပ်စိုးခြင်းရှိမရှိကို ကျွန်ုပ်တို့မြင်ရန် လိုအပ်သည်။

တစ်ခါတစ်ရံ တစ်နေရာသို့ သင်သွားသောအခါ၊ သူတို့အလယ်တွင် ဘုရားသခင်၏ပလ္လင်တော်မရှိဘဲ၊ လူ၏ပလ္လင်သာရှိနေသည်ကို သင်ခံစားသိရှိနိုင်သည်။ သူတို့၏ အမှုဆောင်ခြင်းအစည်းအဝေးသို့ သင်တက်ရောက်သောအခါ၊ သူတို့သည် ပလ္လင်ပေါ်တွင် ထိုင်နေသကဲ့သို့ စကားပြောနေသည်ကို သင်သတိထားမိမည်ဖြစ်သည်။ တစ်ယောက်ပြော၍ မပြီးမီ၊ အခြားတစ်ယောက်က သူ့ကိုကျော်၍ပြောသည်။ နေရာများစွာ၌ မည်သည့်တည်ဆောက်ခြင်းကိုမျှ သင်မတွေ့နိုင်ပါ။ ဆန့်ကျင်ဘက်အနေဖြင့်၊ နေရာတိုင်း၌ လူတို့၏ကျွမ်းကျင်မှုအတတ်ပညာနှင့် အဖွဲ့အစည်းကိုသာ သင်မြင်ရမည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤကဲ့သို့ လွယ်ကူချောမွေ့သော လူမှုဆက်ဆံရေးနည်းလမ်းအပေါ် အမှီပြု၍ လူများကို ရယူမည်ဆိုလျှင်၊ ဘုရားသခင်၏ တည်ဆောက်ခြင်းသည် ကျွန်ုပ်တို့အလယ်တွင် ရှိနိုင်တော့မည်မဟုတ်ပါ။ အသင်းတော်သည် ဤနည်းလမ်းများအပေါ် အမှီမပြုနိုင်ပါ။ အသင်းတော်သည် ဘုရားသခင်၌ တည်ဆောက်ခြင်းရှိရမည်ဖြစ်သည်။ အသင်းတော်သည် တည်ဆောက်ခြင်းရှိ၊ မရှိကို ဆုံးဖြတ်ရန်၊ ကျွန်ုပ်တို့သည် သူတို့အလယ်တွင်

နွေးထွေးသောလူမှုဆက်ဆံရေးရှိမရှိကို မကြည့်ရပါ။ ထိုအစား ကျွန်ုပ်တို့သည် သူတို့ အလယ်၌ ဘုရားသခင်၏မျက်မှောက်တော်နှင့် ဘုရားသခင်၏ပလ္လင်တော် ရှိမရှိကို ကြည့်ရမည်ဖြစ်သည်။ (*The Building Work of God*, pp. 91-93)

## ယနေ့ဖတ်စရာ

တတိယမှာ၊ တည်ဆောက်ခြင်းရှိသောအသင်းတော်သည် အသက်၏စီးဆင်းခြင်းနှင့် မစခြင်းရှိသည်။ ကျမ်းစာက၊ ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာ မြစ်ရှိ၍၊ ထိုမြစ်၏တစ်ဘက်တစ်ချက်၌ အသက်ပင်ရှိကာ၊ အသီးတစ်ဆယ့်နှစ်မျိုးကို သီးတတ်၍ မိမိအသီးကိုလည်း လတိုင်းပေးတတ်သည်ဟု ဖော်ပြထားသည် (ဗျာ၊ ၂၂း၁–၂)။ ဤသည်မှာ ဘုရားသခင်၏မျက်မှောက်တော်နှင့် ဘုရားသခင်၏ အုပ်စိုးခြင်း၌ အသက်ရေစီးဆင်းခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤနေရာ၌ လူတို့၏ဆာငတ်ခြင်းကို ပြေပျောက်စေကာ လူတို့ကို ရေလောင်းပေးသော အသက်ရေစီးဆင်းနေသည်။ လူတို့၏ဆာမွတ်ခြင်းကို ကျေနပ်ခြင်းပေးနိုင်သော အသက်ပင်၏ အသီးလည်းရှိသည်။ ဤနေရာသို့ လာရောက်သူတိုင်းသည် လိုအပ်နေသောမစခြင်းများကို ရရှိနိုင်သည်။

မှန်ကန်စွာ တည်ဆောက်ခြင်းရှိသောအသင်းတော်သည် အမှန်ပင် ဤကဲ့သို့သော အခြေအနေရှိသည်။ တည်ဆောက်ခြင်းရှိသောအသင်းတော်၌ စီးဆင်းခြင်းကို ထိတွေ့ရသကဲ့သို့၊ ဘုရားအသက်၏လှုပ်ရှားခြင်းကိုလည်း ထိတွေ့ရသည်။ ထိုနေရာသို့ သွားသော သူတိုင်းသည် မစပေးခြင်းကို ခံရသည်။

အသင်းတော်သည် တည်ဆောက်ခြင်းကို တွေ့ကြုံခံစားကာ၊ သန့်ရှင်းသူများအကြား စိတ်သဘောညီညွတ်ခြင်းရှိမည်ဆိုလျှင်၊ အမှန်ပင် ထိုနေရာ၌ အသက်ရေစီးဆင်းသကဲ့သို့၊ အသက်၏ အစာမစပေးခြင်းကိုလည်း ရရှိလိမ့်မည်ဖြစ်သည်။ လူတို့သည် ဤယုံကြည်သူများ၏ အလယ်သို့ သွားရောက်သောအခါ၊ သူတို့သည် ကောင်းသောဝေငှချက်ကို မကြားနာရသော်လည်း၊ သူတို့သည် အသက်ရေနှင့် အစာကို ထိတွေ့လိမ့်မည်ဖြစ်ပြီး၊ သူတို့သည် ဘုရားသခင်၏မျက်မှောက်တော်နှင့် ဘုရားသခင်၏ အုပ်စိုးခြင်းကိုလည်း ခံစားသိရှိနိုင်မည်ဖြစ်သည်။ သူတို့သည် ရေလောင်းပေးခြင်းကို ခံရကာ၊ ကျေနပ်နှစ်သိမ့်ခြင်းနှင့် နားခိုခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။

စတုတ္ထအနေဖြင့် တည်ဆောက်ခြင်းရှိသောအသင်းတော်သည် အလင်းရှိသည်။ ယေရုရှလင်မြို့သစ်၌ အလင်းရှိသည် (ဗျာ၊ ၂၁း ၂၃)။ ဤအလင်းသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သည်။ ခရစ်တော်သည် မီးအိမ်ဖြစ်ပြီး ဘုရားသခင်သည် အလင်းဖြစ်သည်။

ဘုရားသခင်သည် ကိုယ်တော်၏ ဘုန်းတော်ကို ခရစ်တော်၌ ထွန်းလင်းတော်မူ၍၊ ဤဘုန်းတော်သည် မြို့၏ အလင်းဖြစ်သည်။ ထိုမြို့သည် နေ၏ အလင်း သို့မဟုတ် လ၏ အလင်းကို အလိုမရှိခြင်းမှာ ဤတည်ဆောက်ခြင်း၌ သဘာဝအလင်းကို မလိုအပ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ သူတို့အလယ်တွင် ခရစ်တော်၌ ကြီးမားထင်ရှားသော ဘုရားသခင်သည် အလင်းဖြစ်တော်မူသည်။ သို့မဟုတ် သူတို့အားဖြင့်ထင်ရှားသော ခရစ်တော်၌ရှိသည့် ဘုရားသခင်သည် အလင်းဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ ထို့ကြောင့် သင်သည် ဤသို့သော လူတစ်စု၏ အလယ်သို့ ရောက်သည့်အခါ၊ ထိုနေရာတွင် တောက်ပခြင်းရှိသည်ကို ခံစားရမည်ဖြစ်သည်။

တည်ဆောက်ခြင်းရှိသောအသင်းတော်၏ အလယ်၌ မကြာခဏ သင်ရောက်ရှိသွားသောအခါ၊ သင်သည်လည်း ထိုနေရာ၌ အလင်းရှိ၍၊ တောက်ပခြင်းရှိနေသည်ကို ခံစားရလိမ့်မည်ဖြစ်သည်။ သင်သည် ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းနှင့် ဘုရားသခင်၏ အလိုတော်ကို ရှာဖွေခြင်းရှိသော်လည်း တစ်ခါတစ်ရံ သင်သည် မည်သို့ဖြေရှင်းရန် မသိနိုင်သော အတွင်းရေးပြဿနာရှိကောင်းရှိနိုင်သည်။ သို့သော် သင်သည် တည်ဆောက်ခြင်းရှိသော အသင်းတော်အစည်းအဝေးသို့ သွား၍၊ သူတို့အကြားတွင် ထိုင်နေသောအခါ၊ အလင်းဖွင့်ပြပေးခြင်းကို ခံစားရမည်ဖြစ်သည်။ တစ်ခါတစ်ရံ သူတို့၏ စည်းဝေးခြင်းအခြေအနေကြောင့်၊ သင်သည် အလင်းထွန်းလင်းခြင်းခံရ၍၊ ရှင်းလင်းမှုရှိလာမည်ဖြစ်သည်။ ဤသည်မှာ ထိုနေရာ၌ အလင်းရှိ၍၊ ဘုရားသခင်၏ ဘုန်းတော်သည် ထင်ရှားသောကြောင့်ဖြစ်သည်။ ဤသို့သောအခြေအနေမှာ အသင်းတော်သည် တည်ဆောက်ခြင်း ရှိကြောင်းကို ကျွန်ုပ်တို့အားပြောပြခြင်းဖြစ်သည်။ (*The Building Work of God*, pp. 93-95)

*ပို၍ဖတ်ရန်- The Building Work of God*, ch. 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ကြီးမြင့်သော မြို့ရိုးလည်းရှိ၏။ တံခါးပေါက်တစ်ဆယ့်နှစ်ပေါက် ၂၁း၁၂–၁၃ ရှိ၏။ ထိုတံခါးပေါက်၌ ကောင်းကင်တမန်တစ်ဆယ့်နှစ်ပါးရှိ၏။ အစ္စရေးအမျိုးတစ်ဆယ့်နှစ်မျိုး၏ နာမတို့သည် ထိုတံခါးပေါ်၌ ရေးထားလျက်ရှိ၏။ အရှေ့ဘက်၌ တံခါးသုံးပေါက်၊ မြောက်ဘက်၌တံခါးသုံးပေါက်၊ တောင်ဘက်၌ တံခါးသုံးပေါက်၊ အနောက်ဘက်၌ တံခါးသုံးပေါက် အသီးသီးရှိကြ၏။**

ယေရုရှလင်မြို့သစ်၌ တံခါးပေါက်များရှိပြီး(ဗျာ၊ ၂၁း၁၂–၁၃) မည်သူမဆို မြို့ထဲသို့ ဝင်ကာ ဘုရားသခင်၏ တည်ဆောက်ခြင်း၌ ပါဝင်ဆက်ဆံလိုလျှင် ဤတံခါးပေါက်များကို ဖြတ်သန်းရသည်။ ဤမြို့သည် စုစုပေါင်းတံခါးပေါက် တစ်ဆယ့်နှစ်ပေါက်ရှိသည်။ မျက်နှာပြင်လေးဘက်၌ တံခါးပေါက်များရှိသည်။ ဤသည်မှာ လူတို့အတွက် မြို့ထဲသို့ ဝင်ရောက်ရန်၊ အလွန်အဆင်ပြေစေပြီး၊ ထိုနေရာ၌ အခက်အခဲမရှိခြင်းကို ဆိုလိုသည်။ ယေရုရှလင်မြို့သစ်၌ ဂဏန်းနံပါတ်တစ်ဆယ်နှစ်သည် မကြာမကြာပါနေသည်ကို သတိပြုပါ။ ဤဖြစ်စဉ်၌ ဂဏန်းနံပါတ်တစ်ဆယ့်နှစ်သည် ဂဏန်းနံပါတ်လေး (ဘက်လေးဘက်–အရှေ့၊ အနောက်၊ တောင်၊ မြောက်) နှင့် သုံး (တစ်ဘက်တွင် တံခါးပေါက် သုံးပေါက်စီ) ကို မြောက်ခြင်းအားဖြင့် ရရှိလာခြင်းဖြစ်သည်။ နံပါတ်သုံးသည် လူတို့၏ အသက်ဖြစ်လာရန် ရှင်ပြန်ထမြောက်ခဲ့သော သုံးပါးတစ်ပါးဘုရားကို ရည်ညွှန်းသည်။ သုံးပါးတစ်ပါးဘုရားသည် လူနှင့်ဆက်နွယ်ခြင်းရှိနိုင်ရန်၊ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် လူ၏ အသက်ဖြစ်လာနိုင်ရန် ကြွလာခဲ့သည်။ ဤအဆင့်သုံးဆင့်ကို ဖြတ်ကျော်ခြင်းအားဖြင့် သုံးပါးတစ်ပါးဘုရားသည် လူတို့၏ အသက်ဖြစ်လာခဲ့သည်။ ဤအရာများအားလုံးကို နံပါတ်သုံးတွင် ရည်ညွှန်းထားသည်။ သမ္မာကျမ်းစာ၌ နံပါတ်လေးသည် ဖန်ဆင်းခံသတ္တဝါများကို ရည်ညွှန်းသည် (cf.၄း၆)။ ထို့ကြောင့် သုံးအမြောက် လေးသည် ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ဘုရားနှင့်လူ၏ပြည့်စုံသော ရောနှောပေါင်းစည်းခြင်းသည် တစ်ဆယ့်နှစ်ဖြစ်လာခဲ့သည်။ တစ်ဆယ့်နှစ်သည် ဘုရားသခင့်တည်ဆောက်ခြင်း၏ လုံးလုံးစုံလင်သောနံပါတ်နှင့် ထာဝရပြည့်ဝပြည့်စုံသောနံပါတ်ဖြစ်သည်။ ဘုရားသခင်အားဖြင့် တည်ဆောက်ထားသော အရာ မည်သည့်အရာမဆို ဘုရားနှင့်လူ၏ ရောနှောပေါင်းစည်းခြင်းရလဒ်ဖြစ်သည်။

ဤအရာကို ဖော်ပြရန် ကျွန်ုပ်တို့အသုံးပြုလေ့ရှိသောနံပါတ်သည် တစ်ဆယ့်နှစ်ဖြစ်သည်။ (*The Building Work of God,* pp. 98-99)

## ယနေ့ဖတ်စရာ

မြို့တံခါးပေါက်များသည် ပုလဲဖြစ်ခြင်းမှာ ပုလဲ၏သဘောသဘာဝနှင့် ကိုက်ညီခြင်းမရှိသောသူ မည်သူမဆို ၎င်းကို ပါဝင်ဆက်ဆံရန်အတွက် မြို့ထဲသို့မဝင်ရကြောင်းကို ရည်ညွှန်းသည်။ တံခါးပေါက်မှ မြို့ထဲသို့ဝင်ရောက်သော သူမည်သူမဆို သုံး နှင့် လေး မြောက်ခြင်းဖြစ်သော– သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ခရစ်တော်၌ ဖန်ဆင်းခြင်းအသစ်၊ ဘုရားနှင့် လူရောနှောပေါင်းစည်းခြင်း၏ရလဒ်ဖြစ်ရပေမည်။ ဤတည်ဆောက်ခြင်း၌ မြေကြီးဆိုင်ရာ၊ ဇာတိဆိုင်ရာတစ်စုံတစ်ခုကိုမျှ သင်ယူဆောင်လာ၍ မရနိုင်ပေ။ သဲမှုန်အားလုံးသည် မုတ်ကောင်၏ အနာအထဲသို့ ဝင်ရောက်ခြင်းအားဖြင့်ပြောင်းလဲရမည်။ လောကလူတိုင်းသည် ခရစ်တော်၏ ကားတိုင်အားဖြင့် သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ရမည်။ ဇာတိဖြစ်ခြင်းအားလုံးနှင့် ဇာတိဒြပ်သဘာဝအားလုံးတို့သည် ကားတိုင်၏ ဆက်ဆံဖြေရှင်းခံခြင်းအားဖြင့် ပုလဲ–ဖန်ဆင်းခြင်းအသစ်ဖြစ်လာရမည်။ ထိုအခါမှသာလျှင် သူတို့သည်တံခါးပေါက်မှ ဝင်ရောက်နိုင်မည်ဖြစ်သည်။

ဇာတိဖြစ်ခြင်းတစ်စုံတစ်ခု၊ လူ၏ အားစိုက်ထုတ်မှုတစ်စုံတစ်ခု၊ "ကြံဖန်ထားသော" အရာတစ်ခုခု၊ လူသားတို့၏စနစ်၊ နည်းလမ်းမှ ထွက်ပေါ်လာသောအရာတစ်ခုခု၊ သို့မဟုတ် ကားတိုင်ကို ဖြတ်ကျော်ခြင်းမရှိသေးသောအရာတစ်စုံတစ်ခုသည် သဲမှုန်သာဖြစ်ပြီး၊ သေခြင်းကို ဖြတ်ကျော်ခြင်းမရှိသည့်အတွက်ကြောင့် ပုလဲမဟုတ်ပါ။ ထို့ကြောင့် သင်သည် ဘုရားသခင်၏ တည်ဆောက်ခြင်းထဲ၌ (ဇာတိဖြစ်ခြင်းတစ်စုံတစ်ခု) ကိုမျှ ယူဆောင်မလာသင့်ပါ။ သင်သည် ယူဆောင်လာခဲ့သော်၊ ဘုရားသခင်၏ တည်ဆောက်ခြင်းကို ပျက်စီးစေလိမ့်မည်။ အသင်းတော်နှင့် ဘုရားသခင်၏ တည်ဆောက်ခြင်း၌ ပုလဲသာရှိရမည်ဖြစ်၍၊ သဲမှုန် သို့မဟုတ် မြေမှုန့်မရှိနိုင်ပါ။ အသင်းတော်ကို တည်ဆောက်ရာတွင် အရာအားလုံးတို့သည် ကားတိုင်ကို ဖြတ်ကျော်ရမည်ဖြစ်ပြီး၊ ခရစ်တော်၌ရှိခြင်းအားဖြင့် ဘုရားနှင့်လူရောနှောပေါင်းစည်းခြင်းဖြစ်ရမည်။ ဤဝင်ပေါက်တံခါး၏ သဘာဝနှင့် ကိုက်ညီခြင်းရှိသောအရာမှသာလျှင်၊ ဘုရားသခင်၏ တည်ဆောက်ခြင်းသို့ ယူဆောင်လာနိုင်သည်။

ယေရုရှလင်မြို့သစ်၌ လမ်းမလည်းရှိသည် (ဗျာ၊ ၂၁း ၂၁ခ)။ သမ္မာကျမ်းစာက မြို့သည် ရွှေစင်ဖြစ်၍(အငယ်၊၁၈)၊ မြို့လမ်းမသည်လည်း ရွှေစင်ဖြစ်ကြောင်းပြောဆိုထားသည် (အငယ်၊ ၂၁ခ)။ (*TheBuildingWork of God*,pp. 100,103-104)

ရွှေသည် ဘုရားဆိုင်ရာသဘောသဘာဝဖြစ်သည်။ အသက်ရေစီးရာမြစ်သည် "လမ်းမအလယ်၌" စီးဆင်းနေခြင်းမှာ ဘုရားသခင့်ရွေးနုတ်ခံများ၏ နေ့စဉ်အသက်တာအတွက် အတုမရှိသောလမ်းအဖြစ် ဘုရားသဘောသဘာဝ၌ စီးဆင်းနေသောဘုရားအသက်ကို ပုံဆောင်သည်။ သန့်ရှင်းသောနည်းလမ်းတည်းဟူသော ဘုရားအသက်နှင့် ဘုရားသဘောသဘာဝသည် အမြဲတမ်းအတူတကွသွားနေသည်။ ထို့ကြောင့် ဘုရားသခင်၏ အသက်ရေစီးရာမြစ်သည် ဘုရားဆိုင်ရာလမ်းတစ်လျှောက်တွင် အဆင်သင့်ရှိနေ၍၊ ကျွန်ုပ်တို့သည် ဤအသက်လမ်း၌ လျှောက်လှမ်းခြင်းအားဖြင့် အသက်ရေစီးရာမြစ်ကို မွေ့လျော်ဝမ်းမြောက်ကြရသည် (ဗျာ၊ ၂၂း၁၊ မှတ်စု ၆)။

တည်ဆောက်ခြင်းသည် လမ်းမတစ်ခုဖြစ်သည်။ သင်နှင့်ကျွန်ုပ်လုပ်ဆောင်နေသောအလုပ်သည် ဤလမ်းမဖြစ်သည်။ သင်နှင့်ကျွန်ုပ်တည်ဆောက်နေသော အသင်းတော်သည် ဤလမ်းမဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုလုံးလုံးငြင်းပယ်ခြင်းအားဖြင့် ဘုရားအသက်၌ အသက်ရှင်သောအခါတိုင်း၊ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းသည် အသင်းတော်ကို တည်ဆောက်ခြင်းကိုသာထွက်ပေါ်စေခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့အလယ်တွင် လူတို့ရောက်လာသောအခါ၊ သူတို့အား ဘုရားသခင်၏ လမ်းသို့ ဦးဆောင်ခြင်းကိုလည်း ထွက်ပေါ်စေသည်။ (*The Building Work of God*, p. 108)

*ပို၍ဖတ်ရန်-* *The Building Work of God*, ch. 8

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

__________________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

ဗျာ၊ **မြို့ရိုးကိုယ်သည် ဂျက်စပါကျောက်ဖြစ်၏။ မြို့သည်လည်း ကြည်**
၂၁း၁၈ **လင်သောဖန်နှင့်တူသောရွှေစင်ဖြစ်၏။**
၁၉ **မြို့ရိုးအမြစ်တို့သည် ကျောက်မြတ်အမျိုးမျိုးနှင့်ပြည့်စုံကြ၏။ ပထမအမြစ်ကား၊ ဂျက်စပါကျောက်ဖြစ်၏။ ဒုတိယအမြစ်ကား နီလာ၊ တတိယအမြစ်ကား မဟူရာ၊ စတုတ္ထအမြစ်ကား မြ၊**
၁၁ **ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်စုံလျက်၊ ထိုမြို့၏အရောင်အဝါသည် ကျောက်သလင်းကဲ့သို့ ကြည်လင်၍၊ ဂျက်စပါကျောက်သို့၊ အမြတ်ဆုံးသော ကျောက်မြတ်မွန်နှင့်တူ၏။**

ယေရုရှလင်မြို့သစ်၏ မြို့ရိုးကို ကြည့်ကြပါစို့။ မြို့ရိုးကိုယ်သည် ဂျက်စပါကျောက်ဖြစ်ပြီး(ဗျာ၊ ၂၁း၁၈)၊ မြို့၏ အရောင်အဝါသည် ဂျက်စပါကျောက်နှင့်တူ၏ (အငယ်၊၁၁)။ ကျွန်ုပ်တို့သည် ဤအရာကိုမြင်ပါသလား။ မြို့၏ထင်ရှားခြင်းသည် ဘုရားသခင်၏ ထင်ရှားခြင်းနှင့်တူသည်။ ပလ္လင်တော်ပေါ် တွင်ထိုင်နေသော ဘုရားသခင်သည် ဂျက်စပါကျောက်ဖြစ်သကဲ့သို့(၄း ၂–၃)၊ ထိုမြို့သည်လည်း ဂျက်စပါကျောက်ကဲ့သို့ ဖြစ်သည်။

ယေရုရှလင်မြို့သစ်သည် လူ၌ ဘုရား၏ပြည့်ဝသောထင်ရှားခြင်းနှင့် ကြီးမားကျယ်ပြန့်လာခြင်းဖြစ်သည်။ အလေ့အလာအရ၊ ဤကြီးမားကျယ်ပြန့်ခြင်း၊ ဤပြည့်ဝထင်ရှားခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင်နှင့်တူညီသည်။ ဘုရားသခင်၏ပုံပန်းသဏ္ဌာန်သည် ဂျက်စပါကျောက်နှင့်တူ၍၊ မြို့၏ပုံပန်းသဏ္ဌာန်သည်လည်း ဂျက်စပါကျောက်နှင့်တူသည်။ နှစ်ခုစလုံးသည် ခြားနားခြင်းမရှိဘဲ၊ တစ်ထပ်တည်းဖြစ်သည်။ နောက်ဆုံးတွင် ဗျာ၊၄ ၌ရှိသော ပထမဆုံးသောရုပ်ပုံမှာ ဗျာ၊ ၂၁ ၌ရှိသော ဒုတိယရုပ်ပုံ၌ ပါဝင်သည်။ ဗျာ၊ ၂၁ ၌ရှိသောမြို့သည် ဖြစ်တည်လာသောအခါ၊ ဗျာ၊၄ ၌ရှိသော ပလ္လင်တော်သည် ဤမြို့၌ ပါဝင်သည်။ ထို့ကြောင့် ဤမြို့သည် ဘုရားသခင်ကိုယ်တော်တိုင်၏ ထင်ရှားခြင်းဖြစ်သည်။ (*The Building Work of God*, pp. 115-116)

## ယနေ့ဖတ်စရာ

ယေရုရှလင်မြို့သစ်သည် တိုက်မြစ်များရှိသောမြို့ဖြစ်သည်(ဟေဗြဲ၊ ၁၁း၁၀)။ ၎င်းတို့မှာ အဖိုးတန်ကျောက်တစ်မျိုးစီဖြင့် ပုံဆောင်ထားသော သိုးသူငယ်၏ တမန်တော်

တစ်ဆယ့်နှစ်ပါးဖြစ်သည်(အငယ်၊၁၄)။ ရှိမုန်သည် သခင်ဘုရားထံသို့ ရောက်သောအခါ၊ သခင်ဘုရားသည် သူ့ကို ပေတရုဟူသောအမည်ဖြင့် ပြောင်းလဲပေးခဲ့သည်။ ၎င်းမှာ ကျောက်ဟုအဓိပ္ပါယ်ရသည် (ယော၊ ၁း၄၂)။ ထို့နောက် သခင်ဘုရားသည် အသင်းတော် တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ပြောဆိုသောအခါ၊ သူ့အား ပေတရုဟူ၍ ခေါ် ဆိုခဲ့သည် (မ၊၁၆း၁၈)။ အဖိုးတန်ကျောက်များမှာ တိုက်ရိုက်ဖန်ဆင်းထားခြင်းမဟုတ်ဘဲ၊ ဖန်ဆင်း ခံအရာများ ပုံသဏ္ဍာန်ပြောင်းလဲကာ ဖြစ်ပေါ် လာခြင်းဖြစ်သည်။ တမန်တော်များအား လုံးသည် မြေမှုန့်ဖြင့် ဖန်ဆင်းခံခဲ့ကြရသော်လည်း၊ သူတို့သည် ဘုရားသခင်၏ထာဝရ တည်ဆောက်ခြင်းအတွက် အသစ်တစ်ဖန်မွေးဖွားခံခြင်းဖြင့် အဖိုးတန်သောကျောက်များ အဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲလာခဲ့ကြသည်။ ယုံကြည်သူတိုင်းသည် အသစ်တစ်ဖန်မွေး ဖွားခြင်းခံ၍၊ ပုံသဏ္ဍာန်ပြောင်းလဲလာရန်လိုအပ်သည်။ သို့မှသာ သူသည် ယေရုရှလင်မြို့ သစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်လာပေမည်။ (ဗျာ၊ ၂၁း၁၉၊ မှတ်စု ၁)

ယေရုရှလင်မြို့သစ်သည် "ကြီးမြင့်သော မြို့ရိုး"လည်းရှိသောမြို့ဖြစ်သည် (ဗျာ၊ ၂၁း၁၂က)။ မြို့ရိုးသည် ခွဲခြားခြင်းနှင့်ကာကွယ်ခြင်းအတွက်ဖြစ်သည်။ သန့်ရှင်းသောမြို့ တည်းဟူသော ယေရုရှလင်မြို့သစ်သည် ဘုရားသခင်ထံသို့ လုံးလုံးခွဲခြားထားခြင်းခံရ၍၊ ဘုရားသခင်စိတ်ဝင်စားသောအရာများကို အပြည့်အဝကွယ်ကာထားသည်။ (*The Conclusion of the New Testament,* p. 2721)

မြို့ရိုးသည် ဘုရားသခင်ကိုဆောင်၍၊ ဘုရားသခင်ကို ထင်ရှားရုံသာမက၊ ၎င်း သည် နယ်နမိတ်လည်းဖြစ်သည်။ ဤမြို့ရိုးထဲ၌ရှိသောအရာတိုင်းသည် ယေရုရှလင်မြို့ သစ်ဖြစ်၍၊ ဤမြို့ရိုး၏ အပြင်ဘက်၌ရှိသောအရာတိုင်းသည် ယေရုရှလင်မြို့သစ်မဟုတ် ပါ။ အခြားသောစကားလုံးအားဖြင့် ဤမြို့ရိုးအထဲ၌ရှိသောအရာအားလုံးသည် ဘုရား သခင်၏ တည်ဆောက်ခြင်းဖြစ်၍၊ ဤမြို့ရိုး၏ အပြင်ဘက်၌ရှိသောအရာအားလုံး ဘုရား သခင်၏ တည်ဆောက်ခြင်းမဟုတ်ပါ။

အသင်းတော်၌ နယ်နမိတ်ရှိသည်။ ဤအသင်းတော်၏ နယ်နမိတ်သည် ဘုရား သားများ၏ စေ့စပ်ထုံးဖွဲ့ခြင်းရလဒ်ဖြစ်သည်။ အသင်းတော်၌ အရေအတွက်များစွာသော သန့်ရှင်းသူများသည် အတူတကွတည်ဆောက်ခြင်းရှိသည်ဆိုပါက၊ ထိုနေရာ၌ လောကနှင့် အသင်းတော်အကြားတွင် ကြီးမြင့်သောမြို့ရိုးနှင့် ကြည်လင်ပြတ်သားသောနယ်နမိတ် ရှိလိမ့်မည်ဖြစ်သည်။ အသင်းတော်၌ လူတို့ပိုင်ဆိုင်သောအရာများမှ ဘုရားသခင်ပိုင်ဆိုင် သောအရာ၊ မြေကြီးပိုင်းဆိုင်ရာအရာများမှ ကောင်းကင်ပိုင်းဆိုင်ရာအရာ၊ ဖန်ဆင်းခြင်း အဟောင်းမှ ဖန်ဆင်းခြင်းအသစ်ကို ခွဲခြားသိမြင်ရန် လွယ်ကူစေမည်ဖြစ်သည်။ ထို့အပြင်

ဤအရာများကို သွန်သင်ခြင်းအားဖြင့် မဟုတ်ဘဲ၊ တည်ဆောက်ခြင်းအားဖြင့် ခွဲခြားသိမြင်နိုင်ခြင်းဖြစ်သည်။ သင်သည် ဘုရားသခင်အား အသင်းတော်၌ တည်ဆောက်စေရန် အလိုရှိသည်ဆိုပါက၊ ဤနေရာတွင် နယ်နမိတ်ရှိ၍၊ ဤနယ်နမိတ်သည် ဘုရားသခင်၏ ရောနှောပေါင်းစည်းခြင်းနှင့် စေ့စပ်ထုံးဖွဲ့ခြင်းအားဖြင့် ဖြစ်တည်လာသည်ကို မြင်ရန်လိုအပ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ပေါင်းစည်းခြင်းဖြင့် ကျွန်ုပ်တို့ထဲ၌ ပေါင်းစပ်ဖွဲ့စည်းသည်ဆိုပါက၊ ကျွန်ုပ်တို့သည် ချက်ချင်းပင်ခွဲခြားခြင်းအတွက် နယ်နမိတ်ရှိလာလိမ့်မည်ဖြစ်သည်။

အကျဉ်းချုပ်အားဖြင့် ယေရုရှလင်မြို့သစ်၏ တံခါးပေါက်တို့သည် ပုလဲများဖြစ်၍၊ လမ်းမနှင့် မြို့သည် ကြည်လင်သော ရွှေ၊ မြို့ရိုးသည် ဂျက်စပါကျောက်နှင့် မြို့တိုက်မြစ်သည် အဖိုးတန်ကျောက်အမျိုးအစားတစ်ဆယ့်နှစ်မျိုးဖြစ်သည်။ ဘုရားသခင်သည် သင့်အထဲ၌ ဖိအားပေးခြင်းအလုပ်၊ မီးအားဖြင့် သန့်ရှင်းစင်ကြယ်ပေးခြင်းအလုပ်နှင့် စေ့စပ်ထုံးဖွဲ့ခြင်းအလုပ်ကို လုပ်ဆောင်နေပြီး၊ အဖိုးတန်ကျောက်ဖြစ်သော မြို့ရိုးကိုယ်သည် သင်၌ထင်ရှားလာမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်အားဖြင့် လုပ်ဆောင်ခြင်းခံရပြီဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ဆောက်ခြင်းဖြစ်လာရန် အတူတကွတည်ဆောက်ခံရလိမ့်မည်ဖြစ်သည်။ နေရာတိုင်းရှိ အသင်းတော်များသည် တည်ဆောက်ခြင်းရှိသော ဤအခြေအနေအားလုံးကို ထင်ရှားနိုင်ပါမည့်အကြောင်း သခင်ဘုရားသည် ကျွန်ုပ်တို့အပေါ် သို့ ကရုဏာတော်သက်ရောက်ပါစေ။ (*The Building Work of God*, pp.119-120, 124)

*ပို၍ဖတ်ရန်-* *The Building Work of God*, ch.9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

______________________________________________________

## HYMN, E # 522

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ----------

# ကိုယ်ခန္ဓာတော်ကြီးထွားခြင်းအတွက်ကိုယ်ခန္ဓာတော် ၌ ဆက်ကပ်ပူဇော်သောအသက်တာနှင့် ကိုယ်ခန္ဓာတော် အဖို့ အမှုဆောင်သောအသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၊ ၂း၁၇။ ရော၊ ၁၂း၁။ ၁ယော၊ ၅း၁၆က။ ၂ကော၊ ၄း၁၂။ ၔ၊ ၄း၁၃–၁၆။ ကော၊ ၂း၁၉

*Day 1*

## I. ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့သည် ဆက်ကပ်ပူဇော်သောအသက်တာကို အသက်ရှင်ရန် လိုအပ်သည် (ရော၊ ၁၂း၁)။

က။ စပျစ်ပင်သည် ဆက်ကပ်ပူဇော်ခဲ့သောခရစ်တော်ကို ပုံဆောင်သည်။ ထိုခရစ်တော်သည် မိမိကိုယ်တော်တိုင်၏ အရာခပ်သိမ်းကို ပူဇော်ဆက်ကပ်ခဲ့ပြီး၊ ကိုယ်တော်၏ ပူဇော်ခြင်းမှ ထွက်ပေါ်လာသည့် အသစ်သောစပျစ်ရည်သည် ဘုရားနှင့်လူကို ရွှင်လန်းဝမ်းမြောက်စေခြင်းဖြစ်သည် (တရား၊ ၉း၇။ သူကြီး၊ ၉း၁၃။ ဆာ၊ ၁၀၄း၁၅က)။

၁။ ခရစ်တော်သည် စပျစ်ရည်ကိုထုတ်လုပ်ပေးသောသူဖြစ်ပြီး၊ ဘုရားသခင်နှင့် အခြားသူများရွှင်လန်းဝမ်းမြောက်စေဖို့ စပျစ်ရည်ကိုထုတ်လုပ်ပေးရန် မိမိကိုယ်တော်တိုင်ကို ပူဇော်ခဲ့ခြင်းဖြစ်သည်။ ခရစ်တော်သည် စပျစ်ပင်အဖြစ် ဘုရားသခင်နှင့် အခြားသူများအတွက် ပျော်ရွှင်မှုကိုဖြစ်စေသည် (သူကြီး၊ ၉း၁၃။ ဆာ၊ ၁၀၄း၁၅က)။

၂။ သခင်ဘုရား၏ အုပ်စိုးမှုအောက်၌ ကျွန်ုပ်တို့သည် သူတစ်ပါးကို ပျော်ရွှင်စေဖို့ မိမိတို့ကိုယ်တိုင်ဆက်ကပ်ပူဇော်ရန် လိုအပ်သည့် အခြေအနေထဲတွင် ရှိကောင်းရှိပေမည် (ရော၊ ၁၂း၁။ ၔ၊ ၅း၂)။

(က) ထိုသို့သောအခြေအနေ၏ အလယ်တွင် ကျွန်ုပ်တို့သည် သခင်ဘုရားကို ထိတွေ့ဆက်သွယ်ပါက၊ ကိုယ်တော့်ကို စပျစ်ရည်ထုတ်လုပ်ပေးသောစပျစ်ပင်အဖြစ်လည်းကောင်း၊ ဘုရားနှင့် အခြားသူများကို ရွှင်လန်းဝမ်းမြောက်စေသူအဖြစ်လည်းကောင်း တွေ့ကြုံခံစားရလိမ့်မည်ဖြစ်သည် (ဖိ၊ ၃း၁က)။

(ခ) ခရစ်တော်ကို စပျစ်ပင်အဖြစ် တွေ့ကြုံခံစားခြင်း၏ အကျိုး ရလဒ်မှာ ကိုယ်တော်၌၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော် အားဖြင့် ကျွန်ုပ်တို့သည် ဘုရားနှင့်လူကို ရွှင်လန်းဝမ်း မြောက်စေသည့် တစ်စုံတစ်ရာကို ထုတ်လုပ်ပေးသော စပျစ်ပင်ဖြစ်လာခြင်းဖြစ်သည် (သူကြီး၊၉း၁၃)။

၃။ ကျွန်ုပ်တို့သည် စပျစ်ပင်အားဖြင့်ပုံဆောင်သော ခရစ်တော်ကို ထိတွေ့ဆက်သွယ်ပြီး၊ ကိုယ်တော်၏ ဆက်ကပ်ပူဇော်သော အသက်တာကို တွေ့ကြုံခံစားပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့ အား ဆက်ကပ်ပူဇော်သောအသက်တာကို အသက်ရှင်ရန်လှုံ့ ဆော်လိမ့်မည်ဖြစ်သည်။ ထိုအသက်တာသည် အခြားသူများနှင့် သခင်ဘုရားကို ပျော်ရွှင်စေရန် စပျစ်ရည်ကို ထုတ်လုပ်ပေးခြင်း ဖြစ်သည် (ရော၊၁၂း၁။ ဧ၅း၂။ ၂ကော၊၁း၂၄)။

(က) မိမိတို့ကိုယ်တိုင်၌ ကျွန်ုပ်တို့သည် ဆက်ကပ်ပူဇော်သော အသက်တာကို အသက်ရှင်ရန် မတတ်စွမ်းနိုင်ကြပါ။ အကြောင်းမှာ ကျွန်ုပ်တို့၏ အသက်တာသည် ဇာတိ အသက်တာ၊ တစ်ကိုယ်ကောင်းဆန်သောအသက်တာ ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ထိတွေ့ဆက် သွယ်ပြီး၊ ကိုယ်တော်၏ ဆက်ကပ်ပူဇော်သောအသက် တာကို တွေ့ကြုံခံစားပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့ အား ဘုရားသခင်နှင့် အခြားသူများအတွက် ဆက်ကပ်ပူ ဇော်ရန် လှုံ့ဆော်ကာ၊ အားဖြည့်ပေးမည်ဖြစ်သည် (မ၊ ၁၆း၂၅။ ယော၊၁း၂၉။ ၂၀း၂၂။ ၁ကော၊၁၅း၄၅ခ။ ၆း ၁၇။ ဖိ၊၄း၁၃။ ရော၊၁၂း၁။ ဧ၅း၂)။

(ခ) ကျွန်ုပ်တို့သည် ခရစ်တော်၏ ဆက်ကပ်ပူဇော်သောအသက် တာနှင့်အတူ စပျစ်ပင်အဖြစ် ကိုယ်တော်ကို ပို၍တွေ့ကြုံ ခံစားလေလေ၊ ဘုရားနှင့် အခြားသူများပျော်ရွှင်စေဖို့ မိမိတို့ကိုယ်တိုင်ကို ယဇ်ပူဇော်ရန် ကျွန်ုပ်တို့သည် ပို၍လှုံ့ ဆော်ခံရလေလေဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် ထိတွေ့ဆက်သွယ်သောသူတို့အတွက် ပျော်ရွှင်မှုနှင့် ဘုရား

သခင်အတွက် ရှင်လန်းဝမ်းမြောက်ခြင်းကို ယူဆောင်လာလိမ့်မည်ဖြစ်သည် (၂ကော၊၁း၂၄။ ၅း၁၃က)။

*Day 2*

ခ။ စပျစ်ရည်ကိုထုတ်လုပ်ပေးသည့် စပျစ်ပင်အဖြစ် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းအားဖြင့်လည်းကောင်း၊ အသစ်သောစပျစ်ရည်တည်းဟူသော ကိုယ်တော်နှင့်ဖြည့်ခံခြင်းအားဖြင့်လည်းကောင်း ကျွန်ုပ်တို့သည် ကိုယ်တော်၌၊ ကိုယ်တော်နှင့်အတူ သွန်းလောင်းရာပူဇော်သက္ကာဖြစ်လာပြီး၊ ဘုရားနှင့် လူကို ရှင်လန်းဝမ်းမြောက်စေနိုင်မည်ဖြစ်သည် (က၊၃၅း၁၄။ ထွက်၊၂၉း၄၀–၄၁။ ဖိ၊၂း၁၇။ ၂တိ၊၄း၆)။

၁။ သွန်းလောင်းရာပူဇော်သက္ကာသည် ခရစ်တော်ကိုယ်တော်တိုင်ကိုသာမက၊ ကျွန်ုပ်တို့ကို မိမိကိုယ်တော်တိုင်နှင့်ပျော်ဝင်ပြည့်ဝစေသည့် အသစ်သောစပျစ်ရည်အဖြစ် ခရစ်တော်ကိုပုံဆောင်ခြင်းလည်းဖြစ်သည်။ ယင်းမှာ ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းနှင့် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် သွန်းလောင်းခံရရန် ကိုယ်တော်နှင့် ကျွန်ုပ်တို့ကို တစ်လုံးတစ်ဝတည်းဖြစ်လာသည့်တိုင်အောင် ပျော်ဝင်ပြည့်ဝစေခြင်းဖြစ်သည် (မ၊၉း၁၇။ ၂တိ၊၄း၆။ က၊၃၅း၁၄)။

၂။ သွန်းလောင်းရာပူဇော်သက္ကာဆိုသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဆက်ကပ်ပူဇော်သောအသက်တာ၌ ကိုယ်တော်ကဲ့သို့ဖြစ်လာသောအတိုင်းအတာရောက်သည့်အထိ ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေသော ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းဖြစ်သည် (ဖိ၊၂း၁၇။ ၂တိ၊၄း၆)။

*Day 3*

## II. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ ဆက်ကပ်ပူဇော်အသက်တာကို အသက်ရှင်သောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အဖို့ အသက်ကို အမှုဆောင်ကြသည် (၁ယော၊၅း၁၆က။ ရော၊၈း၂၊ ၆၊ ၁၀–၁၁။ ၁ေ၊၄း၁၆)။

က။ ကျွန်ုပ်တို့တွင်ရှိသောအရာခပ်သိမ်းသည် ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အားဖြင့်၊ ကိုယ်ခန္ဓာတော်အတွက်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်

အားဖြင့်၊ ကိုယ်ခန္ဓာတော်အတွက်ဖြစ်သင့်ပါသည် (အငယ်၊၁၆)။

ခ။ ကိုယ်ခန္ဓာတော်ကို အင်္ဂါဝင်များ၏ အပြန်အလှန်မစထောက်ပင့်မှု အားဖြင့် တည်ဆောက်ထားသည်။ ဘုရားသခင်သည် အင်္ဂါဝင်တိုင်း အားဖြင့် ကိုယ်ခန္ဓာတော်အဖို့ အသက်ကိုပေးပို့ခြင်းဖြစ်သည် (အငယ်၊ ၁၆)။

ဂ။ ခရစ်တော်ထံမှ လက်ခံရရှိသောအရာနှင့်သာ ကိုယ်ခန္ဓာတော်ကို မစ ထောက်ပင့်နိုင်သည်။ ကျွန်ုပ်တို့အမှုဆောင်ခြင်း၏ အတိုင်းအတာကို ကျွန်ုပ်တို့၌ရှိသော ခရစ်တော်၏ အတိုင်းအတာအားဖြင့် ဆုံးဖြတ် ခြင်းဖြစ်သည် (အငယ်၊၁၅–၁၆)။

၁။ ကိုယ်ခန္ဓာတော်၌ အသုံးဝင်ဆုံးသော၊ တစ်ခုတည်းသောအရာ မှာ ကျွန်ုပ်တို့အထဲသို့ထည့်သွင်းခံရသော ခရစ်တော်ဖြစ်ပြီး၊ ကိုယ်တော်သည်သာ အခြားသူများအတွက် အသက်၏မစရာ ကို ပေးနိုင်ခြင်းဖြစ်သည် (၃း၁၆–၁၇)။

၂။ ကိုယ်ခန္ဓာတော်အဖို့ ကျွန်ုပ်တို့အမှုဆောင်သောအရာသည် ခရစ်တော်ဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်လက်ခံရရှိသောအရာသည် လည်း ခရစ်တော်ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်သည် ကိုယ်ခန္ဓာတော်တွင် အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူသည် (ကော၊၃း၄။ ၁၀–၁၁။ ၁၅–၁၆)။

Day 4

၃။ ဦးခေါင်းတော်ဖြစ်သော ခရစ်တော်ထံမှ ကျွန်ုပ်တို့လက်ခံရရှိ သောအရာကို ကိုယ်ခန္ဓာတော်သည် အလိုအလျောက် လက်ခံရ ရှိသည်။ အကြောင်းမှာ ကျွန်ုပ်တို့၌ရှိသောအရာသည် ကိုယ်ခန္ဓာ တော်၏ အရာဖြစ်ပြီး၊ ၎င်းကို ဆက်လက်ပေးပို့ရန် ရုန်းကန်ကြိုး စားဖို့မလိုအပ်ပေ (ယော၊၁း၁၆။ ဧ၊၃း ၂။ ၂ကော၊၁၂း၉။ ၁ကော၊ ၁၅း၁၀)။

ဃ။ ထိုနေရာ၌ ကားတိုင်ရှိပြီး၊ အသက်၏ အမှုတော်လည်းရှိသည်။ ကိုယ် ခန္ဓာတော်အဖို့ အသက်ကို အမှုဆောင်ရန် အသုံးဝင်သောနည်းလမ်း မှာ သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့အသက်တာ၏ ပုံမှန်လမ်းကြောင်း ၌ ကျွန်ုပ်တို့တွင် ကားတိုင်၏ ပူးပေါင်းပါဝင်ခြင်းကို အခွင့်ပေးခြင်း ဖြစ်သည် (၂ကော၊၄း၁၀–၁၂)။

၁။ “သေခြင်းသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းသည် ပြုပြင်တတ်၏”ဆိုသည်မှာ ကိုယ်ခန္ဓာတော်၏စွဲမြဲခိုင်မာသောအလေ့အလာဖြစ်သည် (အငယ်၊၁၂)။

၂။ ကားတိုင်၏နည်းလမ်းအားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်ယူဆောင်သောမည်သည့်အရာမဆို ကိုယ်ခန္ဓာတော်၌ အလိုအလျောက် အသက်၏တိုးပွားခြင်းကို ယူဆောင်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် လျှို့ဝှက်စွာတွေ့ကြုံခံစားသောအရာမှာ ကိုယ်ခန္ဓာတော်အဖို့ အသက်ကိုအမှုဆောင်ရန် ပြည့်စုံလုံလောက်ပေသည် (မ၊၆း၁၆–၁၈။ ကော၊၃း၃–၄)။

၃။ ကိုယ်ခန္ဓာတော်ကို အသက်၏ထိတွေ့ဆက်သွယ်ပေးခြင်းအားဖြင့် အမှုဆောင်ခြင်းဖြစ်ပြီး၊ သေခြင်းသည် ကျွန်ုပ်တို့၌ ပြုပြင်ပေးသကဲ့သို့၊ အသက်သည်လည်း ကိုယ်ခန္ဓာတော်နှင့်ထိတွေ့ဆက်သွယ်ပေးသည် (၂ကော၊၄း၁၂)။

င။ အတွင်းပိုင်းဆိုင်ရာစစ်မှန်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်အဖို့ အသက်ကိုအမှုဆောင်ကြပြီး၊ သန့်ရှင်းသောဝိညာဉ်တော်သည် မှန်ကန်သော၊ စစ်မှန်သောအရာကိုသာ သက်သေခံလိမ့်မည်ဖြစ်သည် (ယော၊၁၆း၁၃။ ၁ယော၊၅း၆)။

စ။ အသက်၏ အမှုတော်အားဖြင့် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို အစေခံကြပြီး၊ ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းကို ထောက်မပေးခြင်းဖြစ်သည်။ သခင်ဘုရားထံမှ ကျွန်ုပ်တို့လက်ခံရရှိသောအသက်သည် ကိုယ်ခန္ဓာတော်အထဲသို့ စီးဆင်းသောအခါ၊ ကိုယ်ခန္ဓာတော်၏ပမာဏအရပ်သည် တိုးပွားလာသည် (ဧ၊၄း၁၃–၁၄)။

*Day 5* **III. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းအတွက် ကိုယ်ခန္ဓာတော်အဖို့ အသက်ကို အမှုဆောင်ရန် လိုအပ်သည် (ကော၊၂း၁၉။ ဧ၊၄း၁၅–၁၆)။**

က။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကိုယ်ခန္ဓာတော်အထဲသို့ ခရစ်တော်၏ အသက်ကို စီးဆင်းရန်အတွက် လမ်းကြောင်းများတည်းဟူသောအင်္ဂါဝင်များကို အသုံးပြုရန်နှင့် သူတို့အားဖြင့် ကိုယ်ခန္ဓာတော်၏အတိုင်းအတာပမာဏကို တိုးပွားလာစေရန်ဖြစ်သည် (၂ကော၊၄း

၁၂။ ဧ၄း၁၆)။

ခ။ ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် ဦးခေါင်းတော်ဖြစ်သော ခရစ်တော်ထံမှ ထွက်ပေါ်လာသောအရာပေါ်တွင် မူတည်နေခြင်းဖြစ်သည် (အငယ်၊၁၅–၁၆)။

၁။ ဦးခေါင်းတော်ကို ကိုင်စွဲခြင်းအားဖြင့် ကိုယ်ခန္ဓာတော်ကို ထောက်ပင့်မစသောအခါ၊ ကိုယ်ခန္ဓာတော်သည် ဘုရားသခင်၏ ကြီးထွားခြင်းနှင့်အတူ ကြီးထွားခြင်းဖြစ်သည် (ကော၊ ၂း၁၉)။

၂။ ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်မှထွက်ပေါ်လာသော အရာဖြင့် ကြီးထွားခြင်းဖြစ်သည်။ အကြောင်းမှာ မစမှုအားလုံးသည် ဦးခေါင်းတော်မှလာခြင်းဖြစ်သည် (ဧ၄း၁၅–၁၆)။

ဂ။ ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းသည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားသခင်၏ ကြီးထွားခြင်း၊ ဘုရားသခင်၏ ပေါင်းထည့်ခြင်း၊ ဘုရားသခင်၏ တိုးပွားခြင်းအပေါ်တွင် မူတည်နေခြင်းဖြစ်သည် (ကော၊ ၂း၁၉)။

၁။ ဘုရားသခင်သည် အတွင်းကျသောနည်းလမ်းတွင် ကျွန်ုပ်တို့အဖို့ မိမိကိုယ်တော်တိုင်ကို ပေးဝေခြင်းဖြင့် ကြီးထွားမှုကို ပေးခြင်းဖြစ်သည်။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပို၍ထပ်ဖြည့်ပေးလေလေ၊ ကိုယ်တော်သည် ကြီးထွားမှုကို ပို၍ပေးလေလေဖြစ်သည်။ ဤအရာသည် ကြီးထွားမှုကိုပေးသော ဘုရားသခင်၏ နည်းလမ်းဖြစ်သည် (၁ကော၊၃း၆–၇)။

၃။ ဘုရားသခင်တစ်ပါးတည်းသာ ကြီးထွားခြင်းကို ပေးနိုင်သည်။ ဘုရားသခင်တစ်ပါးတည်းသာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးဝေခြင်းဖြစ်ပြီး၊ ကိုယ်တော်မပါဘဲ၊ ကျွန်ုပ်တို့သည် ကြီးထွားခြင်းမရှိနိုင်ပေ (အငယ်၊၆–၇)။

(က) ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ပေါင်းထည့်ခြင်းသည် ကိုယ်တော်ပေးသောကြီးထွားခြင်း ဖြစ်သည်။

(ခ) ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးထွားခြင်းကို ပေးခြင်းဆိုသည်မှာ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို

ကျွန်ုပ်တို့အား ပေးဝေခြင်းဖြစ်ကြောင်း အဓိပ္ပာယ်ရသည် (ရော၊၈း၁၁)။

*Day 6*

ဃ။ ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ခြင်းဖြစ်သည် (ဧ၊၄း၁၆။ ကော၊၂း၁၉)။

၁။ ဧ၊၄း၁၁–၁၆သည် ဓမ္မသစ်ကျမ်း၏ အထူးဖြစ်သောနေရာကို ရယူထားခြင်းဖြစ်သည်။ အကြောင်းမှာ ၎င်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းနှင့်စပ်လျဉ်းသော နက်နဲမှုကို ပြသသောကြောင့်ဖြစ်သည်။

၂။ ခရစ်တော့်ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် အသင်းတော်၌ ခရစ်တော်၏ တိုးပွားခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်ခန္ဓာတော်ကိုယ်တိုင် အားဖြင့် ကိုယ်ခန္ဓာတော်၏ တည်ဆောက်ခြင်းကို အကျိုးသက်ရောက်စေခြင်းဖြစ်သည် (အငယ်၊၁၆၊ ၃း၁၇က)။

(က) ခရစ်တော်သည် သန့်ရှင်းသူများအထဲသို့ ဝင်ရောက်ပြီး၊ သူတို့အထဲ၌ အသက်ရှင်သောအခါ၊ သန့်ရှင်းသူများအတွင်း၌ရှိသော ခရစ်တော်သည် အသင်းတော်ဖြစ်လာသည် (ကော၊၃း၁၀–၁၁)။

(ခ) ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့အတွင်း၌ရှိသော ခရစ်တော်၏ကြီးထွားခြင်းအားဖြင့် ကြီးထွားခြင်းဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်သည် ဤနည်းလမ်းကို တည်ဆောက်ခြင်းဖြစ်သည် (၁း၁၈။ ၂း၁၉)။

## နံနက်ခင်းကျွေးမွေးခြင်း

**သူကြီး၊ ၉း၁၃** **စပျစ်ပင်က ဘုရား၏စိတ်နှင့် လူ၏စိတ်ကို ရွှင်လန်းစေသော ငါ့စပျစ်ရည်ကို ငါသည် စွန့်၍၊ သစ်ပင်တို့အပေါ်မှာ လွှမ်းမိုးရမည်လောဟု ဆို၏။**

**ရော၊ ၁၂း၁** **ညီအစ်ကိုတို့၊ အသက်ရှင်ခြင်း၊ သန့်ရှင်းခြင်း၊ ဘုရားသခင်နှစ်သက်တော်မူခြင်းနှင့်ပြည့်စုံသောယဇ်အဖြစ် သင်တို့၏ကိုယ်ခန္ဓာများကို ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သောအမှုကိုပြုမည် အကြောင်း ဘုရားသခင်၏စာနာသနားခြင်းများကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။**

စပျစ်ပင်သည် မည်သည့်အရာကို ကိုယ်စားပြုပုံဆောင်ထားသနည်း။ သူကြီး၊၉း ၁၃တွင် စပျစ်ပင်က "ဘုရား၏စိတ်နှင့် လူ၏စိတ်ကို ရွှင်လန်းစေသော ငါ့စပျစ်ရည်ကို ငါသည် စွန့်၍၊ သစ်ပင်တို့အပေါ်မှာ လွှမ်းမိုးရမည်လော"ဟု ပြောဆိုထားသည်။ ယင်းမှာ မိမိကိုယ်တော်တိုင်၏ အရာခပ်သိမ်းကို ဆက်ကပ်ပူဇော်ခဲ့သော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။သို့သော်လည်း ယင်းမှာ အဓိကအချက် မဟုတ်ပေ။ အဓိကပုံဆောင်ချက်မှာ ခရစ်တော်၏ အသေခံခြင်းအားဖြင့် ဘုရားနှင့် လူကို ရွှင်လန်းဝမ်းမြောက်စေသော စပျစ်ရည်ကို ထုတ်လုပ်ပေးခြင်းဖြစ်သည်။ (*The All-inclusive Christ,* p. 58)

## ယနေ့ဖတ်စရာ

သင်၌ ခရစ်တော်၏ ဤသို့သောအတွေ့အကြုံမျိုးရှိပြီလား။ ကျွန်ုပ်တို့သည် များသောအားဖြင့် ဤသို့သောအတွေ့အကြုံအချို့ကို တွေ့ကြုံခဲ့ကြကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဤအရာများကို အထူးသတိပြု၊ ဂရုစိုက်ခြင်းမရှိခဲ့ကြပေ။ ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ၌ သခင်ဘုရား၏ အုပ်စိုးမှုအောက်တွင် ထိုကဲ့သို့သောအခြေအနေသို့ ရောက်ရှိနေသောအခါ၊ သခင်ဘုရားနှင့် အခြားသူများကို ရွှင်လန်းဝမ်းမြောက်ခြင်းပေးနိုင်ရန် မိမိတို့ကိုယ်ကို ဆက်ကပ်ပူဇော်ရမည်ဖြစ်သည်။ ဤသို့သောအခြေအနေတွင် ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်သောအခါ၊ ခရစ်တော်ကို စပျစ်ရည်ထုတ်လုပ်ပေးသည့် စပျစ်ပင်အဖြစ်လည်းကောင်း၊ ဘုရားနှင့်လူအား ရွှင်လန်းဝမ်းမြောက်ခြင်းကို ပေးနိုင်သောသူအဖြစ်လည်းကောင်း တွေ့ကြုံခံစားရမည်ဖြစ်သည်။ ထိုအတွေ့အကြုံမှနေ၍ ကျွန်ုပ်တို့သည် စပျစ်ပင်များ၊ ဘုရားသခင်နှင့် လူကို ရွှင်လန်းဝမ်းမြောက်စေသောသူများ ဖြစ်လာကြပေမည်။ သင်၌ ဤသို့သောအတွေ့

အကြံုများ ရှိခဲ့မည်ဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ သင်သည် အခြေအနေတိုင်းတွင် ခရစ်တော်၏ မတူညီသောပုံပန်းသဏ္ဍာန်များစွာကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ခရစ်တော်သည် အလွန်ပင်ကြွယ်ဝပြည့်စုံသောအရှင်ဖြစ်သည်။ ကိုယ်တော်သည် ဂျုံစပါးမျိုးစေ့နှင့် မုယောစပါးဖြစ်သည်သာမက၊ အပင်အားလုံးလည်းဖြစ်ပြီး၊ စပျစ်ပင်အဖြစ် ဘုရားနှင့် အခြားသူများအား ဝမ်းမြောက်ရွှင်လန်းခြင်းကို ထုတ်လုပ်ပေးသောသူဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မအားလုံးတို့သည် သင်နှင့်အတူ ဝမ်းမြောက်ကြမည်ဆိုပါက၊ သင်သည် ခရစ်တော်ကို ဤသို့သောပုံပန်းသဏ္ဍာန်၌ ပို၍တွေ့ကြုံခံစားရခြင်းဖြစ်သည်။ ယင်းမှာ သင်သည် ခရစ်တော်ကို စပျစ်ရည်ထုတ်လုပ်ပေးသောသူအဖြစ် တွေ့ကြုံခံစားရခြင်းဖြစ်သည်။ သိုးသူငယ်အဖြစ် ပူဇော်ခံခဲ့သောခရစ်တော်သည် ယခု သင့်အထဲ၌ အသက်ရှင်နေပြီး၊ အခြားသူများကို ဝမ်းမြောက်ရွှင်လန်းခြင်းသို့ ခေါ်ဆောင်လာနိုင်ရန် သင်ကိုယ်တိုင်ကို ဆက်ကပ်ပူဇော်နိုင်သောသူဖြစ်ဖို့ လှုံ့ဆော်ပေးနေခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ကျွန်ုပ်သည် ဖော်မိုဆာရှိ တိုင်ပေမြို့၌ နေထိုင်ခဲ့ရသောအချိန်တွင် ညီအစ်ကို၊ ညီအစ်မအချို့တို့သည် ဝိညာဉ်ရေးရာအကူအညီများရရှိရန် ကျွန်ုပ်နှင့်အတူ လာရောက်နေထိုင်ခဲ့ကြသည်။ သူတို့အထဲတွင် ညီအစ်မတစ်ယောက်သည် အမြဲတမ်းညည်းညူကာ၊ စောဒကတက်လေ့ရှိသည်။ သူမသည် ရေချိုးသောအခါ၌ ရေပူနွေးမှုမလုံလောက်ခြင်း၊ ထမင်းစားသောအခါ အစာသည် အလွန်အေးစက်နေခြင်းစသည်တို့ကို ညည်းညူခြင်းဖြစ်သည်။ ထိုရက်များအတွင်း "ဘာဖြစ်လို့ ဤသို့ဖြစ်ရတာလဲ၊ ဘာဖြစ်လို့ ထိုသို့ဖြစ်ရတာလဲ"စသည်ဖြင့် သူမနှင့်အတူနေသောသူအားလုံးကို ခေါင်းရှုပ်စေသည်။ သူမသည် မိမိကိုယ်ကို ဆက်ကပ်ပူဇော်ရန် သင်ယူခြင်းမရှိသေးသောကြောင့်၊ သူမနှင့်အတူ မည်သူမျှ မပျော်ရွှင်နိုင်ကြပေ။ သူမသည် ဆက်ကပ်ပူဇော်သောခရစ်တော်ကို အခြေအနေတိုင်းတွင် ယူဆောင်အသက်ရှင်ရန် ဘယ်သောအခါမျှ သင်ယူခဲ့ခြင်းမရှိပေ။ သူမကိုယ်တိုင်သည် ဝမ်းမြောက်ခြင်းမရှိသည့်အပြင်၊ အခြားသူများကိုလည်း ဝမ်းမြောက်ရွှင်လန်းမှု မပေးနိုင်ခြင်းဖြစ်သည်။ သူမသည် အနည်းငယ်သောစပျစ်ရည်အဖြစ်၌သာ ရှိနေခြင်းဖြစ်သည်။ သူမသည် ခရစ်တော်ကို စပျစ်ရည်ထုတ်လုပ်ပေးသောသူအဖြစ်လည်းကောင်း၊ အခြားသူများနှင့် ဘုရားအတွက် ရွှင်လန်းဝမ်းမြောက်မှုကို ဖြစ်စေသောစပျစ်ရည်ကို ထုတ်လုပ်ပေးနိုင်ရန် မိမိကိုယ်တော်တိုင်ကို ဆက်ကပ်ပူဇော်သောသူအဖြစ်လည်းကောင်း တွေ့ကြုံခံစားမှုမရှိသေးခြင်းဖြစ်သည်။

သင်သည် ဤပုံပန်းသဏ္ဍာန်၌ ခရစ်တော်ကို တွေ့ကြုံခံစားမည်ဆိုပါက၊ သင်ကိုယ်တိုင်၌ သောက်သုံးရန် စပျစ်ရည်များစွာ ရှိနေမည်ဖြစ်ပြီး၊ သင်သည် သောက်သုံးခြင်းခံရလိမ့်မည်ဖြစ်သည်။ ထို့နောက် သင်သည် ခရစ်တော်ကို အရှုံးအမူးဖြစ်နေပေမည်။ သင်သည် ခရစ်တော်ကို သောက်သုံးသောသူ၊ ခရစ်တော်ကို အရှုံးအမူးဖြစ်သောသူ ဖြစ်ရပေ

မည်။ သင်သည် "ကိုယ်တော်၊ ကျွန်ုပ်သည် အလွန်ပင် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိပါသည်။ အလွန်ဝမ်းမြောက်ပျော်ရွှင်နေမိသည်။ အတ္တစိတ်ကို ကျွန်ုပ်မသိပါ။ ထိုစကားသည် ကျွန်ုပ်နားမလည်သော ဘာသာစကားဖြစ်ပါသည်။ ကျွန်ုပ်သည် တစ်နေ့ပြီးတစ်နေ့ ကိုယ်တော်၏ စပျစ်ရည်ကိုသာ သောက်သုံး၍ ဝမ်းမြောက်ရွှင်လန်းလျက်ရှိနေပါသည်"ဟု ပြောဆိုလာနိုင်ပေမည်။

အပျော်ရွှင်ဆုံးသောသူတစ်ယောက်သည် အတ္တစိတ်အကင်းဆုံးသောသူဖြစ်ပြီး၊ အတ္တစိတ်အရှိဆုံးသောသူများသည် အမြဲတမ်း စိတ်မချမ်းမြေ့ဆုံးသောသူများ ဖြစ်ကြသည်။ သူတို့သည် "သနားကြပါ၊ အနည်းငယ်ကျွေးမွေးကြပါ"ဟု ငိုကြွေးလျက် အချိန်တိုင်းတောင်းစားနေသော သူတောင်းစားများကဲ့သို့ပင် ဖြစ်သည်။ ဆက်ကပ်ပူဇော်သောသူသည် ပျော်ရွှင်သောသူဖြစ်သည်။ ကျွန်ုပ်တို့သည် မည်ကဲ့သို့ဆက်ကပ်ပူဇော်ကြရမည်နည်း။ ကျွန်ုပ်တို့၏ အသက်တာသည် ဇာတိအသက်တာ၊ တစ်ကိုယ်ကောင်းဆန်သောအသက်တာဖြစ်သောကြောင့်၊ ကျွန်ုပ်တို့တွင် ဆက်ကပ်ပူဇော်နိုင်သော ခွန်အားမရှိကြပါ။ ခရစ်တော်၏ အသက်တာတစ်ခုတည်းသာလျှင် ဆက်ကပ်ပူဇော်သောအသက်တာ ဖြစ်သည်။ သင်သည် ခရစ်တော်ကို ထိတွေ့ဆက်သွယ်ပြီး၊ ကိုယ်တော်၏ ဆက်ကပ်ပူဇော်သောအသက်တာကို တွေ့ကြုံခံစားရသောအခါ၊ ကိုယ်တော်သည် သင့်ကို လှုံ့ဆော်ကာ၊ ဘုရားနှင့် အခြားသူများအတွက် ဆက်ကပ်ပူဇော်နိုင်ရန် ခွန်အားဖြည့်ပေးလိမ့်မည်ဖြစ်သည်။ ထို့နောက် သင်သည် အပျော်ရွှင်ဆုံးသောသူဖြစ်ပြီး၊ ပျော်ရွှင်ခြင်းများစွာနှင့်ပြည့်ဝနေမည်ဖြစ်သည်။ ဤသည်မှာ ခရစ်တော်ကို စပျစ်ပင်အဖြစ် တွေ့ကြုံခံစားခြင်းဖြစ်သည်။ သင်သည် ဤသို့တွေ့ကြုံခြင်းအားဖြင့် အခြားသူများအတွက် စပျစ်ရည်ကိုထုတ်လုပ်ပေးသောစပျစ်ပင် ဖြစ်လာနိုင်မည်ဖြစ်သည်။ သင်နှင့် ထိတွေ့ဆက်ဆံသောသူအားလုံးသည် သင်နှင့်အတူ ဝမ်းမြောက်ကြလိမ့်မည်ဖြစ်ပြီး၊ သင်သည်လည်း ဘုရားသခင်ထံ ရွှင်လန်းဝမ်းမြောက်ခြင်းကို ယူဆောင်လာနိုင်မည်ဖြစ်သည်။ (*The All-inclusive Christ*, pp. 58-59)

*ပို၍ဖတ်ရန်* – *Life-study of Philippians*, msg. 50; *The All-inclusive Christ*, ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
——————————————————————————————
——————————————————————————————
——————————————————————————————
——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ဘုရားသခင်နှုတ်ဆက်၍ မိန့်မြွက်တော်မူရာအရပ်၌ ယာကုပ်သည်**
**၃၅း၁၄ ကျောက်တိုင်ကို စိုက်၍၊ ကျောက်ဖျာပေါ်၌ သွန်းလောင်းရာပူဇော်**
**သက္ကာကိုလည်းကောင်း၊ ဆီကိုလည်းကောင်း လောင်းလေ၏။**
**ဖိ၊ ထိုမျှမက၊ သင်တို့၏ယုံကြည်ခြင်းယဇ်နှင့် အမှုဆောင်ခြင်းအပေါ်မှာ**
**၂း၁၇ သွန်းလောင်းရာပူဇော်သက္ကာအဖြစ်၊ ငါ့ကိုလောင်းသော်လည်း ဝမ်း**
**မြောက်ခြင်းရှိ၏။ သင်တို့ရှိသမျှနှင့်အတူ ငါဝမ်းမြောက်ခြင်းရှိ၏။**

ဖိ၊ ၂း၁၇၌ ပေါလုက ယုံကြည်ခြင်းသည် အခြေခံပူဇော်သက္ကာဖြစ်သော ခရစ်တော်ကို ယုံကြည်သူများ၏ တွေ့ကြုံခံစားခြင်းနှင့် ရောစပ်ထုံးဖွဲ့ထားကြောင်း မှတ်ယူခဲ့ပြီး၊ ၎င်းအပေါ်တွင် သွန်းလောင်းရာပူဇော်သက္ကာအဖြစ် မိမိကိုယ်ကိုသွန်းလောင်းခဲ့ခြင်းဖြစ်သည်။ ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်သည် ထိုအခြေအနေကို အလွန်ဝမ်းမြောက်ရွှင်လန်းခဲ့ခြင်းဖြစ်သည်။ ယုံကြည်သူများ၏ အမြင်မှဆိုသော် ၎င်းသည် ယုံကြည်ခြင်းဖြစ်ပြီး၊ တမန်တော်များ၏ အမြင်မှဆိုသော် ၎င်းသည် သွန်းလောင်းရာပူဇော်သက္ကာဖြစ်သည်။ အံ့သြဖွယ်သောမြင်ကွင်းပါတကား။ ပေါလုသည် သူတို့အားလုံးနှင့်အတူ ဝမ်းမြောက်ရွှင်လန်းခဲ့သည်ဟု ပြောဆိုနိုင်ခြင်းမှာ အံ့သြစရာမရှိပါ။ ပေါလုသည် ယုံကြည်သူများ၏ ယုံကြည်ခြင်းယဇ်အပေါ်တွင် သွန်းလောင်းရာပူဇော်သက္ကာအဖြစ် မိမိအသွေးကို သွန်းလောင်းရန် ဝမ်းမြောက်ခဲ့ခြင်းဖြစ်သည်။ သူသည် တစ်ဦးတည်းသာမက၊ သန့်ရှင်းသူများအားလုံးနှင့်အတူတကွ ဝမ်းမြောက်ရွှင်လန်းခဲ့ခြင်းဖြစ်သည်။ အခြားသူများနှင့်အတူတကွ ရွှင်လန်းဝမ်းမြောက်ခြင်းသည် သူတို့နှင့်အတူ ဝမ်းမြောက်ခြင်းကို ဝေမျှခြင်းဖြစ်သည်။ တမန်တော်သည် ဖိလိပ္ပိယုံကြည်သူများ၏ ယုံကြည်ခြင်းအပေါ် သူ၏မာတုရဖြစ်ခြင်းတွင် သူတို့နှင့်အတူ မိမိ၏ဝမ်းမြောက်ခြင်းကို ဝေမျှခဲ့ခြင်းဖြစ်သည်။ ယင်းမှာ သူတို့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ သုံးပါးတစ်ပါးဘုရားသည်လည်း ထိုသို့သောပျော်ရွှင်မှု၊ ဝမ်းမြောက်မှုမြင်ကွင်း၌ ပေါလုနှင့်အတူ ရွှင်လန်းဝမ်းမြောက်ခဲ့သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ (*Life-study of Philippians,* p. 118)

## ယနေ့ဖတ်စရာ

သွန်းလောင်းရာပူဇော်သက္ကာသည် သခင်ဘုရားနှင့်အတူ ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်းမှ ထွက်ပေါ်လာနိုင်သည်။ သွန်းလောင်းရာပူဇော်သက္ကာဖြစ်လာရန်အလို့ငှာ

ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ဖြည့်ခြင်းခံရန်၊ ပျော်ဝင်ပြည့်ဝရန် လိုအပ်သည်။ ဤနည်းလမ်းတစ်ခုတည်းသာ ကျွန်ုပ်တို့အား သွန်းလောင်းရာပူဇော်သက္ကာဖြစ်စေမည့် ဝိညာဉ်ရေးရာစေ့စပ်ထုံးဖွဲ့ခြင်းကို ရှိစေနိုင်ခြင်းဖြစ်သည်။ အပြစ်သားများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် ကောင်းကင်ဆိုင်ရာစပျစ်ရည်အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရခြင်းသည် အလွန်ကြီးမားသောအကြောင်းအရာပါတကား။

ခရစ်တော်ကို ယုံကြည်သူတို့၏ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း၏ရလဒ်အနေဖြင့် သူတို့၌ ယုံကြည်ခြင်းဟု ပေါလုမှတ်ယူသောစေ့စပ်ထုံးဖွဲ့မှုရှိလာခြင်းဖြစ်သည်။ ဘုရားသခင်၏ အမြင်၌ ထိုယုံကြည်ခြင်းသည် သာလွန်ထူးမြတ်ခြင်း၊ လှပခြင်း၊ အံ့ဩဖွယ်ရာတို့ဖြစ်ပြီး၊ ကိုယ်တော်သည် ၎င်းကို သူ့အား ပူဇော်သောယဇ်အဖြစ် မှတ်ယူပေသည်။ ပေါလုသည် သခင်ဘုရားကို နှစ်ပေါင်းများစွာ တွေ့ကြုံခံစားပြီးနောက်၊ အထူးသဖြင့် အကျဉ်းကျခံနေရစဉ် သူသည် ဘုရားကို ရှင်လန်းစေသော၊ ပျော်ရွှင်စေသောကောင်းကင်ဆိုင်ရာစပျစ်ရည်နှင့် စေ့စပ်ထုံးဖွဲ့ခြင်းခံရသည်။ ယုံကြည်သူများ၏ ယုံကြည်ခြင်းယဇ်သည် ဘုရားကို ကျေနပ်နှစ်သိမ့်စေပြီး၊ သွန်းလောင်းရာပူဇော်သက္ကာသည် ကိုယ်တော့်ကို ရှင်လန်းဝမ်းမြောက်စေခြင်းဖြစ်သည်။ ထို့ကြောင့် သွန်းလောင်းရာပူဇော်သက္ကာသည် ကျေနပ်နှစ်သိမ့်စေသောယဇ်ဖြစ်သည့်အပြင် ရှင်လန်းဝမ်းမြောက်ရာပူဇော်သက္ကာလည်း ဖြစ်သည်။ ပူဇော်သက္ကာယဇ်များသည် ဘုရားသခင်ကို အလွန်ကျေနပ်နှစ်သိမ့်စေသည်။ ဓမ္မဟောင်း၌ သွန်းလောင်းရာပူဇော်သက္ကာကို ပူဇော်သောသူသည် သိုးစု သို့မဟုတ် နွားစုမှလာသောတစ်စုံတစ်ရာကိုမဟုတ်ဘဲ၊ ပုံဆောင်ချက်၌ မိမိကိုယ်တိုင်နှင့် မိမိ၏ အတွေ့အကြုံမှလာသောတစ်စုံတစ်ရာကို ပူဇော်ခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ ပေါလုသည် ခရစ်တော်ကို တစ်ဦးချင်းဆိုင်ရာမွေ့လျော်ဝမ်းမြောက်ခြင်းနှင့် တွေ့ကြုံခံစားခြင်းအားဖြင့် သခင်ဘုရားရှေ့တော်တွင် သွန်းလောင်းခဲ့သော ရှင်လန်းဝမ်းမြောက်ရာစပျစ်ရည်ဖြစ်လာကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ခရစ်တော်ကို သူ၏ တွေ့ကြုံခံစားခြင်းသည် သူ့အား ဘုရားကိုပျော်ရွှင်စေမည့် စပျစ်ရည်အဖြစ်သို့ စေ့စပ်ထုံးဖွဲ့ခဲ့ခြင်းဖြစ်သည်။ (*Life-study of Philippians*, pp. 118-119)

သွန်းလောင်းရာပူဇော်သက္ကာကို မီးရှို့ရာပူဇော်သက္ကာ၊ သင့်တင့်ရာပူဇော်သက္ကာ၊ ဘောဇဉ်ပူဇော်သက္ကာတို့နှင့်အတူ အဓိကအားဖြင့် ပူဇော်ခဲ့ခြင်းဖြစ်သည် (ထွက်၊ ၂၉း၄၀–၄၁။ ဝတ်၊ ၂၃း၉–၁၃။ ၁၅–၁၈။ တော၊၁၅း၁–၁၀။ ၂၈း၁–၁၄။ ၂၉း၁၂–၃၈)။ သွန်းလောင်းရာပူဇော်သက္ကာသည် ဘုရားသခင်၏ ဝမ်းမြောက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် မိမိကိုယ်တော်တိုင်ကို သွန်းလောင်းခဲ့သော ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်

သည်။ (*Truth Lessons—Level Three,* vol. 2, p. 14)

သွန်းလောင်းရာပူဇော်သက္ကာသည် ဝတ်၊၁–၆၌ ဖော်ပြထားသည့် အခြေခံပူဇော်သက္ကာများတွင် ဖြည့်စွက်ထားသော ပူဇော်သက္ကာဖြစ်သည်။ အခြေခံပူဇော်သက္ကာများသည် ခရစ်တော်၏ အထူးထူးအပြားပြားသောပုံပန်းသဏ္ဍာန်တို့၏ ပုံဆောင်ချက်များဖြစ်ကြသည်။ သွန်းလောင်းရာပူဇော်သက္ကာသည် ပူဇော်သူအားဖြင့် မွေ့လျော်ဝမ်းမြောက်ရသောခရစ်တော်ကို ပုံဆောင်သည်။ ခရစ်တော်သည် ကောင်းကင်ဆိုင်ရာစပျစ်ရည်အဖြစ်ပူဇော်သူကိုဖြည့်ပေးပြီး၊ ထိုသူအား ဘုရားသခင်အဖို့ စပျစ်ရည်ဖြစ်စေသည်။ တမန်တော်ပေါလုသည် ထိုကဲ့သို့ဖြင့် ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခဲ့သောကြောင့် သွန်းလောင်းရာပူဇော်သက္ကာဖြစ်လာခဲ့သည် (၂တိ၊၄း၆)။ ထို့ကြောင့် သူသည် ယုံကြည်သူများ၏ ယုံကြည်ခြင်းအပေါ် တွင် သူ၏ အသွေးကိုသွန်းလောင်းခြင်းအားဖြင့် ဘုရားသခင်ထံသို့ ပူဇော်သက္ကာအဖြစ် သွန်းလောင်းပူဇော်နိုင်ခဲ့ခြင်းဖြစ်သည်။ (ဖိ၊၂း၁၇ မှတ်စု၊၁)

က၊၃၅း၁၄သည် သမ္မာကျမ်းစာ၌ သွန်းလောင်းရာပူဇော်သက္ကာကို ပထမဆုံးဖော်ပြခြင်းဖြစ်သည်။ ဤနေရာရှိ ဖော်ပြချက်သည် ဗေသလအရပ်ရှိကျောက်တိုင်နှင့် ဆက်နွှယ်နေခြင်းမှာ သွန်းလောင်းရာပူဇော်သက္ကာသည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက်ဖြစ်ကြောင်း ရည်ညွှန်းသည်။ ယာကုပ်သည် ကျောက်တိုင်အပေါ် တွင် သွန်းလောင်းရာပူဇော်သက္ကာနှင့် ဆီကို သွန်းလောင်းခဲ့သောအကြောင်းမှာ သွန်းလောင်းရာပူဇော်သက္ကာကို သွန်းလောင်းခြင်းသည် ဘုရားသခင်၏ အိမ်တော်ကို(ထွက်၊၄၀း၉) သန့်ရှင်းစင်ကြယ်စေရန် အတွက် ဝိညာဉ်တော်၏ သွန်းလောင်းခြင်းကို(တ၊ ၂း၃၃) ယူဆောင်လာကြောင်း ပုံဆောင်သည်။ (က၊၃၅း၁၄ မှတ်စု၊ ၂)

*ပို၍ဖတ်ရန်* – *Life-study of Genesis*,msg. 69; *Life-study of Philippians*,msg. 14

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————————

——————————————————————————————————————————

——————————————————————————————————————————

——————————————————————————————————————————

——————————————————————————————————————————

——————————————————————————————————————————

——————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊၄း ၁၅–၁၆ မေတ္တာ၌ သမ္မာတရားကိုကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း။ ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသောအားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီးကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။**

ကျွန်ုပ်တို့တွင်ရှိသောအရာခပ်သိမ်းသည် ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အားဖြင့်၊ ကိုယ်ခန္ဓာတော်အတွက်ဖြစ်သည်။ ၁၉၂၅၌ ညီအစ်ကိုတစ်ဦးသည် အမေရိကားသို့ ဖိတ်ခေါ် ခံခဲ့ရသည်။ သူသည် ညီအစ်မတစ်ဦးကို တွေ့ဆုံခဲ့သည်။ သူမသည် သူမ၏ မကျန်းမာခြင်းအားဖြင့် သင်ခန်းစာများစွာကို သင်ယူခဲ့ပြီး၊ နောက်ပိုင်းတွင် များစွာသောသူတို့အတွက် အကူအညီဖြစ်စေခဲ့သည်။ သူမ၌ အသက်၏ အမှုတော်ရှိခဲ့ပြီး၊ အခြားသူများကို အသက်ဖြင့် မစထောက်ပင့်သောသူဖြစ်သည်။ သူမသင်ယူခဲ့သောသင်ခန်းစာများကို ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အားဖြင့်၊ ကိုယ်ခန္ဓာတော်အတွက် သင်ယူခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်သည် ယနေ့ ဤသို့သောလူမျိုးကို ရှာဖွေနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်အားဖြင့်၊ ကိုယ်ခန္ဓာတော်အတွက် ဖြစ်သင့်ပေသည်။ ဤအရာသည် ကျွန်ုပ်တို့၏စံချိန်စံနှုန်းဖြစ်ရပေမည်။ (*CWWN*,vol. 44,p. 848)

## ယနေ့ဖတ်စရာ

ခရစ်တော့်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံးသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးသက်ရောက်စေခြင်းဖြစ်သည်။ အင်္ဂါဝင်တစ်ဦးသည် နာကျင်ခံစားရပါက၊ အခြားအင်္ဂါဝင်များအားလုံးသည်လည်း အလိုအလျောက် နာကျင်ခံစားရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ခွန်အားရှိသည်ဟု ခံစားရခြင်းမှာ အခြားအင်္ဂါဝင်များ၏ ခွန်အားကို ကျွန်ုပ်တို့ထံ ပို့လွှတ်ပေးသောကြောင့်ဖြစ်သည်။ အင်္ဂါဝင်တိုင်းသည် အခြားအင်္ဂါဝင်များကို အကျိုးသက်ရောက်စေနိုင်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်သင့်ဘဲ၊ ဦးခေါင်းတော်ကို ကိုင်စွဲကာ၊

မိတ်သဟာယဖွဲ့ခြင်းကို ရှာဖွေသင့်သည်။ ဘုရားသခင်သည် အင်္ဂါဝင်တိုင်းအားဖြင့် ကိုယ်ခန္ဓာတော်အဖို့ အသက်ကိုပေးပို့ခြင်းဖြစ်သည်။

ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို အင်္ဂါဝင်များ၏ အပြန်အလှန်မစမှုအားဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အင်္ဂါဝင်များဖြစ်ကြောင်းမြင်သည့်အပြင်၊ အင်္ဂါဝင်တိုင်း၌ အမှုဆောင်ခြင်းရှိကြောင်းကိုလည်း မြင်ရမည်ဖြစ်သည်။ ကိုယ်ခန္ဓာတော်ရှိ အင်္ဂါဝင်တိုင်း၌ အထူးဖြစ်သောလုပ်ရှားလုပ်ဆောင်မှုရှိပြီး၊ ထိုလှုပ်ရှားလုပ်ဆောင်မှုသည် ၎င်း၏ အမှုဆောင်ခြင်းဖြစ်သည်။ *အမှုဆောင်ခြင်း* ဆိုသောစကားလုံး၏ ကြိယာပုံစံမှာ "တာဝန်ထမ်းဆောင်သည်"ဟု ဆိုလိုခြင်းဖြစ်သည်။ အင်္ဂါဝင်တစ်ဦး၏ အမှုဆောင်ခြင်းသည် အထူးဝေစုဖြစ်ပြီး၊ ၎င်းကို ခရစ်တော်ထံမှ လက်ခံရရှိခြင်းဖြစ်သည်။ ဤအထူးဝေစုနှင့်အတူ သူသည် ကိုယ်ခန္ဓာတော်ကို မစထောက်ပင့်ပြီး၊ ယင်းမှာ အင်္ဂါဝင်များ၏ အမှုဆောင်ခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ခရစ်တော်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းသည်လည်း ရိုးစင်းစွာပင် ခရစ်တော်ဖြစ်သည်။ သခင်ဘုရားကို ပိုင်ဆိုင်သောသူတိုင်း၌ ခရစ်တော်ထံမှ လက်ခံရရှိသောအထူးဝေစုရှိပြီး၊ ဝေစုတိုင်း၌ ၎င်း၏ထူးခြားသောလက္ခဏာသွင်ပြင်ရှိသည်။ ထိုသွင်ပြင်သည် အင်္ဂါဝင်များ၏ တာဝန်ထမ်းဆောင်ခြင်း၏ ထူးခြားသောလက္ခဏာဖြစ်သည်။ အခြားသူများအတွက် အမှုဆောင်ခြင်းနှင့်ဆိုင်သောအစေခံခြင်းသည် ထိုသူ့အတွင်းရှိ ခရစ်တော်အပေါ်တွင် အခြေခံခြင်းဖြစ်သည်။ ဩဝါဒနှင့်သူတစ်ပါးကို အစေမခံသောသူက သူသည် ခရစ်တော်ထံမှ လက်ခံရရှိသောအရာနှင့်သာ ကိုယ်ခန္ဓာတော်ကို မစထောက်ပင့်နိုင်ကြောင်း နားလည်သဘောပေါက်သည်။ ကျွန်ုပ်တို့အမှုဆောင်ခြင်း၏ အတိုင်းအတာကို ကျွန်ုပ်တို့၌ရှိသောခရစ်တော်၏ အတိုင်းအတာအားဖြင့် ဆုံးဖြတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းကို အကြောင်းရင်းခံနှစ်ခုပေါ်တွင် အခြေခံထားခြင်းဖြစ်သည်– ပထမတစ်ခုမှာ ကျွန်ုပ်တို့ရရှိသောခရစ်တော်ဖြစ်ပြီး၊ နောက်တစ်ခုမှာ ကျွန်ုပ်တို့ရရှိသောခရစ်တော်၏ ပုံပန်းသဏ္ဍာန်များဖြစ်ကာ၊ ထိုပုံပန်းသဏ္ဍာန်များသည် အခြားအင်္ဂါဝင်များရရှိသောအရာနှင့် မတူညီပေ။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ယေဘုယျနည်းလမ်း၌သာ သိကျွမ်းခဲ့ပါက၊ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး အမှုဆောင်ရန် မည်သို့ဖြစ်မည်နည်း။ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် ကျွန်ုပ်တို့ မည်သို့တတ်စွမ်းနိုင်မည်နည်း။

ခရစ်ယာန်တစ်ဦးသည် သူ့အဖို့ ယေဘုယျအမှုဆောင်ခြင်းကိုမျှသာမကဘဲ၊ အထူးဖြစ်သောအမှုဆောင်ခြင်းကိုလည်း လိုအပ်သည်။ ကျွန်ုပ်တို့သည် အခြားအရာများကို အမြတ်မရရှိသင့်ဘဲ၊ ခရစ်တော်၏ တစ်စုံတစ်ရာကို အမြတ်ရရှိရမည်ဖြစ်သည်။

ယင်းမှာ ဤအထူးဖြစ်သောရရှိမှုသည် အခြားအင်္ဂါဝင်များ၌မရှိသောအရာကို ဖြည့်ပေးရန် ကျွန်ုပ်တို့အား တတ်စွမ်းစေနိုင်ခြင်းဖြစ်သည်။ အမှုဆောင်ခြင်း၌ ခရစ်တော်ကို ယေဘုယျသိကျွမ်းခြင်းမဟုတ်ဘဲ၊ ကိုယ်တော်ကို အထူးသိကျွမ်းခြင်း ပါဝင်သည်။ မျက်စိများသည် မြင်ရန်၊ နားများသည် ကြားရန်နှင့် နှာခေါင်းများသည် အနံ့ရရန်ဖြစ်သည်။ ခန္ဓာဝင်တိုင်း၌ ၎င်းတို့၏ အထူးလုပ်ရှားလုပ်ဆောင်မှုရှိသည်။ တစ်နည်းဆိုသော်၊ အင်္ဂါဝင်တိုင်း၌ အထူးဝေစုရှိသည်။ အင်္ဂါဝင်များသည် အခြားအင်္ဂါဝင်များလုပ်ဆောင်သောအရာကို ယာယီလုပ်နိုင်သော်လည်း၊ အခြားသူတို့၏ အထူးဖြစ်သောလှုပ်ရှားလုပ်ဆောင်မှုကို လုပ်ဆောင်၍မရနိုင်ပေ။ အကယ်၍ သင်သည် အထူးဖြစ်သောတစ်စုံတစ်ရာကို ရရှိပြီး၊ သခင်ဘုရားကို အထူးသိကျွမ်းခြင်းအချို့ရှိပါက၊ သင်သည် ထိုအရာကို ကိုယ်ခန္ဓာတော်ထံသို့ မစထောက်ပင့်နိုင်သည်။ သင်၌ သခင်ဘုရားကိုအထူးသိကျွမ်းခြင်းရှိပါက၊ ထိုအထူးဖြစ်သောသိကျွမ်းခြင်းသည် သင်၏ အထူးဖြစ်သောအမှုဆောင်ခြင်းကို စေ့စပ်ထုံးဖွဲ့လိမ့်မည်ဖြစ်သည်။ အထူးဖြစ်သောအမှုဆောင်ခြင်းများသာ ကိုယ်ခန္ဓာတော်ကို အစေခံနိုင်ပြီး၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေနိုင်မည်ဖြစ်သည်။ ဤအကြောင်းကြောင့် အင်္ဂါဝင်တိုင်းသည် ကိုယ်ခန္ဓာတော်၌ မရှိသောအရာကို သခင်ဘုရားထံ၌ စဉ်ဆက်မပြတ်ရှာဖွေကာ၊ ရရှိပြီး၊ ၎င်းကို ကိုယ်ခန္ဓာတော်ထံသို့ ပေးပို့ရမည်ဖြစ်သည်။ အင်္ဂါဝင်တိုင်းသည် ၎င်းတို့၏ အမှုဆောင်ခြင်းကို ပြီးပြည့်စုံစေသောအခါ၊ ယင်းမှာ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ ကြီးထွားခြင်းဖြစ်ပေမည်။

ကျွန်ုပ်တို့သည် အသင်းတော်ထံသို့ ကျွန်ုပ်တို့၏ ဆုကျေးဇူးများကို မပေးဝေဘဲ၊ ခရစ်တော်ကို ပေးဝေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဆုကျေးဇူးများသည် နည်းလမ်းမျှသာဖြစ်ပြီး၊ ထိုအရာအားဖြင့် ခရစ်တော်ကို ကျွန်ုပ်တို့ဝေမျှခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်အဖို့ ကျွန်ုပ်တို့အမှုဆောင်သောအရာသည် ခရစ်တော်ဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်ရရှိသောအရာသည်လည်း ခရစ်တော်ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်သည် ကိုယ်ခန္ဓာတော်တွင် အလုံးစုံတို့၌အလုံးစုံဖြစ်တော်မူသည်။(*CWWN*,vol. 44, pp. 847, 843-845)

*ပို၍ဖတ်ရန်* – *CWWN*,vol. 44,pp. 843-848;*Truth Messages*,ch.4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**၂ကော ၄း၁၀–၁၂ ယေရှု၏ အသက်သည် ငါတို့ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှါ၊ ယေရှု၏ အသေသတ်ခံခြင်းကို ငါတို့၏ကိုယ်ခန္ဓာ၌ အစဉ်မပြတ်ဆောင်ထားရကြ၏။ အဘယ်သို့နည်းဟူမူကား၊ ယေရှု၏ အသက်သည် ငါတို့၏ သေတတ်သောအသွေးအသား၌ ထင်ရှားစေခြင်းငှါ၊ ငါတို့သည် အသက်ရှင်စဉ်တွင် ယေရှုကြောင့် သေခြင်းလက်သို့ အစဉ်အပ်နှံခြင်းကို ခံရကြ၏။ သို့ဖြစ်၍ သေခြင်းသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းသည် ပြုပြင်တတ်၏။**

ကားတိုင်မရှိပါက၊ အသက်လည်းမရှိပါ၊ အသက်၏ အမှုဆောင်ခြင်းလည်း မရှိနိုင်ပါ။ ဆင်းရဲဒုက္ခခံခြင်းအကြောင်းအရာသည် ကြွယ်ဝ၊ ပြည့်စုံသောအမှုတော်ကို ဖြစ်စေရန်ဖြစ်သည်။ ဤအရာကို သီအိုရီနှင့် အစားမထိုးနိုင်ပေ။ အမှုတော်၏ ဆင်းရဲခြင်းသည် လွယ်ကူသောလမ်းကို ရွေးချယ်ခြင်းမှ ဖြစ်ပေါ် လာခြင်းဖြစ်သည်။ အရာခပ်သိမ်းကို အလွယ်တကူရရှိသူသည် အနည်းငယ်သာ ပေးကမ်းတတ်သည်။ သူတို့သည် လူတို့၏ လိုအပ်မှုကို နားမလည်ကြပေ။ သို့သော် ကျွန်ုပ်တို့သည် အခက်အခဲကို ခေါ် ဖိတ်ခြင်း သို့မဟုတ် ခြိုးခြံခြင်းအားဖြင့် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို နှိပ်စက်ရန် ဆိုလိုခြင်းမဟုတ်ပါ။ ဝိညာဉ်တော်ကိုယ်တိုင်သည် ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်းကို တာဝန်ယူကာ၊ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်၊ စိတ်နှလုံး သို့မဟုတ် ဝိညာဉ်၌ တွေ့ကြုံရတတ်သော လမ်းကြောင်းတိုင်း၌ ကျွန်ုပ်တို့ကို ဦးဆောင်နေသည်။ ယင်းမှာ "ယေရှု၏ အသေခံခြင်း"အတိုင်းအတာသည် ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းကို ကြွယ်ဝစေသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အခန်းကဏ္ဍမှာ နာခံလိုက်လျှောက်ရုံသာဖြစ်သည်။ (*CWWN*, vol. 40, p. 125)

## *ယနေ့ဖတ်စရာ*

သင်သည် ကိုယ်ခန္ဓာတော်သို့ အသက်ကို မည်သို့အမှုဆောင်ရမည်နည်းဟု ကျွန်ုပ်အား မေးကောင်းမေးနိုင်ပါသည်။ များစွာလုပ်ဆောင်ရန် စီစဉ်ထားခြင်း သို့မဟုတ် အနားယူခြင်းနှင့် ဘာမျှမလုပ်ဆောင်ခြင်းတို့ မရှိဘဲ၊ ရိုးစင်းစွာပင် သခင်ဘုရားနှင့်အတူ ပုံမှန်လျှောက်လှမ်းခြင်း၌ ကားတိုင်၏ ပြုပြင်လုပ်ဆောင်ခြင်းကို အခွင့်ပေးရမည်ဖြစ်သည်။ ပြောဆိုခြင်းနှင့် လုပ်ဆောင်ခြင်းအားဖြင့် အစေခံသောသူတို့သည် မလုပ်ဆောင်နိုင်သော သို့မဟုတ် တိတ်ဆိတ်ရသောအချိန်တို့ရှိလာသောအခါ၊ သူတို့၌ အမှုဆောင်ခြင်း

မရှိကြောင်းကို တွေ့မြင်လာသည်။ သင်၏ အမှုဆောင်ခြင်းအတိုင်းအတာကို သင်၏ လုပ်ဆောင်ခြင်းအတိုင်းအတာဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ပေ။ သင်၌ "ယေရှု၏ အသေခံခြင်း" လုပ်ဆောင်မှုကို အခွင့်ပေးခြင်းဖြင့်သာ၊ အသက်သည် ၎င်းကိုယ်တိုင် အခြားသူများတွင် ထင်ရှားနိုင်မည်ဖြစ်သည်။ ၎င်းအတွက် အခြားနည်းမရှိနိုင်ပေ။ ယင်းမှာ ကိုယ်ခန္ဓာတော်၏ စွဲမြဲခိုင်မာသောအလေ့အလာဖြစ်သောကြောင့်ဖြစ်သည်– "သေခြင်းသည် ငါတို့၌ ပြုပြင်တတ်၏။ သင်တို့၌ကား၊ အသက်ရှင်ခြင်းသည် ပြုပြင်တတ်၏"။ ထို့ကြောင့် သင်သည် ဤနည်းလမ်း၌ ကိုယ်ခန္ဓာတော်ကို တိုးပွားစေရန် အထူးကြိုးစားဖို့ မလိုအပ်ပေ။ အကြောင်းမှာ ကားတိုင်၏ နည်းလမ်းအားဖြင့် သင့်ကို ဘုရားသခင်ယူဆောင်သော မည်သည့်အရာမဆို ကိုယ်ခန္ဓာတော်ကို အလိုအလျောက် တိုးပွားစေမည်ဖြစ်သည်။

အခြားသူများကို ရှင်သန်နိုးထစေရန်အလို့ငှာ သင်သည် သင်၏ အသေခံခြင်း အတွေ့အကြုံကို များစွာပြောဆိုဖို့ မလိုအပ်ပေ။ သင်သည် အသေခံရန် အလိုဆန္ဒရှိမှုသာလျှင်၊ အခြားသူများသည် အသက်ကို သိရှိကြလိမ့်မည်ဖြစ်သည်။ စစ်မှန်ခြင်းသည် မိမိကိုယ်ကို ဆက်သွယ်မှုပြုပြီး၊ ၎င်းသည် လူတို့၏ ဆက်သွယ်ပေးခြင်းများအပေါ် မူတည်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် "ပရောဖက်ပြုခြင်းကို မထီမဲ့မြင် မပြုပါ"၊ သို့သော် ကိုယ်ခန္ဓာတော်ရှိ အမှုတော်သည် ဟောပြောခြင်း သို့မဟုတ် သက်သေခံခြင်းမျှသာ မဟုတ်ပေ။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်လျှို့ဝှက်စွာ တွေ့ကြုံခံစားသောအရာမှာ ကိုယ်တော်၏ အင်္ဂါဝင်များအား အသက်ကို အမှုဆောင်ရန် အမှန်ပင် လုံလောက်ပေသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အတွက် ဆင်းရဲဒုက္ခခံစားရပါက၊ ထိုဆင်းရဲဒုက္ခသည် အခြားသူများအား တိုးပွားခြင်းကို သယ်ဆောင်လာလိမ့်မည်ဖြစ်သည်၊ ကျွန်ုပ်တို့၏ ဆင်းရဲဒုက္ခကို အခြားသူများ သိရှိစေအောင် မပြုလုပ်သင့်ပေ။ ၎င်းကို ပြောဆိုခြင်းသည် မလိုလားအပ်သောအရာဖြစ်သည်သာမက၊ ၎င်းသည် အချို့သောအခြေအနေများတွင် ရွံ့မုန်းစရာပင်ဖြစ်သည်။

ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ရှေ့ဦးစွာ ဟောပြောခြင်းနှင့် အလုပ်လုပ်ခြင်းအားဖြင့် မဟုတ်ဘဲ၊ အတွင်းပိုင်းစစ်မှန်ခြင်းအားဖြင့် အမှုဆောင်ခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စစ်မှန်ပြီး၊ မှန်ကန်သောအရာနှင့် သက်ဆိုင်ကာ၊ မမှန်ကန်သောအရာကို ဘယ်သောအခါမျှ သက်သေခံလိမ့်မည်မဟုတ်ပေ။ စကားများအားဖြင့် သင်ဆက်သွယ်သောအရာသည် အသင်းတော်အဖို့ ခရစ်တော်ကို သင်တွေ့ကြုံခံစားခဲ့သောအရာဖြစ်သည်။ ကျွန်ုပ်တို့ပြောဆိုခဲ့သည့်အတိုင်း၊ ကိုယ်ခန္ဓာတော်ကို အသက်၏ ဆက်သွယ်ခြင်းအားဖြင့် အမှုဆောင်ခြင်းဖြစ်သည်။ သေခြင်းသည် ကျွန်ုပ်တို့တွင် ပြုပြင်

ပေးသကဲ့သို့၊ အသက်သည် အလိုအလျောက်နှင့် ရိုးစင်းစွာပင် အခြားသူများကို ဆက်သွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် မေးခွန်းမှာ သင်သည် မည်မျှလုပ်ဆောင်သနည်း သို့မဟုတ် ပြောဆိုသနည်းမဟုတ်ဘဲ၊ သင်သည် ဘုရားသခင်၏ လက်တော်အောက်တွင် မည်မျှတွေ့ကြုံခံစားသနည်းဟူ၍ ဖြစ်သည်။

ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းမှတစ်ပါး အခြားအကြောင်းအရာများပေါ် အခြေခံသောအမှုတော်သည် မစစ်မှန်ပါ။ သင်သည် ထိုအကြောင်းအရာကို မမြင်မချင်း၊ သင်မည်သို့လှုပ်ရှားလုပ်ဆောင်နိုင်ကြောင်း အမြဲအံ့သြပေမည်။ သို့သော် သင်သည် ထိုအရာကို မြင်တွေ့သောအခါ၊ သင်ကိုယ်တိုင်လက်ခံရရှိထားသည့် တစ်စုံတစ်ရာကို ကိုယ်ခန္ဓာတော်သည်လည်း လက်ခံရရှိပြီးဖြစ်ကြောင်း သိရှိပေမည်။ သင့်၌ရှိသောအရာသည် ကိုယ်ခန္ဓာတော်၏ အရာဖြစ်ပြီး၊ ၎င်းကို လက်ဆင့်ကမ်းပေးရန် ရုန်းကန်ကြိုးစားဖို့ မလိုအပ်ပေ။ သင်သည် အသင်းတော်ကိုတည်ဆောက်ရန် အလိုဆန္ဒရှိပါသလား။ ၎င်းကို သင့်အထဲ၌ တည်ဆောက်ရန် အခွင့်ပေးပါ။ ဦးခေါင်းတော်မှ သင်လက်ခံရရှိသောအရာကို အသင်းတော်၊ ကိုယ်ခန္ဓာတော်သည်လည်း အလိုအလျောက်ပင် လက်ခံရရှိပြီး၊ သင်မရရှိသောအရာကို သင့်အားဖြင့် ဘယ်သောအခါမျှ မရရှိနိုင်ပေ။ လက်ခံရရှိခြင်းအကြောင်းအရာသည် အတည်တကျဖြစ်သောအခါ၊ အမှုတော်သည်လည်း အတည်တကျဖြစ်လာသည်။ လက်ခံရရှိခြင်းအကြောင်းအရာသည် "ယေရှု၏ အသေခံခြင်း" အားဖြင့် အတည်တကျဖြစ်ခြင်းဖြစ်သည်။ (*CWWN*,vol. 40, pp. 125-127)

သခင်ဘုရားထံမှ ကျွန်ုပ်တို့လက်ခံရရှိသောအသက်သည် ကိုယ်ခန္ဓာတော်အထဲသို့ စီးဆင်းသောအခါ၊ ကိုယ်ခန္ဓာတော်၏ ပမာဏအရပ်သည် တိုးပွားလာသည်။ ဘုရားသခင်သည် အင်္ဂါဝင်များအားဖြင့် ကိုယ်ခန္ဓာတော်၏ ပမာဏအရပ်ကို တိုးပွားစေခြင်းဖြစ်သည်။ (*CWWN*, vol. 44, pp. 845)

*ပို၍ဖတ်ရန်* – *CWWN*, vol. 40, pp. 110-130; *Life-study of 2Corinthians*,msgs. 30-35

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကော၊ အကြောင်းမူကား၊ ထိုသူတို့သည် ဦးခေါင်းတော်ကို ကိုင်စွဲခြင်းမပြု**
**၂း၁၉ ကြ။ ဦးခေါင်းတော်မှ ခန္ဓာတော်တစ်ကိုယ်လုံးသည် အဆစ်အပိုင်း**
**အမျှင်များအားဖြင့်ကြွယ်ဝစွာအားဖြည့်ထုံးဖွဲ့လျက်၊ ဘုရားသခင်**
**၏ကြီးထွားခြင်းနှင့်အညီကြီးထွားတတ်၏။**
**၁ကော၊ ငါသည် စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသော**
**၃း၆–၇ သူဖြစ်၏။ အပင်ကိုကြီးထွားစေသောသူကား၊ ဘုရားသခင်ပေ**
**တည်း။ စိုက်ပျိုးသောသူမတတ်နိုင်။ ရေလောင်းသောသူလည်း မ**
**တတ်နိုင်။ ကြီးထွားစေတော်မူသော ဘုရားသခင်သာလျှင် တတ်နိုင်**
**တော်မူ၏။**

ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကြားခံလမ်းကြောင်းများဖြစ်သော အင်္ဂါဝင်များကိုအသုံးပြုခြင်းအားဖြင့် အထူးဖြစ်သောအမှုဆောင်ခြင်းများကို ဖြည့်စွမ်းပေးမည့်အထူးဖြစ်သောအင်္ဂါဝင်များရှိစေရန်ဖြစ်သည်။ အကြောင်းမှာ သခင်ဘုရား၏ အသက်သည် ကိုယ်ခန္ဓာတော်အထဲသို့ စီးဆင်းရန်နှင့် သူတို့အားဖြင့် ကိုယ်ခန္ဓာတော်၏ပမာဏအရပ်ကို တိုးပွားစေရန်ဖြစ်သည်။ အင်္ဂါဝင်တိုင်းသည် သခင်ဘုရားရှေ့တော်တွင် အထူးဖြစ်သောတစ်စုံတစ်ရာကို သင်ကြားပြီး၊ သိရှိရမည်ဖြစ်သည်။ သို့မှသာ အယောက်စီတိုင်း၌ အထူးဖြစ်သောအမှုဆောင်ခြင်းရှိနိုင်မည်ဖြစ်သည်။ အမှုဆောင်ခြင်းမရှိဘဲ၊ ဆုကျေးဇူးအကြောင်းကို ပြောဆိုခြင်းသည် အချည်းနှီးသာဖြစ်သည်။ များစွာသောသူတို့သည် ဆုကျေးဇူးများကို အလေးထားကြသော်လည်း၊ ဆုကျေးဇူးများသည် ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းများနှင့် စေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်သည်။ သို့သော် ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းသည် ခရစ်တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဆုကျေးဇူးများသည် ကျွန်ုပ်တို့အမှုဆောင်သောနည်းလမ်းများသာဖြစ်သည်။ (*CWWN*, vol. 44, p. 845)

## *ယနေ့ဖတ်စရာ*

ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ကို ကိုင်စွဲထားခြင်းမှာ ကိုယ်ခန္ဓာတော်သည် ၎င်းကိုယ်တိုင်ကို ဦးခေါင်းတော်နှင့် သီးခြားဖြစ်စေခြင်းအား အခွင့်မပေးကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဦးခေါင်းတော်အဖြစ် ခရစ်တော်ကို အမှန်ပင် ကိုင်စွဲပါက၊ မည်သည့်တစ်စုံတစ်ခုမျှ ကျွန်ုပ်တို့ကို ကိုယ်တော်နှင့်သီးခြားဖြစ်စေလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့နှင့် ကိုယ်တော့်အကြားတွင် တားဆီးထားသောအရာတစ်ခုမျှမရှိဘဲ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်ရှိလိမ့်မည်ဖြစ်သည်။

ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ဦးခေါင်းတော်ဖြစ်သော ခရစ်တော်ထံမှ ထွက်ပေါ်လာသောအရာပေါ်တွင် မူတည်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်ထံမှလာသော မစမှုကို မရရှိပါက၊ ကိုယ်ခန္ဓာတော်သည် မကြီးထွားနိုင်ပေ။ သို့သော် ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်ကို ကိုင်စွဲခြင်းအားဖြင့် မစခံရသောအခါ၊ ဘုရားသခင်၏ကြီးထွားခြင်းနှင့်အတူ ကြီးထွားခြင်းဖြစ်သည်။ ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်မှထွက်ပေါ်လာသောအရာဖြင့် ကြီးထွားခြင်းဖြစ်သည်။ အကြောင်းမှာ မစမှုအားလုံးသည် ဦးခေါင်းတော်မှလာခြင်းဖြစ်သည်။ (*The Conclusion of the New Testament*, p. 2267)

ယခု ကျွန်ုပ်တို့သည် ဘုရားသခင်ပေးသောကြီးထွားမှုနည်းလမ်းတွင် မေးမြန်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ တွေ့ကြုံခံစားခြင်းအားဖြင့် ကိုယ်တော်သည် ကြီးထွားမှုကို ပေးခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပို၍ထပ်ဖြည့်ပေးလေလေ၊ ကိုယ်တော်သည် ကြီးထွားမှုကို ပို၍ပေးလေလေဖြစ်သည်။ ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ကျွန်ုပ်တို့အတွင်း၌ ဘုရားသခင်၏တိုးပွားခြင်းမရှိပါက၊ ကြီးထွားခြင်းတစ်ခုမျှရှိနိုင်မည်မဟုတ်ပေ။ ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ကျွန်ုပ်တို့အတွင်းရှိ ဘုရားသခင်၏ကြီးထွားခြင်း၊ ဘုရားသခင်၏ပေါင်းထည့်ခြင်း၊ ဘုရားသခင်၏တိုးပွားခြင်းအပေါ်တွင် မူတည်နေခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် အတွင်းကျသောနည်းလမ်းတွင် ကျွန်ုပ်တို့အဖို့ မိမိကိုယ်တော်တိုင်ကို ပေးအပ်ခြင်းဖြင့် ကြီးထွားမှုကိုပေးခြင်းဖြစ်သည်။

ဘုရားသခင်သည် ဤနည်းလမ်း၌ ကြီးထွားမှုကိုပေးသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို စုပ်ယူစားသုံးရန် အချိန်ယူရမည်ဖြစ်သည်။ လူသိများသောဓမ္မသီချင်းတစ်ပုဒ်သည် "သန့်ရှင်းစေရန်၊ အချိန်ယူ"ဟု ကျွန်ုပ်တို့ကို နှိုးဆော်နေသည်။ အမှန်တွင် ကျွန်ုပ်တို့၏လိုအပ်မှုမှာ ဘုရားသခင်ကို စုပ်ယူစားသုံးဖို့ အချိန်ပေးရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အစာကိုစားသုံးရန် နေ့စဉ်အချိန်ယူသကဲ့သို့၊ သခင်ဘုရားကို စုပ်ယူစားသုံးရန်၊ ခရစ်တော်၏ကြွယ်ဝခြင်းများကို ယူဆောင်စားသုံးရန် နေ့စဉ်အချိန်ပေးသင့်သည်။ သခင်ဘုရားကို ကျွန်ုပ်တို့၏ဆက်သွယ်ခြင်းသည် ကမန်းကတန်းမဖြစ်သင့်ပေ။ ကျွန်ုပ်တို့သည် အလျင်စလိုဖြစ်နေပါက၊ ကိုယ်တော်၏ကြွယ်ဝခြင်းများကို များစွာစုပ်ယူစားသုံးနိုင်လိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းအတွက် လုံလောက်သောအချိန်ကိုပေးရန် လိုအပ်သည်။ ဤအရာသည် ဘုရားသခင်၏ကြွယ်ဝခြင်းများကို ပို၍စုပ်ယူစားသုံးရန် ကျွန်ုပ်တို့ကို တတ်စွမ်းနိုင်စေခြင်းဖြစ်သည်။

ကျွန်ုပ်တို့ညွှန်ပြခဲ့သည့်အတိုင်း၊ ဘုရားသခင်သည် ဝတ်ပြုကိုးကွယ်ခြင်းအတွက် ဝေါဟာရ သို့မဟုတ် အကြောင်းအရာမျှသာ မဟုတ်ပေ။ ကိုယ်တော်သည် စစ်မှန်ခြင်း၊ ကြွယ်ဝခြင်းနှင့် ဒြပ်ကိုယ်ထည်ရှိခြင်းတို့ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စုပ်ယူစား

သုံးရန်လိုအပ်သည်။ ယနေ့ ကျွန်ုပ်တို့၏ ဘုရားသခင်သည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည့် အရာအားလုံးပါဝင်သောဝိညာဉ်တော်ဖြစ်ပြီး၊ ကျွန်ုပ်တို့၌ ကိုယ်တော့်ကို စုပ်ယူစားသုံးရန် ဝိညာဉ်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စုပ်ယူစားသုံးရန် မျက်မှောက်တော်၌ရှိနေဖို့ ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ရမည်ဖြစ်သည်။ ဤအရာအတွက် အချိန်ယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ ကြွယ်ဝခြင်းများကို စုပ်ယူစားသုံးသောအတွေ့အကြုံရှိကြသော်လည်း၊ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားမှုမှာ လုံလောက်မှုမရှိပေ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို စုပ်ယူစားသုံးရန် ပို၍ အချိန်ယူရပေမည်။ သင်၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒအတွက် အချိန်များစွာ အသုံးမပြုဘဲ၊ သခင်ဘုရားကို ကြည်ညိုလေးစားရန်၊ ချီးမွမ်းရန်၊ ကျေးဇူးတင်ရန်နှင့် လွတ်လွတ်လပ်လပ် ကိုယ်တော့်ကို စကားပြောရန် သင်၏ ဝိညာဉ်၌ ပို၍ အချိန်ယူရပေမည်။ သင်သည် ဤနည်းလမ်း၌ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့သောအခါ၊ ကိုယ်တော်၏ ကြွယ်ဝခြင်းများကို စုပ်ယူစားသုံးရလိမ့်မည်ဖြစ်ပြီး၊ ကိုယ်တော်သည် သင့်အထဲ၌ မိမိကိုယ်တိုင်ကို ပို၍ ထပ်ထည့်ပေးလိမ့်မည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပို၍ထပ်ဖြည့်ပေးလေလေ၊ ကိုယ်တော်သည် ကြီးထွားမှုကို ပို၍ပေးလေလေဖြစ်သည်။ ဤအရာသည် ကြီးထွားမှုကိုပေးသော ဘုရားသခင်၏ နည်းလမ်းဖြစ်သည်။

ဘုရားသခင်တစ်ပါးတည်းသာ ကြီးထွားခြင်းကို ပေးနိုင်သည်။ ကျွန်ုပ်၏ အမှုဆောင်ခြင်း၌ ကျွန်ုပ်အများဆုံးလုပ်ဆောင်နိုင်သောအရာမှာ စိုက်ပျိုးခြင်း သို့မဟုတ် ရေလောင်းခြင်းဖြစ်သည်။ ကျွန်ုပ်သည် မည်သူတစ်ဦးကိုမျှ မကြီးထွားစေနိုင်ပါ။ အကြောင်းမှာ ကျွန်ုပ်သည် ဘုရားသခင်ကို မပေးနိုင်သောကြောင့်ဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းသာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးဝေခြင်းဖြစ်ပြီး၊ ကိုယ်တော်မပါဘဲ၊ ကျွန်ုပ်တို့သည် ကြီးထွားခြင်းမရှိနိုင်ပေ။ ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏ အစာဖြစ်ပြီး၊ ကိုယ်တော်၏ စားပွဲ၌ ကိုယ်တော့်ကိုရှာဖွေရန် လိုအပ်သည်။ ထိုစားပွဲတွင် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ဖြည်းဖြည်းချင်းစားသုံးဖို့ အချိန်ယူရန်လိုအပ်သည်။ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော့်ကို ပို၍ထပ်ဖြည့်ပေးရမည်ဖြစ်သည်။ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကိုပေါင်းထည့်ခြင်းသည် ကိုယ်တော်ပေးသောကြီးထွားခြင်းဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကြီးထွားမှုကိုပေးခြင်းဆိုသည်မှာ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးဝေခြင်းဖြစ်ကြောင်း အဓိပ္ပာယ်ရသည်။ (*Life-study of Colossians*, pp. 456-457)

*ပို၍ဖတ်ရန်* – ***Life-study of Colossians,*** msgs. 44, 49, 51-52

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကော၊၃း ဖန်ဆင်းတော်မူသောသူ၏ပုံသဏ္ဌာန်နှင့်အညီ၊ ပြည့်ဝသောအသိ**
**၁၀–၁၁ ပညာသို့ အသစ်ပြုပြင်ခြင်းခံရသောလူသစ်ကို ယူတင်ဝတ်ဆောင်**
**သောသူဖြစ်ကြ၏။ ထိုဖန်ဆင်းပြုပြင်တော်မူရာ၌ ဂရိလူမျိုးနှင့်**
**ဂျူးလူမျိုး၊ အရေဖျားလှီးခံသူနှင့် မခံသူ၊ လူရိုင်း၊ သကုသိလူ၊ ကျွန်၊**
**လူလွတ်မရှိနိုင်။ သို့သော် ခရစ်တော်သည် အလုံးစုံတို့၌အလုံးစုံဖြစ်**
**တော်မူ၏။**

အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ခြင်းဖြစ်သည်။ ရိုးစင်းလွယ်ကူသောစကားမှာ ကြီးထွားခြင်းသည် တည်ဆောက်ခြင်းဖြစ်သည်။ အသင်းတော်၏ကြီးထွားခြင်းသည် အသင်းတော်ကိုတည်ဆောက်ခြင်းဖြစ်သည်။ သင်သည် ကြီးထွားနေစဉ်၊ တည်ဆောက်နေခြင်းလည်းဖြစ်သည်။ သင်သည် ကြီးထွားခြင်းမရှိဘဲ၊ နည်းလမ်းဟောင်း၌ရှိနေပါက၊ ဤအရာသည် အသင်းတော်ကို ဖြိုဖျက်နေခြင်းဖြစ်သည်။ အသင်းတော်၌ညီအစ်ကို၊ ညီအစ်မအချို့တို့သည် ကြီးထွားနေသမျှ၊ ထိုဒေသန္တရ၌ရှိသောအသင်းတော်သည် တည်ဆောက်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် ကြီးထွားခြင်းသည် တည်ဆောက်ခြင်းအတွက် သော့ချက်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးကြီးထွားသောအခါ၊ ကြီးထွားခြင်းသည် အသင်းတော်ကိုတည်ဆောက်ခြင်းဖြစ်လာသည်။ (*The Riches and Fullness of Christ and the Advanced Recovery of the Lord Today,* p. 37)

## *ယနေ့ဖတ်စရာ*

ဧ၊၄း၁၂–၁၆သည် ဓမ္မသစ်ကျမ်း၏ အထူးဖြစ်သောနေရာကို ရယူထားခြင်းဖြစ်သည်။ အကြောင်းမှာ ၎င်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းနှင့် စပ်လျဉ်းသောနက်နဲမှုကို ပြသသောကြောင့်ဖြစ်သည်။ ဤအနည်းငယ်သောကျမ်းပိုဒ်များမရှိပါက၊ ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို မည်သို့တည်ဆောက်ရန် သိရှိကြမည်မဟုတ်ပေ။ ရှေးဦးစွာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းသည် လူစုလူဝေးကို တည်ဆောက်ခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့ပြောဆိုရမည်ဖြစ်သည်။ လူစုလူဝေးသည် အဖွဲ့အစည်းဖြစ်ပြီး၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် အသက်ဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုဖြစ်သည်။ အသက်ဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုသည် လုံးလုံးလျားလျား အသက်

၏ အကြောင်းအရာဖြစ်သည်။ သို့ရာတွင် အဖွဲ့အစည်းဆိုသည်မှာ အသက်မရှိပေ။ ဥပမာ အားဖြင့် စားပွဲတစ်လုံးကို သစ်သားနှင့်ဖွဲ့စည်းပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းသည် ဖွဲ့စည်းပြုလုပ်ထားခြင်းသာဖြစ်ပြီး၊ ၎င်းအတွင်း၌ အသက်မရှိပေ။ စက်ရုပ်သည် အရာများစွာကို လုပ်ဆောင်နိုင်သော်လည်း၊ ၎င်းကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ အသက်မရှိပါ။ ခရစ်တော်သည် ဦးခေါင်းတော်ဖြစ်ပြီး၊ အသင်းတော်သည် ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည်။ ဦးခေါင်းတော်သည် အသက်ဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုဖြစ်သောကြောင့်၊ ကိုယ်ခန္ဓာတော်သည်လည်း အသက်ဆိုင်ရာစေ့စပ်ထုံးဖွဲ့မှုဖြစ်ရပေမည်။ (*The Economy of God and the Building upof the Body of Christ*,p. 65)

အသက်ထဲ၌ ကျွန်ုပ်တို့၏ကြီးထွားခြင်းသည် ခရစ်တော်တည်းဟူသော ဦးခေါင်းတော်အထဲသို့ ကြီးထွားခြင်းဖြစ်သော်လည်း၊ ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့၏ လှုပ်ရှားလုပ်ဆောင်မှုသည် ဦးခေါင်းတော်မှထွက်၍ လုပ်ဆောင်ရန်ဖြစ်သည်။ ပထမဆုံး ကျွန်ုပ်တို့သည် ဦးခေါင်းတော်အထဲသို့ ကြီးထွားရမည်ဖြစ်သည်။ ထို့နောက် ဦးခေါင်းတော်မှ ထွက်လာသောတစ်စုံတစ်ရာသည် ကျွန်ုပ်တို့တွင် ရှိရပေမည်။ အငယ်၊၁၆သည် ကြီးထွားခြင်းမှာ တစ်ဦးချင်းဆိုင်ရာအတွက်မဟုတ်ဘဲ၊ ကိုယ်ခန္ဓာတော်အတွက်ဖြစ်ကြောင်း ညွှန်ပြသည်။ ကိုယ်ခန္ဓာတော်အတွက်မဟုတ်သော မည်သည့်ကြီးထွားခြင်းမဆို၊ စစ်မှန်ခြင်းမရှိပေ။ "အင်္ဂါအသီးသီး"ဆိုသည်မှာ ကိုယ်ခန္ဓာတော်ရှိ အင်္ဂါဝင်တိုင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ခရစ်တော့်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်တိုင်း၌ ၎င်းတို့၏ကိုယ်ပိုင်အတိုင်းအတာရှိကြပြီး၊ ဤအတိုင်းအတာသည် ကိုယ်ခန္ဓာတော်ကို ကြီးထွားရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် အဆစ်အပိုင်းများကို ထောက်မခြင်းနှင့်အစိတ်အပိုင်းတို့ကို လှုပ်ရှားစေခြင်းအားဖြင့် ၎င်းကိုယ်တိုင်၏ကြီးထွားခြင်းကို ဖြစ်ပေါ်စေသည်။ ၎င်း၏ အတိုင်းအတာနှင့်အတူ ထောက်မသောအဆစ်အပိုင်းများနှင့် တစ်ခုစီဖြစ်သောအစိတ်အပိုင်းတိုင်းသည် အသင်းတော်အဖို့ မိမိကိုယ်ကို တည်ဆောက်ခံရန် လိုအပ်သည်။ ခရစ်တော့်ကိုယ်ခန္ဓာတော်၏ကြီးထွားခြင်းသည် အသင်းတော်၌ ခရစ်တော်၏တိုးပွားခြင်းဖြစ်သည်။ ယင်းမှာ ကိုယ်ခန္ဓာတော်ကိုယ်တိုင်အားဖြင့် ၎င်း၏တည်ဆောက်ခြင်းကို အကျိုးသက်ရောက်စေခြင်းဖြစ်သည်။ (*Life-study of Ephesians*, p. 386)

အသင်းတော်သည် ရှင်သန်ကြောင်းကျွန်ုပ်တို့ပြောဆိုသောအခါ၊ ၎င်းသည် ကျွန်ုပ်တို့၏ဇာတိအသက်ဖြင့် စေ့စပ်ထုံးဖွဲ့ထားသည်ဟု မဆိုလိုပါ။ အမှန်တွင် ၎င်းသည် ကျွန်ုပ်တို့၏ဝိညာဉ်၌ရှိသောအသက်နှင့် စေ့စပ်ထုံးဖွဲ့ထားခြင်းဖြစ်ပြီး၊ ယင်းမှာ ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခဲ့သောခရစ်တော်သည် အသက်ပေး

သောဝိညာဉ်တော်ဖြစ်သည်။ ဤဝိညာဉ်တော်သည် ကိုယ်တော့်ကိုလက်ခံခဲ့သော ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွင်း၌ တူညီသောအသက်နှင့် တူညီသောဝိညာဉ်ရှိခြင်းဖြစ်သည်။ ဤတစ်ခုတည်းသောအသက်တွင် ကျွန်ုပ်တို့သည် ရှင်သန်ကြပြီး၊ တစ်လုံးတစ်ဝတည်းအဖြစ် အတူတကွထုံးဖွဲ့ထားခြင်းဖြစ်သည်။ ယခု ပြဿနာမှာ ကျွန်ုပ်တို့အတွင်းတွင် အသက်နှစ်ခုရှိနေခြင်းဖြစ်သည်။ တစ်ခုမှာ မူလဇာတိအသက်ဖြစ်ပြီး၊ အခြားတစ်ခုမှာ ကျွန်ုပ်တို့၏အသက်တည်းဟူသော သခင်ယေရှုဖြစ်သည်။ ကျွန်ုပ်တို့မည်သည့်အသက်ဖြင့် အသက်ရှင်နေသနည်း။ ကျွန်ုပ်တို့၏ဇာတိအသက်အားဖြင့် အသက်ရှင်ပါက၊ ကျွန်ုပ်တို့သည် အသင်းတော်မဟုတ်ကြပေ။ ကျွန်ုပ်တို့သည် ခရစ်တော်အတိုင်း အသက်ရှင်ခြင်းနှင့် ခရစ်တော်ကို အသက်ရှင်ခြင်းရှိပါက၊ ကျွန်ုပ်တို့သည် အသင်းတော်ဖြစ်သည်။ အသင်းတော်သည် ကျွန်ုပ်တို့အားလုံး၌ရှိသော ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ ခရစ်တော်သည် မိမိကိုယ်တော်တိုင်၌ရှိသောအခါ၊ ကိုယ်တော်သည် ခရစ်တော်သာဖြစ်သည်။ ကိုယ်တော်သည် သန့်ရှင်းသူများအထဲသို့ ဝင်ရောက်ပြီး၊ သန့်ရှင်းသူများနှင့်အတူ အသက်ရှင်သောအခါ၊ သန့်ရှင်းသူများအတွင်း၌ရှိသော ထိုခရစ်တော်သည် အသင်းတော်ဖြစ်လာသည်။ အသင်းတော်၏စစ်မှန်ခြင်းမှာ ကျွန်ုပ်တို့အထဲ၌ အသက်ရှင်သောခရစ်တော်ဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်သော့ချက်မှာ ခရစ်တော်ကို အသက်ရှင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ဇာတိအသက်ကို အသက်ရှင်စေပါက၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် တည်ဆောက်ခြင်းခံရမည်မဟုတ်ပေ။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဇာတိအသက်ကို ငြင်းပယ်၊ ပစ်ပယ်ကာ ဖယ်ထားလိုက်ရမည်ဖြစ်သည်။ ဤနည်းလမ်း၌ ခရစ်တော်သည် ကျွန်ုပ်တို့အတွင်း၌ သင့်လျော်မှန်ကန်သောနေရာကို ရရှိကာ၊ တစ်နေ့ပြီးတစ်နေ့ တိုးပွားလာရန် တတ်စွမ်းနိုင်လိမ့်မည်ဖြစ်သည်။ ဤအရာမှာ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့အတွင်း၌ရှိသော ခရစ်တော်၏ကြီးထွားခြင်းအားဖြင့် ကြီးထွားခြင်းဖြစ်ပြီး၊ ကိုယ်ခန္ဓာတော်သည် ဤနည်းလမ်းကို တည်ဆောက်ခြင်းဖြစ်သည်။ (*The Economy of God and the Building Up of the Body of Christ*, pp. 66-67)

*ပို၍ဖတ်ရန်* – ***Life-study of Ephesians***, msgs. 45, 76, 89-90

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

————————————————————————————————————

————————————————————————————————————

***Hymns*, E # 912**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––